www.burmeseclassic.com

# THE BLACK ARROW

ROBERT LOUIS STEVENSON



ဗိုလ်အောင်မောင်

# မြားနက်

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၆၁၉/၂၀၀၃(၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၀၆၀၅၀၁

ပုံနှိပ်မှတ်တမ်း ■ ပထမအကြိမ်၊ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ
ပြည်သူ့အလင်းစာပေ
ဒုတိယအကြိမ်၊ ၁၉၆၀ ခုနှစ်၊ နိုဝင်ဘာလ
ပြည်သူ့အလင်းစာပေ
တတိယအကြိမ်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ
သီဟရတနာစာပေ

အုပ်ရေ ■ (၈၀၀)

ထုတ်ဝေသူ ■ ဦးသိမ်းစိုး
(မြ-၀၃၉၈၂)
(သီဟရတနာစာပေ)
အမှတ် (၁၀၀-D)၊ အင်းလျားလမ်း၊
ကမာရွတ်မြို့နယ်။

မျက်နှာဖုံးနှင့် ■ ဒေါ်ခင်အေးမြင့်
အတွင်းပုံနှိပ် (ရာပြည့်အော့ဖ်ဆက်)
၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်။

ကွန်ပျူတာစာစီ ■ GLORY

မျက်နှာဖုံးဒီဇိုင်း ■ THIHA Group

စာအုပ်ချုပ် ■ ကိုမြင့်

တန်ဖိုး ■ (၃၀၀)ကျပ်

## ဗိုလ်အေးမောင် (၁၉၂၁-၂၀၀၀)

အဖ ဦးရွှေချမ်း၊ အမိဒေါ်အုံတို့က ၁၉၂၁ ခု၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် သာစည်မြို့၊ မိတ္ထီလာခရိုင်၊ မန္တလေးတိုင်းတွင် မွေးဖွားခဲ့သည်။

မိတ္ထီလာမြို့ အမျိုးသားအထက်တန်းကျောင်းမှ (၁၀) တန်းအောင်မြင်ခဲ့ပြီး ရန်ကုန်ယူနီဗာစီတီ ကောလိပ်တွင် အိုင်အေ အထက်တန်းအောင်သည်အထိ သင်ယူခဲ့၍ ဒုတိယကမ္ဘာစစ်ဖြစ်သောအခါ ဘီအိုင်အေ၊ ဘီဒီအေနှင့် ပီဘီအက်ဖ် တို့ဝင်ရောက်ခဲ့သည်။ သာစည်မြို့နယ် ဘီအိုင်အေ တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့ပြီး (ဂျပန်ခေတ်) စစ်တက္ကသိုလ်၊ တတိယပတ်ဗိုလ်သင်တန်းကျောင်းဆင်း လည်းဖြစ်သည်။ ကျောင်းဆင်းပွဲတွင် ငွေခါးဆုရရှိပြီး စစ်ပညာဆရာအဖြစ် အမှုထမ်းသည်။ စစ်အပြီးတွင် ဖဆပလအဖွဲ့ချုပ် ပြန်ကြားရေးဌာနကြီးမှူး၊ ဖဆပလ သတင်းစဉ်အယ်ဒီတာ၊ ဖဆပလအဖွဲ့ချုပ် အထက်ဗမာပြည် တိုင်းမှူး စသည်တို့ ဆောင်ရွက်ခဲ့သည်။

၁၉၅၂ ခုနှစ်တွင် စာပေဗိမာန်မဂ္ဂဇင်း လက်ထောက်စာတည်းအဖြစ် ဆောင်ရွက်ခဲ့၍ စစ်ရုံး၏ စစ်ပညာစာအုပ်အများအပြားကိုလည်း ဘာသာပြန်ဆိုခဲ့သည်။ ၁၉၅၆ တွင် ပြည်ထောင်စုမြန်မာနိုင်ငံ လက်ကားသမဝါယမအဖွဲ့ချုပ် ပုံနှိပ်ဌာန မန်နေဂျာအဖြစ် တာဝန်ယူခဲ့ပြီး သက်လျာမဂ္ဂဇင်းအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၀ တွင် ကုန်သွယ်ရေး (၉) အဖွဲ့ဝင်အဖြစ် အမှုထမ်းခဲ့ကာ ထီလာ ယင်းကုမ္ပဏီတည်ထောင်၍ ကိုယ်တိုင် ဒါရိုက်တာအဖြစ် ရိုက်ကူးထုတ်လုပ်၍ အေးညွန့်ဆွေစာအုပ်တိုက်ကိုလည်း တည်ထောင်ခဲ့သည်။

၁၉၃၉-၄၀ ကျောင်းသားဘဝကပင် စနေနဂါးနီ၊ အိုးဝေမဂ္ဂဇင်း၊ တက္ကသိုလ်မဂ္ဂဇင်းတို့တွင် စာစတင်ရေးသားခဲ့၍ ထုတ်ဝေပြီးစာအုပ် (၁၀၀) ကျော်အနက် ထင်ရှားသောစာအုပ်များမှာ ရဲလုလင်(၁၉၄၉)၊ နင်းနက်(၁၉၅၂)၊ စက်မှုတီထွင်သူများ၊ ဂျူလီးယက်ဆီဇာ (၁၉၅၄) စစ်နှင့်အချစ် (၁၉၅၆)၊ သဗီရွှေရည် (၁၉၅၇)၊ သူရဲကောင်းတို့စွမ်းရည် (၁၉၇၀)၊ လူလော နာနာဘာဝလော စာအုပ်ဖြင့် (၁၉၅၇) တွင် စာပေဗိမာန်ဘာသာပြန်စာပေဆုရရှိခဲ့သည်။

ကလောင်အမည်တွဲများမှာ မျက်မွှင့်၊ မုန်တိုင်း၊ အောင်ဝင်း တို့ဖြစ်ပြီး ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာ (၂၃) ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

www.burmeseclassic.com

www.burmeseclassic.com

## မိတ်ဆက်နိဒါန်း

အနောက်နိုင်ငံ ဝတ္ထုကောင်းကြိုက်သူတိုင်းပင် ရောဘတ်လူဝီစတီဗင်ဆင်၏ အမည်ကို ကြားဘူးကြပေလိမ့်မည်။ စတီဗင်ဆင်သည် ဝတ္ထု အမြောက်အမြားရေးသားခဲ့ရာ ဝတ္ထုလေးပုဒ်သည် အထူးသဖြင့် နာမည်ကြီးခဲ့လေသည်။ ၎င်းတို့မှာ [Treasure Island] "ရတနာကျွန်း"၊ [Black Arrow] "မြားနက်"၊ [Kidnapped] "လူပြန်ပေး"နှင့် [Dr.Jekyell and Mr. Hyde] "ဒေါက်တာဂျယ်ကယ်လ်နှင့် မစ္စတာဟိုက်ဒ်" တို့ဖြစ်ကြ၏။

ရှေးအခါက မြန်မာမဂ္ဂဇင်း၊ ဝတ္ထု နယ်နိမိတ်အတွင်းသို့ အထက်ပါ ဝတ္ထုများအနက် သုံးအုပ်မှာ ချင်းနင်းဝင်ရောက်ခဲ့ဘူးသော်လည်း "မြားနက်"ကို မတွေ့ခဲ့ရဘူးပေ။ ဗိုလ်အေးမောင်၏ ကျေးဇူးကြောင့် ယခု ကျွန်ုပ်တို့ "မြားနက်ကို ဖတ်ကြရပေပြီ။ ကံအားလျော်စွာ ဤဝတ္ထုဇာတ်လမ်းသည် လက်ရှိမြန်မာပြည်တွင် ပေါ်ပေါက်လျက်ရှိသော အဖြစ်အပျက်များနှင့် အလွန်တူ၍ အင်္ဂလန်ပြည်တွင် ဆဋ္ဌမမြောက် ဟင်နရီဘုရင်လက်ထက်က ပြည်တွင်းစစ်များသည် ယခုမြန်မာပြည်၏ သောင်းကျန်းသူများနှင့် ဆင်တူရိုးမှားဖြစ်သည်ကို စာဖတ်သူတို့ ကောင်းစွာ သိရှိနိုင်ပေသည်။

စတီဗင်ဆင်သည် ဇာတ်ကွက်ဆင်ရာ၌လည်းကောင်း၊ လူဇာတိကို သရုပ်ဖော်ရာ၌လည်းကောင်း၊ ဖတ်သူ၏ အာရုံကို ဆွဲဆောင်ရာ၌လည်းကောင်း သူမတူအောင် ရှားသော ဝတ္ထုဝိဇ္ဇာ တစ်ဦးဖြစ်၏။ မြားနက်တွင် ၎င်း၏ လက်ရာကို အစွမ်းကုန် ပြထားသည်ဖြစ်ရာ မြန်မာလို မူရင်းမပျက်စေဘဲ သဘာဝကျအောင် ဘာသာပြန်ဆိုနိုင်သူ ဗိုလ်အေးမောင်အား ချီးကျူးဖွယ်ရာ ဖြစ်ပေသည်။ ဗိုလ်အေးမောင်သည် တော်လှန်ရေးတွင် ရှုပ်ရှုပ်ချွန်ချွန် ပါဝင်ဆင်နွှဲခဲ့သူ တစ်ယောက်ဖြစ်၍ ဖ-ဆ-ပ-လ အဖွဲ့ချုပ် အထက်မြန်မာပြည် တိုင်းမှူးလည်းဖြစ်သည်သာ မက မြန်မာ စာပေလောကတွင် ထူးချွန်မည့် ကလောင်ရှင်တစ်ဦးလည်း ဖြစ်သည်ကို မြားနက်ဝတ္ထုက သက်သေခံလျက်ရှိ၏။ နိုင်ငံရေးတွင် (ဘော်စဝဲဒ)ကို ပြုစုခဲ့၍ ဝတ္ထုလောကတွင် ဆာရိုက်ဒါဟက်ဂတ်၏ အိဗါရွှေရည် ကို အောင်မြင်စွာ ဘာသာပြန်ဆိုခဲ့ဘူးလေသည်။

"မြားနက်" ကို ကျွန်ုပ်ဖတ်ကြည့်ရာ ဘာသာပြန်ပုံ၏ တိကျပြတ်သားခြင်း၊ စကားအသုံးအနှုန်းဆီလျော်ခြင်းသာမက မိုင်ပေါင်းရှစ်ထောင် ဝေးသော သိုးဆောင်းနိုင်ငံ၏ အလေ့အထများကို မြန်မာပရိသတ်များ စွဲအောင်တင်ပြနိုင်စွမ်းရှိပေသည်။ ဗိုလ်အေးမောင်သည် ဝတ္ထုကောင်းကြိုက်သူများ မျက်ခြေမပြတ်သင့်သော ဂန္ထဝင်ဆရာတစ်ယောက် ဖြစ်သည်မှာ ယုံမှားဖွယ်ရာ မရှိပေ။

မောင်သန့်
၈-၈-၄၉။
ဒုတိယ အတွင်းဝန်၊
ပြန်ထောင်စုမြန်မာနိုင်ငံတော် ပြန်ကြားရေးဌာန။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဘာသာပြန်သူ၏အမှာ

မြားနက်ဝတ္ထုကို ရေးသားသူ စာရေးဆရာကြီး ရော့ဘတ်လူဝီ စတီဗင်ဆင်မှာ ၁၈၅၀ ခု၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ဂရိတ်ဗြိတိန်ပြည်-အီဒင်ဘတ်မြို့၌ မွေးဖွားလေသည်။ စွန့်စားခန်း ဝတ္ထုအမျိုးမျိုးကို ရေးသားခဲ့သော ကမ္ဘာကျော်စာရေးဆရာကြီး တစ်ဦးဖြစ်၍ "မြားနက်" ဝတ္ထုကို ၁၈၈၃ ခု၊ မေလ ၂၆ ရက်နေ့တွင် စတင်ရေးသားခဲ့၏။ မြားနက်ဝတ္ထုကို ရေးစဉ်က စတီဗင်ဆင်မှာ ကျန်းမာရေးများစွာချို့တဲ့နေသည်ဖြစ်ရာ ကာယသုခ ကင်းမဲ့နေလျက်နှင့်ပင် သူ့ဦးနှောက်မှ ကမ္ဘာကျော် ဝတ္ထုတစ်ပုဒ်ကို လွယ်လွယ်နှင့် ရေးနိုင်သော စွမ်းရည်ကို အထူးချီးမွမ်းဖွယ် ဖြစ်ပေသည်။ စတင်ရေးစက "ယင်းဖုတ်(ခ်)" (YOUNG FOLK) ဂျာနယ်တွင် အပတ်စဉ်ရေးသားခဲ့ခြင်းဖြစ်၍ စာအုပ်အဖြစ်နှင့် ၁၈၈၈ ခုနှစ်အတွင်း ထုတ်ဝေပေသည်။

ဝတ္ထု၏ ဇာတ်လမ်း ဇာတ်အိမ် အခြေခံကို နှင်းဆီစစ်ပွဲခေါ် အင်္ဂလန်ပြည် ပြည်တွင်းစစ်တိုက်ခိုက်စဉ် အချိန်ကိုမူတည်၍ ထားလေသည်။ ထိုစဉ်က အင်္ဂလိပ်ပြည်အခြေအနေမှာ လက်ရှိ ဗမာနိုင်ငံ၏ အခြေအနေနှင့်မတိမ်းအယိမ်းပင်ဖြစ်၏။ အခြေအနေချင်း လုံးဝ တူညီသည်ဟု မဆိုသာသော်လည်း၊ ပြည်တွင်းစစ်ခင်းပုံတစ်ဘက်နှင့်တစ်ဘက် တို့သတ် ပြောင်းတိုက်လိုက် ဒီဘက်ပြောင်းတိုက်လိုက်နှင့် သစ္စာဖောက် ခေါ်ရှားပုံ တိုင်းသူ ပြည်သားများ ဆင်းရဲတွင်းနက်ပုံတို့ကို တဆေရာတည်းပင် ဖြစ်လေသည်။

ဘာသာပြန်သူ၏ ဆန္ဒ၊ အာသီသမှာ ကိုယ်ဖတ်ဘူး မှတ်ဘူးသော မျိုးခွဲစာပေအရသာများကို ဗမာစာဖတ်ပရိသတ်တို့ကိုလည်း အရသာ ခံစေလိုပါသည်။ သို့ကြောင့်လည်း ဤစာအုပ်ကို ဘာသာပြန်လိုက်ခြင်း ဖြစ်ပေသည်။ ဘာသာပြန်ရာတွင် စီ အေ တီ ကက် ကြောင်၊ အာရ် အေ တီ ရက် ကြွက် ဟူသော် လုံးကောက်မျိုးဖြင့်သာ ဘာသာပြန်ခြင်း မဟုတ်ပါ။ မူရင်းသဘောကို ရှင်းအောင်ဘာသာပြန်ခြင်း ဖြစ်ရာ စာဖတ်သူများရှင်းရှင်း လင်းလင်းဘသဘောပေါက်လျှင် ဘာသာပြန်သူ ကျေနပ်ပါပြီ။

မြားနက်ဝတ္ထုကို ဘာသာပြန်ရာတွင် ငါတတ်သည် ငါမြတ်သည် ဟူသော မာနဖြင့် ဘာသာပြန်ခြင်းမဟုတ်ပါ၊ စာရေးဝါသနာထုံသူပီပီ ကလောင်သွေးလိုက်ခြင်းမျှသာ ဖြစ်ပါသည်။ ဘာသာပြန်ရာတွင် အဓိပ္ပာယ်ရှင်းအောင် အဓိကထား၍ ဘာသာပြန်ခြင်းဖြစ်သဖြင့် အပိုအလိုအမှားအယွင်းများ ရှိကောင်းရှိနေပေလိမ့်မည်။ အမှားရှိလျှင် မှားသည်ဟု အပြစ်တင်နေမည့်အစား အမှန်သို့ရောက်အောင် ပြင်ပေးကြမည်ဆိုပါက ဝမ်းမြောက်စွာလက်ခံရန် အသင့်ပင်ဖြစ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေး ကူညီသူ ကသာခရိုင် ဖဆပလ အတွင်းရေးမှူး ကိုမောင်နှင့် ဖဆပလ အဖွဲ့ချုပ်ရုံးမှ ကိုချစ်သိန်း၊ ပြည်သူ့အလင်း ပုံနှိပ်တိုက် မန်နေဂျာ ဦးစိန်ကြည်နှင့် ဦးစိန်လှိုင်(သာစည်)၊ ဘာသာပြန်ရာတွင် အကြံအဉာဏ်ပေးသူ ပန်းတနော် ဦးသန့်တို့အား ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

(ပုံ) အေးမောင်

၁၂-၈-၄၉

(ပထမအကြိမ်ရိုက်နှိပ်ခြင်းမှ ဘာသာပြန်သူ၏အမှာ)

www.burmeseclassic.com

## ဘာသာပြန်သူ၏ အမှာ

၁၉၄၉ ခုနှစ်တွင် လက်ဦး မြားနက်ကို ဘာသာပြန်ခဲ့စဉ်အခါက စာရေးသူသည် နေမကောင်းနေခိုက်ပြန်ဆိုရခြင်းဖြစ်ရာ အချို့ နေရာများ၌ ချို့ယွင်းချက်များရှိကောင်း ရှိပေလိမ့်မည်။ ထိုချို့ယွင်းချက်များမှာ ပထမနှိပ်ခြင်းဘာသာပြန်သူ၏ အမှာတွင်ရေးထားသကဲ့သို့ များသောအားဖြင့် သဘောသွား သက်သက်လောက်သာယူ၍ ဘာသာပြန်ခြင်းကြောင့် ဖြစ်ပါလိမ့်မည်။

ယခု ပြည်သူ့အလင်း ဦးစိန်ကြည်က မြားနက်ဒုတိယနှိပ်ခြင်း အဖြစ် ပြန်လည်ရိုက်နှိပ် ထုတ်ဝေရာ၌လည်း စာမူများကို ပြန်လည် စစ်ကြော ကြည့်ရှုပေးရန် အချိန်မရလိုက်ပေ။ သို့ဖြစ်ရာ ဤ " မြားနက် ဝတ္ထု" ဒုတိယအကြိမ် နှိပ်ခြင်းမှာ လက်ဦးပထမ နှိပ်ခြင်းစာအုပ်အတိုင်း ပင်ဖြစ်နေပေသည်။

အကယ်၍ ဤဝတ္ထုတွင် ချို့ယွင်းချက်များ တွေ့ကြပါက ဘာသာပြန်သူ၏ တာဝန်သာဖြစ်ရာ စာဖတ်သူများက သည်းခံဖတ်ရှုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(ပုံ) အောင်မောင်
၂၆-၁၁-၆၀

## အခန်း (၁)

နွေဦးပေါက်စနွေခင်း အချိန်တချိန်တွင် တန်းစတောရွာထိပ်ရှိ ရဲတိုက်ကြီး တစ်လုံးဆီမှ ခေါင်းလောင်းတခေါင်ခေါင် ထိုးနေသံကိုကြားနေရ၏။ အဝေးအနီးရှိသစ်တောများ၊ လယ်ကွင်းများ၊ မြစ်ကမ်းပါးများမှ အလုပ်လုပ်နေသူများသည် ခေါင်းလောင်းထိုးသံကြားရသည့် ဘက်သို့ ရှေးရှုပြီး လာလျှက်ရှိကြ၏။ တန်းစတောရွာတွင်ကား တောသူ တောသားထုစု လူဝေးတစ်စုမှာ ခေါင်းလောင်းထိုးသည်ကိုအံ့ဩဟန်နှင့်ရပ်လျှက် နားထောင်နေကြသည်။

ဆဋ္ဌမမြောက်ဟင်နရီဘုရင်မင်းမြတ်လက်ထက်တွင် အင်္ဂလန်ပြည်၊ တန်းစတောရွာတလေး၏ အသွင်အပြင်မှာ ယခုအသွင်အပြင်နှင့် ဘာမျှထူးခြားခြင်းမရှိပေ။ မနီးမဝေးရှိ တစ်(လ်) မြစ်မှ ခွဲထွက်လာသော ချောင်းကမ်းထိပ်တွင် အိမ်ခြေတစ်ရာခန့် စုဝေးတည် ထောင်ထားခြင်းမှုသာဖြစ်တော့၏။ ရွာခြေတွင် ကားလမ်းလေးတစ်ခုမှာ ချောင်းပေါ်ရှိ တံတားအတိုင်း ဖြတ်သန်းသွားပြီး တဘက်ကမ်းရှိ သစ်တော ကြီးဘက်သို့ ဦးတည်လျှက်ရှိ၏။ ထိုလမ်းကလေးမှာ တန်းစတော မှတ် ပေါက်ခေါ် ခေါင်းလောင်းထိုးနေသည့် ရဲတိုက်ကြီးဘက်သို့ဖေါက်လုပ်ထားခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တန်းစတော မှတ်တောတ်ရဲတိုက်ကြီး၏ တဘက်တွင်ကား တိုးလီးဝု ဘုရားရှိခိုးကျောင်းရှိပေသည်။ ကျောင်းမှာရွာနှင့် တန်းစတောမှတ်ဟောက်ရဲတိုက်ကြီး၏ အလည်တွင်ရှိ၍နံဘေးတွင် သစ်ပင်ကြီးများဖြင့် စိုပြည်လှပေသည်။

ချောင်းတို ဖြတ်ကူးသည့် တံတားပေါ်တွင်ပင် ရွာသူ ရွာသား မိန်းမ ယောကျ်ားများသည် ခေါင်းလောင်းထိုး သံကြားရသဖြင့် အံ့သြဟန်နှင့်စုဝေးတာစကားပြောလျက် ရှိကြသည်။ လွန်ခဲ့သည့်နာရီဝက်ခန့်က စာချွန်တော်ပို့ဆောင်သည့် ဆက်သားတစ်ယောက် ရေးကြီးသုတ်ပျာအမူအရာနှင့် တန်းစတောမှတ်ဟောက် ရဲတိုက်ကြီးဆီသို့ မြင်းစိုင်းသွားသည်ကို ရွာသူရွာသားများ သတိပြုမိကြ၏။ ဆက်သား၏ လက်ထဲတွင်ကား ဆာဒင်နီရယ်ဘရက်လေဆိုသူက ရဲတိုက်တွင်နေထိုင်သူ၏ နောက်လိုက် ဆာအော်လီဗါအုတ် ထံပေးပို့လိုက်သည့်စာတစ်စောင်ကို ကိုင်လျက် ရှိပေသည်။

ထိုသို့ ရွာသူ ရွာသားများစုဝေးနေကြခိုက်တွင် လူတစ်ဦး မြင်းစိုင်းလာသံကို ကြားရပြန်၏။ မကြာမီအတွင်း သစ်တောဘက်ဆီမှ မြင်းသည်ကျော်တစ်ဦးသည် တံတားဘက်ဆီသို့ပေါက်လာ၏။ ထိုမြင်းသည်ကျော်ကား ဆာဒင်နီရယ်ဘရက်လေ၏မွေးစားသား ရစ်ချတ်ရှယ်လတန်ဖြစ်ပေသည်။ ရစ်ချတ်ရှယ်လတန်သည် လူများကိုမြင်လျှင် မြင်းကို အရှိန်သတ်လိုက်၏။ အသက် ၁၈နှစ်ခန့် ရှိပြီဖြစ်၍ အသားမှာနေစားထားသဖြင့်ညိုရောင်သမ်းနေပြီး သမင်ရေကိုယ်ကျပ်အင်္ကျီနှင့် ဦးထုပ်စိမ်းကို ဆောင်းထား၏။ နောက်ကျောတွင်ကား သံမဏိ ဒူးလေး တစ်ခုလွယ်လျက်ရှိ၏။ သူ့အမူအရာမှာ သတင်းထူးသတင်းဆန်း တစ်ခုကိုသယ်ဆောင်လာသကဲ့သို့ ထင်ရ၏။ သူ၏မွေးစားဖခင် ဆာဒင်နီရယ်ဘရက်လေက ကက်တလီရွာနားတွင် တိုက်နေသောစစ်ပွဲအောင်နိုင်ရေးအတွက် တန်းစတောရွာရှိ အရွယ်ရောက်သူ လေးပစ်နိုင် သူမှန်သမျှ စစ်သားအ





ဖြစ်စုဆောင်းရန် ဆင့်ခေါ်လိုက်ခြင်းဖြစ်၏။ သို့သော်လည်း ထိုသို့အသစ်စုဆောင်းသည့် စစ်သားများမှာ မည်သူ့ဘက်က တိုက်ရမည် မည်သည့်နေရာတွင်တိုက်ရမည် စသည့်အချက် များကိုကား ရစ်ချတ်ရှယ်လတန်မပြောတတ်ပေ။ မည်သို့ပင်ဖြစ်စေ မကြာမီအတွင်း တန်းစတောရွာသို့ ဆာဒင်နီရယ်ဘရက်လေ ကိုယ်တိုင် ရောက်လာမည်ဖြစ်၍ စစ်သားသစ်များထို ခေါင်းဆောင်ကာ တိုက်ပွဲဝင်မည့် ဘင်းနက်ဟက်ချက်မှာလည်း သတ်နက်များ စုဆောင်းနေပြီဖြစ်ကြောင်းဖြင့် ရှယ်လတန်က ရွာသူရွာသားများအား ပြောလျက်ရှိ၏။ ထိုသို့ပြောနေခိုက် မိန်းမတစ်ယောက်က . . .

"တိုင်းပြည်တော့ ပျက်တော့မှာဘဲ၊ ဒီလိုသာပြည်တွင်းစစ်တိုက်နေကြရင် အကုန်ငတ်ကုန်လိမ့်မယ်" ဟုပြောရာ ရှယ်လတန်က . . .

"ဒါပေမဲ့ စစ်ထဲလိုက်တဲ့လူတိုင်း တစ်နေ့ကို ခြောက်ပဲနီရမယ် ဒူး လေးပစ်တတ်တဲ့ လူတွေက(၁၂)ပဲနီရမယ်"

"ရတာတော့ဟုတ်ပါရဲ့ကွာ၊ တိုက်ပွဲမှာသေတော့ ဘယ့်နှယ်လုပ်ပါ့မလဲ"

"အေးလေ ကိုယ့်အရှင်သခင်အတွက်သေရ တာဘဲဗျာ . . . သေတာအမြတ်ပေါ့" ဟု ရစ်ချတ်ရှယ်လတန်က မိန်းမကြီးအား ပြောရာ အနားရှိ လူတစ်ယောက်က ကြားဝင်ပြီး-

"အာ-မနိုပ်ပါဘူး၊ ကျုပ်တို့အဘို့ တော်တော်ကြာ ဒီဘက်ကဝင်တိုက်လိုက်၊ တော်တော်ကြာ ဟိုဘက်ကဝင်တိုက်နဲ့မကြာခင်ကဘဲ ကျစ်ဆိုရင် ဝါဆင်တန်ဘက်က တိုက်ရတယ်၊ ဟောအခု ဆာဒင်နီရယ်ဘရက်လေရဲ့ဘက်က တိုက်ရအုံးမယ်။ ဒီလိုသာလုပ်နေရရင် ဘယ်စွန်ဆော့မလဲဗျာ၊ ကျုပ်တော့မှန်တာပြောတာ၊ ဆင္ဂမပြောက် ဟင်နရီဘုရင်ခင်းမြတ်ကိုလည်းသနားတာဘဲ။ ဟုတ်တယ်လေ ဒါလောက်တောင်တိုင်းရေးပြည်ရေးတွေ ရှုပ်ထွေးပြီးဆူပူပုန်ကန်နေကြမှတော့ ဘုရင်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ရတာ ဘယ်အရသာရှိတော့မှာတုန်း။"

"ခင်ဗျား တယ်ပြီးစကားအရမ်းပြောတာဘဲ၊ ကိုယ့်အရှင်သခင်ဖြစ်တဲ့ဘုရက်လေကို ဒီလိုဘဲပြောရသလား၊ ဟင်-- ဒါပေမယ့်ရှိပါစေတော့လေ၊ ခင်ဗျားစကားဒီတင်ပဲ ပျောက်ပါစေ"။

"ငါကမင်းကို မကောင်းပြောတာ မဟုတ်ပါဘူးရှယ်လတန်ရာ မင်းအသက်ငယ်ပါသေးတယ်၊ နည်းနည်းကြီးလာတဲ့ အခါကျတော့ မင်းလည်းအကျိုးအကြောင်း မှန်တွေကို သိလာပါလိမ့်မယ်"။

"အို. . ဘာပဲပြောပြောဗျာ၊ ဆာဘုရက်လေဟာ ကျုပ်အပေါ်မှာတော့အဖေအရင်းလို အလွန်ကောင်းတဲ့ လူတစ်ယောက်ပါပဲ"

"ကိုင်း. . . ဒါဖြင့် မင်းပဲပြောစမ်းပါဦး၊ ဘုရက်လေဟာ ဘယ်သူ့ဘက်ကတိုက်တာလဲ ရော့ နန်းဆက်ဘက်ကလား။ လန်ကက်စတာနန်းဆက်ဘက်ကလား။. . ."

ရှယ်လတန်သည် မိမိ၏ မွေးစားသောဖခင် မည်သည့်ဘက်က စစ်တိုက်နေသည်ကိုမသိပေ။ ဤ ကဲ့သို့ ရော့နန်းဆက်နှင့် လန်ကက်စတာနန်းဆက် အဆက်အနွယ်များသည် အင်္ဂလန်ပြည် ထီးနန်းကို လုနေသဖြင့် ပြည်တွင်းစစ်အခြေအနေ ရှုပ်ထွေးနေချိန်တွင် သူ၏မွေးစားဖခင် ဘုရက်လေသည် သာယာစီးသဘောဖြင့် ဟိုဘက်ပြောင်းတိုက်လိုက် ဒီဘက်ပြောင်းတိုက်လိုက်နှင့် လုပ်နေပြီး တိုက်ပွဲမှရသည့် ပစ္စည်းများဖြင့် ချမ်းသာနေသူ ဖြစ်ကြောင်းတွေးမိသဖြင့်. . . .

"ကျုပ်ကတော့ ဆာဘုရက်လေဟာ ဘယ်ဘက်ကတိုက်နေတယ်လို့အတိအကျ မပြောတတ်ဘူး". . ဟုပြောကာစကားကိုလျှော့ချလိုက်လေ၏။ ဤ တွင်သူ့ကိုမေးနေသော ရွာသားက. . .

"အေး မင်းလည်းမပြောနိုင်ဘူး။ ဘယ်သူမှလည်း ပြောနိုင်မှာမဟုတ်ဘူး။ အမှန်တော့ဘုရက်လေက ဘက်အမျိုးမျိုး ပြောင်းတိုက်နေတဲ့ လူတဲ့". . .





ထိုသို့ ပြောနေကြခိုက်တွင် တဖန် မြင်းခွါသံများကို ကြားရပြန်၏။ ဤတစ်ကြိမ်ကား စစ်သားသစ်များကို ဦးဆောင်တိုက်ခိုက်မည့် ဘင်းနက်ဟက်ချက်ဖြစ်ပေသည်။ ဘင်းနက်ဟက်ချက်မှာ သားရေအင်္ကျီတစ်ထည်ကို ဝတ်ထား၏။ ခေါင်းပေါ်တွင် သံခမောက်ဆောင်းထားပြီး သစ်ထဲ၌မီး တစ်လက်နှင့် လှံတစ်စင်းကို ကိုင်ထားပေသည်။ တန်းစဆောင်ရွာတဝိုက်တွင် ဟက်ချက်မှာ လူစွာတစ်ယောက်ပင် ဖြစ်၍၊ ဘုရက်လေ၏ လက်ရုံးကောင်းတစ်ဆူပင် ဖြစ်ပေသည်။ ဟက်ချက်သည်တံတားဆီတွင်စုနေသော လူများအနားသို့ရောက်လျှင်. . .

"ဟေ့လူတွေရဲတိုက်ကို သွားကြလေ၊ မကြားဘူးလား ခေါင်းလောင်းထိုးနေတာ၊ နောက်ကျတဲ့ လူဒုက္ခရောက်လိမ့်မယ်နော်၊ မြန်မြန်သွားကြ။ အို--ဒါနဲ့ အက်ပဲရဒ်ဆိုတဲ့အဘိုးကြီး ဘယ်မှာနေပါလိမ့်" ဟုပြောပြော မေးမေး မေးနေရာ၊ မိန်းမကြီးတစ်ဦးက. . .

"လယ်ကွင်းထဲက သူ့အိမ်မှာရှိတယ်ထင်တယ်" ဟုပြောလေ၏။ ထိုနောက် စုဝေးနေသောရွာသူ ရွာသားများသည် ရဲတိုက်ကြီးဘက်သို့ထွက်သွားကြလေ၏။ ဟက်ချက်နှင့် ရှယ်လတန် တို့မှာကား မြင်းများကို ရွာဆီဘက်သို့ ဖြတ်၍စီးနင်းသွားကြပေသည်။ မကြာမီအတွင်း သူတို့နှစ်ယောက်သည် ရွာစွန်ရှိ အိမ်တစ်လုံးဆီသို့ရောက်လာကြ၏။ အိမ်၏နောက်ဘေးဘက်တွင်ကား ကွင်းပြင်ကြီးရှိ၍ ထိုကွင်းပြင်ကြီးအဆုံးတွင် တန်းစတောသစ်တောအုပ်ကြီးကို လှမ်း၍ မြင်ရပေသည်။

အိမ်မှာအဘိုးကြီးအက်ပဲရဒ်၏ အိမ်ဖြစ်၍ အနားသို့ရောက်သောအခါ ဟက်ချက်သည် မြင်းပေါ်မှဆင်း၍ ဇက်ကြိုးကို ဝင်းထရံတွင် လှမ်းချိတ်လိုက်ပြီး အိမ်ဝိုင်းထဲသို့ဝင်သွား၏။ ရှယ်လတန်မှာလည်း နောက်မှလိုက်လျက်ပင် ရှိပေသည်။ အိမ်ထဲသို့ ရောက်လျှင်အဆင်သင့်ပင်အဘိုးကြီးအက်ပဲရဒ်အား တွေ့၍ ဟက်ချက်က. . .

"အဘိုးကြီး ခင်ဗျာ့ကို ဆာဘော်လဗာက အခုချက်ချင်း တန်းစ



www.burmeseclassic.com

www.burmeseclassic.com



တော ဓုတ်ဟောတ်တို့ လိုက်လာရမယ်တဲ့။ ခင်ဗျား စစ်သားသစ်တွေကို ခေါင်း ဆောင်ရလိမ့်မယ်" ဟုပြောလိုက်ရာ၊ အဘိုးကြီးသည်မော့ကြည့် ရင်း . . . "ဒါဖြင့် မင်းကဘယ်သွားရမှာတုန်း။ မင်း. . ခေါင်းဆောင်ပြီး စစ်တိုက်ရမယ်ဆို"

"အင်းလေ ကျုပ်လည်းသွားရမှာပေါ့။ ကျုပ်က ကက်တလီကို သွားရမှာ၊ တို့မယ် စစ်ပွဲ တော်တော်ပြင်းထန်နေတယ်။ ဆာဘရက်လေ က စစ်တူ လိုချင်လို့တဲ့"။

"ဒါဖြင့် ငါနဲ့ လူဘယ်နှစ်ယောက် ခေါ်သွားရမှာလဲ"

"ခြောက်ယောက်"

"ဟာ. . . ခြောက်ယောက်တည်းနဲ့ ဘယ်လိုလုပ်တိုက်ရမှာ တုန်းကွ။ လူအနည်းဆုံး လေးဆယ်လောက်ရှိမှ ဖြစ်မှာပေါ့"

"အင်းလေ ဒါကြောင့် ခင်ဗျားဆီ လာရတာပေါ့ဗျ။ ခင်ဗျားမှပဲ လူနည်းနည်းနဲ့ စစ်နိုင်အောင် တိုက်တတ်တာပဲ"

"မင်းအမေ ကလွှား. . မင်းတို့ အရေးအကြောင်းရှိရင်တော့ ငါ့ ကို အမှတ်ရပါဘိ၊ မင်းကောင်လေးတွေကော ပစ်တတ်ကြရဲ့ လားကွ"

"လေးလောက်တော့ ပစ်တတ်တဲ့ လူတွေပါ ပါတယ်ဗျ"

"အေးလေ မစ်တာက မှန်အောင် ပစ်တတ်ဘို့လည်း လိုသေး တယ်ကွ" ဟု ပြောကာ အဘိုးကြီးအက်ပဲရဒ်သည် မလှမ်းမကမ်းရှိ တောင် တန်းဘက်ဆီသို့ လှည့်၍ ကြည့်နေလေ၏။ နေမှာ တောင်ခြေရှိ ကွင်းပြင် များပေါ်တွင် အရောင်ထိုးလျက်ရှိ၏။ လောကကြီးတစ်ခုလုံးမှာ ရဲတိုက် ကြီးမှ ခေါင်းလောင်းသံမှတပါး ဆိတ်ငြိမ်လျက်ရှိ၏။ ဟက်ချက်သည် အဘိုးကြီးအား ကြည့်ကာ. . .

"ခင်ဗျား ဘာကြည့်နေတာလဲဗျ"

"ဟင်--ငါ ငှက်တွေ ပျံတာကို ကြည့်နေတာ"

အမှန်ပင် ကွင်းပြင်ကြီးအဆုံးတွင်ရှိသော တောအုပ်ထိပ်ဖျား





ခတ်သစ်ချပင်များထက်၌ ငှက်တစ်အုပ်မှာ ဟိုဟိုသည်သည် ပျံသန်း သွက်ရှိ၏။ ဟက်ချက်က "ငှက်တွေဘာဖြစ်လို့လဲ အဘိုးကြီးရ"

"စစ်တိုက်တဲ့အခါမှာ ငှက်တွေရဲ့ လှုပ်ရှားမှုကို နားလည်ရတယ် ဟော မြင်ရဲ့လား ဟိုငှက်အုပ်ဟာကျီးပြီးသလို ယောက်ယက်ခတ် ပျံနေတာ။ အဲဒါ ရန်သူရှိတယ်ဆိုတဲ့ အတိတ်နိမိတ်ဘဲ။ ငါ့အထင်တော့ ဒီနားမှာရှိ တဲ့တို့ကို တစ်ယောက်ယောက်က လေးနဲ့ မြားနဲ့ ချောင်းပစ်ဘို့များ ကြံနေ သလားဘဲ။"

"အောင်မယ်လေးဗျာ၊ ခင်ဗျားကလည်း လှံဖျားပုစဉ်းနား တိုး တန်းချေးပါဖြစ်နေပြန်ပြီ။ ကက်တလီစစ်ပွဲက ဒီကနေအဝေးကြီးပါ။ ကျုပ် တို့နဲ့မနီးပါဘူး။ စစ်ပွဲတိုက်တဲ့နေရာနဲ့ အနီးအပါးမှာရောက်နေတာက ဘရက်လေပါ။ ကြောက်ခြင်းကြောက်ရင် ဘရက်လေကကြောက်ရမှာ ခင် ဗျားဘာကြောက်မနေစမ်းပါနဲ့။"

"ကြည့်စမ်း ကြည့်စမ်း ဒီကောင်လေး၊အေးလေ မင်းတို့ကငယ် သေးတော့ ဘယ်သိတတ်မတုန်း"

"ကိုင်းဗျာ လုပ်စမ်းပါ၊ တော်တော်ကြာ ဆာအော်လီဗါ လိုက်လာ လိမ့်မယ်။ ခင်ဗျား လက်နက်တွေဘာတွေယူပြီး သွားဘို့ပြင်စမ်းပါ။"

ထိုအခိုက်တွင်ပင် ရှိုကနဲ လေးပစ်သံတစ်ချက်ကြားလိုက်ရပြီး မြားတစ်စင်းသည် အဘိုးကြီးအက်ပဲရဒ်၏ နောက်ကြောမှ ဖောက်ထွင်း ကာ ရင်ဘက်တွင် မြားသွားထွက်လာ၏။ အက်ပဲရဒ်မှာ ရုတ်တရက် မြေသို့မှောက်လျက် လဲကျသွား၏။ ဟက်ချက်သည်အလန့်တကြား အော် ဟစ်ကာ တစ်ချက်နောက်သို့ခုန်လိုက်၏။ ထို့နောက် အိမ်အကွယ် တစ် နေရာသို့ပြောင်းသွားကာ အကာအကွယ်ယူလေ၏။ ရှယ်လတန်မှာကား သစ်ပင်တစ်ပင်တွင် သွားကပ်ရင်းကြောမှလေးကိုဖြုတ်ပြီး မောင်းတင်ကာ အဝေးရှိ သစ်တောဘက်သို့ ကြည့်နေလိုက်၏။

လောကကြီးမှာဆိတ်ငြိမ်မြဲဆိတ်ငြိမ်လျက်ရှိ၏။သစ်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ခြောက် သောင်းသုံးတို့ရှုံ့ကြားရေး ကွင်းပြင်ထဲတွင် သိုးများသည်ဆိတ် ပြိမ်းစွာခင် မြက်စားလျှက်ရှိကြ၏။ သို့သော်လည်း အက်ပဲရဒ်မှာကား မှောက်ရက် လဲမြဲလဲလျှက်ပင်. . . ။

"ဘာများမြင်သလဲဟေ့" ဟု ဟက်ချက်က ရှယ်လတန်အား လှမ်းမေးလိုက်၏။

"ထူးထူးခြားခြား ဘာမှမမြင်ရဘူး"

"သနားပါတယ်ကွာ၊ အဘိုးကြီးလဲနေရှာပြီ၊ ဟု ပြောပြီးဟက်ချက်သည် ရှေ့သို့သွေးမရှိသည့် မျက်နှာမျိုးဖြင့်တိုးလာကာ. . . .

"တောအုပ်ဘက်ကိုဆက်ကြည့်နေအုံးဟေ့ ရှယ်လတန်"ဟုပြောရင်း အက်ပဲရဒ်ထံသွားပြီး အဘိုးကြီးအားထူမလိုက်ကာ တစ်ဖက်ထောင်ထားသော ဒူးပေါ်သို့ကိုယ်ကိုမှေး၍ထားလိုက်၏။ အဘိုးကြီးမှာမျက်လုံးတို့ဖွင့်ကြည့်လိုက်၊ ပြန်ပိတ်လိုက် နှင့်ကြောက်မက်ဖွယ်မျက်နှာထားတို့ဆောင်လျှက်ရှိလေသည်။

ဟက်ချက်သည် အဘိုးကြီးအားကြည့်ကာ. . . .

"ဘယ့်နှယ်နေသေးလဲ၊ သိပ်မသက်သာဘူးလား. . . ။ ခင်ဗျား ဘာများ မှာခဲ့ချင်သေးလဲ. . ."

"ငါသေမှာပါပဲကွာ မြားကိုနှုတ်လိုက်ပါ"ဟုပြော၏။ ဟက်ချက်ကရှယ်လတန်အား လှမ်းပြီး. .

"ဟေ့ ရှယ်လတန် လာစမ်းပါအုံးကွာ၊ မြားကိုလာပြီးနှုတ်လှဲ့စမ်းပါ။"

ရှယ်လတန်သည် သူ့လေးကိုအောက်သို့ချကာ အဘိုးကြီး၏ကြောမှမြားကို တအားဆွဲနှုတ်လိုက်ရာ၊ သွေးများဖြာခနဲပန်းထွက်လာလေ၏။ အဘိုးကြီး အက်ပဲရဒ်သည် မျက်နှာတစ်ချက်ရှုံ့လိုက်၏။ မကြာမီအတွင်း ခေါင်းငိုက်စိုက်ကျသွားကာ မေးတစ်ချက်ထိုးလိုက်ပြီး အသက်ပျောက်သွားလေ၏။ အဘိုးကြီးအား တွဲထူထားသော ဟက်ချက်မှာကား ဒေါသရိပ်မျက်နှာတွင်သန်းလျက်ပင် အခဲမကြေဟန်မျိုးဖြင့် တောအုပ်





ဘက်သို့ နှုတ်ခမ်းကိုက်ကာ လှမ်းမျှော်၍ ကြည့်နေလေသည်။ ထိုနောက် ရှယ်လတန်အား . . . .

"နောက်တစ်ခါတော့ ငါ့ကိုဆော်လိမ့်မယ်ထင်တယ် ဟေ့။ အဘိုးကြီးသေပြီဆိုတော့ နောက်တစ်ခါငါ့အလှည့်ပဲ။"

"ဒါ ဘယ်သူကပစ်တာလဲဗျ"/

"ဘယ်သိမလဲကွာ၊ ဘယ်သူပစ်တယ်ဆိုတာ။ ဒါပေမဲ့အဘိုးကြီးတော့ အသက်ပျောက်ရရှာပြီ။

"ဒီမြားက နဲနဲထူးဆန်းတယ် ကိုယ့်လူ"

"အေးဟေ့--ဟုတ်သားဘဲ၊ အရှိုးကဆေးနက်သုတ်ထားပြီး အောက်တလည်းငှက်မွေးအနက်ကိုတပ်ထားပါလား။ အို. . . မြားရိုးမှာ စာတွေရေးထားတယ်မဟုတ်လား။ သွေးတွေသုတ်ပစ်ပြီး ဖတ်ကြည့်စမ်းကွာ ဘာတွေရေးထားတာလဲ"

"ဂျွန်ထံမှ အက်ပဲရဒ်သို့မေတ္တာလက်ဆောင်၊ မကောင်းသူပယ်ညှော်ဆိုပါလား၊ ဒါကဘာအဓိပ္ပါယ်ပါလိမ့်"

"ဘာကွ မကောင်းသူပယ်မည်။ ဂျွန်တဲ့ ဟုတ်လား"

"ကိုင်းကိုင်း မင်းကခြေထောက်ကမကွာ၊ ငါက ခေါင်းက မယ်ပြီး အဘိုးကြီးအလောင်းကို ခုတင်ပေါ်တင်ရအောင်၊ ဟင်း ဆာအော်လီဗါများ ဒီအကြောင်းကြားရင်တော့ ဘယ်လိုနေလိုက်မလဲ"

ဟက်ချက်နှင့် ရှယ်လတန် တို့သည် အက်ပဲရဒ်၏အလောင်းကို မပြီး အနီးရှိကုတင်ပေါ်သို့ တင်လိုက်လေ၏။

အက်ပဲရဒ်၏အိမ်မှာသန့်ရှင်းသော်လည်း၊ အိမ်ထောင်ပရိဘောဂများအားစားစားမရှိပေ။ တစ်နေရာတွင် ဘီရိုတစ်လုံးထိုင်ခုံတစ်ခုနှင့်စားပွဲတစ်လုံးရှိ၏။ တစ်နေရာတွင်ကားအဘိုးကြီး၏လေးနှင့်မြားကို မြင်နေရသည်။ ဟက်ချက်သည်အခန်းထဲတွင်ဟိုဟိုသည်သည်ကြည့်ကာ. . .

"ဒီအဘိုးကြီးမှာ ငွေတော့စုပြီးသားရှိမှာပဲကွ၊ ပိတ်ဆွေတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သေ တယ်ဆိုရင်အကောင်းဆုံးကတော့ သူ့အမွေကို ဆက်ခံရတာ အကောင်းဆုံးပဲ"

"ကိုယ့်လူကလည်း အခုမှသေပြီးတဲ့လူရဲ့ ပစ္စည်းကို ဘာလို့ လိုချင်ရတာလဲ"

သို့သော်လည်း ဟက်ချက်သည်၊ ရှယ်လတန်၏ ကန့်ကွက်ချက် ဂရုမစိုက်ဘဲ ဘီရိုကိုလှပ်ပြီး ဟိုလှန်သည်လှော်နှင့် ရွှေတိုရွှေစ ငွေတို ငွေစ တွေ့လို့တွေ့ငြားရှာဖွေနေလေ၏။ ထိုအခိုက်တွင် အသက် ၅၀ ခန့်ရှိသော အဝတ်နက်ဝတ်ထားသည့် ဘုန်းကြီးဆာအော်လီဗါသည် အိမ်အတွင်းသို့ဝင်လာ၏။ ဆာအော်လီဗါသည် အက်ပဲရဒ်၏နာမည်ကို ခေါ်ရင်းဝင်လာပြီး အထဲရောက်မှ အလောင်းကိုမြင်ရသဖြင့်. . .

"ဘုရားရေ ဘယ်လိုဖြစ်တာလဲ" ဟုမေးရာ ဟက်ချက်က. . .

"မြင်တဲ့အတိုင်းပဲလေ၊ တစ်ယောက်ယောက် လေးနဲ့ပစ်လို့အ ဘိုးကြီး ကိစ္စတုံးရှာပြီ"

"ငါ မင်းတို့ မလာနိုင်တာနဲ့လိုက်လာတာ" ဟု ပြောတာ၊ ဆာလီ အော်ဗါသည် ဘုန်းကြီးပီပီ အက်ပဲရဒ်၏အလောင်းနားတွင် ထိုင်ပြီး ဘုရားသခင်ထံ ဆုမွန်ကောင်းတောင်းလျက်နေလေ၏။ ထိုနောက် ဟတ်ချက်ဘက်သို့ လှည့်ကာ. . .

"ဘယ်လိုရန်သူက ပစ်လိုက်တာလဲကွာ"

"ဟောဒီမှာသူ့ကိုပစ်တဲ့မြားဖတ်ကြည့်၊အမြီးမှာစာရေးထား တယ်"

"အလို မကောင်းသူကိုပယ်မည် ဂျွန်ဆိုပါလား။ တယ်ဆိုတဲ့ တာပဲ။ မြားကလဲ အနက်ရောင်သုတ်ထားတယ်။ ဘယ်လိုသတ္တဝါက များ မကောင်းကြံပါလိမ့်ကွာ၊ မင်းစဉ်းစားလို့မရဘူးလား"

"အဲလစ်ဒပ်ဝပ်ဆိုတဲ့ကောင်ကကြံစည်တာ ဖြစ်ချင်ဖြစ်မှာပေါ့"

"ဟာ မဖြစ်နိုင်ပါဘူးကွာ-။ ဒီကောင်က ဒို့အောက်ကကောင် ပဲ။ ဒီလိုမကြံရဲပါဘူး။ ရှော့နန်းဆက်လူတွေက ဆာဒင်နီရယ်ကိုရော





...နောက်လိုက်တွေကိုရော အညှိုးထားတာတော့ အမှန်ပဲကွ။ အဲဒီလိုဖြစ် ...အခုအက်ပဲရဒ် လေးပစ်ခံရတာပဲ"

"ကျွန်တော်တော့. . . ဒီ ရှော့နန်းဆက်တို့ လန်ကက်စတာ ...ဆက် တို့နဲ့ အခုအက်ပဲရဒ်သေတဲ့ကိစ္စနဲ့မဆိုင်ဘူးထင်တယ်။ ကျွန် ...တော့အထင်တော့ စိတ်လည်းမဆိုးနဲ့အမှန်အတိုင်းပြောရမယ်ဆိုရင်၊ ...ရက်လေ ရှောခင်ဗျားရော လူတွေကို မတော်တော် နှိပ်စက်၊ တော်တော် ...ဥစ္စာတွေကိုအတင်းယူဘူးတော့ ညှိုးတဲ့လူက ညှိုးနေမှာပဲ။ အဲဒီတော့ ...အခွင့်သာရင်သာသလို ခင်ဗျားတို့နှစ်ယောက်နဲ့ ခင်ဗျားတို့ရဲ့နောက် ...လိုက်တွေကို ဆော်ကြမှာပဲ။ ခင်ဗျားတို့တစ်ခါတုန်းက တော်တော်နှိပ် ...စက်ခဲ့ဘူးတဲ့ အဲလစ်ဒပ်ဝပ်ကဆိုရှင် ကမ္ဘာကြေရင်သာကြေမယ်၊ခင် ...ဗျားတို့ကိုတော့. . . မကြေဘူး"

"အာ ပေါ့တတ်တာကွာ၊ မင်းတွေ့ကရာ ရှောက်ရှောက်ပြောမနေ ...စမ်းပါနဲ့"

"ဒါဖြင့်လဲ ပြီးရောပေ့ါဗျာ မပြောပါဘူး"

"ဘုန်းကြီးဆာအော်လီဗာဒုပ်သည် နေရာမှထကာ အက်ပဲရဒ် ၏အိမ်တွင်းရှိတံခါးများ ဘီရိုများကို သေချာစွာလိုက်၍ပိတ်လေ၏။ ...ထိုနောက် သူတို့သုံးယောက်သည် အိမ်တွင်းမှထွက်လာကာ မြင်းပေါ်သို့ ...တက်ကြလေ၏။ ဟက်ချက်က ဆာအော်လီဗာအား. . .

"ကျွန်တော်တို့ စစ်ထွက်ဖို့ အချိန်တော်ပြီ ထင်တယ်"

"အေးကွာ ဝွကျတာဘဲ။ အက်ပဲရဒ်လည်းသေပြီ။ ဒါပေမဲ့ ငါ ...တော့ မင်းတို့မလွှတ်ချင်ဘူးကွာ။ ဒီလိုသာချောင်းချောင်း ပြီးလုပ်ကြနေကျ ...ရင် မင်းငါ့အနားမှာရှိမှ ဖြစ်မယ်ထင်တယ်။ ကိုင်း ဒါတွေနောက်မှပြော ...ကြတာပေါ့. . . "

ထိုသို့ပြောပြီးနောက် ဆာအောလီဗာ၊ ဟက်ချက်နှင့်ရှယ်လ- ...တန်တို့သည် ဖုံတထောင်းထောင်းနှင့်မြင်းများကိုဒုံးစိုင်းပြီး သွားကြလေ



www.burmeseclassic.com

www.burmeseclassic.com



၏။ မကြာမီအတွင်း ရဲတိုက်ကြီးသို့ ရောက်လာကြလေ၏။ ရဲတိုက်ကြီး၏ နောက်ဘေးဘက်တွင်ကားလူနှစ်ဆယ်ခန့်မှာ မြင်းကိုယ် စီနှင့် အသင့်ရှိနေကြလေ၏။ သူတို့၏လက်ထဲတွင် လက်နက်မျိုးစုံကို ကိုင်ဆောင်ထားကြပြီး စစ်မြေပြင်တွင်ရှိသည့်ဆာဘရက်လေ အား စစ်ကူရန်သွားကြမည့်သူများပင်ဖြစ်ပေသည်။ ဆာအော်လီဗာသည် လူစုကိုကြည့်ကာ. . .

"အင်း. . . ဒီကောင်တွေ ရောက်သွားရင်တော့ ဘရက်လေတပ်အားတက်ကောင်းပါရဲ့ကွာ" ဟု ပြောနေစဉ်လေ၏။ ထိုအခိုက်တွင် ရဲတိုက်ကြီး တစ်နေရာရှိ သစ်ပင်ရိပ်များအောက်တွင် လူတစ်ယောက်ရိပ်ခနဲဖြတ်သွားသည်ကို မြင်ရသောကြောင့် ဟက်ချက်သည်လှမ်းပြီး. . .

"ဟေ့ ဘယ်သူလဲရပ်လိုက်" ဟု အော်ပြီးအမိန့်ပေးလိုက်၏။ ထိုသို့ အော်သံကြားသည့်နှင့် တပြိုင်နက်၊ သစ်ပင်အောက်မှလူသည် သစ်တောအုပ်ဘက်ဆီသို့ ဒုံးစိုင်း၍ ပြေးလေ၏။ သို့ဖြင့်စုဝေးနေသောလူများမှာ ယောက်ယက်ခတ်သွားကာ မြင်းများပေါ်သို့ခုန်၍ တက်ကျသေ၏။ သို့သော်လည်းသူတို့မှာ ဝင်ပေါက်မှထွက်ပြီး ရဲတိုက်ကြီးကိုတစ်ပတ်ပတ် ကာထွက်ပြေးသူ၏နောက်သို့လိုက်ကြ၏။ ဟက်ချက်မှာကား အများနည်းတူမလိုက်ဘဲ ဝင်းခြံခတ်ထားသည့်ပိုင်းတားကို မြင်းနှင့်ဖြတ်ကူးကာဖြတ်လမ်းမှလိုက်ရန် စိုင်းလျက်ရှိ၏။ သို့သော်လည်းမြင်းသည် ပိုင်းတားနားရောက်မှ ပိုင်းတားကိုမခုန်ပဲ ရပ်တန့်လိုက်ရာ ဘင်းနက်ဟက်ချက်သည်မြင်းပေါ်မှလိမ့်ကျသွားလေ၏။ လိမ့်ကျသည့်နေရာမှ ရုတ်တရက်ပြန်ထကာမြင်းကိုစီးပြီး ဆက်လိုက်ရန်ကြိုးစား၏။ သို့သော်လည်း ဤသို့လိမ့်ကျနေခြင်းဖြင့်ပင် အချိန်အတော်နှောင်း၍သွားလေသည်။

အများအထဲတွင် ရှေ့ဆုံးမှလိုက်နေသူကား ရှယ်လတန်ဖြစ်၏။ သူသည် မြင်းပေါ်မှလေးကို မောင်းတင်လျက်ရှိရာမှ နောက်မှလိုက်လာသော ဟက်ချက်ဘက်သို့လှည့်ပြီး "ပစ်လိုက်ရမလား" ဟုမေးရာ၊ အနားမှ ဆာအော်လီဗာက. . .





"ပစ် ပစ်" ဟု လှမ်းအော်လိုက်၏။"

ရှေ့မှပြေးနေသူမှာကား မကြာမီအတွင်း သစ်တောထဲသို့ရောက်လုနီးနေပြီ။ သို့သော်လည်းသူပြေးနေရသောနေရာမှာ အနည်းငယ်ကုန်းကျပြီး အမြင့်ကိုတက်နေရသောကြောင့် လျှင်မြန်စွာမပြေးနိုင်ချေ။ ရှယ်လတန်သည် လေးကိုချိန်ဆလျက်ရှိ၏။ သို့သော်လည်း ဤသို့ချိန်နေခိုက်တွင်ပင် သူ့စိတ်မှာရှေ့မှ သေပြေး ရှင်ပြေး ပြေးနေသူအားသနားသွားဟန်ရှိကာ မြားချက်လွဲသွားပါစေသားဟု ဆုတောင်းလျက်ရှိ၏။ ထို့နောက် မောင်းကိုဖြုတ်လိုက်၏။

ပြေးနေသောသူ ရှေ့သို့ငိုက်၍လဲကျသွား၏။ ဟက်ချက်နှင့်နောက် လိုက်နေသူများက လဲကျသည်ကိုမြင်သည်နှင့် တပြိုင်နက်ဝမ်းသာအား ရအော်လိုက်ကြ၏။ သို့သော်လည်း ရှေ့မှပြေးနေသူသည်ထိုနေရာမှအလျှင် အမြန်ပြန်ထကာ မကြာမီအတွင်း တောထဲသို့ဝင်ရောက်ပျောက်ကွယ် သွားလေ၏။ ဟက်ချက်က. . . .

"ခွေးမသား ဒီကိုတောင် သူလျှိုလာလုပ်ပြီး ချောင်းတာပဲ။ လွတ်သွားတာ ကံကောင်းတယ်။ ဒါပေမဲ့ ရှယ်လတန်ရဲ့ မြားတော့ထိသွားတာအမှန်ပဲကွ" ဟုပြော၏။ ဆာအော်လီဗာက. . .

"ဒီကောင် ဘာလုပ်လာလဲမသိဘူး. . .။ ဟေ့ ကလစ်ဘီသွားကွာ အခုနသူ့ကိုစတွေ့ရတဲ့သစ်ပင်တွေထဲမှာ တစ်ခုခုများရတွေ့လေသလား သွားရှာချေစမ်း" ဟု အနားရှိလူတစ်ယောက်အား အမိန့်ပေးလိုက်လေ၏။ ကလစ်ဘီအခေါ်ခံရသူသည် မြင်းကိုစိုင်းပြီး ရဲတိုက်ကြီးဘက်သို့ ထွက်သွားလေ၏။

မကြာမီအတွင်း ကလစ်ဘီပြန်လာကာ၊ စာရွက်တစ်ရွက်ကိုဆာအော်လီဗာ လက်ထဲသို့ထည့်ပြီး. . . .

"ရဲတိုက်တံခါးဝမှာ ဒီစာရွက်ချိတ်ထားတာ တွေ့ရတယ်၊ တခြားတော့ဘာမှမတွေ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အို နေကလည်းဝင်နေပါပြီကွာ၊ ငါတော့ဘာတွေရေးထားတယ် ဆိုတာ ကောင်းကောင်းမမြင်ရဘူး။ ဟော့ ရှယ်လတန် မင်းမျက်လုံးကောင်း ကောင်းနဲ့ဖတ်ပြစမ်းကွာ"

ရှယ်လတန်သည်စာရွက်ကိုယူပြီး ခပ်ကျယ်ကျယ် ဖတ်လိုက်၏။ စာမှာ လက်ရေးသဘောမျိုးဖြင့်ရေးထားသော်လည်း ကာရန်အစပ်အဟပ် မရှိလှညီလှပဲ စာလုံးပေါင်းများမှာ အမှားများသာများရာ၊ ရေးသူ၏ စာမတတ်မှုကို ဖေါ်ပြလျက်ရှိပေသည်။ စာတွင်ပါသော အဓိပ္ပါယ်မှာ တား စကားပြေနှင့်ဆိုလျှင်. . .

"ငါ့မှာ ငါ့တို့နှိပ်စက်ညှဉ်းဆဲတဲ့ လူတွေကို လက်စားချေဖို့ မြားနက်လေးခုရှိတယ်။ အက်ပဲရဒ် ဆိုတဲ့ကောင်တော့အခုချောရှာပြီ။ နောက်တစ်ယောက်ဟာ ဘင်းနက်ဟက်ချက် ဖြစ်ရမယ်။ သူပြီးရင် ဆာ အော်လီဗာအုပ်ရဲ့အလှည့်ပဲ။ ဆာဒင်နီရယ်ဘရက်လေကတော့ စတုတ္ထ မြား ချက်ကိုလက်ခံရလိမ့်မယ်။ မင်းတို့လေးယောက်ဟာ တစ်လှည့်စီငါ့ မြားနက် လက်ချက်ကိုခံရမှာပဲ။ မင်းတို့ရဲ့ အသည်းထဲကိုနက်နက်ကြီး စိုက်ရလိမ့်မယ်၊ စောင့်မျှော်လို့သာ နေကြတော့။

"ဂျွန်နှင့်ဖေါ်များ"
မကောင်းသူ့ပယ်မည်။
ဂရင်း သစ်တောစခန်း။

ထိုနောက် နောက်ဆက်တွဲအဖြစ်စာထဲတွင် ဘရက်လေ၏ နောက်လိုက်များအဖို့လည်း လေးနှင့်မြား အမြောက်အမြားရှိကြောင်းရေး ထားလေ၏။ ဆာလီအော်ဗာသည် စာပါအကြောင်းကို သိရလျှင်တုန် လှုပ်ဟန်နှင့်. . .

"ခက်ပါပေ့ကွာ အခြေအနေကတယ်ဆိုးပါလား ဒီကောင်တွေ ဟာဘယ်သူတွေများပါလိမ့်" ဟုညည်းတွားလေ၏။





ထို့နောက် ဟက်ချက်နှင့်ဆာလီအော်ဗာတို့သည် တီးတိုးတီးတိုး နှင့် တိုင်ပင်နေကြလေ၏။ ခဏကြာလျှင် တိုင်ပင်ပြီးစီးဟန်နှင့် စစ်ထွက် မည့်သူများကို နှစ်စုခွဲလိုက်၏။ တစ်စုမှာရဲတိုက်တွင်ပင် ဆာလီအော် ဗာအား စောင့်ကြပ်ရန်ဖြစ်၍ ဟက်ချက်ကခေါင်းဆောင်ရန်ဖြစ်၏။ ကျန် တစ်စုမှာ ရှယ်လတန်ကခေါင်းဆောင်ပြီးဆာဘရက်လေထံသို့ ခေါ် သွားရန် ဖြစ်ပေသည်။

စစ်ထွက်မည့်သူများမှာ များသောအားဖြင့် ကြမ်းတမ်းသောအ သွင်ရှိသော်လည်း စစ်တိုက်ဖူးသူဟူ၍မပါပေ။ ရှယ်လတန်မှာကား အ သက်ဝင် ငယ်သော်လည်း အတိုက်အခိုက်ဘက်တွင် နာမည်ကျော်ဖြစ်၍ ဆာအော်လီဗာက သင်ပေးထားသောကြောင့် စာလည်းအနည်းအငယ် တတ်သူဖြစ်ပေသည်။ ဟက်ချက်ကလည်း ရှယ်လတန်အား ဓါးခုတ်၊ လှံထိုး၊ မြင်းစီး၊ လေးပစ်အတတ်များကို ကောင်းစွာသင်ပေးထား၏။ ဟက်ချက်သည်ရန်သူအပေါ်တွင် ရက်စက်သလောက် မိတ်ဆွေများအ ပေါ်တွင်ကား၊ များစွာအနွံအတာခံ၍ ပေါင်းသူဖြစ်ရာ ရှယ်လတန်အား တိုက်နည်း ခိုက်နည်းများကို အပင်ပန်းခံ၍ သင်ပေးဖေါ်ရလေသည်။

ထိုသို့ တာဝန်များခွဲဝေပြီးနောက် ဆာလီအော်ဗာသည် ရှယ်-လတန်နားသို့ ကပ်လာကာ. . ,

"ကိုင်း မင်းသွားဖို့ပြင်ပေတော့၊ သတိဝီရိယကြပ်ကြပ် ထားနော်။ သွားရင် တံတားပေါ်ကဖြတ်မသွားနဲ့၊ တံတားကိုကွင်းပြီးသွား။ သစ်တော ထဲ ရောက်ရင်အသံမကြားရအောင် တတ်နိုင်သလောက် ချောင်းပြီးသွား။ ခရီးသည်လို့များ ရန်သူကတိုက်ရင် စောင့်ပြီးတိုက်မနေနဲ့။ ခြေကုန်သုတ် ပြီး ဘရက်လေဆီကို ရောက်အောင်သွား။ အေး တစ်ခုတော့မှာရဦးမယ်။ မင်း ဆာဘရက်လေကိုလည်း သိပ်မယုံနဲ့၊ စစ်ပွဲမှာ ကိုယ်တတ်တဲ့ပညာ ကိုကောင်းကောင်းအသုံးချ။ မိတ်ဆွေကောင်းကို လက်မလွှတ်နဲ့။ အစ အရာရာ သတိဝီရိယနဲ့နေထိုင်ပါကွာ။ ငါတို့ ဒီမှာကျန်နေတဲ့ လူတွေ



www.burmeseclassic.com

www.burmeseclassic.com



အဖို့လည်း အခုမင်းမြင်တဲ့အတိုင်းပဲ၊ သိပ်စိတ်ချရ လုံခြုံရတာမဟုတ်ဘူး။ စစ်ထွက်ရတာကမှတော် အုံးမယ်"ဟု ပြောဆိုမှာကြားပြီးနောက်တွင်၊အ ... ယောက်ချက်တာတဖန်. . .

"ငါ့ကိုများ ဒီဂျွန်ဆိုတဲ့အကောင်က မြားနက်နဲ့များ လုပ်ကြံလို့ သေသွားရရင် ငါ့ကိုမမေ့ပါနဲ့ကွာ"

"အာ ကျုပ်တသက်မှာ ခင်ဗျားကိုဘယ်တော့မှမမေ့ပါဘူး"

ထိုသို့ စကားပြောနေခိုက်၊ ဆာအော်လီဗာသည် စာတစ်စောင်တို ရှယ်လတန်အား လှမ်းပေးပြီး. . .

"ဒီစာ ဆာဘရက်လေကိုပေးလိုက်ကွာ၊ ငါအရေးတကြီးရေးပေးလိုက်တယ်လို့ပြော"

"ဟုတ်ကဲ့ ကောင်းပါပြီ" ဟု ပြောကာ ရှယ်လတန်သည် စာကိုယူပြီး အတွင်းအိတ်ထဲသို့ ထည့်လိုက်၏။ ထိုနောက် သူ့နောက်လိုက်များတို့ခါ ကာမြင်းများဖြင့်ရွာ၏နောက်ဘက်ဆီသို့ထွက်သွားကြလေ၏။

## အခန်း (၂)

ဆာဘရက်လေနှင့် နောက်လိုက်များမှာ ကက်တလီတဝိုက်တွင် ရှိကြ၏။ သို့သော်လည်း ဘဘရက်လေမှာအနီးအပါးရှိ ရွာသူရွာသားများထံမှ မိုက်ကြေးခွဲ ငွေညှစ်သော အလုပ်များကို လုပ်လျက်ရှိပေသည်။ ထုံးစံအတိုင်း သူသည် နိုင်သည့်လူများထံမှ ငွေညှစ်ပြီး ဥစ္စာ ပစ္စည်းကုံလုံ ကြွယ်ဝလာကာ၊ သူ့ထက်တန်ခိုးကြီးသူ ရာထူးကြီးသူများနှင့် ပေါင်းဖက်ပြီး ကိုယ်ကျိုးရှာလေ့ရှိပေသည်။ မရှိဆင်းရဲသားများထံမှ အနုနည်းနှင့် ငွေညှစ်၍မရလျှင်၊ အကြမ်းနည်းဖက်ကာ လက်နက်အားကိုးနှင့် အိမ်များကို တတ်ရောက်မွှေနှောက်ခြင်း၊ ပစ္စည်းသိမ်းခြင်းများကိုပြုတတ်၏။ ကက်တလီရွာမှာလည်း ငွေညှစ်ရန် အပေါက်ကောင်းတစ်ခုဖြစ်ရာ





ယခုတဲ့သို့ စစ်တိုက်နေဆဲတွင်ပင် သူ၏မသမာမှုများကို အနားမရှိ ဆက်လက်ပြုကျင့်လျက်ရှိ၏။

နံနက် နှစ်နာရီထိုးခန့် အချိန်တွင် ဆာဘရက်လေမှာ ကက်တလီရွာရှိ ဟော်တယ်တစ်ခုတွင်ရှိ၍ မီးဖိုတစ်ခုဘေးတွင် ထိုင်နေပေသည်။ နံဘေးတွင် အရက်ပုလင်းတစ်လုံးရှိ၍ ရာသီဥတု၏အေးချမ်းမှုဒဏ်ကို အရက်နှင့် မီးဖို၏အကူအညီဖြင့်တွန်းလှန်နေ၏။ အခန်း၏တဘက်တွင် တပ်သား ၁၀ ယောက် ၁၂ ယောက်ခန့်မှာ ကင်းစောင့်သူစောင့်ခုံများပေါ်တွင် အိပ်သူအိပ်နှင့်ရှိကြ၏။ ဆာဘရက်လေ၏အနားတွင်ကား အသက် ၁၂နှစ် ၁၃ နှစ်ခန့်ရှိမည်ဟု ခန့်မှန်းရသောသူငယ်တစ်ယောက်သည် ကြမ်းပြင်ပေါ်တွင် တုံးလုံးလှဲနေလေသည်။ ဟော်တယ်ပိုင်ရှင်နှင့်ဆူသူ တစ်ဦးမှာကား ဆာဘရက်လေ၏ ရှေ့တည့်တည့်တွင် ရပ်နေလေ၏။ ဆာဘရက်လေသည် ဟော်တယ်ပိုင်ရှင်အား. . . .

"ဟေ့ ဒီမယ် မင်းငါ့တပည့် ကောင်းကောင်းခံရမယ်နော် ငါ့ကိုအရာတင်တဲ့ လူဆိုရင် ငါကြည့်ဖို့တာဝန်မလေးဘူး။ ဒါပေမဲ့ ကလန်ကဆန်လုပ်တဲ့လူမျိုးကိုတော့ ငါကတတ်နိုင်တဲ့နည်းနဲ့ နှိပ်စက်မှာပဲ၊ နားသည်ရဲ့လား၊ အရင်က မင်းရဲ့သခင် ဖြစ်တဲ့ ဝါလဆင်ဂန်ကို နောက်ထပ်ကြည့်ညိုမနေနဲ့။ ငါ့ကိုသာ ယုံယုံကြည်ကြည်နဲ့ သခင်လိုသဘောထား"

"ဝါလဆင်ဂန်ကို ကျွန်တော်တို့အရင်က ကြောက်နေရလို့သာ နောက်လိုက်လုပ်တာပါ သခင်၊ ဒါပေမဲ့ သူ့ကိုလုံးလုံးမေတ္တာမရှိပါဘူး။ ဒီနားတဝိုက်က လူတွေကိုမေးကြည့်ပါ။ ကျွန်တော့်ဟာ ဝါလဆင်တန်ကို အမြဲမုန်းတဲ့လူတစ်ယောက်ဆိုတာ ပြောပြပါလိမ့်မယ်"

"အော် ဒီလိုလား၊ဒါဖြင့်မင်း ငါလိုချင်တဲ့ ပိုက်ဆံထက်နှစ်ဆ ဆေးရလိမ့်မယ်"

ဟော်တယ်ပိုင်ရှင်မှာ အကြိုက်လိုက်ပြောပြီးလျှင် သက်သာမည်အောက်မေ့သော်လည်း၊ ယခုမှာမူကား သူထင်သလိုမဟုတ်၊ ဆာဘရက်



www.burmeseclassic.com

www.burmeseclassic.com



လေက ယခင်မိုက်ကြေးခွဲထားသည့် ငွေထက်နှစ်ဆတိုးပြီး တောင်းခြင်းကိုခံနေရပေသည်။ ဆာဘရက်လေသည် ဟိုတယ်ပိုင်ရှင်အား ဂရုမစိုက်တော့ဘဲ သူ့အစောင့်စစ်သားတစ်ဦးဆီသို့ လှမ်းပြီး. . .

"ဟေ့ ဆဲလဒန် နောက်တစ်ယောက်ကို သွင်းခဲ့စမ်း"

ဤတွင်အနားရှိစစ်သားတစ်ယောက်သည် အားနည်းသော အဘိုးကြီးတစ်ယောက်ကို သွင်းလာလေ၏။ အဘိုးကြီးမှာ ဖျားနာနေဟန်ဖြင့် တုန်တုန်ချည့်ချည့်ဖြစ်နေပေသည်။ ဆာဘရက်လေသည် အဘိုးကြီးအနားသို့ရောက်လာလျှင် ခေါင်းမော့ပြီး. . .

"အဘိုးကြီး ခင်ဗျားနာမည် ဘာလဲ"

"ကျွန်တော် ရှိဘီမြို့သား ကွန်ဒေါ ဖြစ်ပါတယ် သခင်"

"ကျုပ် သိသလောက်ခင်ဗျားဟာ သစ္စာဖေါက်တစ်ယောက်ဘဲလို့ ကြားရတယ်၊ လူတွေလည်းအများကြီး သတ်ခဲ့ဘူးတယ်ဆို"

"မဟုတ်ပါဘူးသခင်၊ မလိုလို့ ပြောကြတာဖြစ်ပါလိမ့်မယ်။ ကျွန်တော် ဘယ်သူ့ကိုမှ နာနာကြည်းကြည်း မလုပ်ခဲ့ဘူးပါဘူး၊ ရိုးရိုးနေတဲ့လူပါ"

"ရွာသူကြီးကပြောတော့ ရှိဘီမြို့ကတင်ဒယ်ဆိုတဲ့ အဘိုးကြီးဟာ မကောင်းဘူးလို့ ပြောပါလား"

"ကျွန်တော်က တင်ဒယ်မဟုတ်ပါဘူးသခင်၊ ကွန်ဒေါပါ"

"အို တင်ဒယ်ဖြစ်ဖြစ် ကွန်ဒေါဖြစ်ဖြစ် အတူတူဘဲ။ မသက်ာဘူး၊ အသက်မသေချင်ရင် ပေါင်နှစ်ဆယ်ပေးရလိမ့်မယ်"

"အမယ်လေး. . . ခက်တော့တာဘဲသခင်၊ ကျွန်တော်ပိုင်တဲ့ ပစ္စည်းအားလုံးပေါင်းတာတောင် ပေါင်နှစ်ဆယ်မရှိပါဘူး"

"ပေးမယ် မပေးဘူး ဆိုတာသာပြောစမ်းပါ၊ မရှိတာရှိတာနား မလည်ဘူး"

"ပေးစရာ မရှိပါဘူးသခင်"





ဤတွင် ဆာဘရက်လေသည် သူ၏အစောင့်စစ်သားဘက်သို့ လှည့်ကြည့်ပြီး. . . .

"ဟေ့ ဆဲလဒန် ဒီအဘိုးကြီးကိုအပြင်ဘက်ထုတ်သွားပြီး သစ်ပင်တစ်ပင်မှာကြိုးဆွဲချသတ်လိုက်စမ်းကွာ။ ကိုင်း. . ကိုင်း. . လိုက်သွား အဘိုးကြီး"

"အသက်တော့ ချမ်းသာပေးပါသခင်၊ သခင်တောင်းသမျှကို ဖြစ်တဲ့နည်းနဲ့ ရှာကြံပေးပါ့မယ်"

"အော် ပေးတော့မလား၊ ကိုင်း ဆဲလဒန်၊ အဘိုးကြီးနဲ့ လိုက်သွား၊ ပြီး ပေါင် ၂၀ တောင်းခဲ့ဟုတ်လား မင်း လိုက်သွားနော်"

ဤသို့ မိုက်ကြေးခွဲ ပြီးနောက်၊ ဆာဘရက်လေသည် စားပွဲရှိအရက်ပုလင်းမှ အရက်များကို ခွက်တစ်ခုတွင် ငှဲ့ကာ သောက်နေလေ၏။ ထိုအခိုက်တွင် ကြမ်းပြင်ပေါ်၌အိပ်နေသော အသက် ၁၃ နှစ်ခန့်ရှိ လူငယ်လေးသည် လူးလွန့်ပြီးနိုးလာကာ နံဘေးပတ်ဝန်းကျင်ကို မျက်စေ့ဖွင့်ကြည့်နေလေ၏။ ဆာဘရက်လေက သူငယ်ကလေးအားကြည့်ကာ. . . .

"အော် ငါ့လူနိုးလာပြီလား၊ မင်းတော်တော်အားကောင်းပုံရသား ပဲကွ"

သူငယ်ကလေးသည် ဆာဘရက်လေ၏ ပြောစကားကို ကြားရသဖြင့် နေရာမှထကာ စားပွဲဆီသို့ လာလေ၏။ သူ့မျက်လုံးများမှာ ဒေါသ ရောင်နှင့် တောက်ပြောင်နေလေ၏။ မတ်တပ်ရပ် ထ၍နေသောအခါတွင် သူငယ်ကလေးမှာ အရပ်အနည်းငယ်နိမ့်ကြောင်း သိသာပေ၏။ မျက်နှာမှာ ကလေးငယ်၏မျက်နှာကဲ့သို့ ဖြူစင်သန့်ရှင်း အချိုးအစားကြလှ၏။ သို့သော်လည်း ကိုယ်ကာယမှာ ယောကျာ်းတစ်ယောက်၏ ကိုယ်ကာယမှ မဟုတ်၊ သွယ်သွယ်ပျောင်းပျောင်း ခတ်လှိုလှိုကင်းကင်း ဖြစ်၍နေ၏။

"ကျုပ်ကို ခေါ်တာလား ဆာဘရက်လေ၊ ကျုပ်ဒီလို ဝင်သားဘာမြင်လို့ လှောင်ချင် ပြောင်ချင် သရော်ချင်တာနဲ့ ခေါ်တာလား"

"မဟုတ်ပါဘူးလေ ငါကမင်းကို ရီစရာမလိုပါဘူး၊ မင်းကသာ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုရှောင်ပြီးရှိမှာစိုးရိမ်တာ"

"အင်းလေ ရှိမယ်ဆိုရင်ရှိသေးတာပေါ့၊ တစ်နေ့ကျရင်တော့ မရှိနိုင်တဲ့ အချိန်ကို ရောက်ပါလိမ့်မယ်"

"အမယ်လေးကွာ မင်းက ငါ့ကို စိတ်ဆိုးမနေပါနဲ့။ ငါက မင်းတို့ ဒီလိုအချိန်မှာ အခြေအနေအရ အကြမ်းဖက်ပြီးဖမ်းခဲ့ပေမဲ့ မင်းဟာ တစ်နေ့ကျတော့ ရှယ်လတန်ရဲ့မိန်းမဖြစ်မှာပါ။ ဟိုကောင်ကလည်း မင်းကို ယူပါ့မယ်လို့ ကတိပေးပြီးပါပြီ။ ကိုင်း စိတ်ဆိုးမနေနဲ့၊ တစ်ခုခုစား ရအောင်ဟုတ်လား၊ ထိုင်. . ထိုင်. . အဲဒီမှာထိုင်၊ ဟော့ တစ်ယောက် ယောက် စားစရာဘာဖြစ်ဖြစ်ယူခဲ့စမ်းဟေ့"

"ရှင်တို့ပယောဂကြောင့် ကျွန်မဟာ မာစတာဂျွန်ဆိုတဲ့ နာမည် ယူပြီး အခုလိုယောကျ်ားအဝတ်အစားတွေ ဝတ်ထားရတယ်။ ဒီတော့ ရှင်ကျွေးမဲ့အစာကိုလည်း မစားချင်ပါဘူး"

"စားပါကွာ အစာမစားပဲဘယ်သူမှ မနေနိုင်ပါဘူး။ အခုနေ တော့ မင်းယောကျ်ားလိုဝတ်ထားတာက ပိုပြီးဘေးကင်းတယ်ကွ"

သို့သော်လည်း မိန်းမစင်စစ်က ယောကျ်ားဝတ် ယောကျ်ားစား ဝတ်ထားသော မိန်းခလေး (သို့မဟုတ်) သူငယ်ကလေး ဂျွန်သည် စားပွဲ ပေါ်တွင်ချလာသည့် အစားအစာများကိုမစားဘဲ ရေတစ်ခွက်ထဲကို သာသောက်ပြီး နေရာမှထကာအခန်းထောင့် တစ်နေရာတွင်သွား၍ တွေးနေလေ၏။

နောက် တစ်နာရီ နှစ်နာရီခန့်ကြာသောအခါ၊ ရွာဘက်ဆီမှ ကင်း စောင့်များ၏"ဘယ်သူလဲ" ဟုမေးသံများ၊ မြင်းစိုင်းလာသည့် ခွါသံများကို ကြားရပြီး ဟော်တယ် တံခါးဝသို့စစ်သည်အချို့ မြင်းနှင့်ဆိုက်ရောက် လာကြ၏။ မကြာမီအတွင်း ဟော်တယ်တံခါးပွင့်လာကာ ရှယ်လတန် သည် အဝတ်အစားများတွင် ရွံ့များပေကျံလျက် ခရီးပန်လာသည့်မျက် နှာမျိုးဖြင့် အထဲသို့ဝင်လာပြီး ဆာဘရက်လေအား. . .





"အခြေအနေ ကောင်းရဲ့လားခင်ဗျာ"

"ဟော့ ရှယ်လတန်ပါလား"

ရှယ်လတန်၏ နာမည်ကို ဆာဘရက်လေက ခေါ်လိုက်သံကြား ချင်ထောင့်တွင် ကုတ်နေသော ဂျွန် ခေါ် သူငယ်ကလေးသည် တစေ့ တစောင်း လှမ်းကြည့်လိုက်၏။ ဆာဘရက်လေကမူ ဆက်လက်၍. . . .

"ငါက ဟက်ချက်လာမယ်အောက်မေ့တာ၊ မင်းဝေါက်လာသ ထိုးကွ၊ ဘာများဖြစ်ကြလို့လည်း"

"ဟောဒီမှာ. . . ဆာအော်လီဗာဆီက စာ၊ အထဲမှာအကြောင်း စုံ ရေးထားတယ်၊ ဖတ်ကြည့်ပါ၊ ဒါပေမဲ့ ခင်ဗျား ရစ်ဆင်ဂန်ရွာဘက်ကို သွားရင် ကောင်းမယ်ထင်တယ်၊ ကျွန်တော်တို့လာကြတုန်းက လမ်းမှာမြင်း သမားတစ်ယောက်နဲ့တွေ့လို့ သူကပြောတော့ ခင်ဗျား ရစ်ဆင်ဂန်ဘက် ကို လာနိုင်ရင်ကောင်းမယ်တဲ့၊ ရစ်ဆင်ဂန် ရွာစားလည်း တိုက်ပွဲမှာ တော် တော် အကျနာနေတယ်ပြောတယ်"

"အေး. . . စစ်ကူဖြစ်ဖြစ်ပို့ရမှာပေါ့ကွာ၊ ဒါပေမဲ့ မင်းဘယ်လို ကောင်တွေခေါ် လာတယ်ဆိုတာ ကြည့်စမ်းပါရစေအုံး၊ ဟော့ ဆဲလဒန် မီးထွန်း ပြီးလိုက်ခဲ့စမ်းကွာ" ဟုပြောကာ ဆာဘရက်လေသည် ဟော်တယ်အပြင် ဘက်သို့ထွက်သွားပြီး ရှယ်လတန်ခေါ်လာသော နောက်ရောက်သည့် စစ်သားများကို သွားရောက်စစ်ဆေးနေလေ၏။ ဆာဘရက်လေမှာ နာမည်ဆိုး အမျိုးမျိုးရှိသော်လည်း သူ့နောက်မှ အဝါတည်း လိုက်လံတိုက်ခိုက်သော စစ်သားများအပေါ်တွင်ကား အလွန်ကောင်းသူဖြစ်ရာ၊ စစ်သားများက သူ့ကို ချစ်ကြသည်ချည်းသာများ သေသည်။ စစ်သားများအား စစ်ဆေးပြီးလျှင် ဆာဘရက်လေက. . .

"မင်းတို့ကောင်တွေ တယ်တော့ မတောင့်လှဘူးဟေ့၊ ဒါပေမဲ့ မင်းတို့ တပ်ဦးကနေပြီးတိုက်ရမှာကွ၊ အော် ကလစ်ဘီလည်း ပါဟာသကိုး ကွ၊ ကိုင်း မင်းလည်းဒီတစ်ခါတော့ အစွမ်းပြစမ်းပါအုံးကွာ



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ခင်ဗျာ၊ တတ်နိုင်သလောက် အစွမ်းကုန်တိုက်ခိုက်ပါ့မယ်၊ ဒါပေမဲ့ ခဏခဏ ဟိုဘက်ပြောင်းတိုက်ရ ဒီဘက်ပြောင်းတိုက်ရဆိုတော့ တယ်မကောင်းလှဘူး"

"ဟား . . ဟား . . ဟား မင်းစကားပြောအလွန်အစွန်းအစထွက်တဲ့ကောင်ပဲ။ ကဲ ကဲ ရှိပါစေတော့ကွာ၊ ကဲ ခုလဒန် ဒီလူတွေကို အစားအစာထုတ်ကျွေးပါကွာ . . ."

ထိုသို့ပြောပြီးနောက် ဆာဘရက်လေသည် ဟော်တယ်အတွင်းသို့ ပြန်၍ဝင်လာလေ၏။ ထို့နောက် ဆာအော်လီဗာ ပေးလိုက်သောစာကို ဖတ်ကာ မျက်မှောင်ကြုတ်ရင်း ရှယ်လတန်အား . . .

"မင်း မကောင်းသူပယ်မယ်ဆိုတဲ့ ဂျွန်ရေးတဲ့စာကို ဖတ်လိုက်ရသလား . . ."

"ဟုတ်ကဲ့ ဖတ်ရတယ်"

"အဲဒီ စာထဲ မှာမင်းအဖေနာမည်ပါပြီး မင်းအဖေကို ဆာအော်လီဗာက သတ်တယ်လို့ရေးထားတယ်ဆို . . ."

"ဆာအော်လီဗာ ကတော့ မသတ်ပါဘူးလို့ ငြင်းနေပါတယ်"

"အော် ငြင်းသလား၊ အေးကွာ ဒါတွေဂရုစိုက်မနေပါနဲ့၊ အချိန်ရတဲ့ တစ်နေ့ကျမှ မင်းအဖေ ဘယ်လိုသေရတယ်ဆိုတာငါကောင်းကောင်းပြောပြအုံးမယ်၊ ဒီကိစ္စနဲ့ပတ်သက်တဲ့ အဲလစ်ဒပ်ဝဝ်ဆိုတဲ့ ကောင်စာစ်ယောက်တော့ရှိတယ်၊ ဒါပေမဲ့ကွာ အခုလိုအခြေအနေရှုတ်ထွေးတဲ့အချိန်မှာ အမှုမှန်ဖြစ်အောင်လုပ်ဖို့ အခက်သားဘဲ။"

"ကျွန်တော့ အဖေအသတ်ခံရတာ ရဲတိုက်ကြီးမှာဆို"

"အင်း ရဲတိုက်ကြီးနဲ့ ဟိုလီးဝုဘုန်းကြီးကျောင်းကြားထဲမှာ အသတ်ခံရတာကွ။ ကိုင်း ကိုင်း မင်းအစားအစာ မြန်မြန်စား၊ ပြီးရင်ရဲတိုက်ကြီးကိုပြန်သွားရလိမ့်မယ်၊ ငါစာပေးလိုက်စရာ ရှိသေးတယ် . . ."

"အာ တစ်ယောက်ယောက်လွှတ်ပါလားဗျာ၊ ကျွန်တော်





...တိုက်ချင်တယ်ဗျာ။ တောင်းပန်ပါရစေ၊ စစ်တိုက်ချင်လွန်းလို့ပါ . . ."

"အေး စစ်တိုက်တာတော့ ကောင်းပါရဲ့၊ ငါ အခု ကက်တလီကို ...တ်နေတာက စစ်တိုက်ချင်လွန်းလို့ရယ်လို့ မဟုတ်ဘူးကွ၊ စစ်နိုင်တဲ့ ...က သာယာစီးမလို့၊ ဒီလိုပြောတာနဲ့ ငါ့ကို သူရဲဘောနည်းတယ် ...င်နဲ့နော်၊ ဒါကလိမ်မာသလို ကြည့်လုပ်ရတာ၊ အခုခြေအနေက အလွန် ...တ်ထွေးတာကွ။ တော်တော်ကြာ ဒီဘက်ကနိုင်လိုက်၊ တော်တော်ကြာ ...ဘက်ကနိုင်လိုက်နဲ့ဆိုတော့ လိမ်မာသလိုကြည့်နေရတာပဲ။ ပွင့်တဲ့ ...ရား ဆွမ်းတော်တင်ပေါ့ကွာ"

ထိုသို့ပြောပြီးနောက်ဆာဘရက်လေသည် မနီးမဝေးရှိ စားပွဲ ...စ်လုံးဆီသို့သွားကာ စာတစ်စောင်ကိုရေးနေလေ၏။ ရှယ်လတန်မှာ ...း အစားအစာများကို ဆာဆာလောင်လောင်နှင့် ပလုပ်ပလောင်းစား ...နေလေ၏။ ထိုအခိုက်တွင် လက်တစ်ခုသည် ရှယ်လတန်၏ ပခုံးပေါ်သို့ ...သာစွာကျလာပြီး တီးတိုးလေသံဖြင့်-

"ဒီမယ်-ဒီမယ် . . . ကျေးဇူးပြု၍ တခြားလူမကြားအောင် ...တိုးတိုးပြန်ပြောပါနော်၊ ကျုပ်ကို ဟိုလီးဝု သွားတဲ့လမ်းသိရင်ပြောပြစမ်း ...၊ ဒုက္ခရောက်နေတဲ့လူတစ်ယောက်ကို ကူညီတဲ့အနေနဲ့ လမ်းပြပေး ...ပါ"

"ရွာထဲမှာ ရေစင်ကြီးတစ်ခုရှိတယ်၊ အဲဒီဘေးကလမ်းအတိုင်း ... တစ်(လ်)မြစ် ကူးတို့ဆိပ်ရောက်တော့ ထပ်မေးပြီး လူတွေညွှန်ကြား ... အတိုင်းလိုက်သွား" ဟု ရှယ်လတန်သည် ခပ်တိုးတိုး ပြန်ပြောကာ ...မပျက် အစားအစာများကို စားသောက်နေလေ၏၊ သို့သော်လည်း ...နေရင်းမှ ခေါင်းကိုမလှည့်ပဲ မျက်စောင်းထိုး၍ကြည့်လိုက်ရာ၊ အခန်း ...င်းမှ ခြေကို ဖော့၍ နင်းကာထွက်သွားသော ဂျွန်ခေါ် သည့် သူ ...အား လှမ်း၍ မြင်လိုက်ရ၏။

ရှယ်လတန်မှာကား ဆာဘရက်လေ၏ အမိန့်အရ ...တန်းစတော



www.burmeseclassic.com

www.burmeseclassic.com



ရွာသို့ စာပြန်ပေးရအုံးမည်ဖြစ်ရာ၊မကြာမီအတွင်း ထွက်ပြေးသူဂျွန်အား လမ်းတွင်မှီအောင်လိုက်မည်ဟု စိတ်ကူးနေလေ၏။

နောက်ထပ် နာရီဝက်ခန့်ရှိသောအခါ ဆာဘရက်လေသည် ရေးပြီးသားစာကို ရှယ်လတန်အားပေးကာ တန်းစတောရွာသို့ လွှတ်လိုက်၏။ ရှယ်လတန်ထွက်သွားပြီးမကြာမီ အတွင်းတွင်ပင် ရစ်ဆင်ဂန်ရွာစား ထံမှ မြင်းနှင့်ဆက်သားတစ်ယောက် ရောက်လာကာ ဆက်သားက ဆာ ဘရက်လေအား. . .

"ဒီနေ့မနက် လင်းအားကြီးမှာ တိုက်ပွဲစတိုက်တယ် သခင်၊ ကျွန် တော်တို့ တပ်က ရန်သူရဲ့ ညာတောင်ပံကို တိုက်ခိုက်သုတ်သင်ပစ်လိုက် တယ်။ ဒါပေမဲ့ရန်သူ တပ်မကြီးက တော့ ကြံ့ကြံ့ ခံနေတုန်းဘဲ။ ခင်ဗျား ပို့လိုက်တဲ့ စစ်ကူတပ်သားတွေကလည်း မစွံပါဘူး--"

"အေး-- ငါလည်းအခုချီတတ်ပြီး လာမယ်လို့ဘဲ" ဟုပြောကာ ဆာဘရက်လေသည် သူ့ယှယ်တော် ဆဲလဒန်အား ခရာအတုတ်ခိုင်းလိုက် လေ၏။ မကြာမီအတွင်း ခရာတုတ်သံကြားရပြီး အရပ်အနံ့အပြားမှ ဆာ ဘရက်လေ၏တပ်သားများ စုဝေးရောက်ရှိလာကြလေ၏။ တပ်သားများ မှာ လူပေါင်း ၆၀ ခန့်ရှိ၍၊ စစ်လက်နက်များ မြင်းများဖြင့် အလွန်သိုက် မြိုက်လှပေသည်။ စစ်သားများ တန်းစီပြီးလျှင် လက်နက်ကောင်းရှိသူများ သည် ပထမ,ဦးဆုံး စစ်မြေပြင်ဘက်ဆီသို့ ထွက်သွားကြ၏။ ဆာဘရက် လေသည် သူ့တပ်သားများကို ကြည့်ကာ အားရဟန်ဖြင့် ရစ်ဆင်ဂန်ရွာ စားထံမှလာသော ဆက်သားဘက်သို့ လှည့်ကာ---

"အခုကောင်တွေကတော့ တောင့်ပါတယ်ကွ။ တိုက်ပွဲမှာ အား ကိုးရလိမ့်မယ်"

"တောင့်တာတော့ ဟုတ်ပါရဲ့ဗျာ နောက်ကြနေပြီ။ ခပ်စောစော လွှတ်ဖို့ ကောင်းတာ-"

"အေးကွာ. . အခု တပ်ချီနေပြီဟာပဲ" ဟု ပြောကာ ဆာဘရက်





[illegible]သည် သူကိုယ်တိုင် မြင်းပေါ်သို့ တက်လိုက်ပြီးနောက် တစ်စုံတစ်ခု [illegible] အမှတ်ရဟန်နှင့် အော်၍. . . .

"ဟေ့ ဂျွန်ရေ ဟေ့ ဂျိုအန်နာ၊ အို. . ဒီကောင်မလေးဘယ် [illegible]တ်နေပါလိမ့်. . " ဟု အော်ခေါ်ရင်းမှ ဟော်တယ်ပိုင်ရှင်အား [illegible]ပြီး. . .

"ဟေ့ လူ-ဟိုကောင်မလေး ဘယ်ရောက်နေလဲ" ဟု မေးရာ၊ [illegible]တယ်ပိုင်ရှင်က. . .

"ကောင်မလေး ဟုတ်လား အစထဲက ကောင်မလေးတစ် [illegible]တ်မှမရှိပဲ"

-"အေးလေ ဟုတ်သားပဲ၊ ဟိုကောင်လေးဆိုပါတော့ကွာ။ [illegible]တ်ျားလို့ဝတ်ထားတဲ့ ဂျွန်လို့ ငါ ခေါ် ခေါ် နေတဲ့ ကောင်မလေးပြော [illegible]" "အော် အဲဒီ မိန်းခလေးလား။ ဂျွန်ဆိုတာလေ မရှိဘူး သွားပြီ [illegible]တယ်။ လွန်ခဲ့တဲ့နာရီဝက်လောက်က ဒီကောင်လေး. . အဲလေ [illegible]ာင်မလေး မြင်းစောင်းထဲက မြင်းတစ်ကောင်ထုတ်နေတာ ကျွန်တော် [illegible]တ်မိတယ်. . . ။

"အို. . . ခက်တာပဲကွာ ဒီကောင်မလေးကို ငါ ပေါင် ၅၀၀ ရ [illegible]န်လွှတ်မယ်ဆိုပြီး ဖမ်းထားတာ၊ ငွေ ၅၀၀ တော့ လက်လွှတ်ပါပြီ [illegible]ဟုညည်းတွားနေရာ၊ရစ်ဆင်ဂန်ထံမှလွှတ်လိုက်သောစစ်သားက. . . .

"အင်း--ခင်ဗျားက ငွေမရရုံ နဲ့ ညည်းနေ။ စစ်မြေပြင်မှာ တိုက် [illegible]နေသလား၊ နိုင်နေသလားတောင် မပြောနိုင်ဘူး"

"အေးကွာ အခုစစ်ချီတော့မလို့ပါပဲ။ ဒါပေမဲ့ ဒီကောင်မလေး [illegible]တော့ ပြန်ဖမ်းအုံးမှပါပဲ။ ဟေ့ ဆဲလဒန် စစ်သားခြောက်ယောက်နဲ့ ဒီ [illegible]ာင်မလေးကို လိုက်ဖမ်းစမ်း။ ငါတိုက်ပွဲကပြန်လာရင် ဒီကောင်မလေး [illegible] တန်းစတောရွာက ရဲတိုက်ကြီးမှာ ဖမ်းပြီးသားတွေ့ချင်တယ်။ ကိုင်း [illegible]ခေါင်းဆောင်ပြီး ဒီတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်စမ်း။"



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ဆဲလဒန်နှင့် လူခြောက်ယောက်မှာ ဂျွန်အား လိုက်ဖမ်း ရန် ကျန်ခဲ့ပြီး၊ ဆာဘရှက်လေနှင့် ကျန်လူများမှာ စစ်မြေပြင်သို့ ထွက် သွားကြလေ၏။

## အခန်း (၃)

ရှယ်လတန်သည် ဆာဘရက်လေ၏ စာကိုယူပြီး တန်းစတော ရွာဘက်သို့မြင်းနှင့် သွားနေချိန်မှာ၊ နံနက် ခြောက်နာရီခန့်ဖြစ်၏။ ကောင်း တင်တစ်ခုလုံးမှာ တိမ်တောင်၊ တိမ်လိပ်များ ကင်းစင်ကာ၊ ပြာနှမ်းနှမ်း အရောင်ကို ဆောင်လျက်ရှိ၍၊ လေပြေလေညှင်းကလည်း တဖြူးဖြူး တိုက်ခတ်လျက်ရှိပေသည်။ မြင်းစိုင်းသွားသည့် လမ်းနံဘေးရှိ ကိုင်းပင် များမှာလေဝေ့သဖြင့် ဘယ်ညာယိမ်းနွဲ့နေကြလေသည်။ ရှယ်လတန်မှာ မကြာမီအတွင်းမြေနိမ့်ရာအရပ်တွင်ရှိသည့် ရွှံ့ညွှံတောတစ်ခုသို့ ရောက် လေ၏။ နောက်ဘက်တွင် ကျန်ရစ်ခဲ့သော ကက်တလီရွာကိုရင်း၊ ရှေ့ဆီ လှမ်းလှမ်းတွင်ရှိသည့် တန်းစတောသစ်တောကိုရင်း၊မမြင်ရတော့ချေ။

နံဘေးတဘက်တချက်ဆီတွင်ကား ကိုင်းပင်များ မြက်ပင်များ ဖြင့်သာ ဖုံးလွှမ်းနေ၍ အချို့နေရာများတွင် ခရီးသည်များအား ဒုက္ခပေး လေ့ရှိသော ရေအိုင်များ၊ မြေတွင်းများ၊ညွှံများကိုမြင်နေရပေ၏။ လမ်းမှာ ရှေးလမ်းဟောင်း တစ်ခုဖြစ်ရာ၊ အချို့နေရာတွင် သွား၍ မရလောက် အောင်ပျက်စီးယိုယွင်းနေပြီဖြစ်၍၊ အချို့နေရာများမှာကား ရွှံ့ညွှံအိုင်များ မှရေများဖြင့်ပင် ဖုံးလွှမ်းလျက်ရှိပေပြီ။ ဤ လမ်းတွင်ခရီးမသွားဘူးသူများ အဘို့အလွယ်တကူလမ်းမှားနိုင်သော်လည်း၊ သွားနေကြလူများအဘို့ကား နောက်ကျောဘက်တွင် ကက်တလီရွာကိုထားကာ ရှေ့ရှိ တန်းစတော ဘက်သို့ ရောက်အောင်သွားနိုင်မည်ဆိုလျှင် လမ်းမမှားနိုင်ပေ။ သို့ဖြစ် ၍ ရှယ်လတန်သည် ကက်တလီရွာ ဟော်တယ်တွင်ရှိစဉ်က မရေမရာ





နှင့် သူလမ်းညွှန်လိုက်မိသော ဂျွန်ခေါ် သူငယ်ကလေးလမ်းများမှားနေ သည်လောဟု စိုးရိမ်မကင်းဖြစ်နေမိလေ၏။

သို့ဖြစ်၍ ထွေရာလေးပါး စဉ်းစားရင်းမြင်းကိုနှင်လာခဲ့ရာ ရှေ့ရှိ တန်းတန်းတစ်ခုကိုတက်နေခိုက် ရှယ်လတန်၏ နံဘေးတစ်နေရာ၌ တစုံ တရာလှုပ်ရှားနေသံကိုကြားလိုက်ရ၏။ ထိုသို့ကြားနေခိုက်တွင်ပင် ညွှံဗွက် တစ်ခုတွင် နစ်မြုပ်နေသော မြင်းတစ်ကောင်၏ ဟီသံကိုကြားလိုက်ရ၏။ ရှယ်လတန်သည် ညွှံဗွက်တွင်နစ်နေသောမြင်းကို လှမ်းကြည့်လိုက်ရာ၊ ဂျွန် ၏မြင်းဖြစ်နေသည်ကို တွေ့ရပြီး၊ ဂျွန်ကိုမူကား မတွေ့ရပဲဖြစ်နေလေ၏။ မြင်းမှာသနားစရာကောင်းလောက်အောင် အတူ အညီတောင်းနေဟန်ဖြင့် ဟီနေရာ ညွှံဗွက်အတွင်းမှ ထွက်ရန်မလွယ်မှန်းသိသဖြင့်ရှယ်လတန် သည် ဝဋ်ခံနေရသည်ထက် သေခြင်းကကောင်းသည်ဟု တွေး တောမိသလောမသိ၊ မြားတစ်စင်းကို မြားအိမ်မှ ဆွဲနှုတ်ကာ လေးနှင့် မြင်းကို ပစ်၍ သတ်လိုက်လေ၏။

ထိုသို့ သတ်လိုက်ပြီးနောက် မြင်းရှင်အနားတွင်ရှိလိုရှိငြား ဟို သည်သည် လှမ်းကြည့်ခိုက် လူတစ်ယောက်ကသူ့နာမည်ကို လှမ်းခေါ် သံကြားသဖြင့် အသံကြားရာဆီသို့ လှည့်ကြည့်လိုက်ရာ၊ ကိုင်းပင်များ ကြားထဲမှ ဂျွန်အားလှမ်းမြင်လိုက်ရသဖြင့်--

"ဟော့ မင်းဒီရောက်နေသလား၊ ကိုင်းတောထဲရောက်နေတော့ ငါကောင်မမြင်မိဘူး၊ မင်းမြင်းတော့ ငါသတ်ပစ်လိုက်ခဲ့ပြီ၊ ကိုင်း ကိုင်း လာ-လာ ဒီမှာ ဘာမှကြောက်စရာမရှိဘူး"

"ကျုပ်မှာ ဘာလက်နက်မှမရှိဘူးဗျ၊ ရှိလည်းဘာမှ မလုပ်တတ် ဘူး၊ ဒါကြောင့် ပုန်းနေတာ။ ဒါပေမဲ့ ခင်ဗျားကျုပ်ကို ကူညီဗျာ.. ကျုပ် ဟိုးလီးဝုဘုရားရှိခိုးကျောင်းကိုမသွားနိုင်ရင်တော့ ဒုက္ခပဲ.."

"အေးလေ ကူညီတာပေါ့ကွ၊ မင်း ငါ့မြင်းကိုစီး ငါ့အောက်က



www.burmeseclassic.com

www.burmeseclassic.com



ခြေလျှင်လိုက်မယ်၊ တစ်ခါ ငါညောင်းတော့ မင်းကအောက်ကလိုက်၊ ငါ
မြင်းစီးမယ် ဟုတ်လား"

သို့ဖြင့် သူတို့နှစ်ယောက်သည် ခရီးဆက်၍ ထွက်ခဲ့ကြလေ၏။
ရှယ်လတန်သည် အောက်မှလိုက်နေရင်းက မြင်းပေါ်မှလူအား . . .

"မင်းနာမည် ဘယ်လိုခေါ်လည်း"

"မာစတာဂွျန်မတ်ချန်လို့ ခေါ်တာပေါ့ဗျာ"

"ဟိုးလီးဝုကို ဘာလုပ်သွားမှာလည်း"

"နှိပ်စက်တာ မခံချင်လို့ ထွက်ပြေးပြီး ဟိုးလီးဝုက ဘုန်းကြီးရဲ့အ
တူအညီနဲ့ ပုန်းနေမလို့"

"မင်း ဘယ့်နှယ်ကြောင့် ဆာဘရက်လေဆီကို ရောက်နေတာလည်း"

"ကျုပ်ကိုသူက အတင်းလက်နက်အားကိုးနဲ့ ဖမ်းထားတာလေ
ကျုပ် မိတ်ဆွေတွေသူ့ကိုလိုက်နေမှန်းသိတော့ ကျုပ်ကိုဝှက်ထားတယ်။
လုပ်နိုင်တုန်းလုပ်ပါစေလေ၊ တစ်နေ့နေ့ကျရင်တော့ ဆာဘရက်လေ
တောင်းတောင်း ဆုံးမရမယ်"

"မနိုင်တဲ့ ရန်သူများကို မင်းကအန္တုနေအုံးမှာလားကွာ။ မင်း
ထွက်ပြေးနိုင်အောင် ငါကကူညီမှန်းသိရင် ဆာဘရက်လေက ငါ့ကိုဘယ်
လောက် ဒေါသထလိုက်မလဲပဲ. . ."

"အော် ခင်ဗျားကြီးက သူ့ရဲ့မွေးစားသားကိုး၊ ကျုပ်ကိုဖမ်းတော့
လည်းမွေးစားမယ်လို့ပြောတာပဲ၊ ဒါပေမဲ့ ကျုပ် လက်ထပ်မှာကို. . . အေး
လေ ဒါတွေမပြောချင်ပါဘူး"

"အမယ်- မင်းကငါ့ကို ခင်ဗျားကြီးလို့ ခေါ်ရသလားကွာ. . ."

"အို- ခင်ဗျားကြီးလို့မခေါ်ရင်- ခင်ဗျားကို မိန်းမကြီးလို့ခေါ်ရ
မှာလားဗျာ. . ."

"ဟ. . . ဟ-မိန်းမကြီးလို့လဲမခေါ်ပါနဲ့ကွာ၊ ငါကအလွန်မိန်း
မှန်းတဲ့ကောင်"





"ခင်ဗျား တကယ်မုန်းနိုင်ရဲ့လား"

"အို-မုန်းဆို မိန်းမဆို-အကုန်မုန်. . . အားလုံးမုန်း. . ."

"ခင်ဗျားဟာက သဘာဝမကျဘူး၊ မိန်းမနှင့်ယောက်ျားဆိုတာ
သဘာဝက ဖန်တီးထားတာဗျ၊ မကင်းနိုင်ဘူး. . ."

"မင်း- ငါကိုယောက်ျား မပီသဘူးလို့ ဆိုတာပေါ့။ ကိုင်း ဆင်း
မြင်းပေါ်က တစ်ပွဲတစ်လမ်း အကဲစမ်းကြည့်ရအောင်"

"အို. . . ဒေါသမကြီးပါနဲ့၊ ဒီလိုမဆိုလိုပါဘူး၊ ကျုပ်ပြောတာက
ခင်ဗျား မကြာခင် မိန်းမယူတော့မယ်လို့ပြောသံကြားဘူးလို့ပါ"

"ဟာကွ. . . ငါ-မိန်းမယူမယ် ဟုတ်လား၊ ငါဖြင့် အခုမင်းပြော
မှသိတာပဲ။ ကိုင်းပြောစမ်းပါဦး. . . ဘယ်သူနဲ့လက်ထပ်မယ်လို့ကြားလဲ"

ဆာဘရက်လေက ခင်ဗျားကို ဂျိုအန်နာဆက်ဒလီ ဆိုတဲ့
ကောင်မလေးနဲ့ ပေးစားမလို့တဲ့၊ အဲ့ဒီကောင်မလေးကလဲ ခင်ဗျားကို မယူ
ချင်လို့ စိတ်မကောင်းဖြစ်နေတယ် ဆိုပဲ။ သူလဲ ခင်ဗျားမိန်းမမုန်းသလို
ယောက်ျားဆို ကျားထက်ကြောက်တယ်ထင်ပါရဲ့"ဟုပြောကာ ဂွျန်သည်
မျက်နှာတွင်ရှက်သွေးများ သန်းလျက်ရှိလေ၏။

"အို. . . မိန်းမယူရတာနဲ့ သေရတာနဲ့ အတူတူပါပဲကွာ မယူချင်
ပါဘူး။ မင်းပြောတဲ့ကောင်မလေးကလည်း ငါ့ကိုမမြင်ဘူးပဲနဲ့ မကြိုက်ဘူး
ဆိုလား။ ဒီကောင်မလေးကို မင်းမြင်ဘူးလား၊ လှသလား အရုပ်ဆိုးသလား
ပြောစမ်းပါဦး"

"လှလှ-ရုပ်ဆိုး-ရုပ်ဆိုး၊ ဒါကအကြောင်းမဟုတ်ပါဘူး။ ခင်ဗျား
လက်ထပ်မယ်ဆို လက်ထပ်ရမှာပဲမဟုတ်လား. . ."

"အေးလေ. . . ဟုတ်တော့ ဟုတ်ပါတယ်"

"ခင်ဗျား ကောင်မလေးက တကယ့် ကြီးကြီးကျယ်ကျယ်လူမှ
ယူချင်တာဗျ၊သနားပါတယ်"

"အံမယ်. . . မင်းကဘာလို့ သနားရတာလည်း"



www.burmeseclassic.com

www.burmeseclassic.com



"သူက ကြီးကြီးကျယ်ကျယ် လူမှုယူချင့်ပေမဲ့ တကယ်ရမှာ ကတော့ တောသားနဲ့. . . . ရမှာကိုးဗျ"

"အေးကွာ-ကောင်းပါပေ့၊မင်းက ငါ့မြင်းလည်းစီးသေး ငါ့လည်း တော်သားလို့ ခေါ်သေးရဲ့"

"အို. . . တောင်းပန်ပါတယ်ဗျာ။ ကျုပ်စကားမှားသွားတယ်"

ထိုသို့ စကားပြောနေကြရင်းမှ-နောက်ကျောဘက်ဆီမှ ခရာ တုတ်သံတစ်ခုကို ကြားလိုက်ရ၏။ ဤတွင် ရှယ်လတန်က. . . .

"ဟေ့-ခရာတုတ်သံပါလားဟေ့"

"ကျုပ်ကို လိုက်ဖမ်းတဲ့လူတွေထင်တယ်၊ ခက်တာပဲ ကျုပ်မှာ လည်းမြင်းမရှိတော့ဘူး". . . .

"ကိစ္စ မရှိပါဘူးကွာ၊နည်းနည်းဝေးပါသေးတယ်၊ မကြာခင် ငါ တို့ တစ်(လ်)မြစ်နားရောက်လာရင် ကူးတို့နဲ့ကူးရမှာပဲ။ အခုနေ မြင်းမရှိ တာကငါပါကွ. . . မင်းမဟုတ်ပါဘူး"

"မိတော့မှာပဲ ထင်ပါရဲ့ဗျာ ခင်ဗျားကျုပ်ကိုတော့ပစ်မထားပါ နဲ့နော်၊ တတ်နိုင်သလောက် ကူညီပါ တောင်းပန်ပါတယ်"

"မစိုးရိမ်ပါနဲ့ကွာ၊ ဘယ်သူဘယ်လိုလိုက်လိုက် ငါမင်းကိုဟိုးလီးဝူ ရောက်အောင်ပို့ပေးပါမယ်၊ ကိုင်း မြင်းကိုနည်းနည်းစိုင်းပေးပါကွာ။ စိုင်း ပါကွ၊ ငါ့အတွက်ကိစ္စမရှိပါဘူး ငါ-ပြေးနိုင်ပါတယ်။

သို့ဖြင့်၊ ရှယ်လတန်နှင့် ဂွန်တို့သည် အပြေးကလေးခရီးနှင်လာ ခဲ့ရာ မကြာမီအတွင်း တစ်(လ်)မြစ်ကမ်းဘေးရှိ ကူးတို့သမားတစ်ဦးနေ ထိုင်ရာ တဲတစ်ခုဆီသို့ရောက်လာကြလေ၏။





## - အခန်း (၄)

ကူးတို့သမား၏ တဲရှိရာ တဝိုက်တွင် တစ်(လ်)မြစ်မှာ ကျယ်ပြော၍ရေမှာ နုံးမြေများသယ်ဆောင်ခဲ့ရသဖြင့်၊ ညိုပုတ်ပုတ် အရောင်ကို ဆောင် လျက်ရှိပေသည်။ ကမ်းနဖူးတွင်ကား ရွှံ့ဘွက်များရှိပြီး ကိုင်းပင်များပေါက် လျက်ရှိပေသည်။ နံနက်ခင်း နေရောင်အောက်တွင် တစ်(လ်)မြစ်၏ရေ များမှာ တိုက်ခတ်နေသော လေ၏လှုံ့ဆော်မှုကြောင့်၊ ငွိုင်းကြွက်ခွပ်က လေးများထနေလေသည်။ ရှယ်လတန်သည် ကူးတို့သမား၏တဲဆီသို့သွား ပြီး-တံခါးကိုဖွင့်လိုက်ရာ၊ ကူးတို့သမားမှာ မြေပြင်ပေါ်တွင် အဝတ်စုတ် တစ်ခုကိုခင်းကာလှဲနေပြီး၊ အများတက်နေသည်ကို တွေ့ရလေ၏။ ရှယ် လတန်အားမြင်လျှင်၊ ကူးတို့သမားက. . .

"အို. . . ရှယ်လတန်ပါလား၊ ကူးတို့ကူးမလို့ထင်တယ် အချိန် ကောင်းဘူးကွာ၊ မင်းဘာသာကူးနိုင်ရင်ကူးတော့"

"အမယ်လေးဗျာ အချိန်ကောင်းပါတယ်၊ ကျုပ်အရေးကြီးတယ်ဗျ"

"ဘာလည်း မင်းရဲ့တိုက်ကြီးကိုပြန်မလို့လား" ဟုပြောကာ ဂွန် အားမြင်သဖြင့် ဆက်ပြီး-

"ဒါဇ္ဇာကာယ်သူလည်း"

"သူက ကျုပ်ဆွေမျိုးပါ. . . ဂွန်မက်ချန် လို့ခေါ်တယ်"ဟု ပြောရာ၊ ဂွန်ကကြားဝင်ပြီး. . .

"ကျုပ်တို့ကို လှေနဲ့ တစ်ဘက်ကမ်းပို့ပေးပါဗျာ၊ အရေးကြီး လို့ပါ" ဟုပြောလေ၏။ ရှယ်လတန်က တဖန်. . . . .

"ကိုင်းလုပ်ဗျာ. . မြန်မြန်ပို့ပေးစမ်းပါ၊ တစ်ဘက်ကမ်းရောက်အောင်"

"အေးကွာ မင်းကတော့ငါ့ကိုကောင်းကောင်းနိုင်တာပဲ၊ ကိုင်း- ကိုင်း ပို့ပေးရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ အတွင်းလူသုံးယောက်သည် ကမ်းနဖူးသို့ရောက်လာကြလေ၏။ မြစ်ရေပြင်မှာ လှိုင်းကြက်ခွပ် ထမြဲထနေပြီး မြစ်လယ်တစ်နေရာရှိ ကျွန်းကလေးများပေါ်တွင်ကား ကိုင်းပင်များသည် လေသွေးရာယိမ်းနွဲ့လျက်ရှိကြလေသည်။ သို့သော်လည်း၊ ကျွန်းများပေါ်တွင် လူသူအရိပ်အရောင်ကို မမြင်ရပေ။ ကူးတို့သမားက ရှယ်လတန်အား. . .

"ရှယ်လတန်ရေ--ငါတော့မင်းတို့ကို မြစ်ညာဘက်လှော်သွားပြီးတဘက်ကမ်းမှာချရမှာပဲကွဲ့။ အဲဟိုကျွန်းပေါ်မှာ ဂျွန်အဖင်းဆိုတဲ့ ကောင်တစ်ယောက်ရှိတယ်။ ဒီကောင်က ဆာဘရက်လေရဲ့ လူဆိုရင်သိပ်မုန်းတာ။ ငါ့ကိုလည်းသိပ်ကျေနပ်ပုံမရဘူး။ အဲဒီတော့ မင်းတို့နဲ့ဒီလူနဲ့မတွေ့အောင် ကျွန်းနဲ့ဝေးတဲ့မြစ်ညာဘက်ကို လှော်သွားမှဖြစ်မှာကွ။"

"ခင်ဗျာ့ သဘောပဲလေ"

"ကိုင်း-ကိုင်း-လူရောမြင်းရော လှေပေါ်တက်ကြ၊ မင်း လေးတိုလည်း အဆင့်သင့်လုပ်ထားဟေ့"

"လေးက ဘာလုပ်ဖို့လည်းဗျ"

"ဟိုကောင် -ဂျွန်အဖင်းဆိုတဲ့ကောင် မဟုတ်တယုတ်ကြံရင်အသင့်ဖြစ်အောင်လို့ပေါ့"

"အမယ်လေးဗျာ၊ ဒီကူးတို့ကို ဆာဘရက်လေ ထောင်ထားတာပဲဗျ၊ ကြောက်စရာ မလိုပါဘူး"

"အေး- မင်းကအားကိုးနေ။ မင်း-ဆာဘရက်လေ မကြာခင်မှတ်စီးရှုံးနိမ့်ရမှာကွ။ မယုံရင်စောင့်ကြည့်" ဟုပြောကာ ကူးတို့သမားသည်လှေကို လှော်ခတ်စပြုလေ၏။ လှေသည်မြစ်လည်ကျွန်းကလေးကို ရှောင်ကွင်းကာ မကြာမီအတွင်း တဘက်တမ်းရှိ ချောင်းလက်တက်ကလေးတစ်ခုအတွင်းသို့ ဝင်နေလေ၏။ ထိုအခိုက်တွင် ကူးတို့သမားသည် လှေကိုလှော်ခတ်နေရာမှ ရပ်တန့်ကာ. . . .

"မင်းတို့ ဟောဒီ ကိုင်းတောထဲဆင်းရင် ကောင်းမယ်ထင်တယ်"





"ဟာ. . . ဒီအထဲမှာ လမ်းမရှိဘူးဗျ။ ရှုံ့ညွှံ တွေချည့်ပဲတခြားနေရာမှာချပါ-"

"ဟေ့. . . မဖြစ်ဘူးကွ၊ ဒီနေရာပဲကောင်းတယ်။ တော်တော်ကြာ-ဟို ဂျွန်အဖင်းဆိုတဲ့ ကောင်မြင်လို့ လေးနဲ့တွယ်လိုက်ဦးမယ်။ ဒီကောင်က ဆာဘရက်လေရဲ့ လူမှန်ရင်အကုန်ပစ်သတ်မယ်လို့ ကြိမ်းကြိမ်းနေတာ-"

ထိုသို့ စကားပြောနေကြခိုက်တွင်ပင်၊ မြစ်လယ်ကျွန်း တစ်နေရာဆီမှ လူသံကိုကြားရသဖြင့်၊ ကူးတို့သမားသည် ကြောက်လန့်တကြားနှင့် ရှယ်လတန်အား. . .

"ဟေ့-ဟေ့-ရှယ်လတန်၊ မင်းက ငါ့ကိုမင်းလေးနဲ့ ရှယ်ထားစမ်းပါကွာ၊ ငါ-မင်းကိုကြောက်လို့ လိုက်ပို့ရတဲ့ ဟန်မျိုးဆောင်နေစမ်းပါ" ဟုပြောလေ၏။

ထိုသို့ပြောနေခိုက်တွင်ပင်၊ လှေသည်ကိုင်းတောထဲသို့ တိုးဝင်ဆိုက်တပ်လိုက်လေ၏။ ဂျွန်သည် ကြောက်လန့်သည့် မျက်နှာထားနှင့်ရှေ့ဦးသို့ပြေးကာ ကုန်းပေါ်သို့ခုန်တက်လိုက်၏။ ရှယ်လတန်မှာကားသတ်တဘက်က မြင်းဇက်ကြိုးကိုဆွဲပြီး ခုန်ချရန်ကြိုးစား၏။ သို့သော်လည်း မြင်းမှာ ထိုအခိုက်တွင်ပင် လှေပေါ်တွင် ကြပ်ကြပ်တည်းတည်းဆိုက်ခဲ့ရသည်ကို ထိတ်လန့်ဟန်ဖြင့် ခုန်ဆွဆွလုပ်လိုက်ရာ၊ လှေသည်ကမ်းမှပြန်ရွေ့သွားပြီး၊ မြင်းရော ရှယ်လတန်ပါ လိမ့်၍ကျကြလေ၏။ ရှယ်လတန်သည်ရေထဲတွင် ယက်ကန်-ယက်ကန်နှင့် လုပ်ရင်း. . .

"ဝှကျတာပဲဗျို့-ခြေထောက်လို့လည်းမမှီဘူး၊ ရေကောင်းကောင်းတွေးတတ်ရတဲ့အထဲခက်တာပဲ" ဟုပြောကာ ကူးခတ်မြဲကူးခတ်နေသေ၏။ ထိုအခိုက်တွင် မြစ်လယ်ကျွန်းပေါ်မှ သန်မာထွားကြိုင်းပုံရသောလူကြီးတစ်ယောက်သည် လေးနှင့်လှမ်းချိန်နေသည်ကို ရှယ်လတန်လှမ်း၍မြင်လိုက်၏။ ကျွန်းပေါ်မှ ထိုလူကြီးသည် အသံကုန်ဟစ်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့. . . ဘယ်သူလဲဟေ့" ဟု လှမ်းမေးလိုက်ရာ၊ ကူးတို့သမား တပြန်ပြီး. . .

"ရှယ်လတန်ဟေ့. . ရှယ်လတန်" ဟု အော်လိုက်ရာ၊ လူကြီးက ပြန်ပြီး-

"အော်. . . ရှယ်လတန်လား ဒါဖြင့်သေပေတော့ကွာ" ဟု ပြော ပြောဆိုဆိုနှင့် လေးတိုဖြုတ်လိုက်လေ၏။ ကံကောင်းပေသည်။ ပစ်လိုက် သော မြားချက်မှာ ရှယ်လတန်ကိုမထိပဲ မြင်းကိုထိမှန်ရာ မြင်းမှာလူးလွန့် ရင်းရေထဲသို့မြုပ်သွားလေ၏။ လေးနှင့်ပစ်သဖြင့် ရေငုတ်၍ ရှောင်နေရာ မှ ပြန်ပေါ်လာသောအခါ ရှယ်လတန်မှာ မြစ်နှင့်တစ်တိုက်လောက်အ ကွာတွင် ရောက်နေသည်ကိုတွေ့ရလေသည်။ ပေါ်လာလျှင်ပေါ်လာချင်း ပင် သူ၏လက်ကို တစ်စုံတစ်ဦးက ခိုင်မြဲစွာဆွဲပြီးကမ်းပေါ်တင်လိုက်၏။ ရှယ်လတန်အား ဆွဲတင်လိုက်သူမှာ ဂျွန်ပင်ဖြစ်လေသည်။

ကုန်းပေါ်သို့ရောက်လျှင် ရှယ်လတန်တ. . .

"ကိုယ့်လူ မင်းကယ်ပေလို့ဟေ့၊ မင်းကယ်ပေလို့သာ ငါအသက် ရှိတော့တာပဲ၊ ငါကလည်း ရေမကူးတတ်ဘူး။ မင်းကျေးဇူး မမေ့ပါဘူးကွာ"

မြစ်ထဲတွင်ကား-ကူးတို့သမားမှာ နစ်မြုပ်သွားသောလှေကိုပစ် ထားခဲ့ပြီး သူကိုယ်တိုင်ရေးကူးနေလေသည်။ မြစ်လယ်ကျွန်းပေါ်မှလူမှာ ကား-သူပစ်လိုက်သောမြား ထင်သလိုမမှန်သဖြင့် ဒေါသထွက်ကာ ကျိန် ဆဲနေလေ၏။

ရှယ်လတန်နှင့်ဂျွန်တို့သည် ကမ်းပေါ်ရောက်သည်နှင့် တပြိုင် နက် ကုန်းဘက်သို့အားသွန်ပြေးတက်ကြ၏။ ဘယ်ဝယ် ဘယ်ဆီဟု သတ် မှတ်၍ ပြေးခြင်းမဟုတ်၊ မြစ်နှင့်ဝေးလျှင်ပြီးရောဟု သဘောထားကာ ရှေ့သို့အားစိုက်ပြီး အားကုန်ပြေးနေခြင်းဖြစ်သည်။ မကြာမီအတွင်း ရှယ် လတန်မှာ ဝက်သစ်ချပင်များပေါက်နေသော ကုန်းစောင်းတစ်ခုကိုပြေး တက်နေပေ၏။ သို့သော်လည်း ဂျွန်မှာကားမပြေးနိုင်တော့သည့် ဟန်ဖြင့်





နောက်ပိုင်းတစ်နေရာတွင် လဲကျနေရာမှ ရှယ်လတန်အားလှမ်းပြီး. . .

"ပြေး-ပြေး-ခင်ဗျားလွတ်အောင်ပြေး၊ ကျုပ်တော့ မပြေးနိုင် တော့ဘူး။ ကျုပ်ကိုထားခဲ့တော့. . ."

ရှယ်လတန်သည် နောက်ပြန်လှည့်ကြည့်ကာ ဂျွန်ဘက်သို့ပြန် သာလေ၏။

"အား--ဘယ်ထားခဲ့နိုင်မလည်းကွာ၊ ငါရေနစ်နေတုန်းက ငါ့ အသက်ကို ကယ်ဆယ်တဲ့ ကျေးဇူးရှိနေတာပဲ။ ငါမင်းကိုထမ်းသွားမယ်"

"ရေနစ်တာကို ကယ်ဆယ်တာက ရေကူးတတ်နေလို့ပါဗျာ-"

"ဪ. . . မင်းရေကူးတတ်သလား-" ဟုပြောကာ၊ ရှယ်လတန် သည် အံ့ဩဟန်မျက်နှာထားဖြင့် ကြည့်နေလေ၏။ သူကိုယ်တိုင်မှာ တောကျွားတို့တတ်အပ်သော အကြမ်းလုပ်ရှားမှုမှန်သမျှကို စွမ်းဆောင် နိုင်ခဲ့သူဖြစ်သော်လည်း၊ ရေကူးသော အလုပ်တစ်ခုကိုမူကား လုံးဝမတတ် သွမ်းပေ၊ သို့ဖြင့် ဂျွန်အားသူသည် အထင်ကြီးသွားကာ. . .

"စိတ်မပျက်ပါနဲ့ကွာ၊ ငါမင်းကို ဟိုးလီးဝုဘုန်ကြီးကျောင်းရောက် အောင် ပို့ပေးပါမယ်" "ကျေးဇူးပါပဲဗျာ"

"ကိုင်း-ကိုင်း အမောပြေပြီလား၊ သိပ်စကားပြောနေလို့ မပြီးသေး ဘူး ဆက်ပြေးဦးမှဖြစ်မှာ-"

"ကျုပ်ခြေထောက်တွေသိပ်နာနေပြီဗျ"

"အော်. . ဟုတ်လား ဒါဖြင့်ငါ့ကိုမှီပြီးလိုက်၊ လာ-လာ အင်း. . အခုစွာ သွားနေကျလမ်းတော့ မဟုတ်ဘူးကွ၊ ဒါပေမဲ့ ငါသွားတတ် ပါတယ်လေ. . .၊အမှန်တော့ လမ်းအတိုင်းသွားတာထက် ဒီလို တောထဲ အဖြတ်သွားရတာ ကောင်းပါတယ်၊ လမ်းအတိုင်းသွားရင် ရန်သူလိုက်လာ အကြောက်[illegible]တယ်၊ အော်. . . မင်းအရပ်ကလည်း သိပ်မမြင့်ပါလား၊ ငါ့အရပ်ကိုတောင်မမှီဘူး၊ မင်းအသက် ဘယ်လောက်ရှိပြီလဲ. . ."

"၁၆-နှစ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း-တယ်ပြီး အရပ်နိမ့်တာပဲ၊ လာ-လာ-ငါ့ကိုမှီပြီးလိုက်၊ ဘာမှမစိုးရိမ်နဲ့၊ ဘာဖြစ်ဖြစ် ငါ့တာဝန်ထား၊ ငါအသေခံပြီးချမယ်"

သို့ဖြင့် သူတို့နှစ်ယောက်သည် တောင်ကုန်းစောင်းကို ခပ်ဖြေးဖြေးတက်သွားကြ၏။ ရှယ်လတန်က-

"ငါတို့လမ်းမှန်ကို ပြန်ရောက်အောင်တော့ သွားရမှာပဲကွ၊ ဒါပေမဲ့ ခုတော့လမ်းကို ရောက်ဖို့မလိုသေးပါဘူး၊ ဟင်-မင်းလက်မောင်းကလည်းသေးလိုက်တာကွာ၊ ကူးတို့သမားကတောင် မင်းကို မိန်းကလေးလို့များအောက်မေ့ထင်ပါရဲ့"

"အာ. . မဟုတ်တာဗျာ"

"ဒါပေမဲ့ မင်းကြည့်ရတာ တစ်မျိုးပဲကွ၊ မိန်းကလေးသာဆိုရင် မင်းတော်တော် ချောမဲ့ကောင်ပဲ၊ ယောကျ်ားတွေကလည်းပိုးလိုက်ကြမယ့်ဖြစ်ခြင်း"

"အာ. . . ခင်ဗျားကလည်းဗျာ-မဟုတ်တာရှောက်ပြောမနေစမ်း ပါနဲ့"

"နောက်တာပါကွာ. . . နောက်တာပါ၊ မင်းကာယဗလသေးသွယ်ပေမဲ့ ရေတော့ကူးတတ်သေးတာပဲ၊ ငါဖြင့် ကူးကိုမကူးတတ်ဘူး"

"ခဏ နေဦးဗျာ ကျုပ်ရေငတ်တယ်" ဟုပြောကာ၊ ဂျွန်သည် မြေပြင်ပေါ်တွင် ထွန်းနေသော အိုင်ကလေးတစ်ခုဘေးတွင်ရပ်လိုက်၏။ နောက်ရှယ်လတန်အား. . . .

"ဆာလည်း ဆာလိုက်တာဗျာ၊ ဗိုက်ထဲက တကြုတ်ကြုတ်နဲ့နေတာပဲ. ."

"မိုက်တဲ့ကောင်ပဲ၊ မင်းတက်တလီ မှာတုန်းက ဘာမှမစားခဲ့ ဘူးပေါ့"

"အေးဗျာ. . . မစားခဲ့မိတာ မှားတာပဲ၊ ပေါင်မုန့်တစ်ချပ်လောက်များရရင် ဘယ်လောက်ကောင်းလိုက်မလဲ"

"ကိုင်း-ဒါဖြင့်လည်း-ဟောဒါစား၊ ငါရှေ့နားသွားပြီး လမ်းသွားကြည့်လိုက်ဦးမယ်၊ ဟုတ်လား. . . " ဟုပြောကာ ရှယ်လတန်သည် ခါး





ချည်နှောင်ထားသော အထုပ်တစ်ခုအတွင်းမှ ပေါင်မုန့်များနှင့် ဝက်ငါးခြောက်များကိုပေးလိုက်ရာဂျွန်သည်ပလုပ်ပလောင်းနှင့်စားနေလေ၏။

ရှယ်လတန်သည် စားစရာများကိုပေးပြီး ထွက်သွားလေ၏။ မကင်းမကမ်း ရှေ့နားတွင် ချောင်းငယ်တစ်ခု ဖြတ်သန်းစီးဆင်းနေသည်ကို တွေ့ရပြီး တစ်ဘက်ကမ်းတွင်ကား ဝက်သစ်ချတောကြီးကိုမြင်နေရ၏။ လေတိုက်သဖြင့် သစ်ရွက်များမှာ တရှဲရှဲနှင့် မြည်နေလေသည်၊ ရှယ်လတန်သည် သတိကြီးစွာနှင့် ရှေ့သို့ တိုးသွား၏။ ထိုအခိုက်တွင်ပင် ဒရယ်တစ်ကောင်ခြုံစပ်တစ်နေရာမှ ရုတ်တရက် ထပြေးသည်ကို မြင်ရသဖြင့် ရပ်လိုက်၏။ သစ်တောမှာ လူသူကင်းမဲ့ဟန်ရှိ၏။ သို့သော်လည်း ဒရယ်ထွက်ပြေးခြင်းဖြင့်၊ အခြားတစ်နေရာရှိ လူများရှိရာသို့ ရောက်သွားလျှင် ထိုလူများက လူလန့်၍ ပြေးလာသောဒရယ်ဖြစ်ကြောင်းကို သိကြလိမ့်မည်ဟု တွေးမိကာ ရှေ့သို့ဆက်မသွားပဲ၊ အနီးရှိ အမြင့်ဆုံးသစ်ပင်တစ်ပင်ပေါ် သို့တက်လေ၏။

သစ်ပင်မှာ အတော်ပင်မြင့်ရာ အထက်သို့ရောက်လျှင် အရပ်လေးမျက်နှာကိုလှမ်းမျှော်၍ မြင်နိုင်ပေသည်။ နောက်ဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်ရာ၊ ကိုင်းတောကြီးနှင့် ကက်တလီရွာကို မြင်နေရ၏။ စ်(လ်)မြစ်မှာ ဆိတ်ငြိမ်စွာစီးဆင်းနေပြီး၊ ကမ်းပါးတစ်နေရာတွင် တန်းတောရွာသို့သွားသည့်လမ်းမှာ တောထဲတွင်ဟိုကွေ့ဒီကောက်နှင့်ဦးချည်လျက်ရှိနေလေသည်။ မြစ်ဘက်တွင် လူသူအရိပ်အခြေကိုမမြင်ရပေ။ သို့ဖြင့်ရှယ်လတန်သည် ပြန်ဆင်းတော့မည်ပြင်ပြီးမှ နောက်ဆုံးကြည့်သောအနေနှင့် အရပ်လေးမျက်နှာကို ထပ်မံ၍ လှမ်းကြည့်လိုက်ရာ တိုင်းတောတစ်နေရာတွင် တစ်စုံတစ်ခု လှုပ်ရှားနေသည်ကို လှမ်းမြင်ရ၏။ သေချာစွာကြည့်လိုက်ရာ လူ-၇-ယောက်ခန့်ပါသော မြင်းသည်များလာနေသည်ကို ကောင်းစွာတွေ့ရလေ၏။ သို့ဖြင့် သစ်ပင်ပေါ်မှဆင်းကာ ဂျွန်ရှိရာသို့ပြန်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ဂျွန်မှာရပ်နားခွင့်ရသဖြင့် အတော်အတန် အားပြည့်တင်းလာ၏။ ရှယ်လတန်က နောက်မှလိုက်ဖမ်းသူ ဆဲလဒန်နှင့်လူများကို သစ်ပင်ပေါ်မှမြင်ရသည်ဟု ပြောသဖြင့်၊ နှစ်ယောက်သားကြာကြာဆိုင်းမနေတော့ပဲ သုတ်ခြေတင်ကြရာမကြာမီအတွင်း လမ်းမကြီးကိုဖြတ်ကူးကာ တန်းစတောသစ်တောကုန်းမြင့်ပိုင်းတစ်နေရာသို့ ရောက်လာကြလေ၏။ သစ်တောမှာထူထပ်သည်ထက် ထူထပ်လာပြီး၊ နေပြောက်ထိုးသောအကွက်များကို တစ်ခါတစ်ရံမှသာ တွေ့ကြရပေသည်။ လေမှာလည်းခပ်ပြင်းပြင်းကလေးတိုက်ခတ်လျက်ရှိရာသစ်ရွက်များတရှဲရှဲနှင့်မြည်နေပေ၏။

သူတို့နှစ်ယောက်သည် သစ်ပင်ရှင်းသော ကွပ်လပ်တစ်ခုသို့ ရောက်လာသောခါ ရှယ်လတန်သည် ကွပ်လပ်တွင်မတ်တပ်ထရပ်၍ မလျှောက်ပဲ၊ ကုန်းကုန်း-ကုန်းကုန်းနှင့်တွားသွားကာ ဖြတ်ကျော်လေ၏။ ဂျွန်မှာကား အဖော်ဖြစ်သူ လုပ်ပုံကိုင်ပုံကိုနားမလည်၊ သို့သော်လည်းသူလည်း တွားတက်ကာ ကွပ်လပ်ကိုဖြတ်ကျော်ပြီး တစ်ဘက်ရှိသစ်ပင်အုပ်များသို့ ရောက်အောင်လာလေ၏။ ရှယ်လတန်အနားသို့ရောက်မှ ဘာကြောင့်တွားသွားရသည်ကိုမေးရာ၊ ရှယ်လတန်က လက်ညှိုးထိုးပြီးပြကာ ပြန်လည်ဖြေကြားလိုက်လေ၏။ လက်ညှိုးထိုး၍ပြသောအရပ်တွင်ကား သစ်ပင်တစ်ပင်မှာအခြားအပင်များထက် မြင့်မားစွာပေါက်နေလေ၏။ သစ်ပင်မှသစ်ကိုင်းတစ်ခုသည် ဘယ်ဘက်သို့ထိုးထွက်နေရာ ထိုသစ်ကိုင်းဂွကြားပေါ်၌ အစိမ်းရောင်အဝတ်အစားဝတ်စားထားသောလူတစ်ယောက်သည် အရပ်လေးမျက်နှာကို ကင်းထောက်ရင်း ကြည့်ရှုနေသည်ကို တွေ့ရပေသည်။ ထိုသူသည် မျက်ခုံးပေါ်တွင် လက်နှင့်နေရိပ်ကိုကာ ကာ- အဝေးသို့ လှမ်းမျှော်လျက်ရှိပေ၏။ ရှယ်လတန်က ဂျွန်မက်ချန်အား လေသံဖြင့်. . .





"ငါတို့ ဘယ်ဘက်ဘေးကို သွားမှဖြစ်မယ်ဟေ့၊ ကံကောင်းပေလို့ပေါ့၊ တည့်တည့်ကြီးဝင်တိုးတော့မလို့"

သို့ဖြင့်သူတို့သည် လူရှိသည့် သစ်ပင်နှင့် ဝေးရာအရပ်ဘက်သို့တိုး၍ သွားကြလေ၏။ ရှယ်လတန်က. . .

"ဟိုဘက်သွားလို့လည်းမဖြစ်ဘူး၊ အခုတို့ရောက်နေတဲ့သစ်တောပိုင်းကို ငါကလည်းမကျွမ်းကျင်တော့ သွားရတာမလွယ်ဘူး၊ ခက်တာပဲ ဟောဒီ-လူသွားလမ်းက ဘယ်ကိုများရောက်တဲ့ လမ်းကလေးပါလိမ့်မလည်း"

"အဲဒီလမ်းအတိုင်း လျှောက်သွားကြည့်သေးတာပေါ့"

သို့ဖြင့် မတော်တဆတွေ့သော လူသွားလမ်းကလေးအတိုင်း လိုက်လာကြရာ၊ ကုန်းမြင့်တစ်ခုသို့ရောက်လာပြီး ကုန်း၏တစ်ဘက်တွင် ဒယ်အိုးပုံသဏ္ဍာန်ချိုင့်ကြီးတစ်ခုကို တွေ့ကြရလေ၏။ ချိုင့်အောက်ပိုင်းတစ်နေရာတွင် အိမ်ပျက်ကြီးတစ်ခုကို လှမ်းမြင်နေရလေသည်။ ဂျွန်မက်ချန်က. . . "ဟိုအိမ်က-ဘာများပါလိမ့်"

"အေးငါလည်းမသိဘူး၊ ဒါပေမဲ့စွန့်ပြီးသွားကြသေးတာပေါ့ကွာ"

သို့ဖြင့် နှလုံးတုန် ရင်ခုန်နှင့်ပင် ရှယ်လတန်နှင့် ဂျွန်မက်ချန်တို့သည် ချိုင့်ထဲသို့ဆင်းကြလေ၏။ အချို့နေရာများတွင်ထွန်ယက်စိုက်ပျိုးထားသောမြေယာဟောင်းများကိုတွေ့ရ၍ အချို့နေရာများတွင်သစ်သီးဝလံပင်များကို တွေ့ရလေသည်။ သူတို့မှာ ဥယျာဉ်ဟောင်းတစ်ခုကို ဖြတ်သန်းနေရဟန်ရှိပြီး မကြာမီအတွင်း အိမ်ပျက်ဆီသို့ ရောက်လာကြလေသည်။

အိမ်ကြီးမှာ တခါကအလွန်ခန့်ငြားသာယာဟန်ရှိသော်လည်း ယခုအခါမူကား ပျက်စီးယိုယွင်းနေကာ၊ ထုတ်ရောက်-ဒိုင်း၊ အစရှိသော [illegible]များပင် ကျိုးပဲ့ပြီးကျလျက်ရှိလေသည်။ အိမ်ပတ်လည်တွင် ကတုတ်ကျင်းတစ်ခုတူးထား၍ ကျင်းကိုဖြတ်ကူးရန်အတွက် တုတ်တံတစ်ခုကို ကန့်



www.burmeseclassic.com

www.burmeseclassic.com



လန့်ချထား၏။ အိမ်နံရံနှစ်ခုမှာ မတ်မတ်ကြီးအတိုင်းရှိမြဲရှိနေ၍ နေရောင်သည် နံရံရှိပြတင်းပေါက်များအတိုင်း တိုးဝင်လျက်ရှိ၏။ သို့သော်လည်း အိမ်ကြီး၏ အခြားပိုင်းများမှာ ပျက်စီးယိုယွင်းလျက်ရှိပေသည်။ နံရံ၏ နောက်ဘက်ရှိ အချို့နေရာများတွင် သစ်ပင်ငယ်များပင်ပေါက်လျက်ရှိ၏။ ရှယ်လတန်က. . .

"အော် . . . ဒီအိမ်ဟာ ဂရင်းစတုံးဆိုတဲ့ အိမ်နဲ့တူတယ်။ ပိုင်ရှင်ကဆိုင်းမွန်းမင်ဆဘာရီလို့ခေါ်တယ်၊ ဆာဘရက်လေရဲ့အမိန့်နဲ့ လွှ ခဲ့တဲ့ငါးနှစ်လောက်က၊ ဒီအိမ်ကြီးကိုဟက်ချက်က မီးတင်ရှို့ပစ်တယ်လို့ကြားဘူးတယ်" ဟုပြောပြီး ရှယ်လတန်သည်၊ ဂျွန်မက်ချန်အား ပုန်းပုတ်ကာ လေသံဖြင့်--

"သတိထား" ဟုပြောလိုက်၏။ ဤ သို့ပြောပြီးသည်နှင့်တပြိုင်နက်၊ လူတစ်ယောက် ချောင်းဟန့်သံနှစ်ချက်ခန့်ကြားရပြီး၊ အသံနက်ကြီးဖြင့်သီချင်းတစ်ပုဒ် သီဆိုနေသည်ကိုဆက်၍ ကြားရပြန်လေသည်။ သီချင်းဆိုသူသည် တစ်ချက်နားလိုက်၏။ ဤသို့နားခိုက် သံကိုသံချင်းရိုက်ခတ်သံ ထွက်ပေါ်လာ၏။ ထိုနောက် ဆိတ်၍ သွားလေသည်။

ရှယ်လတန်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်ကြ၏။ အသံမှာ အိမ်နံရံ၏ တဘက်ဆီမှလာနေရာ ဂျွန်မက်ချန်မှာကား ဘာသဘောရသည်မသိ၊ ရုတ်တရက်ခုံကတုတ်ကျင်းကို ဖြတ်ကူးကာ ကျောမီအတွင်း အမိုးမဲ့သော အိမ်ပျက်ကြီးအတွင်းရှိ ကျိုးကျနေသောထုတ်ပေါ်တွင် ညင်သာစွာကြောင်တက်တက်နေ၏။ ရှယ်လတန်မှာသူ့အဖော် အားဤသို့ပြုလုပ်ခြင်းမှ မတားမြစ်လိုက်နိုင်ပဲရှိနေလေ သည်။

အိမ်ပျက်ကြီးဒေါင့်တစ်နေရာတွင်၊ ထုတ်နှစ်ခုမှာ တစ်ခုနှင့်တစ်ခုကြက်ခြေခတ်တင်နေကာ အောက်သို့ကျနေ၏။ ထုတ်နှစ်ခုအောက်တွင် နေရာကွက်လပ်လေးတစ်ခုရှိသဖြင့်၊ ရှယ်လတန်တို့နှစ်ယောက်သည် ထိုကွက်လပ်လေးထဲသို့ လျှောဆင်းလိုက်၏။ သူတို့၏ခေါင်းပေါ်တွင်ကား





ထုတ်နှစ်ချောင်းက ကာထားသဖြင့်၊ အပြင်မှ သတိမမူသူများ ရုတ်တရက်မြင်ရန်မလွယ်လှပေ။ သို့ဖြင့် သူတို့နှစ်ယောက်သည် လျှောဆင်း၍ အောက်ရောက်လျှင် အခန့်သင့်ပင် မြှားပစ်ရန် ဖေါက်ထားသော အပေါက်တစ်ခု နံရံတွင်တွေ့ရသောကြောင့် ချောင်း၍ ကြည့်လိုက်ရာ၊ နှစ်ယောက်သား အထူးပင်တုန်လှုပ်သွားမိလေသည်။ သို့သော်လည်း ယခုရောက်နေသောနေရာမှပြန်လည်ဆုတ်ခွာပြီးသွားရန်မှာ မလွယ်တော့ပေ။

ယခုရောက်နေသော နေရာတွင်လည်း အသက်ကိုဝင်ပြင်းပြင်းရှူရန်ရာမရှိချေ။ အပေါက်အတိုင်း ကြည့်လိုက်လျှင် သူတို့နှင့်ပေ ၃၀ ခန့်ဝေးသောနေရာတစ်ခုတွင် တွင်းတစ်တွင်းကို မီးများထည့်ထားရာ တွင်းပေါ်၌ကား ဒယ်အိုးကြီးတစ်ခုသည် ကြိုက်ကြိုက်ဆူလျက်ရှိ၏။ ဒယ်အိုးနားတွင် အရပ်ထောင်ထောင်မောင်းမောင်းနှင့် မျက်နှာနီစပ်စပ်လူကြီးတစ်ယောက်သည်၊ သံယောက်မကြီး တစ်ခုနှင့် ဒယ်အိုးကို မွှေလျက်ရှိ၏။ သူ့ခါးတွင်ကား မြားထည့်သည့်အိမ်တစ်ခုနှင့် ဓါးမြှောင်တစ်ချောင်းကိုချိတ်ထား၏။ လူကြီးသည်ဒယ်အိုးမွှေနေသော်လည်း ရှယ်-လတန်တို့ ထုတ်ပေါ်မှ လျှောချသံကို ရှိုးတိုးရိပ်တိပ် မသဲမကွဲ ကြားလိုက်ဟန်ဖြင့် နားစွင့်နေဟန်ရ၏။ သူနှင့်မလှမ်းမကမ်းတွင်အခြားလူတစ်ယောက်မှာ စောင်တစ်ထည်ကိုခြုံကာ၊ မြေပေါ်တွင်အိပ်ပျော်လျက်ရှိ၏။ အနားရှိ သစ်ပင်ငယ်တစ်ခုတွင်ကား မြားနှင့်လေးကိုလည်းကောင်း၊ ကျောမီကမှ သတ်ထားသော သွေးသံရဲရဲနှင့် သမင်ကိုယ်တစ်ပိုင်းကိုလည်းကောင်း၊ သစ်ကိုင်းတွင်ချိတ်ထားသည်ကိုမြင်ရလေသည်။ ဒယ်အိုးနားမှ လူကြီးသည် အတန်ကြာနားစွင့်နေပြီး စိတ်ချသွားဟန်ဖြင့်၊ သံယောက်မပေါ်တွင်ကပ်နေသော အရာများကို လျှာနှင့်လျက်ရင်း မြည်းကြည့်ကား. သဘောကျသွား ပြီး ဒယ်အိုးကိုမွှေမြဲမွှေကာ စောစောက ကြားရသောသီချင်းကို ဆက်ဆိုနေ လေ၏။

လူကြီးသည် သီချင်းဆိုလိုက် ချက်နေသောအရာကို



www.burmeseclassic.com

www.burmeseclassic.com



မြည်းကြည့်လိုက်နှင့် နှစ်ခါသုံးခါခန့်လုပ်ပြီး ကိစ္စပြီးစီးသွားဟန်နှင့် ခံ မှခရာယူတာမှုတ်လိုက်၏။ မလှမ်းမကမ်းတွင်အိပ်နေသူသည် မျက်လုံး ဖွင့်ကြည့်ကာ. . . .

"ဘာလည်းဟေ့. . . ရဲဘော်-"

"ညနေစာလေ-ကိုယ့်လူ၊ ညနေစာစားချိန်ရောက်နေပြီ။ ဒါပေမဲ့ ညနေစာမှာ အရက်တော့မပါဘူးဟေ့-- တောထဲရောက်နေတဲ့ အခါလည်း တောထဲအလိုက်ပေါ့လေ. . .။ မကောင်းသူပယ်မဲ့ဂျွန်က တို့ကို ခေါ် ရှောက်ထားတာပဲ။"

"အေးကွာ. . . ဝရမ်းပြေးဟာ- ဝရမ်းပြေးပေါ့"

"အို. . . ဝရမ်းပြေးနေတာ ကောင်းပါတယ်။ ကောင်းကောင်း နေလို့မှမရတဲ့ဘဝမှာ ဆိုးဆိုးနေတာပေါ့. . .။ ဟော. . ကိုယ့်လူတွေလာ ကြပြီ"

သူပြောသည့်အတိုင်းပင် အလျှိုအလျှိုနှင့် လူများလာလျက်ရှိ ကြ၏။ လူတိုင်းတွင်ပင်၊ ခရာတစ်ခုနှင့် ဓါးစူးတစ်ချောင်းကို ကိုင်လာ ကြ၏။ အနားရောက်လျှင် စားဖိုမှူးထည့်ပေးသော အစာကို ယူကြကာ မြက်ခင်းပေါ်တွင် ထိုင်ပြီးညနေစာ စားကြလေ၏။ လူများမှာလက်နက် မျိုးစုံတိုကိုင်ဆောင်လာကြပြီး အစိမ်းရောင်ယူနီဖောင်းများကို ဝတ်ထား ကြ၏၊ ခါးပတ်ပေါ်တွင်ကားဒေါင်းတောင်များကို ပတ်ခြာလည်စိုက်ထား ကြတာ၊ နံဘေးတွင် ဓါးစူးများ၊ ဓါးမြှောင်များကို ချိတ်ထား၏။ အချို့ မှ လေးနှင့်မြှားကိုကိုင်၍ လာလေသည်။

အားလုံး လူပေါင်းတစ်ရာကျော်ခန့်ရှိပြီး ဆူညံစွာ စကားပြောနေ ကြ၏။ သို့သော်လည်းသူတို့၏ဆူညံမှာ လူခြောက်ယောက်ခန့်ထမ်း လာသော ဝေါတစ်ခုရောက်လာသည်ကိုမြင်သည်နှင့် တပြိုင်နက်၊ အား လုံးတိတ်ဆိတ်ငြိမ်သက်သွားကြသည်။

ဝေါပေါ်မှအရပ်မြင့်မြင့် ကာယဗလကောင်းကောင်းနှင့်လူ





ယောက်ဆင်းလာ၏။ မျက်နှာမှာနေစားထားသဖြင့် ခပ်ညိုညိုဖြစ်နေ နောက်ကျောတွင် သံမဏိ လေးတစ်ခုကို လွယ်ထားလေသည်။ ထို သည် အကြီးအကဲ ဖြစ်ဟန်တူပြီး ညစာစားနေသူများကြားတွင် ရပ် လက်တွင်ကိုင်ထားသော လှံကို ဝင့်ကာဝင့်ကာဖြင့်. . .

"ရဲဘော်တွေ-မင်းတို့၊ တော်တော် ပျော်နေကြတယ်ထင်တယ်၊ တော့ ဒီနေ့ကံကောင်းတာပေါ့ကွာ" ဟုပြောကာ လူကြီးသည် ဝေါ မှအရက်စည်ကြီးတစ်ခုကို လှိမ့်ချလိုက်ရာ၊ ညစာစားနေသူများသည် အားရဟန်နှင့် အော်ဟစ်ဆူညံ၍ သွားလေ၏။ လူကြီးက. . .

"ကိုင်း. . . စားလည်းစားကြ၊ သောက်လည်းသောက်ကြ။ မြန်မြန်လုပ်ကြကွာ။ တစ်(လ်)မြစ်ကမ်း ကူးတို့ကူးတဲ့နေရာမှာ ၅ ယောက် ၇ ယောက်လောက်ရောက်နေတယ်၊ ဆာဘာရက်လေရဲ့ ပဲ၊ ဒီကောင်တွေ ဒီသစ်တောထဲရောက်လာရင် အကုန်လုံးမြား ပစ်ရမယ်။ မင်းတို့အကုန်လုံး ဆာဘာရက်လေရဲ့နှိပ်စက်တာကို တဲ့လူချည်းပဲ၊ ဘယ့်နှယ်ကွာ. . . ပစ္စည်းကိုယူ၊ မြေယာကိုသိမ်း၊ တိုအပိုင်စီးပြီး ဒါလောက်တို့ကို နှိပ်စက်တဲ့လူတစ်ယောက်ရဲ့ တ်လိုက်တွေကို ဒီ တော ထဲအဖြတ်ခံရရင် ရာဇဝင်ရိုင်းတော့မပေါ့။ ယောက်မှမကျန်စေရဘူး။ အကုန်သတ်ပစ်ရလိမ့်မယ်" ဟုပြောလေ ၍ တွင်စားဖိုမှူးလုပ်သူက. . .

"ဆရာ-အဲလစ်ဒပ်ဝပ်ကတော့. . . လက်စားချေဖို့အတော် ပြင်းထန်နေတာပဲ။ ညစာကလည်းစားပြီးလို့ ဗိုက်ကလည်းပြည့်ပြည့်၊ တလေးကလည်း တမြမြနဲ့ဆိုတော့ လူသက်ရတာတော်တော် ရှိမှာပဲဗျို့"

"အို. . . ရဲတိုက်ကြီးကိုပြန်ဖို့ဆိုရင် ဆာဘာရက်လေ ကို မဖြတ်ချင်လို့မရဘူးကွ။ ဒီတောကိုဖြတ်သမျှ သူ့လူအကုန်လုံး သုတ်သင်ရမယ်။ အဲဒီနည်းနဲ့ ဆာဘာရက်လေမှာ နောက်လိုက်အင်



www.burmeseclassic.com

www.burmeseclassic.com



အားဆုတ်ယုတ်သွားတော့မှ ဒီခွေးမသားကြီးကို လက်ရဖမ်းပြီး ကောင်းကောင်းနှိပ်စက် ကောင်းကောင်းသတ်ပြရမယ်။ ဒီကောင်ကြီးအသားကို သတ်ပြီး စားပြီးမပေါ့ကွာ"

"လူသားက စားလိုတော့ အကောင်းသားဗျ။ ဒါပေမဲ့ နူးအောင် တော်တော်ချက်ယူရတယ်။ အေးလေ . . . အခုတော့ ကျုပ်တို့တွေမြားနက်ကလေးတွေလုပ်ပြီး တစ်ယောက်သတ်လိုက် နှစ်ယောက်သတ်လိုက် ဖြိမ်းခြောက်တဲ့ စာတွေရေးပို့လိုက် လောက်မဲ့ ရှိသေးတယ်။ ဒါပေမဲ့ တစ်နေ့နေ့ကျရင်တော့ . . . အဟုတ်လူသားစားရမှာပဲ"

"ငါတို့ အက်ပဲရဒ် အဘိုးကြီးဆီက ငွေပေါင် ၂၀ လောက်ရတယ်။ မနေ့ညကဆာဘရက်လေရဲ့ဆက်သားတစ်ယောက်ဆီက ပေါင်၃၀ လောက်ရတယ်။နောက်ကုန်သည်တစ်ယောက်ဆီက ၄၀လောက်ရတယ်"

"ဒီနေ့ ကျွန်တော် ဟိုလီးဝုကို သွားတဲ့ ဘုန်းကြီး၀၀ကြီးတစ်ပါးဆီက လုလိုက်သေးတယ်။ အင့် ဟောဒီမှာ သူ့ပတ္တာအိတ်"

"ဟာပေါင် ၆၀ တောင်ပါလားဟေ့"

ထိုသို့ပြောပြီးနောက်၊ မြားနက်ဂိုဏ်းခေါင်းဆောင် ဂျွန်ဟု နာမည်တွင်ထားသူ အဲလစ်ဒပ်ဝပ်သည် သူ့ဘောင်းဘီအိတ်ထဲသို့ ထည့်လိုက်၏။ ညစာစားနေသူများမှာ ခေါင်းဆောင်က တိုက်ရန်ရှိသည်ဆိုသဖြင့် ခပ်သုတ်သုတ်စားနေကြ၏။ စားပြီးသူအချို့မှာကား လေး၊ မြား၊ ဓါး၊ လှံ တို့ကိုတိုက်ပွဲအတွက် ပြင်ကြဆင်ကြနှင့် လုပ်နေကြလေသည်။

ဤသို့ ပြင်နေကြခိုက်တွင်ပင် ချောင်းကြည့်နေသူရှယ်လတန်နှင့်ဂျွန်မက်ချန်တို့သည်နားရွက်မလှုပ်ရဲပဲ ဆိတ်ငြိမ်စွာရှိကြ၏။ ရှယ်လတန်မှာကား အရေးအကြောင်းရှိလျှင် အသင့်ဖြစ်ရန်၊ သူ့လေးကို ဖြေးညင်းစွာ မောင်းတင်ပြီး ကိုင်ထားလေသည်။

ထိုအခိုက်တွင် အိမ်ပျက်ကြီးထိပ်ကို ထိုးထွက်ကာမိုးနေသော မီးခိုးခေါင်းတိုင်ဆီသို့ မြားတစ်ချက်လာ၍ မှန်လိုက်၏။ သစ်တောအတွင်း





နှုတ်စပ်ပင်တစ်ပင်ပေါ်တွင် ကင်းကျနေသော မြားနက်ဂိုဏ်းဝင်တစ်ဦးက အချက်ပေးသည့်သဘောဖြင့် လှမ်းပစ်လိုက်ဟန်တူပေသည်။

မီးခိုးခေါင်းတိုင်မှာရှယ်လတန်တို့ခေါင်းပေါ်တည့်တည့်တွင် ဖြစ်၍ ဂျွန်မက်ချန်သည် မြားမှန်သည်ကိုကြည့်ကာ ဆိတ်လန့်သွားသဖြင့် အောက်လိုက်မိတော့မည့်ကဲ့သို့ ဖြစ်သွားလေ၏။ သို့သော်လည်း ညစာစားနေသူများ အဖို့ကား မြားမှန်လိုက်သည်နှင့်တပြိုင်နက်၊ နားလည်ပြီးသား အချက်ပေးချက်ဖြစ်သဖြင့် နေရာမှအားလုံး ရုတ်တရက် ထလိုက်ကြလေ၏။ ထို့နောက်အဝတ်အစားပြင်ဝတ်သူဝတ်၊ ဓါးပြင်တပ်သူတပ် နှင့်တိုက်ပွဲအတွက်အသင့်ပြင်နေကြခိုက်ခေါင်းဆောင်အဲလစ်ဒပ်ဝပ်က . . .

ရဲဘော်တွေ မင်းတို့ဘယ်လိုနေရမယ်ဆိုတာ ကိုယ်နေရာကိုယ် သိတယ်နော်၊ အများအယွင်းမရှိစေနဲ့၊ ရန်သူဘယ်သူမှလွတ်ထွက်မသွားစေနဲ့၊ ကိုယ့်နေရာကိုယ်ယူပြီး ကိုယ့်တာဝန်ကိုယ်ထမ်းကြ"

ဤသို့ ပြောနေကြခိုက် အထောက်တော်တစ်ယောက်ရောက်လာ၍ ခေါင်းဆောင်အဲလစ်ဒပ်ဝပ်အား . . .

"အခုလာတာတွေထဲမှာ ဆာဘရက်လေမပါဘူး၊ အားလုံးမှ လူ ၇ ယောက်တည်းဖြစ်တယ်၊ မြားနှင့်အချက်ပေးပြီးပြီလား" ဟုသတင်းပေးလေ၏။

"အေး. . . အခုပဲ မီးခိုးခေါင်းတိုင်ကိုမြားမှန်တယ်"

သို့ဖြင့် စက္ကန့်အနည်းငယ်အတွင်းတွင်မြားနက် ဂိုဏ်းဝင်များသည် ကိုယ့်နေရာကိုယ်ယူပြီး ကိုယ့်တာဝန်ကိုယ်ထမ်းရန် ထွက်သွားကြလေ၏။ အိမ်ပျက်တွင်ကား စားဖိုမှုနှင့် သစ်ပင်ငယ်တွင်ချိတ်ထားသော ဆားနှင့် မြား၊ သမင်ကိုယ်တစ်ပိုင်းသာကျန်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ရှယ်လတန် နှင့် ဂွန်မက်ချန်တို့သည် မြားနက်ဂိုဏ်းသားများ တစ်ယောက်မကျန်ထွက်သွားကြမှ ပုန်းအောင်းနေရာက ထုတ်အတိုင်း ပြန်တက်ကာ ခံကတုတ်ကျင်းတူးထားသည်ကို ဖြတ်ကျော်ထွက်ခဲ့လေ၏။ ဂွန်မက်ချန်က

"ကိုင်း. . . ဟိုလီးဝုကို တန်းသွားကြစို့. . . "

"ဘယ်သွားလို့ဖြစ်မတုန်း၊ဟိုမယ်တို့လူတွေအသတ်ခံရတော့မယ်"

"ဒါဖြင့် ခင်ဗျားကျုပ်ကို ထားပစ်ခဲ့တော့မှာလား"

"ထားခဲ့ရမှာပေါ့၊ ငါတို့ဘက်ကလူတွေကို မြားနက်ဂိုဏ်းက ချောင်းတိုက်ဖို့စောင့်နေတယ်ဆိုတာ သွားပြောဦးမှဖြစ်မယ်၊ ငါနှင့် အတူနေလာခဲ့တဲ့ လူတွေကို ဒီလိုဒုက္ခရောက်မဲ့ဆဲဆဲမှာ သွားသတိ မပေးရင်ငါ-သစ္စာမဲ့ရာကျမှာပေါ့။ ပေး-ပေး-ငါ့မြားအိမ်ပြန်ပေး. . . "ဟု ပြောတာ ရှယ်လတန်သည် ဂွန်မက်ချန်ကိုင်ထားသော မြားအိမ်ကို ပြန်တောင်းနေလေ၏။

"ဒါနဲ့ ခင်ဗျားပြောတော့ ကျုပ်ကို ဟိုလီးဝုရောက်အောင် လိုက် ပို့မယ်ဆို၊ ပေးထားတဲ့ကတိကိုမေ့သွားပြီလား. . . "

"အေး ဟုတ်သားပဲ၊ ကတိပေးပြီးသားဆိုတော့ ပို့ရမှာပေါ့။ ဒါ ပေမဲ့-ငါ့လူတွေကိုတော့ သွားပြီးသတိပေးပါရစေဦးကွာ။ ပြီးရင်မင်းကို ဟိုလီးဝုကို ရောက်အောင်ပို့ပေးမယ်"

"ခင်ဗျားသွားကယ်မဲ့လူတွေက ကျုပ်ကိုလိုက်ဖမ်းနေတဲ့ လူတွေဗျ"

"ငါမတတ်နိုင်ဘူးကွာ။ ဟိုလူတွေသေရမဲ့ ကိစ္စကွ၊ သေရမဲ့ ကိစ္စ။ အို. . . ယော့ ပေးလေ ငါ့မြားအိမ်. . . "

"ရှယ်လတန်၊ ခင်ဗျား ဆာဘာရက်လေရဲ့ လူတွေနဲ့သွားပြီးပေါင်း ပြန်ဦးမလို့ပေါ့။ ခင်ဗျား-မြားနက်ဂိုဏ်းခေါင်းဆောင် အဲလစ်ဒပ်ဝပ်ပြော





တာမကြားဘူးလား။ ခင်ဗျားအဖေကိုသတ်ထားတဲ့ ဆာဘာရက်လေကို ခင်ဗျားကူဦးမလို့လား၊ ခင်ဗျာ့ အဖေဆာဟဲရီရှယ်လတန်ကို ဆာဘာရက် လေသတ်ပစ်တာဗျ"

"အေး. . ဟုတ်လား၊ အေးလေသူသတ်ချင်လည်းသတ်မယ်ပေါ့။ ဒါပေမဲ့ ဆာဘာရက်လေဟာ ငါ့ကိုမွေးစားပြီး ငါ့အပေါ်မှာ ဖအေလောက် ကောင်းတဲ့လူပဲ။ အဲဒီလို လူတွေအသတ်ခံရကါနီးမှာ ငါကဒီအတိုင်းကြည့် နေရမလား၊ မလုပ်ပါနဲ့ကွာ၊ ငါ့ကိုမတားပါနဲ့"

"ဒါပေမဲ့ ခင်ဗျားအဖေအရင်းအသတ်ခံရတာဗျ၊ ခင်ဗျားကျုပ် ကိုဟိုလီးဝု ရောက်အောင်ပို့ပေးမယ်ဆိုပြီး. . . "

"အေး. . . ငါ့အဖေကို ဆာဘာရက်လေသတ်တာမှန်ရင် တစ် နေ့နေ့မှာငါက ဆာဘာရက်လေကို ပြန်ပြီးလက်စားချေရမှာပေါ့။ ဒါပေမဲ့ အပြစ်မရှိတဲ့လူတွေ အသတ်ခံရမဲ့အရေးကိုတော့၊ ကယ်ရလိမ့်မယ်။ မင်း ကိုပေးထားတဲ့ကတိအတွက်နဲ့ လူတွေအများကြီးအသတ်ခံရမှာလား။ တား နေစမ်းပါနဲ့ကွာ. . "

"ဟင့်အင်း. . မတားပါဘူး။ ဒါပေမဲ့ -ခင်ဗျားကတိပေးထား တာကို ပြောနေတာပါ"

"အိုကွာ. . . ဒေါသထွက်လာပြီ။ ပေးစမ်း ငါ့ မြားအိမ် ပေး စမ်း-ပေးစမ်း. . "

"ခင်ဗျားကို- ကျုပ်ကယ်ဆယ်လိုက်မယ်ဗျာ၊ မပေးဘူး"

"ဘာ မပေးဘူးဟုတ်လား"

"ရရင်ယူတော့လေ. . "

သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် စိုက်ကြ ကြည့်နေကျ၏။ ထို့နောက် ရှယ်လတန်သည်လှမ်းခုန်ပြီးအုပ်လိုက်၏။ ဂွန်မက်ချန်က ရှောင်ပြီးထွက်ပြေးသော်လည်းမကြာမီအတွင်းဖမ်းမိ သွား၏။ မြားအိမ်ကို နှစ်ယောက်သားလုနေကြရာ၌ ဂွန်မက်ချန်သည်



www.burmeseclassic.com

www.burmeseclassic.com



နပမ်းလုံးရင်း အောက်မှကျနေသဖြင့် မကြာမီ မြားအိမ်ကို ပေးလိုက်ရ လေ၏။ ရှယ်လတန်သည်လက်သီးဆုပ်ကာ ဒေါသထွက်ဟန်ဖြင့်ကြည့် နေရင်း လေးကိုမောင်းတင်လိုက်ကာ. . .

“ကိုင်း မင်းဒါလောက်တောင် လူပါးဝတဲ့ကောင် ဘာကတိပေး ပြီးသားဖြစ်ဖြစ်၊ မင်းကို ငါပြန်လာပြီးသတ်မယ်” ဟုပြောကာ၊ ဆာဘ်ရတ် ၏တပ်များအားကူညီရန် အပြေးထွက်သွားလေ၏။ ဤ တွင်ဂျွန်မက်ချန် ကလည်း နောက်မှအပြေးလိုက်လာသဖြင့် ရှယ်လတန်သည် ရပ် တန့်ကာ. . .

“ဟေ့. . မင်းဘာလိုချင်လို့လိုက်လာပြန်တာတုန်း။ နေရစ်ခဲ့. .”

“ကိုယ့်သဘောနဲ့ ကိုယ်လိုက်တာဗျ. . ဘာဖြစ်သလည်း”

“ဟေ့နေရစ်ခဲ့ဆို-ကိုင်း. . သေပေတော့ကွာ. .” ဟုပြောကာ လေးနှင့်လှမ်း၍ ချိန်ထားရာ၊ ဂျွန်မက်ချန်က ရင်ကော့ပေးပြီး. . .

“ဒါလောက်တောင် သတ္တိကောင်းရင်လည်းပစ်လိုက်ဗျာသေ ရဲတယ်” ဟုပြောရာ၊ ရှယ်လတန်သည် လေးကို ပြန်ချလိုက်ပြီး. . .

“မင်းတော်တော် ဝဲကျတဲ့ကောင်ပဲ။ ကိုင်း-ပြေး ပြေးမင်းရှေ့က ပြေး။ တိုတ်ပွဲနား ရောက်အောင်ပြေး”

ခင်ဗျားကကျုပ်ထက်အားလည်းကောင်းတယ်၊ လက်နက် လည်းရှိတယ်၊ ခင်ဗျားလုပ်ချင်သလိုသာလုပ်။ ကျုပ်တော့. . . ခင်ဗျား နောက်လိုက်မှာပဲ”

ရှယ်လတန်သည် ဆောက်တည်ရာမရလောက်ပင် ဒေါသထွက် နေလေ၏။ သို့သော်လည်း အားနွဲ့သူတစ်ယောက်ကို သုတ်သင်ပစ်လိုက် ရန်မှာလည်း၊ သနားစိတ်ဖက်နေမိလေ၏။ သို့တိုင်အောင်လည်းဂျွန်မက်ချန် ကို ဘယ်လိုခွါပစ်ရမည်ဟု မကြံတတ်အောင်ဖြစ်နေသဖြင့်. . .

“ဟေ့ ကောင်. . . မင်းရှုးမနေသလား။ ငါမင်းရန်သူတွေကိုကူ ညီဖို့သွားနေတာကွ”





“ရန်သူကအရေးမကြီးပါဘူး၊ ခင်ဗျားသေရမဲ့ကိစ္စဆို ကျုပ်လည်းလိုက်သေမှာပဲ။ ခင်ဗျားနဲ့လိုက်လို့ ဒုက္ခခံရမယ်ဆိုရင် ကျုပ် …ပြုံးကြီးခံလိုက်မယ်-”

“ကိုင်း မင်းနဲ့စကားများနေလို့ မဖြစ်သေးဘူး။ လိုက်ချင်လိုက် ခဲ့ ဒါပေမဲ့ငါ့ကိုတော့ မကောင်းကြံမယ်စိတ်မကူးနဲ့ မင်းအသက်ပျောက် သွားမယ်နားလည်ရဲ့လား” ဟုပြောကာ ရှယ်လတန်သည်တောထဲအတွင်း အပြေးကလေးသွားလေ၏။ သွားရာလမ်းခရီး၌ ရန်သူကိုသတိကြီးစွာ ထား၍ ဂရုတစိုက်သွားနေကြရာ၊ မကြာမီအတွင်း တောရှင်းသော နေ ရာတစ်ခုသို့ ရောက်လာကြ၏။

ထိုကွက်လပ်ကလေးတစ်ခုတွင်ကား ကိုင်းပင်များပေါက်လျက် ရှိသည်။ ထိုနေရာမှနေပြီး ရှေ့သို့လှမ်းကြည့်မည်ဟု စဉ်းစားပြီး ကိုင်း ပင်သို့ လျှောက်သွားလေ၏။ ထိုသို့သွားနေခိုက် ဂျွန်မက်ချန်သည် ရှယ်လတန်အား လက်နှင့်လှမ်းပုတ်လိုက်ပြီး၊ လက်ညှိုးညွှန်ပြနေသဖြင့် ကြည့်လိုက်ရာ အရှေ့ဘက်ဘေးဆီတွင် ချိုင့်ဝှမ်းတစ်ခုကိုတွေ့ရ၏။ ချိုင့်ဝှမ်းမှာ ဝက်သစ်ချပင်များ ကျိုးတိုးကျဲတဲ ပေါက်လျက်ရှိပေသည်။ သစ်ပင်များအောက်တွင်ကား ယူနီဖောင်းအစိမ်းဝတ်ထားသော မြားနက် …ဝင်များသည် ရှေ့နောက်တန်းစီပြီး ချီတက်လျက်ရှိကြ၏။ ရှေ့ဆုံးမှ …ခေါင်းဆောင် အဲလစ်ဒပ်ဝပ်ကချီတက်နေပြီး တစ်ယောက်ပြီးတစ်ယောက် နောက်ဆုံးလူအထိ ချိုင့်ဝှမ်းထဲသို့ ဆင်းလျက်ရှိသည်ကို မြင်ရသဖြင့် ရှယ်လတန်က ဂျွန်မက်ချန်အား. . .

“အင်း မင်းငါ့အပေါ်မှာသစ္စာရှိသားပဲ။ ငါကမင်းကိုရန်သူ …တ်သားအောက်မေ့နေတာ-”

“ဒီလိုမပြောပါနဲ့ဗျာ- ကျုပ်စိတ်မကောင်းဘူး၊ ကျုပ်ဒီလိုလူမ …တ်ဘူးဗျ” ဟုပြောကာ ဂျွန်မက်ချန်သည်ရှိုက်နေလေ၏။

“မင်းက ငါ့-မြားအိမ်ကိုလုထားတာကိုကွ။ ငါစိတ်ဆိုးတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ငါနဲ့လိုက်ရင်တော့ငါ့အမိန့်ကိုနားထောင်ရမယ်နော်ဒါပဲ။ကိုင်းလာ"

ဂွန်မက်ချန်မှာရှေ့ဆက်မသွားလိုတော့ပေ။ သို့သော်လည်း ရှယ်လတန်မှာ နောက်သို့ပင်လှည့်မကြည့်တော့ပဲ စိုက်စိုက်စိုက်စိုက်နှင့် ရှေ့တိုးသွားနေသည်ကို မြင်ရသဖြင့် ဆက်၍ လိုက်ပြန်လေ၏။ မြေပြင်မှာကြမ်းတမ်းလှ၏။ ရှယ်လတန်မှာမူ ရှေ့တွင်ခရီးအတော်ရောက်နေပေပြီ။ မကြာမီအတွင်း ချိုင့်ဝှမ်းသို့ရောက်လာကာ ကိုင်းတောထဲတွင်ဝပ်နေပြီး အတော်ကြာမှ ဂွန်မက်ချန်မီလာရာ၊ အသက်ဟောဟော-ဟဲဟဲရှုရင်း သူ့နားတွင်လာ၍ ဝပ်နေလေ၏။

ချိုင့်ဝှမ်းအောက်ခြေတွင်ကား တန်းစတောမှလာသော ဖြတ်လမ်းကလေးတစ်ခုမှာ တစ်(လ်)မြစ် ကူးတို့ဆိပ်ဆီသို့ ဦးတည်လျက်ရှိသည်ကိုမြင်နေရ၏။ လမ်းတစ်လျှောက်လုံးကို မြင်နေရသော်လည်း စင်စစ်အားဖြင့်လမ်းမှာအချို့နေရာများတွင် ခြုံပုတ်များနှင့်၎င်း၊ အချို့နေရာများတွင်သစ်ပင်ကြီးများနှင့်၎င်း၊ ဖုံးအုပ်လျက်ရှိပေသည်။ လမ်းပေါ်တွင်ကား ဆဲလဒန်နှင့် လူများမှာ ဆာဘရက်လေပေးထားသော တာဝန်အရ ဂွန်မက်ချန်အားဖမ်းရန် မြင်းများကို နှင်ပြီးလာနေသည်ကိုမြင်ရ၏။ လေမှာခပ်ပြင်းပြင်းတိုက်ခတ်နေရာ သစ်ရွက်များသည် တရှဲရှဲမြည်လျက်ရှိလေသည်။ ရှယ်လတန်က ဂွန်မက်ချန်အား တီးတိုးလေသံဖြင့် . . .

"ဆဲလဒန်တို့လူစုမြန်မြန်သွားနိုင်မှလွတ်မှာပဲ။ ဟော-ကြည့်စမ်း အောက်ကချိုင့်ထဲမှာသစ်ပင်တွေပေါက်နေလိုက်တာ။ အဲဒီသစ်ပင်တွေထဲရောက်လာရင်တော့လွတ်မှာပဲ။ ဒါပေမဲ့ ခက်တော့အခက်ကြီးပါကွာ။ သူတို့က လူ ၇ ယောက်တည်းရယ်၊ ရန်သူကအများကြီး၊ ဟိုသစ်ပင်စုကိုကျော်လာရင်တော့ ငါ့မိတ်ဆွေတွေကို သွားပြီးသတိပေးဦးမှပဲ" ဟု ပြောလေ၏။

ထိုအခိုက်တွင် ဆဲလဒန်တို့လူစုမှာ ဘေးရန်ကိုမမြင်မသိသည့်အလျောက် ခရီးနှင်မြဲနှင်လျက်ရှိရာ၊ တဖြေးဖြေးသစ်ပင်စုဘက်သို့ နီးကပ်





လာ၏။ သို့သော်လည်းသူတို့သည် တစ်နေရာတွင်ရပ်ကာ အသံတစ်ခုကို နားထောင်နေကြဟန်ရှိ၏။ အသံမှာကား ကက်တလီရွာဘက်တွင်တိုက်ခိုက်နေသောစစ်ပွဲဆီမှ အမြောက်သံပင်ဖြစ်လေသည်။ တန်းစတောသစ်တောမှနေပြီး အမြောက်သံကြားနေရခြင်းကိုထောက်လျှင် စစ်ပွဲမှာကက်တလီရွာဘက်သို့ချဉ်းကပ်လာပြီဖြစ်ကြောင်း ပေါ်ပြနေသကဲ့သို့ဖြစ်၍ ဆာဘရက်လေတို့လူစု အရေးနိမ့်နေပြီဖြစ်ကြောင်း သိသာပေသည်။

ထိုသို့ အမြောက်သံကိုနားထောင်ပြီးလျှင် ဆဲလဒန်နှင့်နောက်လိုက်များသည် ခရီးဆက်၍ နှင်ခဲ့ရာ မကြာမီအတွင်း သစ်ပင်များရှင်းသည့် တွက်လပ်ဆီသို့ရောက်လာကြ၏။ ထိုနေရာသို့ ရောက်သည်နှင့်တပြိုင်နက်ပင်၊ ဆဲလဒန်၏လူတစ်ယောက်မှာ မြားမှန်ခံရပြီးမြင်းပေါ်မှပြုတ်ကျသွားသည်ကိုမြင်လိုက်၏။ ရှယ်လတန်တို့ ပုန်းအောင်းနေသည့်နေရာမှနေ၍ ပင် လူများ၏အော်ဟစ်သံများကို ကြားနေရပြီး မြင်းများလန့်ပြီး ပတပ်ရပ်ကြသည်ကို လှမ်းမြင်ရ၏။ လူတစ်ယောက်မှာကားမြင်းပေါ်မှဆင်းလျက်ရှိနေ၏၊ ထိုအခိုက်တွင် ဒုတိယမြားတစ်စင်းသည်၊ သူတစ် ယောက်ကိုထိမှန်ပြန်၏။ ဤ တွင်မြင်းပေါ်မှဆင်းနိုက်ဖြစ်နေသောသူ၏မြင်းသည်လန့်ပြီး၊ ခွါစုံချပြေးရာ ဆင်းနေသောလူမှာ မြင်းနောက်သို့ဆွဲတိုက်ပြီး ပါသွားလေတော့၏။

မြင်းဆွဲရာပါသွားသူမှာ လမ်းပေါ်ရှိကျောက်ခဲများ သစ်ငုတ်တိုများဖြင့် ရိုက်ခတ်မိသဖြင့်၊ သွေးချင်းချင်းနီနေပေသည်။ ကျန်လူများသည်အတိုက်ခံရပြီကို သိသည့်အတိုင်း အစုခွဲဖြန့်ကာတစ်(လ်)မြစ်ကူးတို့ဆိပ်ဆီသို့ မြင်းစိုင်းပြီးပြေးလျက်ရှိကြ၏။ ထိုအခိုက် မြင်းတစ်ကောင်ကိုမြားမှန်ပြီးလဲကျသွားရာ မြင်းရှင်သည်သူ့အဖေါ်များနောက်သို့ ခြေကုန်သုတ်ပြီးလိုက်လျက်ရှိ၏၊ ဤ အချိန်တွင် ရှေ့မှမြင်းနှင့် ပြေးနေသောသူများမှာမြားသူများချက်ဖြင့် တစ်ယောက်ပြီးတစ်ယောက်ကျလျက်ရှိကြရာ နောက်ဆုံးတွင် လူတစ်ယောက်တည်းသာ ကျန်ပေတော့၏။ ထိုသူသည်လည်း မြင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့သဖြင့်၊ ခြေလျှင်ပြေးနေသူဖြစ်ပေသည်။ သူ့အဖေါ်များ၏မြင်း
များမှာလည်း၊ သခင်များသေပြီဖြစ်၍ ဇက်ကြိုးထိန်းမရှိသဖြင့် ရော[illegible]
တတ်ရာရာပြေးနေကြရာ ခြေလျှင်လိုက်နေသူအဖို့ မြင်းများကိုမဖမ်းနိုင်
ပဲဖြစ်နေလေသည်။

ဤသို့ တစ်ယောက်တည်းကျန်သည့်တိုင်အောင် အတိုက်ခံ[illegible]
သော်လည်း၊ ရန်သူ၏အရိပ်အရောင်ကိုကား လုံးဝမြင်တွေ့ရခြင်းမရှိသေး
ပေ။ တိုက်ပွဲဖြစ်သည့် နေရာတဝိုက်တွင်ကား မြင်းသေများ၊ လူသေ[illegible]
ပြန့်ကြဲနေကြသော်လည်း၊ ရန်သူသည်ပုန်းကွယ်ရာမှ ထွက်မလာသေး[illegible]

တစ်ယောက်တည်းအရှင်ကျန်နေသူမှာ ဘာလုပ်ရမည်မသိ၊ [illegible]
ဘေးတစ်ခုတွင်ငိုင်၍ရပ်နေလေ၏။ သူနှင့် ရှယ်လတန်တို့ပုန်းအောင်း[illegible]
အရပ်မှ ကိုက် ၅၀၀-ခန့် ဝေးပေသည်။ ထိုသူသည်နောက်ဆုံးတွင် [illegible]
ရာမရဟန်နှင့် ကြောတွင်လွယ်ထားသော လေးကိုဖြုတ်ကာ မောင်းတင်
နေလေသည်။ ဤ ဇွင်မှ ရှယ်လတန်သည် တစ်ယောက်တည်းကျန်နေ
သူမှာ ဆဲလဒန်ဖြစ်ကြောင်းသတိပြုမိပေတော့၏။

ဆဲလဒန်လေးတင်နေသည်ကို မြင်သောကြောင့်လောမသိ၊ အ[illegible]
နီးအနား ပတ်ဝန်းကျင်တွင်ပုန်းလျှိုနေကြသည့် ရန်သူများသည် တိုင်[illegible]
ထားသလိုတပြိုင်တည်း ကျယ်လောင်စွာရယ်မောလိုက်ကြ၏။ ရန်[illegible]
ပေါင်းမှာတစ်ရာကျော်ခန့်ရှိသည်ဖြစ်ရာ၊ သူတို့၏လှောင်ရယ်သံမှာ တ[illegible]
တောလုံး ပဲ့တင်ထပ်မျှဖြစ်သွားလေသည်။ ထိုသို့ရယ်မောသံဆုံးသည်နှင့်
တပြိုင်နက် မြားတစ်စင်းသည် ဆဲလဒန်၏ကျောကိုလာမှန်လိုက်၏။
ဆဲလဒန်သည်ခုန်လိုက်ကာ နောက်သို့ အနည်းငယ်ဆုတ်ပြေး၏။ နော[illegible]
မြားတစ်ချက်သည်သူ့ခြေထောက်ကိုလာမှန်ပြန်၏။ ဆဲလဒန်သည်အကာ
အကွယ်ယူရန်ကြိုးစား၏။ သို့သော်လည်း အကာအကွယ်ယူရန်အချိန်
မရလိုက်၊ တတိယမြားချက်သည် သူ့မျက်နှာတည့်တည့်ကို မှန်တ[illegible]
ဆဲလဒန်သည် ရှေ့သို့မှောက်ထိုးလဲကျသွားလေ၏။ ဤ သည်နှင့် တပြိုင်





[illegible]ဝင် တစ်တောလုံးပဲ့တင်ထပ်အောင်ရန်သူတို့၏ ရယ်မောသံများကို
[illegible]ယ်လောင်စွာကြားလိုက်ရပြန်လေသည်။

ရန်သူများမှာ ဆဲလဒန်အား သားကောင်များကိုတောချောက်ပြီး
[illegible]စ်သလို တိုက်ခိုက်နေကြခြင်း ဖြစ်ပေသည်။ ယခုသော်ကား တိုက်ပွဲ
[illegible]ဆုံးသွားပြီဖြစ်ဟန်နှင့် ယူနီဖေါင်းအစိမ်းဝတ်ထားသူတစ်ယောက် ပုန်း
[illegible]အောင်းရာမှ ထွက်လာကာပစ်ပြီးသောမြားများကို လိုက်၍ ကောက်နေ
[illegible]၏။ မသေမရှင်ဖြစ်နေသော ဆဲလဒန်မှာ ယခုမှရန်သူကိုလှမ်းမြင်
[illegible]ဖြင့် ဒေါသတကြီးဖြစ်လာရာ မောင်းတင်ပြီးဖြစ်သောလေးကို ချိန်
[illegible] ထိုသူအားပစ်လိုက်၏။ ရန်သူမှာ ဆဲလဒန်၏မြားချက် ထိသလောမ
[illegible]တစ်ချက်အော်သံကြားလိုက်ရ၏။ ဆဲလဒန်မှာကား ရန်သူကိုပစ်ပြီး
[illegible] ပြီးချင်းသွေးရူးသွေးတန်းနှင့် ရှယ်လတန်တို့ ပုန်းအောင်းနေသည့်
[illegible]သို့ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးလာပြန်လေ
[illegible]သည်။

ဤ တွင်မြားနက်ဂိုဏ်းဝင်တိုင်းက မြားနှင့်လှမ်းပစ်ကြ၏။ သို့
[illegible]သော်လည်းကံကောင်းပေသည်။ ပစ်သမျှမြားများသည်ထိမှန်ခြင်းမရှိပဲ
[illegible]နေ၏။ ဆဲလဒန်မှာကား ရန်သူကပစ်နေမှန်းသိသဖြင့်၊ ဟိုခြုံကွယ်
[illegible]၊ ဒီသစ်ပင်ကပ်လိုက်နှင့် ပြေးနေရရှာ၏။ သို့ဖြင့် ဆဲလဒန်သည်
[illegible]ကြာမီအတွင်းရန်သူမရှိဟု ထင်ရသော သစ်ပင်အုပ်ကလေးအနားသို့
[illegible]တက်လာရာ အကာအကွယ်ကောင်းသောကြောင့် ရန်သူတို့မှာ လေး
[illegible]ပစ်၍ မရပဲဖြစ်နေကြ၏။ ထိုအခိုက်တွင် ခရာတုတ်သံသုံးချက်ကြား
[illegible] ဆဲလဒန်၏တစ်ဘက်တွင်ရှိသော တောအုပ်ဆီမှ လူသံ သူသံကြား
[illegible] ရှုတ်ရှုတ်ရက်ရက်ကြားလာရလေသည်။ ဒရယ်တစ်ကောင်သည်
[illegible]ပြီးပြေးနေကာ တစ်နေရာတွင်အန္တရာယ်ခံသလိုခေါင်းကိုမော့နေပြီး [illegible]
[illegible]တ်ပြေးပြန်၏။

ဆဲလဒန်မှာကား ခြေကုန်သုတ်၍ ပြေးမြဲပြေးလျက်ပင် ရှိပေ



www.burmeseclassic.com

www.burmeseclassic.com



သေး၏။ သူ့နောက်မှာကား မြားချက်များသည် ထိမှန်ခြင်းမရှိပဲ တ
ပြီးတစ်ခုလိုက်လျက်ရှိကြလေသည်။ ရှယ်လတန်နှင့် ဂျွန်မက်ချန် တို့
ကား အားကိုးရာမဲ့ဖြစ်နေသော ဆဲလဒန်အား သနားကြင်နာလျက်ရှိ
သော်လည်း သူတို့လည်းဘာမှမတတ်နိုင်ကြပေ။

ဆဲလဒန်သည် ပြေးလွှားရင်းနှင့်ပင် ရှယ်လတန်တို့နှင့် ကို
၅၀ ခန့်အကွာသို့ ရောက်လာသောအခါ မြားတစ်ချက်မှန်ပြီးလဲကျသွ
လေသည်။ သို့သော်လည်း အမြန်ပြန်ထကာပြေးပြန်သဖြင့် ရှယ်လတ
တို့သည် နေရာမှထပြီး. . .

"ဟေ့ လူဒီဘက်ကိုပြေးခဲ့။ ဒီဘက်ကို ဒီဘက်မှာရန်သူမရှိဘူး"

ထိုသို့ ပြောနေခိုက်တွင်ပင်၊ နောက်ထပ်မြားတစ်ချက်သ
ဆဲလဒန်အား နောက်ကျောမှ မှန်ကာရင်ဘက်တွင်ဖေါက်ထွက်လာ
သည်။ ဤအကြိမ်တွင်ကား ဆဲလဒန်မှာမထသောလဲခြင်းဖြင့် လဲကျသွ
လေ၏။

ရန်သူများမှာ မမျှော်လင့်ပဲ ရှယ်လတန့် မတ်တပ်ရပ်လိုက်သ
တိုမြင်ရသဖြင့် လေးကိုပစ်ခတ်ကြရင်းနှင့် ရှယ်လတန်တို့ဘက်သို့ချီတ
လာကြ၏။ ထိုအခိုက်တွင်မြားနက်ဂိုဏ်းခေါင်းဆောင် အဲလစ်ဒပ်ဝဲ
အသံဖြင့်. . .

"ဟေ့. . . မပစ်ကြနဲ့ဦးဟေ့။ ဒီကောင်ဟာ သူ
ချင်း ဟဲရီရှယ်လတန်ရဲ့သားရစ်ချက်ရှယ်လတန်ကွ။မပစ်ကြနဲ့ အရှင်
အောင်ဖမ်းကြ"

ထိုသို့ပြောပြီးနောက် ခရာတုတ်သံတစ်သံကြားရပြန်၏။ ထ
ခရာသံမှာမြားနက်ခေါင်းဆောင်၏ ခရာနှင့်အမိန့်ပေးသံပင်ဖြစ်၍၊ သူ
မိန့်ကိုပြန်ထူးသောအားဖြင့် သစ်တောတစ်နေရာဆီမှ အခြားခရာသံ တ
ခု တုံ့ပြန်သံပင်ဖြစ်ဟန်တူ၏။ ရှယ်လတန်သည် သူ့အဖေါ်အား. . .

"ဟော. . .ဒုက္ခပဲဟေ့ ထထ၊ ပြေးနိုင်မှလွတ်တော့မယ်"





နှစ်ယောက်သားသစ်ပင်များထူထပ်စွာ ပေါက်နေသည့် တောင်
ဆီသို့ သုတ်ခြေတင်ကြလေ၏။

## အခန်း (၇)

အဖေါ်-နှစ်ဦးအဖို့ပြေးရသော အလုပ်မှာမလွယ်ကူလှပေ။ အ
ကြောင့်ဆိုသော် အရပ်မျက်နှာတိုင်းမှ မြားနက်ဂိုဏ်းဝင်များသည်
တုန်းဆီသို့ ရှေ့ရှုကာဖမ်းဆီးရန် လိုက်လံနေသောကြောင့်ပင်
သည်။ အချို့အပြေးကောင်းသူများမှာ အခြားလူများ၏ ရှေ့မှနေ
အပြေးလိုက်လျက်ရှိပြီး၊ အချို့လူများကား ချုံ့ထဲမှရင်း၊ ဘေးဘက်
မှရင်း ရှယ်လတန်တို့ နှစ်ယောက်အားဝိုင်းပြီးလိုက်ကြလေ၏။ ရှယ်-
တန်သည်ကုန်းမြင့်မှ အောက်ခြေဘက်သို့ လှည့်ဆင်းပြေးပြန်၏။
တ်ရှိမြေမှာညီနေပြီး ခြုံနွယ်ပိတ်ပေါင်းရှင်းသဖြင့် အတော်ကလေး
အောင်ပြေးလွှားနိုင်ကြ၏။ မကြာမီအတွင်း ကွက်လပ်တစ်ခုသို့ ရောက်
ရာ တွက်လပ်ကိုရှောင်ပြီး၊ ဘယ်ဘက်သို့ချိုးပြေးလေ၏။ သို့သော်လည်း
ကြောင်းမထူးပေ။ ဘယ်ဘက်သို့ကပ်လေ လိုက်နေသူများနှင့်နီးလေ
နေတာ ရှယ်လတန်တို့မှာ တစ်(လ်)မြစ်ကမ်းဘက်ဆီသို့ ပြန်ရောက်
နေသည်ကို သတိပြုမိလေ၏။ သို့သော်လည်း ကံကောင်းပေသည်။
နေသူများသည် ယခုအခါတွင် မြစ်ဘက်သို့မလိုက်ပဲ တန်းစတော
ဆီသို့ မှားပြီးပြေးလျက်ရှိကြပြန်လေသည်။

ရှယ်လတန်တို့သည် ခေတ္တအပြေးရပ်လိုက်သောခါအမော
နေကြ၏။ နောက်မှလိုက်သံများကို ကောင်းစွာမကြားရ။ လေတိုက်
ခြင့် သစ်ရွက်များ လှုပ်ရှားနေသံကြောင့် လိုက်သူများ လိုက်သည်
တ်သည်ကို ခန့်မှန်းရန်ခက်နေလေ၏။ ခေတ္တနားပြီးလျှင်ပြီးခြင်း
လတန်က "ကိုင်းသွားကြစို့" ဟု ပြောကာ ခရီးဆက်လွှက်ပြန်ရာ

www.burmeseclassic.com



ဂျွန်မက်ချန်မှာကား ခြေနာနေသဖြင့် ယောနဲ့ ယောနဲ့ နှင့်ဖြစ်နေရှာသေ
သည်။ မကြာမီအတွင်းသူတို့သည် တောင်ကုန်းလေးတစ်ခုအတိုင်း ဆင်
နေကြလေ၏။ ၃ မိနစ်ခန့်ရှိလျှင်၊ အလွန်မြင့်သော သစ်ပင်ကြီး တစ်ပင်
အောက်ခြေတွင် ရောက်နေကြ၏။ သစ်ပင်ကြီးမှာ လွန်စွာမြင့်ပြီး ထိပ်ဖျား
နားတွင် သစ်ရွက်သစ်ကိုင်းများရှိ၍ အောက်တွင်ဘာမျှမရှိပေ။
သစ်ပင်ကြီးမှ တဖန်ရှေ့ တိုးကာသွားပြန်ရာ ကွက်လပ်တစ်ခုသို့ ရော
လာလျှင် . . .

"ဟေ့ ရပ်လိုက်" ဟူသော အော်သံကိုကြားရသဖြင့်လှမ်းကြည့်
လိုက်ရာ၊ ရှေ့မလှမ်းမကမ်းရှိ ခြုံကြားထဲမှ အစိမ်းရောင်ယူနီဖောင်းဝတ်
ထားသော လူကြီးတစ်ယောက်သည် လေးနဲ့ချိန်ပြီး မိမိတို့နှစ်ယောက်အား
ကြည့်နေသည်ကို တွေ့ရလေ၏။ ဂျွန်မက်ချန်မှာ ကြောက်လန့်တကြား
နှင့် အော်ဟစ်လိုက်မိမည်ကဲ့သို့ ဖြစ်သွားလေ၏။ သို့သော်လည်း
ရှယ်လတန်မှာကား ခါးမှဓါးမြှောင်ကိုဖြုတ်ပြီး လက်တွင်ကိုင်ကာ လူကြီး
ဆီသို့ တဟုန်ထိုးပြေးသွားလေ၏။ လူကြီးသည် ရှယ်လတန်ပြေးလာသည်
ကို ကြွက်သေ သေနေရာမှမလှုပ်ရှားမီ ရှယ်လတန်သည် ဓါးမြှောင်နှင့်
လူကြီး၏လည်ပင်းကို တအားထိုးစိုက်လိုက်ရာ လူကြီးမှာလဲကျသွား
မြားတခြား လေးတခြားလွင့်စင်သွားလေ၏။ လူကြီးသည် ရှယ်လတန်
အား သတ်ရန်တဖန်ကြိုးစားပြန်၏။ သို့သော်လည်း ဒုတိယအကြိမ်မြောက်
ဓါးမြှောင်ချက်သည် သူ့လည်ပင်းကို နစ်အောင်ဝင်သွားရာ အသံတစ်
ချက်မျှသာ မပီကလာပီကလာ အော်မြည်နေခိုက် ရှယ်လတန်သည်
တတိယအကြိမ်မြောက် ဓါးဖြင့် ရင်အုံကိုစိုက်လိုက်သဖြင့် လူကြီးမှာအ
ရုပ်ကြိုးပြတ်လဲ၍ ကျသွားလေ၏။ ဤ တွင် ရှယ်လတန်သည် ဂျွန်မက်
ချန်ကို ဆွဲခေါ်ကာ ပြေးကြပြန်လေ၏။ အမှန်အတိုင်းဆိုလျှင် သူတို့နှစ်
ယောက်မှာ ကောင်းစွာမပြေးနိုင်ကြတော့ပေ။ နှစ်ယောက်စလုံး တဟော
ဟဲဟဲနှင့် အသက်ရှူကာ အမောကြီးမောလျက်ရှိကြ၏။ သို့သော်လည်း





ပြေး၍ လည်းမဖြစ်သဖြင့် တတ်နိုင်သမျှအားထုတ်ကာ ရှေ့သို့တိုး၍
သွားနေကြပေ၏။ မကြာမီအတွင်း သူတို့နှစ်ယောက်သည် သစ်တော
အနီးသို့ ရောက်လာကြရာ ရှေ့နားတွင်ရှိ ဘီရွာနှင့် ရစ်ဆင်ဂန်ရွာနှစ်ခုကို
ဆက် သွယ်ဖေါက်လုပ်ထားသော လမ်းကိုတွေ့မြင်ကြရလေ၏။

လမ်းကိုမြင်လျှင် နှစ်ယောက်သား ရပ်တန့်လိုက်ကြ၏။ တော
ထဲတွင်ပြေးနေကြစဉ်က ရှယ်လတန်သည် ထူးဆန်းသောအသံတစ်ခုကို
ကြားလိုက်ရသည်ဟု ထင်မိခဲ့၏။ ယခုထိုအသံမှာ ကျယ်သည်ထက်ကျယ်
လာသည်ကို တွေ့ရလေသည်။ ပထမ၌ အသံမှာလေပြင်းပြင်းတိုက်
သကဲ့သို့ ထင်ရသော်လည်း မကြာမီအတွင်း မြင်းများခွာစုံချ၍ စိုင်းလာသံ
ဖြစ်သည်ကို ကွဲပြားစွာကြားရစပြုလာ၏။ ထိုသို့ကြားနေရာမှ ရှေ့နားရှိ
လမ်းအတိုင်း လက်နက်မျိုးစုံကိုင်ဆောင်လာကြသော စစ်တပ်ကြီး
တစ်ခုသည် ကသောကမျောနှင့် မြင်းများစိုင်းလှာနေသည်ကို မြင်ရလေ
၏။ စစ်သားများမှာ အကွပ်အကဲမရှိ ဝါးစည်းပြေသလို အသက်ဘေးမှ
လွတ်အောင်ပြေးနေကြဟန်တူ၏။ အချို့မှာဒဏ်ရာများဖြင့် သွေးများရဲရဲတောက်နေ
၏။ အချို့မြင်း များမှာလည်း စီးသူမရှိပဲ ဒလကြမ်းပြေးလျက်ရှိလေသည်။
ထိုစစ်အား ဖြင့်၍ စစ်တပ်မှာ ရစ်ဆင်ဂန်နှင့် ကက်တလီရွာများတွင်
တိုက်နေသော တိုက်ပွဲမှ အရေးရှုံးနိမ့်ကာ ဇရမ်းပတာဆုတ်ခွာလာသော
တပ်ဖြစ်ကြောင်း သိသာလှပေသည်။

ထိုသို့ဆုတ်ခွာသွားသော တပ်ကြီး ရှိဘီရွာဘက်သို့မရောက်
မီ၌ နောက်မှအပြင်းလိုက်လာသော စစ်တပ်တစ်တပ်ကိုတွေ့ရပြန်၏။
ထို၌ တပ်တွင်ကား တပ်မှူးနှင့် တူသူတစ်ယောက်ပါလာ၍ သူ့နောက်တွင်
စစ်သည်များတင်လာသည့် မြင်းလှည်းများပါလာ၏။ သို့သော်လည်းသူတို့
ပြေးပေါက်မှာ လွတ်လမ်းမရှိချေ။ အဘယ့်ကြောင့်ဆိုသော် မြင်းလှည်း
များသည် ရှယ်လတန်တို့၏ ရှေ့တည့်တည့်နေရာသို့ရောက်လာသောအ
ခါ အဘယ်ကပေါ်လာမှန်းမသိရသော သံချပ်ကာအဝတ်အစားများ ဝတ်

www.burmeseclassic.com

www.burmeseclassic.com



ထားသည့် လူတစ်ယောက်သည် မြင်းပေါ်သို့ခုန်တက်ကာ မြင်းလှည်းမောင်းသမားအား ဓါးမြှောင်နှင့်ထိုးပြီး အောက်သို့ကန်ချလိုက်လေ၏။ အခြားမြင်းလှည်းသမားများမှာလည်း ကြောက်အားလန့်အားနှင့်ခုန်ချကာ သစ်တော်ထဲသို့ပြေးဝင်သွားကြကုန်၏။

ထိုသို့ဖြစ်ပျက်နေချိန်တွင်ပင်၊ အဝေးမှအသံကြီးတစ်ခုပေါ်လာပြန်ပြီး မကြာမီအတွင်း မြင်းစိုင်းသံများ၊ ခွါသံများ၊ လူအော်သံများ၊ မြင်းလှည်းမောင်းသံများကို ကြားရပြန်လေ၏။ လမ်းတစ်ခုလုံးမှာ စစ်ရှုံးတပ်ကြီးတစ်ခုလုံးဒလဟောပြေးရန်အတွက်ဖေါက်ထားသကဲ့သို့ဖြစ်နေလေသည်။

ရှယ်လတန်သည် လက်ဦးကရှေ့ရှိလမ်းအတိုင်း လိုက်သွားကာ ဟိုလီးဝုသို့သွားရန်စိတ်ကူးထား၏။ ယခုသော်ကား မဖြစ်နိုင်တော့ပေ။ စစ်ရှုံးတပ်မှာ လန်ကက်စတာနန်းဆက်ဘက်မှ တိုက်ခိုက်သော ရစ်ဆင်ဂန် ရှာစား၏တပ်ဖြစ်ရာ ဆာဘရက်လေသည်ရစ်ဆင်ဂန်ရှာစားနှင့်ပေါင်းတိုက်ရာ၊ အလားတူ အရေးရှုံး နိမ့်နေပြီလော။ သို့မဟုတ်သစ္စာဖေါက်ကာ-"ရော့"နန်းဆက်ဘက်သို့ ဝင်ရောက်ခိုလှုံပြီလော- ဆိုသည့်အချက်ကို မတွေးတတ်လောက်အောင် ဖြစ်နေပေသည်။

သို့ဖြင့်လမ်းမကြီးအတိုင်း သွားရန်မဖြစ်နိုင်သည်နှင့် သူသည် ဂျွန်မက်ချန်ကိုဆွဲကာ ခရီးဆက်ပြန်၏။ အချိန်မှာ နေဝင်လုပြီဖြစ်၍ နေရောင်သည်အနောက်ဘက်ကက်တလီရွာဘက်မှနေပြီး တန်းစထော သစ်တောကိုရွှေရည်ဖြင့် ပက်ဖြန်းလျက်ရှိ၏။ သို့သော်လည်းမကြာမီ အတွင်းသစ်ပင်ရိပ်များထိုးလာကာ ည၏အအေးဓါတ်ဝင်လာစပြုနေ၏။ ရှယ်လတန်သည် ခြေလှမ်းကို ခေတ္တရပ်တန့်လိုက်ကာ သူ၏ဝမ်းဗိုက်ကိုပွတ်ရင်း"စားစရာကလည်းဘာမှမရှိတော့ဘူးကွာ" ဟုပြောရာ ဂျွန်မက်ချန်မှာကားစကားပြန်ပင်မရ-အောက်သို့ ထိုင်ချလိုက်ကာ တရှုံ့ရှုံ့နှင့် နေလေသည်။

"မင်းဆာတော့ဖြင့်ငိုနေလိုက်တာ။ မင်းအတွက်နဲ့ ညနေထ





သူ ၇ ယောက် အသက်ခံရတာများ သတိရပါဦး။ ငါဒီအကြောင်း စဉ်းစားမိရင်မင်းကိုကျေကိုမကျေနပ်ဘူး"

"ခင်ဗျားကတော့ကာ ကိုယ့်ကို လေးနဲ့ချိန်အရှင်ဖမ်းနေတဲ့လူ တစ်ယောက်ကို ဓါးနဲ့ထိုးသတ်လိုက်တယ်မဟုတ်လား။ ကိုယ့်ကိုရန်မမူပဲ နဲ့သတ်တာများ အံ့ပါရဲ့"

"အို. . . . သူက လေးနဲ့ချိန်ထားလို့ သတ်ရတာကွ"

"အမယ်လေး. . . ကိုယ့်အဖေတစ်ယောက်လုံးကို သတ်တဲ့ ဆာဘရက်လေလူကိုတော့ လက်စားပြန်မချေဘူး။ ကိုယ့်ကိုလေး နဲ့ချိန်ရုံ ချိန်ပြီးအလျှော့ပေးထားတဲ့လူကိုတော့ သတ်ပစ်တယ်။ ခင်ဗျားသာ မိန်းမရရင် အားနွဲ့တဲ့မိန်းမကိုဘယ်လောက် နှိပ်စက်လိုက်မလည်းပဲ၊

"ဘာကွ၊ ငါမိန်းမရရင်ဟုတ်လား. . မင်းတော့ ခါးပတ်နဲ့ချွတ်ရိုက်ဖို့ပဲ ကောင်းတော့တယ်" ဟုပြောကာ ခါးမှခါးပတ်ကိုချွတ်နေလေ၏။ ဂျွန်မက်ချန်မှာကား မျက်နှာဖြူပတ်ဖြူရော်နှင့်ကြောက်စိတ်ဝင်နေပေသည်။ သို့သော်လည်း သူသည်ရှယ်လတန်၏မျက်နှာကို စေ့စေ့ကြည့်လျက်ရှိ၏။ ရှယ်လတန်မှာကား ဂျွန်မက်ချန်၏ ကြောက်စိတ်ဝင်သော မျက်နှာနှင့် ဝိုင်းဝိုင်းစက်စက်လှပသော မျက်လုံးမျက်ခုံးကို ကြည့်ကာ သနားစိတ်ဝင်လာပြီး. . . .

"ဟေ့ကောင်-မင်းငါ့ကိုဝန်ချတောင်းပန်"

"မတောင်းပန်ဘူး။ ကျုပ်မှန်တာပြောနေတာ။ ခင်ဗျား သတ်ချင်သတ်ပစ်လိုက်၊ ခင်ဗျားကိုကျုပ်ဘယ်လိုမှမခုခံဘူး"

ရှယ်လတန်သည် ရိုက်မည်ဟု ခါးပတ်ကို တအားလွှဲလိုက်၏။ သို့သော်လည်း နာမည်စိုး၍ ကိုယ်ကိုပုနေသော ဂျွန်မက်ချန်အားမြင်လျှင် မရိုက်ရက်ပဲ လက်ကို အောက်သို့ အသာပြန်ချလိုက်ကာ.

"မင်း တော်တော်မိုက်တဲ့ကောင်ပဲ။ ငါနဲ့အားချင်းမတူဘဲ စကားပြောတာကို ကြည့်ပြောဖို့ကောင်းတယ်။ မင်းကိုဘယ်တော့မှမကြဘူး။ မင်း



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကျေးဇူးရှင် မွေးစားဖခင်ရဲ့ရန်သူပဲ။ တစ်လမ်းလုံးလည်း ငါမြင်းကိုစီး လာသေးတယ်၊ ငါ့လူတွေ အသတ်ခံရမယ် လုပ်တော့ သွားကယ်မဲ့ကြံတာ ရှိသေး။ ငါမြားအိမ်ကိုလည်းလုထားသေးတယ်။ မင်းဒုက္ခ ရောက်ရင် တော့ ငါကြည့်နေမယ်၊မကူညီဘူး”

“ဒါဖြင့် ခင်ဗျား ကျုပ်ကိုမရိုက်တော့ဘူးပေါ့”

“အေး မင်းကတော့ ပေါင်းလို့ကောင်းတဲ့လူမဟုတ်ဘူး။ ဒါပေမဲ့ ငါ့အသက်ကိုရေထဲကဆယ်ခဲ့ဘူးတဲ့ ကျေးဇူးရှိနေသေးလို့ သည်းခံလိုက် ဦးမယ်၊ ကိုင်း လာမြန်မြန်- ဒီနေ့ညဖြစ်ဖြစ် နက်ဖန်မနက်ဖြစ်ဖြစ်၊ ဟို လီးဝုကို အရောက်သွားမယ်”

သို့သော်လည်းရှယ်လတန်က သဘောထားကြီးစွာနဲ့ ခွင့်လွှတ် သည့်တိုင်အောင် ဂျွန်မက်ချန်ကမူကား ခါးပတ်နှင့် ရိုက်မည်ကြံသည် ကို မကြေနပ်ဟန်နှင့်. . .

“ကိုင်း. . ခင်ဗျားလမ်းကိုခင်ဗျားသွား။ ကျုပ်လည်း ကျုပ်လမ်း ကျုပ်သွားတော့မယ်။ အတူတူမသွားဘူး”

“ကောင်းပါ့ဗျာ ကွပါ ကွပါ”

သို့ဖြင့် သူတို့နှစ်ယောက်သည် လမ်းခွဲ၍ သွားကြလေ၏။ နှစ် ယောက်စလုံး ရည်ရွယ်ချက်မရှိချေ။ ခြေဦးတည့်ရာစိုင်းနေကြပြီး စကား များရသည့် အဖြစ်ကိုစဉ်းစားနေကြ၏။ ရှယ်လတန် ၁၀ လှမ်းမျှမိရောက် သေးမီပင် ဂျွန်မက်ချန်သည် သူ့နောက်ကိုအပြေးကလေးပြန်လိုက်လာ ကာ. . . .

“ရှယ်လတန် ဒီလိုခွဲသွားလို့မတော်ဘူး၊ ခင်ဗျားကျုပ်အပေါ်မှာ ကောင်းခဲ့တာတွေရှိတဲ့အတွက် လက်ဆွဲနှုတ်ဆက်သွားပါဦး” ဟုပြောရာ ရှယ်လတန်ကလည်း လက်ဆွဲနှုတ်ဆက်ပြီး. . .

“အေးကွာ ဖြစ်ခဲ့တာတွေမေ့လိုက်ပါ၊ ကဲ-ကဲ. . သွားတော့” ဟု ပြောကာ လူနှစ်ယောက်သည် ဒုတိယအကြိမ်မြောက် လူချင်းခွဲ၍ သွား





[illegible]လေ၏။ သို့သော်လည်း ယခုတစ်ကြိမ်တွင်ကား ရှယ်လတန်ပြန် [illegible]လားပြီး. . .

“ဟေ့. . ဟေ့-နေဦး၊ မင်းငါ့လေးနဲ့မြားကိုယူသွား ရော့၊ လက် [illegible]ပါပဲ ခရီးသွားလို့မဖြစ်ဘူး”

“ကျေးဇူးတင်ပါတယ်ဗျာ- ဒါပေမဲ့ ကျုပ်လေးကိုမောင်းလည်း [illegible]နိုင်ဘူး၊ ပစ်လည်းမပစ်တတ်ဘူး”

နေမှာလုံးဝ ဝင်သွားပြီဖြစ်ရာ အမှောင်ထုသည် ညီအစ်ကို မ [illegible]သိ အချိန်ကို ဖန်တည်းလျက်ရှိသဖြင့် ရှယ်လတန်က

“မှောင်တောင်လာပြီ၊ မင်းကို ငါစိတ်မချဘူး။ ခဏအတူလိုက် [illegible]ယ်။ တော်တော်ကြာမင်းတစ်ယော်တည်း မျက်စေ့လည်နေလိမ့်မယ်”

သို့ဖြင့် သူတို့နှစ်ယောက်သည် ပြန်ပေါင်းထုပ်ကြပြန်ကာ ခရီး [illegible]၍ ထွက်ကြပြန်လေ၏။ အချိန်မှာ မှောင်သည်ထက်မှောင်၍ လာ [illegible] သစ်ပင်ထူထပ်သော သစ်တောဖြစ်သဖြင့်လည်း ကွက်လပ်နေရာ [illegible]သို့ရောက်မှသာ ကောင်းကင်ကိုလှမ်းမြင်ရပေသည်။ အတန်ငယ် [illegible]သွမ်းသောအရပ်မှ စစ်ရှုံး လန်ကက်စတာ နန်းဆက်တပ်များ၏ [illegible]ခွါသံများကို ကြားနေရဆဲပင်ဖြစ်၏။ သို့သော်လည်း ထိုအသံများမှာ [illegible]ည်းဖြည်း ငြိမ်သက်ပျောက်ကွယ်စပြုလျက်ရှိလေပြီ။

နာရီဝက်ခန့်ရှိလျှင်ရှယ်လတန်တို့သည် သစ်ပင်အနည်းငယ် [illegible]ရှိပြီး ခြုံပုတ်ထူသော ကွက်လပ်တစ်ခုသို့ ရောက်လာကြရာ၊ ရပ်တန့် [illegible]စ်ယောက်နှင့်တစ်ယောက်ကြည့်နေကြ၏။ နောက် ရှယ်လတန်က. .

“မင်းတော်တော် ဖါးနေပြီထင်တယ်”

“ဖါးတာင်ပါ့ဗျာ နားတောင် နားချင်နေပြီ”

“ချောင်းရေစီးနေသံကို ကြားမိတယ်ထင်တယ်။ ရေငတ်တယ် [illegible] ချောင်းနားရောက်အောင် သွားကြရအောင်”

ကံကောင်းပေသည်။ ခဏမျှသွားမိလျှင် သူတို့သည်ချောင်းငယ်

www.burmeseclassic.com



တစ်ခုသို့ ရောက်လာကြရာ၊ နှစ်ယောက်သားချောင်းစပ်သို့ဆင်းပြီး ရေ
အဝသောက်နေကြ၏။ ဂျွန်မက်ချန်က. . .

"ကျုပ်တော့ လမ်းမလျှောက်နိုင်တော့ဘူးဗျာ-"

"ချောင်းနဖူးနားမှာ ချိုင့်တစ်ခုတွေ့ခဲ့တယ်။ အဲဒီထဲဝင်အိပ်
ကြစို့လား. . ."

"ကောင်းသားပဲ"

ချိုင့်ကလေးမှာ သဲများဖုံးလွှမ်းနေပြီး အထက်တွင် သစ်ပင်တ
ပင်မှ ထိုးထွက်နေသော သစ်ကိုင်းတစ်ခု အုပ်နေသဖြင့် သူတို့နှစ်ယောက်
သည် ဝမ်းသာအားရဖြစ်ကာ ချိုင့်ထဲဝင်၍ တုံးလုံးလှဲရင်း ပင်ပန်းလှသည်
နှင့် မကြာမီ နှစ်ချိုက်စွာအိပ်ပျော်သွားကြလေတော့၏။

## အခန်း (ဂ)

နောက်တစ်နေ့ နံနက် လင်းအားကြီး အချိန်တွင် အိပ်ရာမှ
လာကြသောအခါ စောသေးသဖြင့် နေပင်မထွက်သေးပေ။ သို့သော်လည်း
အရှေ့ဘက်ကောင်းကင်တွင် ရောင်နီသန်းနေပြီဖြစ်၍ ကျေးငှက်များ
လည်း အာစပြုနေကြလေပြီ။ ရှယ်လတန်တို့သည် ပင်ပန်းသဖြင့်
လျောင်းရာက မထကြသေးပဲ မှိန်းနေကြခိုက်၊ ခေါင်းလောင်းသံ တစ်
ကိုကြားရသဖြင့်. . .

"ဟော. . . ခေါင်းလောင်းသံပါလားဟေ့၊ ငါတို့ ဟိုလီးဖုဒ်
တော်တော်နီးနီး ရောက်နေကြသလား မပြောတတ်ဘူး"

ခဏမျှကြာလျှင် ခေါင်းလောင်းသံကိုထပ်ပြီး ကြားရပြန်၏။ သို့
သော်လည်း ယခုကြားရခြင်းမှာ မနီးမဝေးဆီမှ ဖြစ်ပေသည်။ ထို့နောက်
သော်ကား ခေါင်းလောင်းသံကို ပြတ်တောင်းပြတ်တောင်းကြားနေရ
အသံမှာနီးသည်ထက်နီး၍ လာလေသည်။ ရှယ်လတန်က. . .





"ဘာများပါလိမ့်"

"တစ်ယောက်ယောက် ခေါင်းလောင်းကိုင်ပြီး လမ်းလျှောက်နေ
တာထင်တယ်"

"အေး ဟုတ်လိမ့်မယ်။ ဒါပေမဲ့ ဘယ်သွားမှာတုန်း။ ဒီလူက
တန်းစတော သစ်တောထဲကိုလာတာလည်း. . .၊ မင်းကငါ့ကို ရိမနေ
စမ်းပါနဲ့ကွာ။ ငါဒီလို ခေါင်းလောင်းသံမျိုးကြားရတာ မကြိုက်ဘူး"

"အင်း. . . ခေါင်းလောင်းသံကတော့ မကောင်းဘူး"

ထိုအခိုက်တွင် ခေါင်းလောင်းသံမှာ ခပ်သွက်သွက်အသံထွက်
လာပြီး နောက်ဆုံးတစ်ချက်တည်းမြည်လိုက်ကာ ရပ်သွား၏။

"အင်း. . ခေါင်းလောင်းကိုင်တဲ့အကောင်ဟာ ချောင်းကို ပြေး
ပြီး ခုန်လိုက်တယ်ထင်တယ်"

ဟော. . ခပ်မှန်မှန်လေးမြည်နေပြန်ပြီ၊ ချောင်းကိုခုန်ပြီးလို့
လမ်းလျှောက်သွားနေတယ်ထင်ပါရဲ့"

"ဒီလူဟာ ရန်သူဆီကပြေးခဲ့တဲ့ လူရင်လည်းဖြစ်ရမယ်။ အရေး
ကြီးတဲ့ ကိစ္စ နဲ့သွားနေတဲ့ လူရင်လည်းဖြစ်ရမယ်ကွ"

"ဟော. . . ကျုပ်တို့နဲ့ နီးလာပြီ"

ယခုအချိန်တွင် ရှယ်လတန်တို့သည် လှဲနေရာမှထကာချိုင့်ထဲ
မှမြေပြင်ပေါ်သို့ရောက်နေကြလေ၏။ ထိုနေရာတွင်မြေမှာ အနည်းငယ်
မြင့်သဖြင့် ခပ်လှမ်းလှမ်းသို့ လှမ်းမျှော်ကြည့်နိုင်လေသည်။

နေရောင်မှာ ယခုအခါတွင် သီသီသာသာကြီးလင်းထိန်လာ ပြီ
ဖြစ်သဖြင့် လှမ်းမျှော်၍ ကြည့်လိုက်ရာတွင် ရှယ်လတန်သည် ရဲတိုက်
ကြီးဆီသို့ သွားသောလမ်းကလေးကို မြင်နေရလေသည်။

ထိုလမ်းကလေးဘေးတွင်ရှိသော သစ်တောအုပ်ကလေးအစပ်
နားတွင်ကား. . . ဝတ်ရုံအဖြူကိုဝတ်ထားသော လူတစ်ယောက်ဖြတ်
သွားသည်ကိုမြင်ရ၏။ လက်ထဲတွင်ခေါင်းလောင်းတစ်လုံးကို ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



ကာ ခေါင်းကိုအဝတ်များဖြင့် ဖုံးအုပ်ထား၏။ ထိုသူသည် ခေတ္တရပ်တန့်နေရာမှ ရှေ့သို့တိုးသွားပြန်၏။ သူ့လှုပ်ရှားလိုက်တိုင်းပင် ခေါင်းလောင်းသံကိုကြားရလေသည်။ ထိုလူကိုကြည့်ကာ ရှယ်လတန်တို့မှာ ကြောက်စိတ်ဝင်သလိုလို ရှိလာကြ၏။ ရှယ်လတန်က. . .

"နူနေတဲ့လူထင်တယ်၊ဒါကြောင့်တစ်ကိုယ်လုံးအဝတ်ဖုံးထားတာ"

"ဟာ. . အနူဆိုရင် အထိအတွေ့ခံလို့မဖြစ်ဘူး။ သွားကြရအောင်၊ ဒီရောဂါက အလွန်ကြောက်ဖို့ကောင်းတာ"

"မကြောက်ပါနဲ့ကွာ၊ ဒီလူကမျက်စိလည်းကန်းနေတယ်ထင်ပါတယ်။ မမြင်ဘူးလား. . တုတ်ကိုင်ပြီး လမ်းလျှောက်နေတာ၊ နေ့ပါစေ သူ့ ဘာသာသူလမ်းသူ့သွားပါလိမ့်မယ်၊ တို့ဆီလာမှာမဟုတ်ပါဘူး"

နူနေသူမှာ ယခုအခါတွင်ရှယ်လတန်တို့နှင့် အတော်နီး၍ လာပေပြီ၊ လက်မှကိုင်ထားသောတုတ်ကို ထောက်ခါထောက်ခါနှင့် လမ်းကိုမှန်းဆပြီး သွားနေ၏။ သူ့မျက်နှာတွင် မျက်မှန်နက် တစ်ခုကိုတပ်ထားရာ၊ တစ္ဆေသဖွယ် ကြောက်စရာအသွင်ကို ဆောင်လျက်ရှိလေ၏။ ရှယ်လတန်တို့ ရှိရာချိုင့်နားသို့ ရောက်လာလျှင် အနူကြီးသည် သူတို့နှစ်ယောက် အားစေ့စပ်စွာကြည့်နေလေ၏။ ထိုနောက်သူသည် ဆက်၍ ထွက်သွားပြန်၏။ ၄-၅လှမ်းခန့် ရောက်လျှင်တခါပြန်ရပ်ကာ ရှယ်လတန်တို့ဘက်သို့ လှည့်ကြည့်ပြန်၏။ ဤတစ်ကြိမ်တွင်ကား ရှယ်လတန်ပင်လျှင် တစ္ဆေခြောက်ခံရသူလို ကြောက်လာလေ၏။ သို့သော်လည်း၊ ခေါင်းလောင်းသံ မြည်လာပြန်ကာ အနူကြီးသည်ရှေ့သို့ဆက်၍ ထွက်သွားလေ၏။ ဂျွန်မက်ချန်က အနူကြီးဘက်သို့ လှည့်ကြည့်ရင်း. . .

"ဒီအနူကြီးဟာ မျက်စေ့မြင်တယ်ထင်တယ်"

"မဟုတ်ပါဘူးကွ မြင်မယ်မထင်ပါဘူး။ ဒို့စကားပြောသံကြားလို့ လှည့်နားထောင်တာက. စိုက်ကြည့်နေသလိုဖြစ်နေလို့ပါ။ မျက်စေ့မ





မြင်တဲ့ လူဆိုတော့ နား အကြားကောင်းတာပေါ့ကွာ။ တို့ကနဲနဲလေးလှုပ်လိုက်တယ်ဆိုရင်ပဲသူကြားတာပဲ"

"မဟုတ်ပါဘူးဗျ၊ မြင်ပါတယ် ကျုပ်တို့ကို ကြည့်နေတာများ-စိတ်နေတာပဲ။ နားထောင်ရုံထောင်တာဆို ဒီလိုဘယ်ဟုတ်မလဲ၊ ကျုပ်တော့သူ့အမူအရာကို တယ်မကြိုက်ချင်ဘူး၊ ဟော ခေါင်းလောင်းသံမကြားတော့ဘူး၊ ဒီလူရပ်နေပြီထင်တယ်"

အမှန်ပင် ခေါင်းလောင်းသံကို မကြားရတော့ပေ။

"အေး ဟုတ်တယ်၊ ဒီကောင်ကြီးသိပ်မနိုပ်ဘူးဟေ့"

"အနူကြီးဟာ အရှေ့ဘက်ကိုသွားတယ်ဗျ။ ကျုပ်တို့အနောက်ဘက်ကိုလစ်ကြရအောင်"

"မင်းကလည်း ကြောက်လိုက်တာကွာ။ ငါတို့ ဟိုလီးဝုကိုသွားမှာကွ အဲဒီတော့-မြောက်ဘက်ကိုသွားမှဖြစ်မယ်"

သို့ဖြင့် သူတို့နှစ်ယောက်သည် နေရာမှထကာချောင်းကိုဖြတ်ပြီးကူးကာ တစ်ဘက်ကမ်းသို့ရောက်လာကြ၏။ ဤနေရာတွင် သစ်ပင်များ ထူထပ်စွာပေါက်နေပြီး မြေမှာမညီမညာချိုင့်များ၊ ကုန်းများဖြင့်ညှိလျက်ရှိ၏။ သို့ဖြင့် ယမန်နေ့က ပင်ပန်းနွမ်းဟိုက်၍ ဗိုက်ထဲတွင်အစာမရှိသော ရှယ်လတန်နှင့် ဂျွန်တို့မှာ ခရီးကိုသွက်သွက်မသွားကြပဲ လေးလေးဖင့်ဖင့် ရှိနေကြ၏။ တောင်ကုန်းတစ်ခုပေါ်သို့တက်မိကြသောအခါတွင်ကား ရှေ့ကိုက်တစ်ရာလောက်တွင် အနူကြီးသည် သစ်တောအုပ်တစ်ခုဆီသို့ သွားနေသည်ကို လှမ်းမြင်နေရ၏။ သို့သော်လည်း အနူကြီး၏ လက်ထဲတွင်ခေါင်းလောင်းမရှိတော့ပေ။ ထောက်၍ လမ်းရှောက်သောတုတ်လည်းမရှိတော့ပဲ မျက်စေ့မြင်ရသည့် လူကောင်းပကတိအတိုင်းခပ်သွက်သွက် ကြီးခြေလှမ်း လှမ်းလျက်ရှိပေသည်။ ရှယ်လတန်သည် အနူကြီးကိုမြင် လျှင်မြင်ခြင်း ခြုံပုတ်သေးတွင်ပုန်းကွယ်လိုက်ကာ. . .

"အင်း ဒီလူတို့ကိုလိုက်ချောင်းနေတာပဲကွ။ ခေါင်းလောင်းကို



www.burmeseclassic.com

www.burmeseclassic.com



မမြင်အောင်တော်ရာမှာ ပစ်ထားခဲ့ပြီထင်တယ်။ ခက်တာပဲကွ- ငါတော့ ဘာပြောပြော ဒီအနူနဲ့တော့ဘက်မသတ်ချင်ဘူးဟေ့"

"ဘာဖြစ်လို့ ကျုပ်တို့ကို လိုက်နေရပါလိမ့်မလည်း၊ ကျုပ်တို့နဲ့ ပတ်သက်တဲ့ အတွင်းရေးတစ်ခုခုတော့ ရှိပြီထင်တယ်"

"ဘာအတွင်းရေးရှိရှိ အရေးမစိုက်ပါဘူးကွာ၊ ဒါပေမဲ့ ငါလည်း တော်တော်ကို ခရီးပန်းနေပြီ ခက်တာပဲ"

"ကိုင်း. . . ဒါဖြင့်လာဗျာ။ ကွင်းပြင်ထဲကပဲလျှောက်သွား အောင်၊ ကွင်းပြင်ထဲဆိုရင်လိုက်မချောင်းနိုင်ဘူး။ သစ်တောထဲမှာတော့ လိုက်ချောင်းနိုင်တယ်"

"နေပါစေကွာ။ ဒီအနူကြီးလွန်သွားပါစေဦး။ ပြီးတော့ နောက်က လိုက်တာပေါ့"

"ဒါဖြင့် ကျုပ်ကိုလေးတင်ပေးစမ်းဗျာ၊ ကျုပ်ဒီအနူကြီးကို သတ်လိုက်မယ်"

"အမယ်လေး. . . မလုပ်ပါနဲ့ကွာ၊ အနူကိုသတ်ပြီးကိုယ့်ကို ကို ကျက်သရေအယုတ်မခံနိုင်ပါဘူး၊ လူကောင်းချင်းသတ်ရတယ်ဆို တော်သေးတယ်"

ထိုသို့ပြောနေကြခိုက် တဖန်ခေါင်းလောင်းသံတစ်ချက်ကြား လိုက်ရပြန်၏။ ရှယ်လတာ့က. . .

"ဟာ. . . ခေါင်းလောင်းသူ့လက်ထဲမှာရှိသေးတယ်ဟေ့။ မမြင် အောင်အထဲက အသီးကိုထိန်းပြီးကိုင်ထားတယ်ထင်တယ်၊ အသံကတော့ နီးလာပြန်ပြီ"

ထိုသို့ ပြောကြခိုက်တွင်ပင် အနူကြီး၏ဝတ်ရုံ ဖြူကြီးမှာ သ ပင်တစ်ပင်၏နောက်ကွယ်မှ ပေါ်လာပြီး အရပ်လေးမျက်နှာကို အ ခပ်ဟန်နှင့် ဟိုဟိုသည်သည် ကြည့်ပြီးလျှင်ခုန်ထလိုက်ကာ ရှယ်လတ ဘက်ကို ဦးတည်ပြီး ပြေးလာလေသည်။ ရှယ်လတန်နှင့် ဂျွန်မက်ချန်





သည် ကြောက်လန့်တကြားနှင့် တကွဲတပြားထွက်ပြေးကြ၏။ သို့သော် သည်း ဂျွန်မက်ချန်မှာကား ဝေးဝေးမပြေးနိုင်။ ခဏကလေးအတွင်းအနူ ကြီး၏လက်ထဲတွင်မိနေလေ၏။ ဂျွန်မက်ချန်၏အော်သံကိုကြားရသဖြင့် ရှယ်လတန်သည်ပြန်လာကာ ဒေါသထွက်လှသဖြင့် လေးနှင့်ပစ်တော့မည် အု မောင်းတင်ပြီးချိန်နေခိုက် အနူကြီးက လက်ပြပြီး. . .

"ဟေ့-ဟေ့ မပစ်နဲ့ ရှယ်လတန်. . . ငါပါကွ၊ လူမှားပါ့မယ်"

ဟုပြောကာ အနူကြီးသည် ဂျွန်မက်ချန်အား လွှတ်လိုက်ကာ၊ ခေါင်းတွင် အုပ်ထားသော ဝတ်ရုံအဖြူကြီးကိုလှပ်ပြလိုက်ရာ. . သူ၏မွေးစားဖခင် ဆာဘရက်လေကိုတွေ့မြင်နေရလေသည်။ ဆာဘရက်လေသည် ဂျွန်- ခတ်ချန်အားလက်ညှိုးထိုးပြပြီး. . .

"မင်း သူ့နာမည်ကိုဘယ်လိုခေါ်သလည်း"

"ဂျွန်မက်ချန်လို့ခေါ်တာပဲ၊ ကျုပ်နဲ့အစကမသိပါဘူး။ ခင်ဗျား သူ့ကိုသိသလား. . ."

"သိတာပေါ့ကွာ ကြည့်ပါဦး၊ မင်းလူကြောက်ပြီး မေ့လဲနေပြီ။ မင်း ငါ့ကို တွေ့ရတာ အံ့အားသင့်နေသလား"

အံ့အားသင့်တာပေါ့ဗျ။ ကျုပ်က အဟုတ်အနူကြီးအောက်မေ့ နေတာ။ ခင်ဗျားရုပ်ဖျက်လာမှန်းဘယ်သိမလည်း၊ ပြောပြပါဦး၊ ဘာလို့ ရုပ်ဖျက်လာတာလည်း"

ဆာဘရက်လေသည်ထိုအမေးကိုကြားရလျှင် အနည်းငယ် မျက်နှာပျက်သွားပြီး. . .

"အမယ်လေးကွာ. . မင်းနှယ်မေးနေရသေးတယ်။ တို့ကောင် တွေရစ်ဆင်ဂန်ရွာ တိုက်ပွဲမှာ စစ်ရှုံးလို့ ခွေးပြေးပြေးပြီး ရှိဘိကိုလစ်ခဲ့ ရတယ်။ စစ်ရှုံးတဲ့လူဆိုတော့ အနူယောင်ဆောင်ပြီး ရဲတိုက်ကြီးဆီသွား ရေ့ မြားနက်ဂိုဏ်းကကောင်တွေကလည်း တမှောင့်ဆိုတော့ ကြောက် သေးတာပဲ အနူယောင်ဆောင်ထားတော့ ဘယ်သူမှ မကပ်ချင်ပဲ ဘေး

www.burmeseclassic.com



ကင်းတာပေါ့. . .။ ရဲတိုက်ကြီးကိုသွားရင်း အခုမင်းတို့နဲ့တွေ့တာပဲ၊ ခေါင်းမှာအဝတ်အုပ်ထားရတော့ကောင်းကောင်းမမြင်ရဘူးကွ။ ဒါကြောင့် ဟိုကလှည့်ချောင်း ဒီကလှည့်ချောင်းနဲ့ ကြည့်နေတာ။ ငါတော့ မင်းတို့နှစ်ယောက်အတူတွေ့နေရတာ အံ့ဩတာပဲ။ ဟော ဟော ဟော့ မင်းလူသတိရလာပြီ"

ဆာဘရက်လေသည် ခါးကြားမှ ပုလင်းတစ်ခုကိုထုတ်ကာ ဂျွန်မက်ချန်၏ နားထင်နှင့် ဝါးစပ်ကို ဆေးရည်တစ်မျိုးနှင့်သုတ်ပေးလိုက်ရာ. . . ဂျွန်မက်ချန်မှာ မကြာမီအတွင်း သတိပြန်လည်ကာ သူတို့နှစ်ယောက်အား ကြည့်နေလေ၏။ ရှယ်လတန်က. . .

"ဟေ့. . . ကိုယ့်လူ ဘာမှမကြောက်နဲ့ကွ။ အခုဟာ အန္တမဟုတ်ဘူး ဆာဘရက်လေ" ဟုပြောလေ၏။ ဆာဘရက်လေသည်၊ ဝတ်ရုံ ထဲမှ ပေါင်မုန့်နှင့် ဝက်ပေါင်ခြောက်များကို ထုတ်ကာ. . .

"ကိုင်း. . . ငါ့မှာစားစရာတွေ ပါလာတယ်ဟေ့-စားကြ၊ ပြီးရင် တို့သုံးယောက် ရဲတိုက်ကြီးကို သွားကြရအောင်။ အဲဒီရောက်မှ စိတ်ချရမှာပဲ။ အခုတော့ ငါ့မှာ စစ်ရှုံးလို့မြေတွေ ပါတွေ ပစ္စည်းတွေ အတော်ပျက်နေပြီ။ ဒါပေမဲ့နောက်လိုက်အင်အားတော့ ရှိပါသေးတယ်ကွ။ ဘင်းနက်ဟက်ချက်နဲ့ စစ်သား ၁၀၀-လောက်ရှိတယ်။ ဆဲလဒန်ကတော့ လူ ခြောက်ယောက်ခေါ်သွားတာပဲ။ တခြားလည်း မနည်းဘူး ကျန်ပါသေးတယ်။ "ရော့" နန်းဆက်ကလူတွေနဲ့ စေ့စပ်လို့ရရင်တော့ ငါသက်သာမှာပဲဟေ့. . ."

ရှယ်လတန်မှာ ဆာဘရက်လေ၏ စကားကြားလျှင်-

"ဆဲလဒန်၊ အို. . ဆဲလဒန်ဟာ" ဟုပြောပြီး စကားကိုမဆက်နိုင်ပဲငိုနေလေ၏။

"ဆဲလဒန် ဘာဖြစ်လို့တုန်းကွ"

ရှယ်လတန်က ဆဲလဒန်တို့ အသတ်ခံရပုံကို လုံးစေ့ပတ်စေ့





ပြောပြလိုက်၏။ ဆာဘရက်လေသည် ဆိတ်ငြိမ်စွာပင်နားထောင်နေလေသည်။ သို့သော်လည်း သူ့မျက်နှာမှာကား ပျက်လျက်ရှိ၏။ ထို့နောက်. . .

"ခွေးမသား မြားနက်ဂိုဏ်းခေါင်းဆောင်. . . အဲလစ်ဒပ်ဝပ်ဆိုတဲ့ကောင်။ ဒီကောင်ကို ငါ့အိမ်တွေမီးနဲ့ရှို့ပစ္စည်းတွေလုယူပြီး ရွာကနှင်လိုက်တာ။ အခု ငါ့ကို အန်တုနေပြန်ပြီ။ အေးသိစေမပေါ့ကွာ။ ငါ့လူတစ်ယောက်သတ်ရင် သူ့လူ ၁၀ ယောက်ပြန်မသတ်ရသမျှ မကြေသေးဘူး။ ကိုင်း. . . စားကြကွာ-စားကြမြန်မြန်" ဟုပြောကာ တဖန် ဂျွန်-မက်ချန်ဘက်သို့လှည့်ပြီး. . .

"ဟေ့. . မင်းရဲတိုက်ကြီးကို လိုက်ခဲ့ရမှာနော် နားလည်ရဲ့လား"

"ကောင်းပြီ လိုက်ခဲ့မယ်"

ထိုသို့ပြောပြီးနောက် ဆာဘရက်လေသည် ဝတ်ရုံကို ခေါင်းပေါ်ပြန်ဖုံးကာ ဒုတ်နှင့်ခေါင်းလောင်းကို ပြန်ကိုင်ပြီး. . .

"ကိုင်း. . . သွားရင်းလာရင်းစားကြကွာ။ ငါ့နောက်ကနေ ရဲတိုက်ကြီးကို လိုက်ခဲ့ကြ" ဟုပြောကာ တုတ်ကို ထောက်ခါနှင့် ရဲတိုက်ကြီးဘက်သို့ထွက်သွားလေ၏။ ဆာဘရက်ကတော်တော်လှမ်းလှမ်းသို့ရောက်လျှင် ဂျွန်မက်ချန်အား. . .

"မင်းရဲတိုက်ကြီးကိုလိုက်မလို့လား"

"လိုက်ရမှာပေါ့၊ အခုမှတော့ -မထူးတော့ပါဘူး"

သို့ဖြင့်သူတို့သည် ဝက်ပေါင်ခြောက်နှင့်ပေါင်မုန့်ကို ရေးကြီးသုတ်ပျာ စားကာရဲတိုက်ကြီးဆီသို့ ခပ်သွက်သွက် ထွက်ခဲ့ကြလေ၏။ ရဲတိုက်ကြီးကိုလှမ်းမြင်နေရသောအရပ်သို့ရောက်လျှင် ဂျွန်မက်ချန်သည် ခေတ္တရပ်လိုက်ပြီး. . .

"ကိုင်း. . . ခင်ဗျား ဂျွန်မက်ချန်ဆိုတဲ့ကောင်ကိုမေ့လိုက်တော့။ နောက်တိုတွေ့ရတော့မှာမဟုတ်ဘူး။ ကျုပ်မှာအပြစ်ရှိရင်လည်း ခွင့်လွှတ်။ ကျုပ်တိုလည်း ခင်ဗျားခွင့်လွှတ်ရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟ. . . မင်း-ငါနဲ့ အတူတူ ရဲတိုက်ကြီးကိုလိုက်မှာမဟုတ်ဘူးလား။ နောင်ကိုခုဏခဏ တွေ့နိုင်တာပဲဟာ-"

"ဟင့်အင်း. . . ခင်ဗျား ဂျွန်မက်ချန်ဆိုတဲ့ လူကိုတော့ ဘယ်နည်းနဲ့မှမတွေ့နိုင်တော့ဘူးဆိုတာယုံပေတော့" ဟုပြောကာ ဂျွန်မက်ချန်သည် ခေတ္တ စဉ်းစားနေပြီးနောက် ဆက်၍. . . .

"ဆာဘရက်လေဟာ အသွင်ပြောင်းနေပြီဗျ။ အရင်ကခင်ဗျားသူ့ကိုသိတုန်းက သူဟာကောင်းတဲ့လူ။ အခုတော့ အစစ အရာရာအရေးရှုံးနိမ့် နေတဲ့လူ၊ ခင်ဗျားသတိပြုမိရဲ့လား။ သူ့မျက်လုံးထဲမှာ ကြောက်စိတ်တွေဝင်တယ်။ ကြောက်စိတ်ဝင်နေတဲ့လူဟာ ဘယ်သူ့တိုမဆို သင်္ကာမကင်းဖြစ်တတ်ပြီး အလွန်ရန်ရှာတတ်တယ်ဆိုတာကို သတိကြပ်ကြပ်ထားပေတော့. . ."

သို့ဖြင့် သူတို့နှစ်ယောက်သည် ဆာဘရက်လေ၏ခံတပ်ဖြစ်သော ရဲတိုက်ကြီးသို့ ရောက်လာကြလေ၏။ ရဲတိုက်ကြီးမှာ ဘေးပတ်ချာလည်တွင် ရေကျုံးဖြင့် ဝန်းရံထားပြီးဖြတ်ကူးရန်အတွက် တံတားအရှင်တစ်ခု ဆင်ထား၍ မြင့်မားသောကျောက်နံရံများဖြင့် ဆောက်လုပ်ထားလေသည်။ ရဲတိုက်ကြီးတံခါးဝတွင်ကား ဆာဘရက်လေနှင် ဟက်ချက်တို့သည် ရှယ်လတန်တို့အား အသင့်စောင့်ကာကြိုဆိုလျက်ရှိကြလေ၏။

## အခန်း (၉)

တန်းစတောမုတ်ဟောက် ရဲတိုက်ကြီးမှာ ကျောက်နီများနှင့် တည်ဆောက်ထားပြီး တန်းစတောသစ်တောသို့ သွားရာလမ်းနှင့် မလှမ်းမကမ်းတွင်တည်ရှိ၏။ ပုံသဏ္ဌာန်မှာ လေးထောင့်မကျတကျဖြစ်ပြီးဒေါင့်တစ်ဒေါင့်စီတွင်မြဲအိုးသဖွယ် ရဲတိုက်ငယ်ခပ်ဝိုင်းဝိုင်းများကို ဆောက်ထား





၍ လေးပစ်ရန် အကွယ်အကာများ၊ အပေါက်များ၊ သူရဲခိုသူများနှင့် အသင့်လုပ်ထားပေသည်။ ရဲတိုက်အလည်တွင် ရှုံးအဖြစ်တည်ဆောက်ထားသောအဆောက်အဦးတစ်ခုရှိ၍ ရဲတိုက်ဝင်လမ်းမုတ်ဝမှာ ၁၂ ပေခန့်ကျယ်၏။ တံတားအရှင်တစ်ခုလည်းတပ်ထား၏၊ ရဲတိုက်နံရံနှင့် လေးတစ်စင်းစာလောက်အကွာတွင် သစ်ပင်တစ်ပင် နှစ်ပင်ပေါက်နေသည်မှအပ ရဲတိုက်ကြီးမှာ ခံစစ်အတွက်ထုထည်အလွန်ကောင်းပေသည်။

ရဲတိုက်ထဲဝင်သွားပြီး ရှုံးလုပ်သည့်အဆောက်အဦးသို့ ရောက်သောအခါ ရှယ်လတန်မှာ ခံစစ်တိုက်ခိုက်ရန်အတွက် အသင့်ပြင်ဆင်နေကြသော စစ်သားများကိုတွေ့ရ၏။ အချို့မှာ ရန်သူကရဲတိုက်ကြီးကို တိုက်ခိုက်နိုင်မည့်နည်းများဖြင့် တိုက်ခိုက်လျှင်လည်း မည်ကဲ့သို့ခုခံသင့်ကြောင်းစသည်ဖြင့် ဆွေးနွေးနေကြ၏။ အချို့မှာ ပစ်ရန်မြား လုပ်သူလုပ်၊ ဓါးသွေးသူ သွေး၊ လှံအရိုးတပ်သူ တပ်နှင့် ဗာဟီယ အလုပ်များဖြင့် ရှုပ်ရှက်ခတ်နေတော့၏။

ရစ်ဆင်ဂန် စစ်ပွဲမှ ဆာဘရက်လေ၏ တပ်သား ၁၂ ယောက်သည် သစ်တောလမ်းအတိုင်းဖြတ်ကာ ထွက်ပြေးလာပြီး ရဲတိုက်ကြီးသို့ ရောက်နေကြ၏။ သူတို့အထဲတွင် လူသုံးယောက်မှာ ဒဏ်ရာရလာခဲ့၏။ ဆာဘရက်၊ ဟက်ချက်၊ ရှယ်လတန်တို့ပါ ရောက်နေသဖြင့် ရဲတိုက်ကြီး ခံတာကွယ်ရေးမှာ လူအားမသေးလှပေ။ နောက်ထပ်လည်း ရောက်လာသည့်သူများရှိနေပေသေးသည်။

ရဲတိုက်တွင်းရှိစစ်သားများမှာ ရင်ဆိုင်တိုက်နေရသော ရောဂါဆတ်မှရနိုင်သူများထက် မြားနက်ဂိုဏ်းသားများအား ပို၍ ထိတ်လန့်ကြ၏၊ ရော့နန်းဆက်နှင့် ပြန်လည်စေ့စပ်ရန်လွယ်၏။ မြားနက်ဂိုဏ်းသားများမှာကား အညိုးနှင့်ဖြစ်သဖြင့် သူတို့လူစုအား တွေ့ရာသချိုင်းကျင်းပစ်နေကြလေသည်။ မြားနက်ဂိုဏ်းခေါင်းဆောင် အဲလစ်ဒပ်ဝပ်၏ အမိန့်ကို သူ့လူများက သေဆိုသေ ရှင်ဆိုရှင် လိုက်နာပြီး ဘာကယ့်အ



www.burmeseclassic.com

www.burmeseclassic.com



ခက်အခဲ အံ့ဖွယ်သူရဲကိစ္စများပင် ရာဇဝင်ပြောင်လောက်အောင် ဆော ရွက်လေ့ရှိသည်ကို အားလုံးကြားဘူးကြ၏။ အချို့မှာကား ကိုယ်တွေ့ ကြုံတွေ့ကြရ၊ လန့်မည်ဆိုလည်းလန့်စရာပင်။ ရဲတိုက်ရုံးထဲတွင်ရှိ ကြသူများမှာကား စစ်ရှုံးပြီး စိတ်ဓါတ်ပျက်နေကြသူများဖြစ်ရုံမက သူ ၏အခြေအနေမှာလည်း ရစ်ဆင်ဂန်စစ်ပွဲရှုံးပြီကတည်းက အင်္ဂလန်ပြ ၏သစ္စာဖေါက်သူပုန်ဘဝသို့ ရောက်နေကြရာ ရန်သူ၏ချေမှုန်းခြင်း လတ်လတ်လောလော ခံကြရတော့မည်ကဲ့သို့ ဖြစ်နေကြပေသည်။

တစ်ခါတစ်ရံ ညနေစောင်းနှင့် ညအချိန်များတွင် စီးသူမဲ့ သော စစ်မြင်းများသည် အသံကုန်ဟီရင်း ရဲတိုက်ကြီးတံခါးဝသို့ ရော လာတတ်၏။ အချို့မှာ မြားနက်ကိုဏ်း၏သုတ်သင်ခြင်းကို ခံရသော ဆဲလဒန်နှင့် ရဲဘော်များ၏မြင်းများဖြစ်၍၊ အချို့မှာစစ်မြေပြင်တွင် ကျ သူတို့၏ မြင်းများဖြစ်လေသည်။ နောက်ဆုံးတွင်အရုဏ်တက်ဝေ ဝေလင်းအချိန်၌ လှံကိုင်စစ်သားတစ်ယောက် ရဲတိုက်တံခါးဝသို့ ရောက်လာရာ၊ သူ့ခမြာ မြားနက်ကိုဏ်း၏ လက်ချက်ဖြင့် မြားသုံးချောင်း တန်းလန်းကြီး မှန်နေရှာ၏။ ရဲတိုက်တွင်းသို့သွင်းပြီးသည်နှင့် တပြိုင် နက်ပင် ၎င်းလှံကိုင်စစ်သားမှာ စကားမေးမရတော့ပဲ သေဆုံးသွား ရှာလေသည်။

ဟက်ချက်မှာ ရှယ်လတန်ပြောပြသဖြင့် ဆဲလဒန်တို့လူစု အ သက်ပျောက်ရပုံကို ကြားရသည်နှင့်တပြိုင်နက်၊ ကျုံကျုံပါအောင်ငို တော့၏။ ရုံးခန်းအတွင်းရှိ စစ်သားများမှာ ဟက်ချက်ငိုနေသည်ကိုကြည့် ကာ အံ့အားသင့်နေကြ၏။ သို့သော်လည်းဘာကြောင့်ငို နေသည်ဆိုသော အကြောင်းအရင်းကိုကား မမေးဝံ့ကြပေ။ ဟက်ချက်သည်အနားတွင်ရှိ သော ရှယ်လတန်မှအား. . .

"ခက်တော့တာပဲ၊ ဆဲလဒန်ဟာငါ့ညီအရင်းလိုပဲ အလွန်ခင်မင် ကောင်လေးကွာ. . . ၊ ပထမဆုံးမြားနက်ကိုဏ်းရဲ့လက်ချက်နဲ့ အဘိုးကြီး





ဆက်ဝဲရုဒ် ကိစ္စချောပြီး-ဆဲလဒန်သေတာပဲ။ နောက်ဆမစ်သေပြီး၊ တစ် ခန့်ဖရီလည်း မြားနက်ကိုဏ်းကောင်းမှုနဲ့ သေပြန်ရော။ တစ်ခါက တန်း ောမှတ်ဟောက် တံခါးဝမှာ မြားနက်ကိုဏ်းကစာကပ်သွားတော့. . . တဲ့တွ ရေးထားတာ မင်းတို့အသည်းနက်နက်ထဲကို မြားနက်နက်ဝင် အောင်စိုက်ပြမယ်ဆို ထင်ပါရဲ့၊ အခုကြားလားညည်းနေတာ ကာတာ ဆိုတဲ့ စစ်သားလေးကိုရွှေမြားနက်ရဲ့ လက်ချက်ပေါ့. . . "

ရှယ်လတန်သည် အနားတွင်ရှိသော တံခါးပေါက်မှ လှမ်းပြီး ကြည့်ရင်း. . .

"ဒီလူ ကာတာဟာ ဟိုဘက်ဘေးမှာရှိသလား"

"အေး. . . ဟိုဘက်ခန်းထဲမှာရှိတယ်။ သနားပါတယ်ကွာ၊ ခမျာသေခါနီးမို့ထင်ပါရဲ့၊ ဘုန်းကြီးခေါ်ပေးဖို့ချည့် ပြောနေတယ်။ . . ဘုန်းကြီးလုပ်တဲ့ ဆာအော်လီဗာကလည်း ဘာလို့မလာ သေးတာ မသိပါဘူး။ အေးလေ. . . ကာတာကမှ ကံကောင်းပါသေးတယ်၊ အဘိုးကြီး အက်ပဲရဒ်နဲ့ ဆဲလဒန်တို့ သေသွားကြရရှာတာပဲ"

ရှယ်လတန်လှမ်းကြည့်နေသော အခန်းလေးမှာ မှောင်နေသော် ည်းအောက်ကြမ်းပြင်ပေါ်တွင် လဲကျညည်းတွားနေသော လူနာကိုကား ောင်းစွာမြင်ရပေသည်။ ရှယ်လတန်သည် လှမ်းပြီး. . .

"ဟေ့ ကာတာ ဘယ့်နှယ်နေလဲဟေ့၊ နေကောင်းရဲ့လား"

"အော်. . . ရှယ်လတန်လား၊ သေမှာပါပဲကွာ။ ငါသေခါနီးမှာ နောက်ဆုံးကူညီတဲ့အနေနဲ့ ဘုန်းကြီးတစ်ပါးလောက်ပင့်ခဲ့စမ်းပါကွာ" ဟု ပြောကာ ကာတာသည် ညည်းတွားနေလေ၏။

ထိုအခိုက်တွင် ဆာဘာရက်လေပေါက်လာလေ၏။ သူ့လက်ထဲ တွင် စာတစ်စောင်ကိုင်လာကာ ရုံးထဲရှိ စစ်သားများအား. . .

"ဟေ့ ရဲဘော်တွေ၊ ငါတို့အကြပ်အတည်း ကျနေပြီကွာ၊ အခု စစ်ရှုံးနေတယ်။ ငါတို့ရဲ့ဆိုးဝါးတဲ့ အခြေအနေကို ဘယ်ထင်မဲ့



www.burmeseclassic.com

www.burmeseclassic.com



နည်းလမ်း တစ်ခုပဲရှိတယ်၊ အဲဒီနည်းလမ်းက ရှော့နန်းဆက်လူတွေ
စေ့စပ်ဖို့လိုတယ်။ ဒီလိုစေ့စပ်ပြီးငါတို့အပြစ်တွေကိုဆေးကြောပစ်ပြီး
အနာဂတ်ကာလမှာ ငါတို့ကြီးပွားဖို့ ငါ့မှာမိတ်ဆွေတစ်ယောက်ရှိတယ်
ဒီမိတ်ဆွေဟာ လော့ဝင်ဆလေဒေးဆိုတဲ့လူပဲ။ သူ့ဆီကို အတိုချုပ်
အကြောင်း အစုံအလင် စာရေးပြီးပို့ချင်တယ်။ ဒီစာကိုယူသွားနိုင်
လူထွက်စမ်းကွာ ထွက်စမ်း။ စာကအရေးကြီးတယ်၊ နောက်ပြီး
လော့ဝင်ဆလေဒေးဆီကို အမြန်ဆုံးရောက်ဖို့လိုတယ်။ လမ်းမှာလည်း
သစ်တောထဲမှာဆိုရင် တို့ရန်သူ မြားနက်ဂိုဏ်းသားတွေရှိနေတော့
စာပို့ရမဲ့တာဝန်ယူတဲ့လူဟာ အတော်သတိထားရမယ်။ အဲ. . . ဒီစာကို
ဘယ်သူပို့ပေးနိုင်မလည်းဟေ့"

ဤတွင်- လူတစ်ယောက်သည် မတ်တပ်ရပ်လိုက်ကာ. . .

"ကျွန်တော်ပို့ပေးမယ်လေကြိုက်ရဲ့မဟုတ်လား၊ အသေခံပြီး
ဆောင်ရွက်ပေးရမှာပေါ့"

"အော်-ဒစ်တိုးဝါးလား။ အို. . . မင်းနဲ့မဖြစ်ပါဘူးကွာ။ မင်းက
နည်းနည်းပိန်တယ်၊ အားမရှိဘူး" ဟုပြောရာ၊ နောက်တစ်ယောက်
ထပြီး. . . "ဒါဖြင့်-ကျွန်တော်ပို့မယ်လေ"

"အေး-မင်းတတော့ သွက်လက်ပုံရပါရဲ့ကွာ။ ဒါပေမဲ့မဖြစ်သေး
ပါဘူး" ဤတွင် ဘင်းနက်ဟက်ချက်သည် နေရာမှထလိုက်ရာ ဆာဘ
ရက်လေက. . .

"မင်းလည်းမဖြစ်သေးဘူး-ဟက်ချက်။ မင်းကရဲတိုက်မှာနေ
ကောင်းမှာ၊ တခြားသွားလို့မဖြစ်သေးဘူး. . ." ဟုပြောလေ၏။ ဤတွင်
စစ်သားအများပင်ထကာ တာဝန်ကို ထမ်းဆောင်ရန် ရှေ့တိုးလာကြ
ဖြင့်ဆာဘရက်လေသည် လူတစ်ယောက်ကိုရွေးချယ်ပြီး. . .

"ကိုင်း-မင်းသွားပို့။ ခပ်မြန်မြန် ပို့နော်၊ သတိလည်းထား။ ငါတို့
အားလုံးရဲ့နောင်ရေးဟာမင်းအပေါ်မှာတည်နေတာပဲ။ လော့ဝင်ဆလေ-





ဒေး ဆီကစာပြန်ပြီးယူခဲ့။ ကောင်းတဲ့အဖြေကို ပြန်ပြီးကြားချင်တယ်ကွာ
သိလား-နောက်ခုနှစ်ပတ်လောက်အတွင်းမှာတော့ သစ်တောထဲမှာရှိ
တဲ့ မြားနက် သတ္တဝါတွေကို ငါအပြုတ်တိုက်ပစ်မှာပဲကွ။ ဒါပေမဲ့
သရှော့မိုတန်ရေ ဒါလည်းမလွယ်ဘူး၊ မင်းဒီစာကို ယူသွားတဲ့အခါ ညမှာ
ခရီးသွား၊ တစ်(လ်)မြစ်ကိုတော့ ဥာဏ်ရှိသလို ဖြတ်ကူးပေတော့။ ကူး
တို့လည်းမရှိတော့ဘူး" ဟုပြောလေ၏။ ဤတွင် ဆက်သားအဖြစ် စာကို
ယူသွားမည့် သရှော့မိုတန်ဆိုသူက. . .

"ကျွန်တော်ရေကူးသွားမှာပေါ့၊ စိတ်ချနေပါ၊ မစိုးရိမ်ပါနဲ့။ ကျွန်
တော့တာဝန် ကျေပြွန်အောင်ထမ်းပြီးပြန်လာခဲ့ပါ့မယ်"

"ကိုင်း-ဒါဖြင့် မင်း-ရိက္ခာ ဂိုဒေါင်ကိုလိုက်ခဲ့၊ အစားအစာနဲ့
အစ်တာတွေကို ယူသွား"

ဤသို့ ပြောပြီးလျှင် ဆာဘရက်လေသည် ထွက်သွားလေ၏၊
ဟက်ချက်က ရှယ်လတန်အား. . .

"ကြည့်စမ်း-ဆာဘရက်လေပြောပုံ ဘယ်လောက်ကောင်းသလဲ၊
သူဟာ အတော့်ကိုလိမ္မာတဲ့လူပါပဲ"

ဤသို့ ဟက်ချက်က ဆာဘရက်လေအား ချီးမွမ်းစကားပြောသည်ကို
ဆောင်က ရှယ်လတန်သည် မေးခွန်းထုတ်လိုစိတ်ပေါက်လာပြီး. . .

"ဒါနဲ့ ကျုပ်အဖေ ဟဲရီရှယ်လတန်သေသွားတာဟာ ဘယ်ပုံ
ဘယ်နည်းနဲ့ သေသွားတာလည်းဗျ"

"ဒီအကြောင်းကို ငါ့ကိုမေးမနေပါနဲ့ကွာ။ သူ့ကိုသတ်တဲ့အထဲ
လည်းမပါဘူး။ ငါကိုယ်တိုင်လည်းသတ်တာမဟုတ်ဘူး၊ သိရင်လည်း
ပြောရဲဘူးဟေ့-မေးချင်ရင် ဆာအော်လီဗာကို ဖြစ်ဖြစ် ကာတာကိုပဲ
ဖြစ် မေးကြည့်ပါလား" ဟုပြောကာ ဟက်ချက်သည်ကင်းစစ်ရန် ထွက်
သွားလေသည်။ ရှယ်လတန်မှာကား ဟက်ချက်ရုတ်တရက်ထွက်သွား
သည်ကို အံ့အားသင့်နေကာ သူပြောသည့်အတိုင်း သူ့အဖေကိုသတ်-သည့်



www.burmeseclassic.com

www.burmeseclassic.com



အထဲတွင် ကာတာပါဝင်မည်ဟုထင်မှတ်သည့်အတိုင်း ကာတာလဲ
သောအခန်းဘက်သို့ကူးခဲ့လေ၏။ ကာတာသည်ရှယ်လတန်အားမြင်လျှင်

"မင်း ဘုန်းကြီးပင့်ခဲ့ပြီလား"

"မပင့်ရသေးဘူး၊ မပင့်ခင် ခင်ဗျားကိုမေးစရာတစ်ခုရှိလို့၊ ကျွ
အဖေ-ဟဲရီရှယ်လတန်ဟာ ဘယ်လိုသေသွားရတာလည်း"

ဤတွင် ကာတာ၏မျက်နှာ တစ်ချက်ပျက်သွားပြီး...

"ငါမသိပါဘူးကွာ"

"အမယ်ဗျာ ခင်ဗျားသိပါတယ်"

"မသိပါဘူး ဆိုနေကွာ"

"အေး-ခင်ဗျားမပြောရင်တော့ ကျုပ်ဘုန်းကြီးကိုဒီထဲဝင်မခံဘူ
ဒါမှခင်ဗျား သေချင်ရင်တော့ သဘောပဲ..."

"သေခါနီး လူတစ်ယောက်ကိုခြိမ်းခြောက်တာ မကောင်းပါဘူး
ဒါပေမဲ့ငါကတော့ ဘယ်တော့မှဖွင့်မပြောဘူး" ဟုပြောကာ ကာတာသည်
တစ်ဘက်သို့လှည့်သွားလေ၏။ ရှယ်လတန်မှာ သေခါနီးလူတစ်ယောက်
ခြိမ်းခြောက်နေမိသဖြင့် မ တော်ကြောင်းစဉ်းစားမိကာ...

"အို ကျုပ်ကိုအထင်မလွဲပါနဲ့ဗျာ၊ အထင်မလွဲပါနဲ့၊ ခင်ဗျားဟာ
ကျုပ်အဖေကိုသတ်တဲ့အထဲမှာ ပါနေရတာ မရှောင်မလွှဲသာလို့ဆိုတာ
ကျုပ်သိပါတယ်။ ခင်ဗျားလို မတတ်သာလို့ပါရတဲ့လူတစ်ယောက်ကို ကျုပ်
ဘယ်လိုမှ မအောက်မေ့ပါဘူး။ ဒါပေမဲ့ အများပြောတာကြားနေရတော့
ကျုပ်တာဝန်ဖြစ်နေလို့ ဒီအကြောင်းကိုမေးမိတာပါ။ ကျုပ်မှာလက်စား
ချေရမယ့် တာဝန်ရှိနေတယ်ဗျ။ အဲဒီတော့ ခင်ဗျားကလည်း ကျုပ်ကိုရှေ
မယူပဲ၊ အကြောင်းမှန်ကိုသာဖွင့်ပြောပါဗျာ။ ကျုပ်ကို ဒီတစ်ချက်တော့
မသေခင် ဖွင့်ဟပြီး ကူညီခဲ့ပါဦး၊ ကျုပ် တောင်းပန်ပါတယ်"

သို့သော်လည်း ကာတာမှာကား စကားတစ်ခွန်းမျှပြန်မပြော
ယခင်ကညည်းနေသည်ကိုပင် ယခုညည်းနေဖော်မရတော့ပဲ ဖြစ်နေရာ





ရှယ်လတန်သည် အခန်းထဲမှထွက်လာပြီး ကာတာ၏ဆိတ်ဆိတ်နေခြင်း
ပင်လျှင် သတ်ပါသည်ဟု ဖွင့်ဟဝန်ခံနေသလိုဖြစ်နေပြီး ဆာဘရက်လေ
နှင့်သူ့လူများသည် သူ့ဖခင် ဟဲရီရှယ်လတန်အားသတ်ပစ်သူများ ဖြစ်ရ
သည်ဟု တစ်ထစ်ချမှတ်ယူလိုက်လေ၏။

ရှယ်လတန်သည် အခန်းပြင်ဘက်ရှိ ကျောက်လှေခါးပေါ်တွင်
ထိုင်တပ်ရပ်ခါ စဉ်းစားနေလေ၏။ ယခုကဲ့သို့ ဆာဘရက်လေ အရေးနိမ့်
နေပြီး တစ်ဘက်မှမြားနက်ဂိုဏ်းဝင်များနှင့် ရှေ့နန်းဆက်ဘက်တော်သား
များ၏ရန်ကြောင့် ဒုက္ခအမျိုးမျိုးရောက်နေချိန်တွင် ရှယ်လတန်ကလည်း
သူ့အားငယ်ကတည်းက ကျွေးမွေးပြုစုလာသူ မွေးစားဖခင်အား ကလန်
ကဆန်လုပ်ရတော့မည်သကဲ့သို့ ဖြစ်နေပေသည်။ ဤသို့ လက်စား ချေရန်
အလုပ်မှာ မြေနိမ့်ရာလှံစိုက်သလိုဖြစ်နေပေတော့မည်၊ သို့ဖြင့် ဆာဘ
ရက်လေမပါ ပါစေနဲ့ဟု ဆုတောင်းနေမိလေ၏၊ ထိုအခိုက်တွင် ဆာ
အော်လီဗာရောက်လာရာ၊ ရှယ်လတန်က...

"ကာတာကတော့ ခင်ဗျားကို မျှော်နေတာကြာပြီ"

"အေး အခုသွားမလို့ပါပဲကွ၊ ဒီကောင်တော့သေမှာပါပဲ ထင်
ပါရဲ့ကွာ"

"အင်း ကိုယ်မှာခံရတဲ့ ဒဏ်ချက်က တော်တော်ရယ် သူ့ခမြာ
စိတ်ဆင်းရဲတာက ပိုနေတယ်"

"အော်... မင်း သူနဲ့ တွေ့လို့လား"

"အခုပဲ သူ့ဆီကပြန်လာတယ်"

"သူကဘာပြောသေးတုန်းဟင်..၊ သူကဘာပြောသေးတုန်း"

"ခင်ဗျားကို မျှော်နေတာပဲ၊ ခပ်မြန်မြန်သွားရင်ကောင်းမယ်"

"အေးကွာ-သွားပါမယ်။ ကိုယ့်အပြစ်နဲ့ကိုယ်တော့ရှိကြတာပဲ
တော့။ မင်းတို့ငါတို့ အားလုံးသေခါနီးကျလို့ ကိုယ့်အပြစ်ကိုဖွင့်ပြောပြီး
သေကြရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း-အမှန်အတိုင်း ဖွင့်ပြောလေ့ရှိကြရင်တော့ ကောင်းတာ ပေါ့လေ"

ဆာအော်လီဗာမှာ အဓိပ္ပါယ်နှစ်ခွပါသော ရှယ်လတန်၏ စကားနားထောင်ပြီး မျက်လွှာအောက်ချလိုက်၏။ ထိုနောက်ကာတာရှိရာ အခန်းတွင်းသို့ ဝင်သွားလေ၏။ ဘုန်းကြီးဆာအော်လီဗာ၏ မျက်နှာ ထားကိုကြည့်ကာ ဘုန်းကြီးတန်မဲ့သူ့အဖေအား သတ်သည့်အထဲတွင် သည်ဟု မှတ်ချက်ချလိုက်ပြန်၏။ ဆာအော်လီဗာမှာ သူ့ကိုပညာသင်ပေး ခဲ့သူဖြစ်ရာ မွေးကျွေးပြုစုသူ မွေးစားဖခင်ကရော ဆရာဘုန်းကြီးပါသူ့အ ဖေကိုသတ်ရိုးမှန်လျှင် လောကကြီးတစ်ခုလုံး အကောင်းတစ်ကွက်မှ ရှိ ရာမကျန်တော့ဟု တွေးမိလေ၏။ မည်သို့ပင်ဖြစ်စေ ရှယ်လတန်သည် လက်စားချေမိအောင်ချေမည်ဟု စိတ်ပိုင်းဖြတ်လိုက်လေ၏။ ဤသို့ တွေးနေရင်း ဆာဘာရက်လေသတ်သည်ဟု ပထမဆုံးပြောပြသူ ဂျွန်မက်ချန်အား အမှတ်ရမိလေ၏။ ရဲတိုက်ကြီးထဲဝင်မိသည့်အချိန်မှစ၍ ရှယ်လတန်မှာ ဂျွန်မက်ချန်နှင့်ကွဲသွားရာ ယခုသူဘယ်ရောက်နေသည်ကို မသိရ။ စကား စမြည် ပြောဆိုနှီးနှောရန် အလွန်တွေ့ချင်နေလေသည်။

နောက်တစ်နာရီခန့်ရှိလျှင် ညနေစာ စားချိန်ရောက်လာသဖြင့် ရှယ်လတန်သည် ညစာကျွေးရာ ညစာ စားခန်းသို့လာခဲ့၏။ အခန်းကြီး မှာ ခပ်ရှည်ရှည်ဖြစ်၍ မျက်နှာကျက်မှာနိမ့်လှ၏။ နံရံများတွင် လူရိုင်းများ နှင့် အမဲလိုက်ခွေးများပုံကို ဆွဲထား၍ အချို့နေရာများတွင် လှံများလေး များကိုစုပုံထား၏။ ညနေစာစားရန် ဆာဘာရက်လေရော သူ့ဇနီးရော ဘုန်းကြီးလုပ်သူဆာအော်လီဗာရော ပေါက်မလာပေ။ ရှယ်လတန်မှာ ဤခန်းမကြီးတွင်လည်း ဂျွန်မက်ချန်အား မတွေ့ရပဲနေသဖြင့် စိုးရိမ်မကင်း ဖြစ်လာ၏။

ညနေစာစားပြီးလျှင် ရှယ်လတန်သည် ဟက်ချက်၏မိန်းမထံ တွေ့ရ၏။ ဟက်ချက်ကတော်မှာ ဆာဘာရက်လေ၏ မိန်းမထံသို့သွားမည်





ဒီကိုက် ရှယ်လတန်က. . .

"ကျုပ်တို့ရဲတိုက်ထဲဝင်တုန်းက ဂျွန်မက်ချန်ဆိုတဲ့ကောင်လေး ခင်ဗျားနဲ့ လိုက်သွားတာမြင်ပါတယ်။ အခုအဲဒီကောင်လေးဘယ်ရောက် နေလည်းဗျ" ဟုမေးရာ ဟက်ချက်ကတော်သည် ရယ်မောကာ. . .

"မင်း တယ်မျက်စေ့ ရှင်ပါလားဟေ့"

"အေးပါဗျာ မျက်စေ့ရှင်တာဘေးချိတ်ထားစမ်းပါ။ ဒီကောင် လေးအခုဘယ်မှာလည်း"

"မင်းသူနဲ့ နောက်ထပ်မတွေ့နိုင်တော့ဘူး"

"ဘာဖြစ်လို့လည်းဗျ ဒီကောင်လေးကို ကျုပ်စောင့်ရှောက်ပါ့ မယ်ဆိုတဲ့ကတိနဲ့ခေါ်လာတာဗျ။ သူတစ်ခုခုဖြစ်ရင် ကျုပ်တာဝန်မကင်း ဘူး ကျုပ်ကာကွယ်ရလိမ့်မယ်"

ထိုအခိုက်တွင် လက်တစ်ခုသည် ရှယ်လတန်၏ပခုံးပေါ်သို့ကျ လာသဖြင့်လှည့်ကြည့်လိုက်ရာ၊ ဟက်ချက်အားတွေ့ရလေ၏။ ဟက်ချက် ကတော်မှာကား. . . သူတို့နှစ်ယောက်အား- ထားပစ်ခဲ့ပြီးထွက်သွားလေ ၏။ နှစ်ယောက်တည်းရှိကြသောအခါ ဟက်ချက်က-

"မင်းနှယ်ကွာ လွှမ်းဖျား၊ လွှမ်းနာများကျနေသလား။ ဘာဖြစ် နေတာလည်း ရဲတိုက်ထဲရောက်လာကတည်းက မင်းငါ့ကို မင်းအဖေသေ တဲ့အကြောင်းလည်းမေးပြီးပြီ။ ကာတာကိုလည်းမေးလိုက်သေးတယ်။ အခုတိုင်း မျက်နှာရှင်ရှင်ပြပြ ဣန္ဒြေရရထားစမ်းကွာ. . .။ မင်းကို ဆာဘာရက်လေ ခေါ်နေတယ်"

"ကျုပ်တော့ မတရားတာ အလုပ်ခံရတယ်လို့ ထင်နေတယ်ဗျာ။ အနေအထိုင် ပျက်နေကြတာတော့ အမှန်ပဲ"

"စိတ်အေး အေးနေစမ်းပါကွာ၊ ကိုယ့်ဒုက္ခကိုယ်မရှာစမ်းပါနဲ့။ ကဲ... လာ လာ ဆာဘာရက်လေက မင်းကိုခေါ်နေတယ်သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ဆာဘရက်လေမှာ အခန်းမကြီးထဲတွင်ရှိ၍ ဒေါသထွက် မျက်နှာထားနှင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ အနားသို့ ကားမည်သူမျှမရှိ။ ဆာအော်လီဗာ တစ်ယောက်သာလျှင် တစ်ခုခုစဉ်း တွေးတောနေဟန်နှင့် ထိုင်နေ၏။ ရှယ်လတန်က ရောက်လျှင်. . .

"ကျွန်တော့်ကို အခေါ်ခိုင်းတယ်ဆိုလို့ လာပါတယ်" ဟုပြော ရာ ဆာဘရက်လေက. . .

"အေး. . . ခေါ်ခိုင်းလိုက်တယ်။ ငါဟာမင်းအပေါ်မှာအဖေ ရင်းလောက်ကောင်းခဲ့ရက်နဲ့ မင်းအဖေကိုသတ်တယ်လို့ မင်းကစွပ်စွဲ တယ်ဆို၊ ဒါ-ဘာသဘောလည်း။ မင်းငါတို့ဘက်တော်သားအဖြစ် သစ္စာဖောက်ပြီး ဘက်ပြောင်းချင်လို့လား။ ဒါမှမဟုတ်-ငါ့ကိုမကောင်း ကြံချင်လို့လား"

"ဘယ်လိုမှမကြံပါဘူး၊ ခင်ဗျားရော. . . ဆာအော်လီဗာကိုရော ကျုပ် ကျေးဇူးမမေ့ပါဘူး"

"အေး. . . ကျေးဇူးမမေ့တာတော့ဟုတ်ပါရဲ့၊ အခုလိုငါ့ ပစ္စည်းတွေပျက်၊ အရေးတွေနိမ့်ပြီး-ရန်သူဝိုင်းဝိုင်းလည်နေတုန်းမှာ မင်း ကဟိုဟာလျှောက်ပြော၊ ဒီဟာလျှောက်မေးနဲ့ မတော်တရော်တွေ လျှောက် လုပ်နေတာက ဘာလုပ်တာတုန်း။ မင်း-ငါ့ကိုအဲတုချင်လို့လား။ ဘာချင် ရင်လည်း ခပ်ရှင်းရှင်းပဲဖွင့်ပြော၊ ဒါမှမဟုတ် မင်းဘာကိုသိချင် တာလည်း၊ အခု ဖွင့်ပြော၊ ငါတို့မင်းမေးသမျှကိုဖြေမယ်. . ."

"ကျွန်တော့်အဖေဟာ ကျွန်တော်လူမမယ် အရွယ်ကသေသွား တယ်။ သူသေတာဟာ တစ်စုံတစ်ဦးက သတ်ပစ်တယ်လို့ကြားရတယ်၊ သတ်တဲ့လူဟာလည်း ခင်ဗျားကခိုင်းတယ်လို့ ပြောတယ်။ ကျွန်တော့်အဖေ သေတာကို ကွဲကွဲပြားပြား အကြောင်းစုံမသိရပဲ၊ ကျွန်တော်ခင်ဗျား





ပြီဖို့ ဝန်လေးတယ်ထင်တာပဲ"

ဆာဘရက်လေသည် မေးကိုလက်နှင့်ပွတ်ကာ ရှယ်လတန် အား စေ့စေ့ကြည့်ရင်း. . .

"ငါကိုယ်တိုင် သတ်ခဲ့တဲ့လူရဲ့ သားကို ဆက်ပြီးမွေးစားထား ယ်လို့ မင်းထင်သလား. . ."

"ကျွန်တော်အခုပြောမဲ့စကားတွေဟာ ရိုင်းရင်တော့နည်းနည်း ည်းခံပြီး နားထောင်ပါ။ တကယ်လို့သာ ကျွန်တော့် လယ်တွေ၊ မြေ တွေ ပစ္စည်းတွေကိုလည်းသုံးရ၊ ကျွန်တော့်လူတွေကိုလည်းခိုင်းရ၊ ကျွန် တော့်လက်ထပ်မဲ့ပြည့်သနာ ကိုလည်းချုပ်ခြယ်နိုင်ခွင့်ရရင် လူတစ်ယောက် ဟာ ဘာလို့မွေးစားသား တစ်ယောက်မထားနိုင်ပဲရှိပါ့မလည်း။ အဲဒီလို သဘောနဲ့ လူတစ်ယောက်က လူတစ်ယောက်ကိုသတ်နိုင်ရင် ဒီလူထက် ယုတ်ညံ့တဲ့လူတော့-ရှိမှာမဟုတ်တော့ဘူး"

"ငါ မင်းအရွယ်လောက်တုန်းက ဘယ်သူ့ကိုမှအထင်မလွဲခဲ့ဖူး ဘူး တဲ့. . . ဟောဒီက ဆာအော်လီဗာကလည်း ဘုန်းကြီးလုပ်ပြီး ဘာလုပ်ဖို့ မင်းအဖေကိုသတ်တဲ့အထဲမှာ ပါနိုင်ပါ့မလဲ"

"ဒါပေမဲ့ ခင်ဗျားက ဆရာပဲဗျ။ ဆာအော်လီဗာက ခင်ဗျား နောက်လိုက်ပဲ၊ ခင်ဗျားကရှေ့ဆောင်ရင် သူကနောက်လိုက်မလုပ်ဝံ့စ ရာရှိပါဘူး။ ကျုပ်ကတော့ ရှင်းရှင်းမေးနေတာပဲ။ ကျုပ်သိချင်တာကို သိရရင်မကျေနပ်ဘူး"

"အေး. . . မင်းလူ့လားမြောက်လာတဲ့တစ်နေ့မှာ မင်းမေးသမျှ ကိုငါဖြေမယ်၊ အခုလို ငါ့ထမင်းလုပ် လည်ချောင်းကမကျသေးတဲ့ အချိန် မှာတော့ မင်းငါ့ကို အခုပြောသလို စော်ကားတော့မနေနဲ့၊ ဒီမှာမနေချင် ရင်တွေ့ တံခါးဖွင့်ပေးလိုက်မယ်၊ တန်းစတောသစ်တောထဲမှာလည်း ငါ့ လူတွေရှိလေရဲ့"

ဤသို့ ဆာဘရက်လေ၏ပြောလိုက်ခြင်းအတွက် ရှယ်လတန်



www.burmeseclassic.com

www.burmeseclassic.com



၏စိတ်ကိုများစွာထိခိုက်စေလေ၏။ သို့သော်လည်းသူ သိလိုသောအဖြေကို မရသဖြင့်. . .

"ကျုပ် ခင်ဗျားကိုယုံပါတယ်။ ကျုပ် အဖေကိုသတ်တဲ့အထဲမှာ ခင်ဗျားမပါဘူးမဟုတ်လား။ ခင်ဗျား ကျိန်ပြီးပြောရဲရဲ့လား"

"အို. . . ငါမင်းအဖေသတ်တဲ့အထဲမှာ မပါဘူး" ဟုပြောကာ လက်ကိုလှမ်းလိုက်ရာ. . . ရှယ်လတန်သည်၊ လှမ်းဆွဲပြီး လှုပ်ရမ်းနှုတ်ဆက်လိုက်လေ၏။ သို့သော်လည်း ထိုင်နေသော ဆာအော်လီဗာမှာကား ဆာဘရက်လေက လိမ်ညာပြီး ကျိန်နေသည်ကို ကြောက်လန့်တကြားနေရာမှ ထ ရမလို ထိုင် ရမလို၊ တုန်လှုပ်ခြောက်ချားနေသည်ကို ရှယ်လတန်မမြင်ပေ။ သို့ကြောင့် ဆာဘရက်လေအား. . .

"တျုပ် အရမ်းမဲ့ အထင်လွဲခဲ့မိတာကို ခွင့်လွှတ်ပါဗျာ"

"အေး-အေး ခွင့်လွှတ်ပါတယ်ကွာ- ဒီလိုပေါ့ လူဆိုတာမှားတဲ့အခါလည်းမှားတာပေါ့"

"ကျွန်တော့်အပြစ်ပါပဲဗျာ" ဟုပြောကာ- ရှယ်လတန်သည် ဆာအော်လီဗာ ဘက်သို့လှည့်ကြည့်လိုက်မိရာ ဆာအော်လီဗာမှာ ကွယ်မရလောက်အောင် မျက်နှာများ နီမြန်းပြီးအပျက်ကြီးပျက်နေသည်ကိုမြင်ရလေ၏။ ရှယ်လတန်ကြည့်နေသည်ကိုမြင်လျှင် ဆာအော်လီဗာသည် မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး၊ ဆောက်တည်ရာမရတော့ပဲ အော်တစ်လိုက်လေ၏။ ဆာဘရက်လေသည် ဆာအော်လီဗာထံပြေးသွားပြီးပခုံးကိုဆွဲလှုပ်လိုက်၏။ ဤတွင် ရှယ်လတန်မှာ မသင်္ကာစိတ်များဝင်လာပြန်ကာ. . .

"အို. . . ဆာအော်လီဗါရော ကျိန်ရမယ်ဗျာ။ ကျုပ်ကို သတင်းပေးတဲ့လူတွေက ဆာအော်လီဗါရော သတ်တဲ့အထဲမှာပါတယ်လို့ စွပ်စွဲနေကြတယ်. . ." ဟုပြောရာ ဆာဘရက်လေက သမ္မာကျမ်းစာအုပ်တစ်အုပ်ကို စားပွဲပေါ်မှာလှမ်းယူလိုက်ပြီး. . .

"အေး. . . သူလည်း ကျိန်ရမှာပေါ့ကွာ ကျိန်ရမှာပေါ့"





သို့သော်လည်း ဆာအော်လီဗာမှာကား စကားမပြောနိုင်သေးချေ။ သူ့ကြောက်စိတ်မှာ ကြောက်သည်နှင့်အမျှ ဆာဘရက်လေ ကိုပါ ကြောက်နေရလေသည်။

ထိုအခိုက်တွင်ပင် အခန်းနံရံ မှန်ပြတင်းတစ်ခုကို ဖေါက်ထွင်းဝင်လာသော မြားနက်တစ်စင်းသည် အခန်းတွင်းရှိ စားပွဲအရှည်ကြီး ပေါ်တွင် စိုက်လျက် အမြီးကလေးတလှုပ်လှုပ်နှင့် ဖြစ်နေလေ၏။

ဆာအော်လီဗာသည် မြားကိုမြင်လျှင် တစ်ချက်မျှအော်ကာ ခွေမြောသွားလေ၏။ ဆာဘရက်လေနှင့် ရှယ်လတန်တို့မှာကား မြားဝင်လာသည့် မှန်ပြတင်းသို့ ပြေးသွားကာလှမ်းမျှော်ကြည့်သော်လည်း၊ အဝေးတွင်ရှိသော တန်းစတောသစ်တောကိုသာမြင်ရပြီး မသင်္ကာဖွယ်သူတစ်ယောက်မျှမတွေ့ရကြရပေ။ ဆာဘရက်လေက. . .

"ဒီမြား-ဘယ်ကနေလာတာပါလိမ့်မလဲ" ဟုမေးရာ အနားတွင်စောင့်နေသော ကင်းသမားတစ်ဦးက. . .

"ဟောဟို-တောအုပ်ဆီကလာတာ သခင်"

"ဆာဘရက်လေသည် ရှယ်လတန်ဘက်သို့လှည့်ကာ. . .

"ကိုင်း. . . မင်းဒီမှာ ခဏကြည့်နေခဲ့စမ်း၊ ဆာအော်လီဗာက တော့ ကျမ်းကျိန်ရမယ်ကွ။ မကျိန်ရင်သူ့မှာအပြစ်ရှိလို့သာဖြစ်မှာပဲ" ဟုပြောကာ ထွက်သွားလေ၏။ အခန်းအတွင်းသို့ ပြန်ရောက်လျှင် ဆာဘရက်လေသည် စားပွဲပေါ်မှ မြားနက်ကိုကြည့်နေလေသည်။ သူသည် မြားနက်ကို ဤအကြိမ်ပထမဦးဆုံးမြင်ဘူးခြင်းဖြစ်ပေသည်။ မြားနက် ပေါ်တွင်ကား ထူးဆန်းစွာစာရေးထား၏။ စာမှာ "သင်တို့ ကြေပြုန်းကြရစေတော့မည်" ဟူ၍ဖြစ်ပေသည်။

ထိုအခိုက်တွင် ဆာအော်လီဗာမှာ သတိပြန်လည်လာသော် ရှယ်လတန်အား အနားတွင်မမြင်ရသဖြင့် ဆာဘရက်လေဘက်သို့ လှည့်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘာလို့ညာပြီးကျိန်ရတာလဲဗျာ. . ."

"အေး. . . ခင်ဗျားလည်းကျိန်ရမှာပဲ၊ ဘယ်လိုကျိန်မယ်ဆိုတာ သာပြင်ထား၊ ဒီနေ့ညကျိန်ဆိုရမယ်"

"အမယ်လေး ဘုရား. . ဘုရား"

"အို. . . ဘုရား တ မနေနဲ့၊ ရှယ်လတန်ကိုကျုပ် အကျိုးရှိ အတွက်သုံးရဦးမယ်၊ သူလက်ထပ်မဲ့ ကိစ္စမှာ ငွေညှစ်ပေါက်တစ် ရှိနေတယ်။ ဒါပေမဲ့ ဒီကောင် ကျုပ်ကိုထပ်ပြီး နှောင့်ယှက်နေဦးမယ်ဆို ရင်တော့ သက်သာမယ်မဟုတ်ဘူး၊ သူ့အဖေလိုသေရဦးမှာပဲ၊ သူ့ကို အခုတောင် ဘုရားရှစ်ခိုးခန်းမအထက်မှာရှိတဲ့ လုံခြုံရာအခန်းထဲမှာ ထားဖို့ အမိန့်ပေးလိုက်ပြီးပြီ။ ခင်ဗျားကယုတ္တိ ယုတ္တာနဲ့ ယုံကြည် လောက်အောင်ကျိန်ပြလိုက်ရင်တော့ ကိစ္စမရှိပါဘူး၊ ဒီကောင်လေး ခဏလောက်တော့သက်ညှာရမှာပဲ၊ အဲ ခင်ဗျားက ယုတ္တိနဲ့မကျိန်လို့ သူ မယုံမကြည်ဖြစ်လာရင်တော့ ဒီကောင်ကိုကျုပ်သတ်ပစ်ရလိမ့်မယ် အဲဒီတော့ ခင်ဗျားလည်းကြပ်ကြပ်စဉ်းစားပါ"

"ဘုရားရှိခိုးခန်းမအထက်က အခန်းထဲမှာ ချုပ်ထားမယ်ဟုတ်လား. . ."

"ဟုတ်တယ်၊ အဲဒီတော့ ခင်ဗျားသူ့ကိုသနားရင်ကယ်လိုက် မကယ်ချင်ရင်လည်းခပ်ရှင်းရှင်းနေ၊ ကျုပ်ဒီကောင်ကို သုတ်သင်ပစ်လိုက် မယ်။ ကဲ-ပြောစမ်းပါဦး၊ ခင်ဗျားကျိန်ဝံ့ရဲ့လား. . ."

"ကိုင်းဗျာ. . . ကောင်းပါပြီ၊ ကောင်လေးအသက်ကိုကယ်ဆယ် တဲ့အနေနဲ့ ကျိန်ရမှာပေါ့"

မကြာမီ အတွင်း တစ်စုံတစ်ယောက်ကို အခေါ် ခိုင်းလိုက်သဖြင့် ရှယ်လတန်သည် ဆာအော်လီဗာ တစ်ယောက်တည်းသာရှိတော့သော အခန်းမထဲသို့ ပြန်ရောက်လာလေ၏။ ဆာအော်လီဗာမှာမျက်နှာ ဖြူ ဖတ်ဖြူရော်နှင့် ရှယ်လတန်အားကြည့်ကာ. . .

"ငါတော့မင်းရဲ့ ယုံကြည်မှုကိုရအောင် ကျိန်ဆိုပြရတော့မှာ





မင်း-အဖေကို ငါမသတ်ပါဘူး၊ ငါ ကျိန်ဆိုပါတယ်"

"ခင်ဗျား မသတ်ဘူးဆိုတာတော့ ယုံပါပြီ၊ ဒါပေမဲ့ သူ့ကိုသတ် တဲ့အထဲမှာ ခင်ဗျားမကူညီဘူးလား"

"မကူညီဘူး" ဟုပြောကာ ဆာအော်လီဗာမှာ အပြစ်ရှိသူ၏ မျက်နှာထားမျိုးပေါ်လွင်ကာ ကြောက်ဒူးလိုလိုရှိနေလေသည်။ ရှယ်လ တန်သည် သူ့မျက်နှာထားကို အံ့ဩစွာကြည့်လိုက်ရာ ဆာအော်လီဗာ မျက်နှာကို တဘက်သို့လွှဲလိုက်ပြီး အံကြိတ်နေသည်ကိုတွေ့ရသဖြင့်. .

"ခင်ဗျား ဘာဖြစ်သွားတာလည်းဗျ"

"ဘာမှမဖြစ်ပါဘူးကွာ၊ ငါသိပ်ပြီးနေမကောင်းလို့ပါ။ ကိုင်း မင်း ကျေနပ်ပြီမဟုတ်လား၊ မင်း အဖေကို ငါလည်းမသတ်ဘူး၊ သတ် ရာမှာလည်းမကူညီခဲ့ဘူး" ဟုပြောကာ ဆာအော်လီဗာသည် ရေးကြီးသုတ် ပျာနှင့်ထွက်သွားလေ၏။

"ရှယ်လတန်မှာကား အခန်းတွင်းတွင်ပင် ရပ်တန့်နေကာ သူ့ စိတ်ထဲတွင် အံ့ဩမှု မသင်္ကာမှု သံသယဖြစ်မှုများဖြင့် လှုပ်ရှားနေပေ သည်။ နောက်ဆုံးတွင်ကား မသင်္ကာစိတ်က လွှမ်းမိုးသွားကာ သူသည် ခေါင်းကိုမော့၍ မျက်လုံးကို လှန်ကြည့်လိုက်၏။ ဤသို့ကြည့်လိုက်မိသည် တွင် သူတကိုယ်လုံးမှာ ကြောက်စိတ်ဖြင့်အထူးတုန်လှုပ် ချောက်ချားသွား လေသည်။ သူမြင်မိသောအရာမှာကား နံရံတွင်ရေးထားသော လူရိုင်း ဆိုးတစ်ဦး၏ ရုပ်ပုံပင်ဖြစ်၏။ လူရိုင်းမုဆိုးရုပ်မှာ လက်တစ်ဘက်က လှံတစ်ခုကိုကိုင်ကာ ခရာမှုတ်နေဟန်ရှိ၍၊ ကျန်တစ်ဘက်က လုံကြီး တစ်ချောင်းကို ကိုင်ထား၏။ သို့သော်လည်းအရုပ်၏မျက်လုံးမှာသာမန် ပန်းချီကားများ၏ မျက်လုံးကဲ့သို့အသေမဟုတ်ပဲ လူ့ပကတိမျက်လုံးကဲ့ သို့ အရှင်ဖြစ်နေကာ ရှယ်လတန်အား မျက်စေ့ပေကလပ် ပေကလပ်နှင့် ကြည့်နေသည်ကို မြင်ရပေ၏။ သို့ကြောင့်လည်းအရုပ် မျက်လုံးကို ကြည့်ရင်းက ရှယ်လတန်သည်ကြောက်စိတ်ဝင် လာခြင်းဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ နေဝင်ပြီးစအချိန်ဖြစ်၏။ အခန်းတစ်နေရာရှိမီးလင်းဖိုထဲတွင် မီးပုံတစ်ခုကို အနွေးဓါတ်ရရန်အတွက် ဖိုထား၏။ မီးဖိုမှအလင်းရောင်ဖြင့်ပင် ရှယ်လတန်သည် မုဆိုးရုပ်၏မျက်လုံးက သူ့အားကြည့်နေသည်ကိုမြင်ရခြင်းဖြစ်ပေသည်။ သူသည်မုဆိုးရုပ်၏မျက်လုံးကိုစိုက်ပြီးကြည့်မြဲကြည့်နေ၏။ မီးဖိုမှ မီးရောင်မှာအရှပ်ဘက်သို့ထိုးနေရာမျက်လုံးမှာ အသက်ရှိသောမျက်လုံးသဖွယ်လှုပ်ရှားနေသည်ကို မြင်ရပြီးခဏချင်းအတွင်းမျက်လုံးသည်ပိတ်သွားကာ. . . ထိုနေရာမှ ပျောက်ကွယ်သွားလေသည်။

ရှယ်လတန်မှာမည်သို့မျှ စဉ်းစားနေရန် မလိုတော့ပေ။ မုဆိုးမျက်လုံးပေါက်မှ နေကာ အထက်အခန်းတစ်ခုခုဆီမှလူတစ်ယောက်သည်သူ့အား ချောင်းကြည့်နေသည်ကို တစ်ထစ်ချသိလိုက်ရပေပြီ. . .။

ထိုသို့ အသိဉာဏ်ဝင်လာသည်နှင့် တစ်ပြိုင်နက်ပင် မိမိ၏အခြေအနေ ဆိုးဝါးပုံကိုစဉ်းစားမိကာ ကြောက်စိတ်ဝင်လာလေ၏။ မကြာမီအတောအတွင်းက ဟက်ချက်က "အေး-အေးနေပါကွာ"ဟုသတိပေးခြင်း၊ ဆာအော်လီဗာမျက်နှာပျက်ပျက်နှင့် ကျိန်ဆိုခြင်း၊ ယခုလူတစ်ယောက်က မုဆိုးရုပ်မျက်လုံးပေါက်မှ ချောင်းကြည့်နေခြင်း စသောအချက်များကို သူသည်ဆက်စပ်၍ စဉ်းစားလျက်ရှိ၏။ ဆာဘရက်လေကသူ့ကို ဤအခန်းတွင်းသို့ ခေါ်ခြင်းမှာ စစ်ဆေးမေးမြန်းရန်ခေါ်ခြင်းဖြစ်၍မကြာမီအတွင်းရက်စက်သော အပြစ်ဒဏ်ခတ်မှုသည် နောက်ကလိုက်ပါလာတော့မည်ကို တွေးမိနေလေ၏။ ရဲတိုက်ကြီးထဲမှ လွတ်မြောက်အောင်ထွက်မပြေးနိုင်လျှင် မုချသေရတော့မည်ဟုတွက်မိ၏။ သူသေလျှင်လည်းသူကိုယ်တိုင်ခေါ်လာခဲ့သော ဂွန်မက်ချန်လည်း သက်သာမည်မဟုတ်သည်ကို စဉ်းစားမိလေ၏။

ထိုသို့စဉ်းစားနေခိုက် လူတစ်ယောက်ပေါက်လာကာ သူ့လက်နက်များကိုသိမ်းယူ၍ ယူနီဖောင်းကိုချွတ်ပြီးလျှင် သူ့အားအကျဉ်းထောင်





ခေါ် ဆောင်ရန်စိုင်းပြင်နေသဖြင့် ရှယ်လတန်က. . .

"ငါ့ကိုဘာလို့ အကျဉ်းထောင်ခေါ်သွားမှာလည်း" ဟုမေးရာ ဆောက်လာသူက. . .

"ဆာဘရက်လေရဲ့အမိန့်ပဲ။ ဘုရားရှိခိုးခန်းမအထက်မှာရှိတဲ့ ထုံခန်းထဲကိုခေါ် သွားရမယ်တဲ့"

"အလွန်လူမြတ်တဲ့ နေရာပဲ၊ အခန်းကဘယ်လိုနေ လဲ"

"သိပ်မြီး လုံခြုံတဲ့အခန်းပေါ့ဗျာ၊ ဒါပေမဲ့ တစ္ဆေခြောက်တယ်လို့လည်းပြောတယ်"

"အော်. . . တစ္ဆေခြောက်သလား-"ဟုပြောကာ ရှယ်လတန် မှာကြောက်ပိုလာပြန်လေ၏၊ သူ့အားလာခေါ် သူက. . .

"တခါတုန်းက လူတစ်ယောက်ကို အဲဒီအထဲမှာ ဖမ်းထားဘူးသယ်ဗျ။ တစ်ညပါပဲ။ နောက်တစ်နေ့ကျတော့ ဒီလူအစပျောက်သွားတာ တချို့ကလည်း သူရဲစားသွားတယ်လို့ပြောကြတယ်. . ."

သို့ဖြင့် ရှယ်လတန်သည်၊ သူ့အားလာခေါ် သူနောက်သို့ ဆိတ်ငြိမ်စွာလိုက်ပါသွားရလေ၏။

## အခန်း (၁၁)

ရဲတိုက်ကြီးတွင် ကင်းစောင့်နေသူများသည် ရဲတိုက်နံရံပေါ်ရှိ ရဲခိုများတွင်စောင့်နေသော်လည်း ရန်သူ၏အရိပ်အခြေတို့ တစ်စုံတစ်ရာမျှ မတွေ့ရပေ။ သို့ဖြင့်ပင် နေလုံးသည်အနောက်ဘက်သစ်တောတစ်နေရာတွင် ကွယ်ပျောက်သွားကာ ညဥ့်၏အမှောင်ထုဝင်လာလေ၏။

အတော်အတန်ညဥ့်နက်လာသောအခါ၊ ဆာဘရက်လေ၏စားသောက်ဝင်ဆလေဒေးထံ ယူဆောင်သွားမည့် သရေ့မိုတန်ဆိုသူမှာ ရဲတိုက်တံခါးဝအထက်နားရှိ ပြအိုးသဖွယ်ဆောက်ထားသော ခမျှော်စင်အ



www.burmeseclassic.com

www.burmeseclassic.com



တွင်း အခန်းကလေးတစ်ခုထဲတွင် ရောက်နေလေသည်။ ထိုနေရာမှနေ၍ ပြီး သရေခံ့မိုတန်အား ဆာဘရက်လေနှင့်ဟက်ချက်တို့က ရဲတိုက်နံရံအတိုင်း ကြိုးနှင့်လျှော၍ ချပေးကြလေ၏။ သရေခံ့မိုတန် ကြိုးကိုကိုင်ပြီး ရဲ တိုက်နံရံ အောက်ခြေအပြင်ဘက်သို့ ရှောဆင်းသွားရာ မကြာမီအတွင်း အောက်ခြေတွင်ရှိသော ကိုင်းမင်ကြားသို့ရောက်သွားလေ၏။ နာရီဝက် ခန့်မျှ ကြာသည့်တိုင်အောင် ဆာဘရက်လေနှင့် ဟက်ချက်တို့သည် သရေခံ့မိုတန် ထွက်သွားသည်ကို စောင့်ကြည့်နေကြ၏။ လောကကြီးမှာ ကားညဥ့်၏အမှောင်ထုအောက်တွင် ဆိတ်ငြိမ်မြဲ ဆိတ်ငြိမ်နေသဖြင့် သရေခံ့မိုတန် ချောမောစွာ ရေကျုံးကိုဖြတ်ကူးသွားပြီဟု ယူဆတော ဆာဘရက်လေက ဟက်ချက်အား. . .

"မြားနက်ဂိုဏ်းက ကောင်တွေလည်း လူတွေပဲကွာ။ ဒီလိုအချိန်မှာ အိပ်ကြရောပေါ့။ သရေခံ့မိုတန် ရဲတိုက်ကထွက်သွားတာကို သူတို့ သိပုံမပေါ်ဘူး။ ကဲ. . . ကဲ. . . တို့လည်းသွားကြဦးစို့" ဟုပြောကာနှစ် ယောက်သားအခန်းတွင်းမှထွက်သွားကြလေ၏။

ထိုနေ့ညနေပိုင်းတစ်ပိုင်းလုံးတွင်ပင် ရှယ်လတန်မှာ အမိန့်အမျိုးမျိုးအထုတ်ခံနေရကာ၊ ဟိုနေရာပြောင်းနေလိုက်ရ၊ ဒီနေရာပြောင်း နေလိုက်ရနှင့် တစ်နေရာတွင် အတည်တကျ နေရသည်ဟုမရှိပေ။ သို့ သော်လည်းသူသည် ဆာအော်လီဗာနှင့်၎င်း၊ ဂွန်မက်ချန်နှင့်၎င်း မတွေ့ ရပေ။ သူ၏အာသီသမှာ ရဲတိုက်ကြီးမှ အမြန်ဆုံးထွက်ပြေးရန်ဖြစ်၍ ထွက် မပြေးမီ ဆာအော်လီဗာနှင့် ဂွန်မက်ချန်တို့အား တွေ့သွားလိုပေသေး သည်။

နောက်ဆုံးတွင်ကား ရှယ်လတန်မှာ မီးအိမ်တစ်လုံးကိုကိုင်ကာ ဘုရားရှိခိုးခန်းမ အထက်ရှိ အလုံခန်းသို့သွားနေရလေ၏။ အခန်းမှာအ တော်ကျယ်၍ ခပ်နိမ့်နိမ့်ဖြစ်ပြီးလျှင် မှောင်မိုက်လှ၏။ တစ်ခုတည်းသော ပြတင်းပေါက်မှ နေ၍ ကြည့်လျှင်၊ ရဲတိုက်ပတ်ခြာလည်ရှိ ရေကျုံးကိုမြင်





နေရ၏။ ထိုနေရာမှ အောက်ခြေမြေပြင်အထိ အလွန်မြင့်မားသော်လည်း ပြတင်းပေါက်ကို သံတိုင်များတပ်ထားသည်ကိုတွေ့ရပေသည်။ အခန်းထဲ တွင်အိပ်ရန် ခုတင်တစ်လုံးရှိပြီး ခေါင်းအုံးတစ်ခုကိုချထားပေး၏။ နံရံ တစ်လျှောက်လုံးတွင်ကား ဘီရိုများ၊ သေတ္တာများကိုချထားကာ ရုတ်တရက် မရွှေ့နိုင်အောင် ဆေးနက်များသုတ်ချယ်ထား၏။ ရှယ်လတန်သည် အခန်းအတွင်းတွင် ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့်နှင့်လုပ်နေကာ ဘီ ရိုများကိုဖွင့်ရန်ကြိုးစားကြည့်၏။ သို့သော်လည်းမရ၊ အားလုံးကိုပင် သော့ခတ်ထားလေသည်။ ထို့နောက်သူသည် ဝင်လာသည့်တံခါးကို မင်း တုံးထိုးပြီး အခိုင်အမာပိတ်လိုက်ကာ မီးအိမ်ကို စားပွဲပေါ်သို့တင်ပြီး လျှောက်ကြည့်ပြန်၏။

သူ့ကိုဘာကြောင့် ဤ အခန်းတွင်းသို့ ပို့ရသနည်း၊ ဤ အခန်း တိုလာရောက်နိုင်သော လျှို့ဝှက်သည့် လမ်းများရှိနေသလော၊ အခန်းမှာ အကယ်ပင် တစ္ဆေခြောက်သလော စသည်ဖြင့် ရှယ်လတန်သည် သူ နားမလည်နိုင်သော လောပေါင်းများစွာကို စဉ်းစားရင်းအသည်းအေး သွတ်ရှိ၏။

သူ့အခန်း၏အထက်တွင် သူရဲခိုမှနေပြီးကင်းစောင့်နေသော တင်းသမား၏ ခြေသံကိုကြားရ၏။ အောက်တည့်တည့်တွင်ကား ဘုရား ရှိခိုးခန်းမရှိပြီး ဘုရားရှိခိုးခန်းမ၏တစ်ဘက်တွင်ကား အခန်းမကြီးတစ်ခု ရှိသည်ကို သူသိသည်။ အခန်းမကြီးထဲတွင် လျှို့ဝှက်သောလမ်းတစ်ခု ချရှိရမည်။ လျှို့ဝှက်သောလမ်းရှိသောကြောင့်သာ အခန်းမကြီးထဲတွင် သူရှိနေစဉ်က၊ မုဆိုးရုပ် မျက်လုံးပေါက်မှ လူတစ်ယောက် ချောင်းကြည့် နိုင်ခြင်းဖြစ်ရပေမည်။ လျှို့ဝှက်သောလမ်းသည် ဘုရားရှိခိုးခန်းမသို့ သွား ရောက်နိုင်ခဲ့လျှင် ယခုသူရောက်နေသောအလုံခန်းသို့ အရောက် ပေါက်လုပ်ထားသောလမ်းဖြစ်ရမည်ဟု စဉ်းစားတွက်ချက်နေ၏။

ဤ အလုံအခန်းထဲတွင် နှစ်ခြိုက်စွာအိပ်မိလျှင် မိုက်ရာကျ



www.burmeseclassic.com

www.burmeseclassic.com



ပေတော့မည်။ သို့ဖြင့်သူသည် ပါလာသောလက်နက်များကို လိုရမယ်ရအသင့် လုပ်ထားကာ အခန်းဒေါင့်ရှိ တံခါးဝနှင့် နီးသောနေရာတွင်ထိုင်နေလေ၏။ မိမိ ကိုသတ်လျှင် သတ်မည့်ရန်သူကို တိုက်ခိုက်ရင်းသာသေခံမည်ဟု စိတ်ပိုင်းဖြတ်ထား၏။

အလုံခန်းအထက်မှ "ဘယ်သူလဲ" ဟု မေးသံစကားဝှက်ကိုပြောသံ၊ လူသွားသောခြေသံများကို ကြားရခြင်းဖြင့် သူရဲခိုတွင်ကင်းစောင့်လည်းနေကြောင်း ထင်ရှား၏။

ထိုအခိုက်တွင် တံခါးဝမှကုပ်သံခြစ်သံကြားရပြီး၊ အသံအနည်းငယ်ကျယ်လာကာ တီးတိုးလေသံနှင့်. . .

"ရှယ်လတန်. . . ရှယ်လတန်"

ရှယ်လတန်သည်၊ တံခါးဝသို့ ပြေးပြီးမင်းတုံးကိုနှုတ်ကာဖွင့်လိုက်ရာ ဂွန်မက်ချန် ဝင်လာလေ၏။ ဂွန်မက်ချန်မှာ မျက်နှာဖြူဖတ်ဖြူရော် ဖြစ်နေပြီး မှန်အိမ်တစ်လုံးနှင့် ခါးစူးတစ်ချောင်းကို ကိုင်လာ၏။ အထဲကိုရောက်လျှင် ရှယ်လတန်အား. . .

"ပိတ် ပိတ် တံခါးမြန်မြန်ပိတ်လိုက်။ ဒီရဲတိုက်တစ်ခုလုံး သူလျှိုတွေနဲ့ ချည်းပဲ၊ အခုလာတာတောင် လိုက်ချောင်းနေကြတယ်ထင်တယ်"

"အေး-အေး. . . ပိတ်လိုက်ပါပြီ။ အခိုက်အတန့်တော့လုံခြုံပါတယ်ကွာ၊ မင်းနဲ့တွေ့ရတာဝမ်းသာလိုက်တာ။ ငါကမင်းကိုထွက်ပြေးပြီလို့ထင်နေတာ-မင်းဘယ်ရောက်နေတာလဲ"

"အို. . . ဒါတွေမမေးပါနဲ့၊ အခုအချင်းချင်းတွေ့နေရပြီပဲ။ ဒါကအရေးမကြီးပါဘူး။ ဒါပေမဲ့ ရှယ်လတန် ခင်ဗျားအကျိုးအကြောင်းတို့ကိုသိရဲ့လား။ သူတို့နက်ဖြန်ဘာလုပ်မယ်လို့ပြောလဲ"

"ဘာမှ မပြောပါဘူး။ ဘာလုပ်ကြမလို့တဲ့လဲ"

"အေး. . ဒီနေ့ညလား။ နက်ဖြန်ကာလားတော့မသိဘူး၊ ဒါပေမဲ့ဘယ်လိုအချိန်ဖြစ်ဖြစ် သူတို့ခင်ဗျားရဲ့အသက်ကိုကြံစည်ကြလိမ့်မယ်၊ သူ





တို့ပြောနေသံကို ရိုးတိုးရိပ်တိတ် ကြားရတယ်"

"အော်. . ဟုတ်ရဲ့လား။ ထင်တော့အထင်သားပဲ"

ဤသို့ ပြောပြီး ဂွန်မက်ချန်သည်နေရာမှထကာ အခန်းတွင်းသို့လျှောက်ကြည့်ပြီး. . .

"လျှို့ဝှက်တဲ့လမ်းတော့ အရိပ်အရောင်တောင်မမြင်ရဘူး။ ဒီအလုံခန်းကိုလာတဲ့ လျှို့ဝှက်တဲ့လမ်းတစ်ခုရှိတာတော့ အမှန်ပဲ။ ဒါပေမဲ့ကျုပ်ခင်ဗျားအနားမှာ နေမယ်ဗျာ၊ ခင်ဗျားသေရင် ကျုပ်လည်းလိုက်ပြီးအသေခံမယ်။ တွေ့လား ဒီမှာ ဓါးမြှောင်တစ်လက်ခိုးလာခဲ့တယ်၊ ကျုပ်တော့ ဘယ်သူဖြစ်ဖြစ်ခင်ဗျားကိုထိရင် တွယ်မှာပဲ၊ ဒီအချိန်အတွင်းမှာထွက်လမ်းတစ်ခုခုတွေ့ရင်လည်း ခင်ဗျားနဲ့အတူ ပြေးလိုက်ခဲ့မယ်။"

"အေးကွာ မင်းကိုကျေးဇူးတင်တယ်။ သတ္တိကိုလည်းချီးကျူးပါတယ်"

"ပြေးဖို့ အကွက်တစ်ခုတော့ရှိတယ်ဗျ၊ ဆာဘရက်လေဆီကသော့ဝင်ဆလေဒေးဆီကို လွှတ်လိုက်တဲ့ သရေ့ခိုတန်ဟာ အခုနကပဲရဲတိုက်ပေါ် ကကြိုးနဲ့ လျှောဆင်းတယ်၊ အဲဒီကြိုးဟာ လျှောဆင်းတဲ့နေရာမှာ ရှိဦးမှာပဲ၊ မျှော်လင့်ချက်တော့ရှိပါတယ်"

"ဟော-တိုးတိုးဟော့တိုးတိုး"ဟုပြောကာ၊ နှစ်ယောက်သားနားစွင့်၍ထောင်လိုက်ကြရာ ကြမ်းပြင်အောက်ဆီတွင် တစ်စုံတစ်ဦးလမ်းလျှောက်နေရာမှ ရုတ်တရက် ရပ်တန့်သွားသံကို ကြားရသဖြင့် ဂွန်မက်ချန်က. . .

"တစ်ယောက်ယောက် အောက်ကအခန်းထဲမှာ လမ်းလျှောက်နေတယ်ထင်တယ်"

"အောက်မှာတခြားအခန်းမရှိဘူးကွ။ ဘုရားရှိခိုးအခန်းပဲရှိတယ်။ ငါ့ကိုသတ်မဲ့လူဟာ လျှို့ဝှက်တဲ့လမ်းအတိုင်း လာနေတာထင်တယ်။ လာစမ်းပါစေ ကိုယ်လူတော့ ဒီရောက်ရင် အသေတွေ့ရမှာပဲ"

"ဒါဖြင့် မီးအိမ်တွေကို ငြိမ်းထားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် သူတို့သည် မီးအိမ်များကို ငြိမ်းလိုက်ကြ၏။ အောက်မှခြေသံမှာ ညင်သာစွာနင်းနေသံကို ကြားရပြီး မကြာမီ ခြေသံကိုပြန်ကြားရပြန်ကာ အလုံခန်းဒေါင့် တစ်နေရာမှ မီးရောင်ကလေးထိုးထွက်နေသည်ကိုမြင်ရ၏။ မကြာမီအတွင်း ထိုဒေါင့်မှန်ရှိသည် မြင့်တက်လာပြီး လျှို့ဝှက်သောတံခါးဝသည် ပွင့်လာကာ မီးရောင်ဝင်လာသည်ကို တွေ့ရပေသည်။ တံခါးကို လက်တစ်ဖက်က ဖွင့်နေသည်ကိုမြင်ရသဖြင့် ရှယ်လတန်သည်လူပေါ်လာလျှင် ပစ်ခတ်ရန်လေးနှင့်ချိန်ထား၏။

ထိုအခိုက်တွင် ရဲတိုက်မုခ်ဝဆီမှ ဆူဆူညံညံ အသံများကိုကြားနေရ၏။ စစ်သားများသည် တစ်စုံတစ်ဦး၏နာမည်ကို ဟစ်အော်၍ ခေါ်နေကြလေသည်။ ထိုအသံများကိုကြားရပြီး လျှို့ဝှက်သောတံခါးပြန်လည်ပိတ်သွားသည်ကို တွေ့လိုက်ရ၏။ လူသတ်သမားသည် မုခ်ဝမှ အော်သံကြားသဖြင့် ရေးကြီးသုတ်ပျာနှင့် ပြန်သွားဟန်တူပေသည်။ သူ၏ခြေသံမှာ အလုံခန်းအောက်နားတစ်လျှောက်အတိုင်း ကြားရပြီးပျောက်ကွယ်သွားလေသည်။

ဤတွင် ရှယ်လတန်တို့မှာ အသက်ရှူပေါက်အနည်းငယ်ရလိုက်ကြ၏။ လူသတ်သမားအား နောက်ဆုတ်သွားစေသော ရဲတိုက်မုခ်ဝမှ အသံများမှာ ဆင့်ကာ-ဆင့်ကာ ကျယ်လောင်လာလေသည်။ ရဲတိုက်တစ်ခုလုံးတွင်ပင် ပြေးကြလွှားကြသောခြေသံများ၊ အော်ဟစ်သံများ၊ တံခါးကိုဖွင့်သံပိတ်သံများနှင့်အတူ ဆာဘရက်လေ၏ "ဂျိုအန်နာ. . ဂျိုအန်နာ" ဟု ဟစ်အော်သံများကို ကြားနေရလေသည်။ ရှယ်လတန်က. . .

"ဂျိုအန်နာ လို့ခေါ်နေတယ်၊ ဂျိုအန်နာထွက်ပြေးလို့ လိုက်ဖမ်းနေတာထင်ပါရဲ့။ ဒါပေမဲ့ ဒီရဲတိုက်ထဲမှာ ငါသိသလောက်တော့. . ဂျိုအန်နာဆိုတဲ့လူ မရှိပါဘူး။ ဒီလူဘယ်သူများပါလိမ့်။"

ဂွန်မက်ချန်သည် စကားပြန်မပြောပဲ ပြုံးတင်းပေါက်ဆီသို့ထသွားလေ၏။ မိုးကောင်းကင်မှာကား မှိတ်တုတ်မှိတ်တုတ်ကြယ်ကလေးများဖြင့်၊ သန့်စင်လျက်ရှိ၏။ ကြယ်ရောင်ဝိုးတိုးဝါးတားမှတပါး အလုံခန်းတစ်ခုလုံး မှောင်အတိကျနေလေသည်။ ရှယ်လတန်က-ဂွန်မက်ချန်အား. . "ဟေ့. . . မင်း-ဂျိုအန်နာဆိုတာကိုသိလား။ ငါတော့မကြားမိဘူးပါဘူး"

"ဒီကောင်မလေးကိုမတွေ့မိဘူး ဘူး'

"ဘာ. . ကောင်မလေး၊ ဟုတ်လား၊ မိန်းမနာမည်လား. . ."

ထိုအခိုက်တွင် ခြေသံတစ်ခုသည် အလုံခန်းဖြင့်နီးလာကာ ဆာဘရက်လေ၏ အသံဖြင့် ဂျိုအန်နာအား ဟစ်ခေါ်မြဲခေါ်နေသံကို ကြားရလေ၏။ ရှယ်လတန်က . . .

"မင်း. . . ဂျိုအန်နာကိုမတွေ့ဘူးရင် တခြားလူတွေသူ့အကြောင်းပြောသံဆိုသံကိုရော မကြားမိဘူးလား. . ."

"ပြောသံဆိုသံတော့. . . ကြားဘူးပါရဲ့"

"ဟေ့. . . မင်းအသံကဘာလို့ တုန်နေတာတုန်း၊ ဘာဖြစ်တာလဲ၊ နေမကောင်းဘူးလား။ ဂျိုအန်နာ ထွက်ပြေးတာလည်းကောင်းကောင်းပဲဟေ့။ သူ့ကိုလိုက်ဖမ်းနေရတာနဲ့ ဆာဘရက်လေတို့ဟာ တို့ကိုတောတော့ မေ့နေမှာပဲ"

"အို. . . ရှယ်လတန်၊ ကျွန်မဟာ. . . ဂျိုအန်နာပဲ။ သူတို့ကဖမ်းမိသွားရင် ရှင်ရော ကျွန်မရော ဒုက္ခရောက်လိမ့်မယ်။ ဒီရဲတိုက်ကြီးကမြန်မြန်ထွက်ပြေးမှဖြစ်မယ်ထင်တယ်. . "

ဤတွင် ရှယ်လတန်မှာ ယောကျ်ားလိုဝတ်ထားသူ ဂွန်မက်ချန်သည် ဂျိုအန်နာဆက်ဒလီ ဖြစ်နေမှန်းသိရတော့သဖြင့်. . .

"အော်. . . လက်စသတ်တော့ မင်းဟာ. . . ငါကိုလက်မထပ်ချင်ဘူးဆိုတဲ့ ဂျိုအန်နာကိုးကွ"

ဂျိုအန်နာမှာကား စကားပြန်မပြော မလှုပ်မယှက်ဖြစ်နေသော၏။ ရှယ်လတန်က. . .







www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါ့အသက်ကိုလည်းကယ်ခဲ့တယ်။ ငါကလည် မင်းအသက်ကိုကယ်ခဲ့တယ်။ တစ်ခါတုန်းက မင်းကို ငါ-ခါးပတ်နဲ့တော ရိုက်မယ်လုပ်ဘူးတော့-မိတ်ဆွေလည်းဖြစ်ဘူး၊ ရန်သူလည်း ဖြစ်ဘူး ကွာ။ ဒါပေမဲ့ ငါမင်းကိုမိန်းကလေးလို့မထင်ခဲ့ဘူး၊ ယောက်ျားလေ ထင်ခဲ့တာပဲ။ အခုငါ့မှာသေရမဲ့အရေးနဲ့ ရင်ဆိုင်နေရပြီ။ ဒါပေမဲ့ ငါမသေ ခင် မင်းကိုပြောပစ်ခဲ့ချင်သေးတယ်၊ မင်းဟာအလွန်ရဲရင့်ပြီးလှပတဲ့ မိ မတစ်ယောက်ပဲ။ တကယ်လို့သာ အသက်ရှင်နေဦးမယ်ဆိုရင် ငါမင်း ဘယ်နည်းနဲ့မဆို လက်ထပ်မှာပဲ၊ ဘာပဲဖြစ်ဖြစ်သေရသည်ဖြစ်စေ ရှင်နေရသည်ဖြစ်စေ ငါ မင်းကိုချစ်နေတယ်ဆိုတာ. . ."

ဂျိုအန်နာသည် စကားတစ်ခွန်းမျှပြန်မပြောပေ။ ရှယ်လတ က-"ဟေ့. . . ပြောပါဦးကွ။ မင်း ငါ့ကိုချစ်နိုင်မယ်မဟုတ်လား. .

"အော်. . . မချစ်ရင် ဒီလိုရှင်နဲ့ လာတွေ့ပါ့မလား"

"အေး. . . ဒီလိုဆိုရင်ဝမ်းသာပါတယ်။ ငါတို့အတူထွက်ပြေ လွတ်ထွက်သွားရင် လက်ထပ်ကြမယ်။ ဟုတ်လား. . . သေရမယ်ဆို အတူတူပဲသေတော့မယ်။ ဒါနဲ့နေပါဦး၊ မှင်းဘယ်ပုံဘယ်နည်း ဒီအခ ထဲရောက်လာတာလည်း၊ ငါရှိတယ်လို့ မင်းကိုဘယ်သူကပြောသလဲ၊

"ဟက်ချက်ကတော်ကို မေးကြည့်လို့သိရတာ"

ထိုသို့ စကားပြောနေကြခိုက်၊ တံခါးဝဆီမှ ခြေသံကြားရပြီး ပြ ထန်စွာ တံခါးခေါက်သံကိုဆက်ကြားရကာ အသံတစ်ခုက

"ဟေ့. . . ရှယ်လတန် တံခါးဖွင့်စမ်းတံခါး. . ."

ရှယ်လတန်သည် လှုပ်လည်းမလှုပ်၊ ပြန်လည်းမထူးပဲ ငြိမ် ၏။ ဂျိုအန်နာက. . .

"ပြီးပါပြီ သေကြရတော့မှာပဲ" ဟုပြောကာ ရှယ်လတန် လည်ပင်းကို ဖက်ထားလေ၏။

တံခါးဝဆီမှာကား-လူတစ်ယောက်ပြီးတစ်ယောက်ရောက်နေ





နောက်ဆုံးတွင်ဆာဘာရက်လေရောက်လာကာ. . .

"ဟေ့-ရှယ်လတန်၊ တံခါးဖွင့်ကွ။ ဒီထဲမယ် ဂျိုအန်နာရောက် နေတယ်ဆိုတာ ငါတို့သိတယ်"

ရှယ်လတန်လည်း ရေငုံထားသူလို လုပ်နေပြန်၏။ အပြင်မှာ တား ဆာဘာရက်လေသည် "တံခါးကိုအတင်းဖွင့်ဝင်ကြကွာ" ဟုပြောလိုက် သည်နှင့်တပြိုင်နက်၊ လူများသည် တံခါးကိုကြောက်မက်ဖွယ်ကန်ကြောက် ၍ ဖွင့်နေကြ၏။ တံခါးမှာခိုင်ခန့်ပြီး သေချာစွာမင်းတုံးထိုးထားသော်လည်း မကြာမီအတွင်း ပွင့်ထွက်ရတော့မည်ကဲ့သို့ဖြစ်နေ၏။ ဤအချိန်တွင် ကံ ကောင်းထောက်မလာပြန်လေသည်။ တံခါးကိုထုသံ နှက်သံများနှင့်အတူ အခြားထူးခြားသော အသံတစ်ခုကိုကြားရပြန်၏၊ ရဲတိုက်နံရံတစ်လျှောက် တွင် ကင်းစောင့်နေသူများ၏ အော်သံများနှင့်သစ်တောအုပ်ဘက်မှ အော် သံများကိုကြားရ၏။ ထိုအသံမှာ သစ်တောအုပ်အတွင်းမှ မြားနက်ဂိုဏ်း သားများက ရဲတိုက်ကြီးကို တိုက်ခိုက်နေသည်ဟုထင်မှတ်ရ၏။ သို့သော် လည်း အကြောင်းမှန်ကိုကားမသိရပေ။ ဤ တွင်ဆာဘာရက်လေနှင့် လူ များသည် တံခါးကို ရိုက်ဖွင့်နေခြင်းမှ ရပ်တန့်ကာထွက်သွားကြပြန် လေ၏။ ရှယ်လတန်က. . .

"ကံကောင်းတာပဲဟေ့" ဟုပြောလိုက်လေ၏။

ထိုနောက် ရှယ်လတန်သည် အိပ်ရန်ခင်းထားသည့် ခုတင်ကြီး ကို ဂျိုအန်နာ၏အကူအညီဖြင့်မ ကာတံခါးဝတွင် ပိတ်၍ချထားလိုက်လေ ၏။ ဂျိုအန်နာက. . .

"ဒီလိုလုပ်ရင်ပိုဆိုးမှာပေါ့၊ ဒီတစ်ခါလာရင်လျှို့ဝှက်တဲ့လမ်းက နေပြီး လာလိမ့်မယ်ထင်တယ်"

"ကိစ္စမရှိပါဘူး။ ဆာဘာရက်လေဟာ ဒီလျှို့ဝှက်တဲ့လမ်းကို တော့ တခြားသူတွေအသိပေးမှာမဟုတ်ဘူး။ ငါတို့ အဲဒီလျှို့ဝှက်တဲ့လမ်း အတိုင်းပြေးကြရအောင်၊ ပြင်ဘက်ကလည်း မြားနက်ဂိုဏ်းက တိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



တာပြီးသွားပြီထင်တယ်၊ အသံမကြားရတော့ဘူး။ တကယ်ကော မြားနတ်ဂိုဏ်းက လာတိုက်တာမှ ဟုတ်ရဲ့လားမသိဘူး"

စင်စစ်အားဖြင့် ရဲတိုက်ကြီးကိုမြားနတ်ဂိုဏ်းက တိုက်ခိုက်ခြင်း မဟုတ်ပေ။ အမှန်မှာ ရစ်ဆင်ဂန်ရွာစစ်ပွဲမှ နောက်ထပ်ထွက်ပြေးလာသူများကို ရဲတိုက်အတွင်းမှလူများက အထင်လွဲနေကြကာ မှားယွင်းကြခြင်း ဖြစ်၏။ သို့သော်လည်းချက်ခြင်းပင် အကြောင်းမှန်ကို သိကြကာ ထွက်ပြေးလာသူများအားရဲတိုက်အတွင်းသို့ ဝင်ခွင့်ပြုလိုက်သဖြင့်၊ တိုက်ပွဲမှ ပြေးလာသူများမှာ ရဲတိုက်အလယ်ရှိ ရုံးနားတွင် ရောက်နေကြပေပြီ။ ရှယ်လတန်က ဂျိုအန်နာအား. . .

"ကိုင်းလာဟေ့၊ လျှို့ဝှက်တဲ့လမ်းအတိုင်းပြေးကြစို့။ တော်တော်ကြာ ဆာဘရက်လေရောက်လာလိမ့်မယ်"

ရှယ်လတန်သည် ငြိမ်းထားသောမီးအိမ်ကိုပြန်ထွန်းကာ လျှို့ဝှက်လမ်းရှိရာ ဒေါင့်သို့သွားပြီး၊ နံရံမှ သစ်သားပြားကြားထဲတွင် ဓား မြှောင်တစ်ခုကိုသွင်းပြီး မ လိုက်၏။ ကံကောင်းပေသည်။ အပေါက်မှာအဆင်သင့်ပွင့်လာသဖြင့် လမ်းထဲသို့ဝင်လိုက်ကာ သစ်သားပြားကို ပြန်ချလိုက်၏။ လမ်းမှာလှေခါးတစ်ခုရှိသဖြင့် ၎င်းအတိုင်းဆင်းသွားရာ လူသတ်သမားလာစဉ်က ကျန်ရစ်ခဲ့သောမီးအိမ်တစ်လုံးကို တွေ့ကြရ၏။ သို့ဖြင့်သူတို့သည် မီးအိမ်ကိုငြိမ်းပစ်လိုက်ခါ၊ ဆက်လက်၍ လှေခါးအတိုင်းဆင်းလာကြ၏။ ထိုအခိုက်တွင်ပင် အလုံခန်းတံခါးကိုဆာဘရက်လေနှင့် ဘက်တော်သားများက ရိုက်ပုတ်တွန်းကန်ပြီးဖွင့်နေသံကို ကြားနေရလေ၏။

## အခန်း (၁၂)

လျှို့ဝှက်သောလမ်းမှာ ကျဉ်းမြောင်းပြီးမှောင်မိုက်လှ၏။ လမ်းဆုံးသို့ရောက်သောအခါ တံခါးပေါက်ပွင့်လျက်ရှိ၏။ လူသတ်သမားလာ





စဉ်က လူသတ်သမားမှာ ရေးကြီးသုတ်ပျာပြန်သွားရသဖြင့် တံခါးကို ပြန်မပိတ်မိပဲ ဖွင့်လျက်ထားခဲ့ခြင်း ဖြစ်ဟန်တူပေသည်။

တံခါးပြင်ဘက်တွင်လမ်းနှစ်ခုကိုတွေ့ရ၏။ ရှယ်လတန်တို့သည် လမ်းတစ်ခုကို စွပ်ပြီးဝင်သွား၏။ အောက်မှ ကြမ်းပြင်မှာကား ဘုရားရှိခိုးခန်းမ ပေါ်တွင်ရှိသောကြောင့် ခြေသံဖြင့် လှိုဏ်သံထွက်နေလေသည်။ အချို့နေရာများတွင် ချောင်းကြည့်ရန်အပေါက်များကိုတွေ့သဖြင့်၊ အပေါက်တစ်ပေါက်မှ လှမ်းကြည့်လိုက်ရာ ဘုရားရှိခိုးခန်းမကြီးကို တွေ့မြင်နေရလေသည်။ ဘုရားရှိခိုးခန်းမထဲတွင်ကား ဆာအော်လီဗာမှာဒူးထောက်ပြီး ဘုရားကို အာရုံပြုနေသည်ကိုတွေ့ရလေသည်။ နောက်ထပ် ဆက်၍သွားပြန်ရာ လှေခါးတစ်ခုအတိုင်းဆင်းကြရပြီး လမ်းမှာပိုမိုကျဉ်းမြောင်း၍လာ၏။ နံရံတစ်ဘက်မှာ ပျဉ်ပြားဖြင့်လုပ်ထားရာ တဘက်ခန်းဆီမှ စကားပြောနေကြသော လူသံသူသံများကို ကြားရလေသည်။ တခန်းအပေါက်တစ်ခုကို တွေ့ရပြန်သဖြင့် ချောင်းကြည့်လိုက်ရာ စစ်သားများစုရုံးနေသည့်ရုံးခန်းဖြစ်နေပြီး၊ ရစ်ဆင်ဂန်စစ်ပွဲမှ နောက်ထပ်ပြေးလာဟန်တူသူများသည် အရက်သောက်လျက်ရှိကြပေသည်။ ရှယ်လတန်က . .

"ဒီလမ်းကတော့ မစွန်ဘူးဟေ့ ၊ နောက်ပြန်ဆုတ်ပြီးတခြားလမ်းကသွားကြည့်ကြဦးစို့"

"မဟုတ်ပါဘူး- ဆုံးအောင်သွားကြည့်စမ်းပါဦး" ဟုပြောကာ ဂျိုအန်နာသည် ရှေ့သို့တိုးလေ၏။ သို့သော်လည်း လမ်းမှာ မကြာမီအတွင်းဆုံးခန်းသို့ရောက်နေကာ တဘက်ခန်းတွင်စစ်သားများရှိနေသဖြင့် ဆက်၍မသွားနိုင်ပဲဖြစ်နေလေသည်။ သို့ဖြင့် သူတို့နှစ်ယောက်သည် နောက် ပြန်ဆုတ်ကာ အခြားလမ်းတစ်ခုသို့သွားရန် စိုင်းပြင်းကြလေ၏။ ထိုလမ်းမှာ များစွာကျဉ်းမြောင်းပြီး လူတစ်ယောက်ကောင်းစွာ လမ်းလျှောက်ရန်ပင် မလွယ်လှချေ။ နောက်ဆုံးတွင် တက်လိုက်ဆင်းလိုက်နှင့် လျှောက်သွားရင်း ရှယ်လတန်တို့မှာ ရဲတိုက်ကြီး၏မည်သည့်အပိုင်းသို့

www.burmeseclassic.com



ရောက်နေကြသည်ကိုပင် မခန့်မှန်းနိုင်လောက်အောင် ဖြစ်နေကြသော သည်။ နောက်ဆုံးတွင်လမ်းမှာ ကျဉ်းသည်ထက်ကျဉ်း၊ ကြပ်သည်ထက် ကြပ်ပြီး နိမ့်ဆင်းလျက်ရှိသည်ကို တွေ့ရလေ၏။

မကြာမီအတွင်း သူတို့သည်၊ ဒေါင့်တစ်ဒေါင့်သို့ရောက်လာပြီး လမ်းမှာလှေခါးတစ်ခုအတိုင်း တက်သွားပြန်၏။ လှေခါးထိပ်တွင်ကျောက် တုံးကြီးတစ်ခုကို ချထားရာ ကျောက်တုံးမှာ အောက်တွင်ရှိသောအခန်း တစ်ခု၏ အပေါက်ကို ဖိပိတ်ပြီး ချထားခြင်းဖြစ်ဟန်တူပေ၏။ ရှယ်လထာ သည်ကျောက်တုံးကိုတွန်းကြည့်ရာ လုံးလုံးမလှုပ်သဖြင့် ဂျိုအန်နာက...

"တစ်ယောက်ယောက်ကျောက်တုံးကို ထိန်းထားတယ်ထင်တယ်"

"အာ... မဟုတ်နိုင်တာကွာ... မင်းကလည်း၊ ဘယ်သူ ကျောက်တုံးကို မထားနိုင်မှာလဲ၊ ကိုင်းလမ်းလည်းဆုံးနေပြီ။ မထူးတော့ ပါဘူး။ တို့ကိုသူတို့ပြန်မှီမှာပါပဲ၊ ထိုင်ကွာ ဟိုလူတွေကိုတွေ့အောင် ရှာနေတုန်း မမိခင်စကားစမြည်ပြောကြရအောင်"

"ရှင်ဒီလိုဇွက္ကရောက်ရတာမှာ ကျမဟာတရားခံပဲ"

"ဗို... ကုသိုလ်ကံပေါ့ကွာ...။ ဘယ်တတ်နိုင်မလဲ၊ နေ ဒုံး၊ မင်းက ဘယ်ပုံဘယ်နည်းနဲ့ ဆာဘာရက်လေရဲ့ အဖမ်းကို ခံရ တုန်း... ပြောပြစမ်းပါဦး"

"ကျွန်မလည်း ရှင့်လိုပဲ။ မအေမိဘ မရှိဘူး၊ ဒါပေမဲ့ ငွေကြေး တော့ချမ်းသာတယ်ပေါ့လေ။ ကျွန်မကို ပြုစုစောင့်ရှောက်တဲ့မွေးစား က လော့ဖေါက်စတန်လို့ခေါ်တယ်၊ ဒါပေမဲ့ ဆာဘာရက်လေဟာ ဘူ မင်းမြတ်အမိန့်နဲ့ ကျွန်မရဲ့ လက်ထပ်ခွင့် အခွင့်အရေးကို အဘိုးကြီး ဈေးကြီးပေးပြီးဝယ်ယူတယ်ထင်ပါရဲ့။ ကျွန်မဒီရောက်လာတာပဲ၊ ဘာ လို့လဲဆိုတော့... ဆာဘာရက်လေရဲ့ ဆရာလုပ်တဲ့လူက စစ်နိုင်ပြီး ကျန်တစ်ဘက်က စစ်ရှုံးတာကိုး။ ဒါနဲ့ တစ်ခါလော့ဖေါက်စတန်ဘ ဘက်စစ်နိုင်ပြန်တော့ ကျွန်မဟာ လော့ဖေါက်စတန်ဆီကိုပြန်ရောက်





သွားတယ်၊ လော့ဖေါက်စတန်ဟာ ကျွန်မကို ပေါင် ၅၀၀ နဲ့ရောင်းပြီး ဟင်မလေဆိုတဲ့လူနဲ့ လက်ထပ်ဖို့စီမံတယ်၊ အမှန်အတိုင်းဆိုရင် နက်ဖြန် ဆို ကျွန်မနဲ့ ဟင်မလေနဲ့လက်ထပ်ရမဲ့နေ့ပဲ။ ဒါပေမဲ့ အဲဒီအချိန်မှာ ဆာဘာရက်လေ ရောက်လာပြီး ရှင့်နဲ့ လက်ထပ်ပေးဖို့ ကျွန်မကိုအတင်း ဆွဲခေါ်လာတာပဲ။"

"အော်... ဒါဖြင့်မင်းဟာ လော့ဖေါက်စတန်နဲ့ ဆာဘာရက်လေ အရောင်းစားပြီး လက်ထပ်ပေးဖို့ကြံနေတာကိုခံနေရတာပေါ့၊ လော့ဖေါက် စတန်က မင်းကို ဟင်မလေဆိုတဲ့လူနဲ့ လက်ထပ်ပေးနိုင်ရင် ဟင်မလေ ဆီက သူကပေါင် ၅၀၀ ရမယ်၊ ဆာဘာရက်လေကမင်းကိုငါနဲ့ လက်ထပ် ပေးနိုင်ရင် ငါကဆာဘာရက်လေကို ပေါင် ၅၀၀ ပေးရမယ်ပေါ့၊ တော်တော်အကြံပက်စက်တဲ့ လူကြီးတွေပဲ။"

"ဟုတ်တယ်...။ ဆာဘာရက်လေဟာ ကျွန်မလော့ဖေါက်စ တန်ရဲ့ အိမ်ဥယျာဉ်ထဲမှာ ရှိနေတုန်း ခိုးလာပြီး ယောကျ်ားလေးလိုဝတ် ခိုင်းထားတာပဲ၊ သူနဲ့အတူ ကတ်တလီရွာကို ရောက်လာပြီး ကျွန်မကို ရှင်နဲ့ ပေးစားမယ်ချည့်ပြောပြောနေတယ်၊ ကျွန်မကလည်းမယူဘူး၊ ဟင်မလေကိုယူမယ်လို့ ပြန်ပြောပစ်လိုက်တယ်"

"ဒါဖြင့် မင်း... ဟင်မလေကိုကြိုက်နေတယ်ပေါ့။"

"မကြိုက်ပါဘူး၊ ဆာဘာရက်လေကို မုန်းတာနဲ့ သက်သက်ရွဲ့ ပြောတာ။ ဒါပေမဲ့ ရှင်နဲ့တကယ်တန်းတွေကြရတော့ ရှင်ရဲ့ ရဲရင့်မှုတွေ၊ သစ္စာရှိမှုတွေ၊ သဘောထားကောင်းမှုတွေကို တွေ့ရတော့..."

"ချစ်တယ်ဆိုပါတော့..."

"အင်း... ချစ်မိတာပေါ့၊ ရှင်နဲ့ လက်ထပ်ရမယ်ဆိုရင် ကျွန်မ ကြည်ကြည်ဖြူဖြူနဲ့လက်ခံမှာပဲ၊ ကံမကောင်းအကြောင်းမလှလို့ လက်ထပ် ခွင့်မရရင်လည်း ကျွန်မရှင့်ကိုဘယ်တော့မှမမေ့ဘူး"

"အေး... ငါကတော့ အရင်ကအလွန် မိန်းမမုန်းတဲ့ကောင်ပဲ၊



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့မင်းနဲ့တွေ့တယ်ဆိုရင်ပဲ မင်းကိုယောက်ျားလေးလို့ထင်မှတ်နေပေမဲ့ ဘာဖြစ်လို့မှန်းမသိဘူးကွ။ ချစ်သလို ကြင်နာသလိုတော့အရှိသား။ မင်းကိုငါ ခါးပတ်နဲ့ရိုက်မယ်ကြံတုန်းက ငါမရိုက်ရက်ဘူး။ အခုတော့မိန်းကလေးတစ်ယောက်မှန်းသိရတော့ ငါမချစ်ပဲမနေနိုင်ဘူးကွ။ အသည်းထဲ နှလုံးထဲကနေပြီးချစ်ပါတယ်. . . ဟောခြေသံကြားတယ်ထင်တယ်။ တစ်ယောက်ယောက်လာနေပြီ။"

အမှန်ပင် ခြေသံတစ်ခုသည် သူတို့နှင့်နီးကပ်၍လာနေသည်ကို ကြားရ၏။ မကြာမီအတွင်း မီးရောင်တစ်ခုကို မြင်ရစပြုလာ၏။ ရှယ်လတန်သည် ဘယ်သူလာနေသည်ကို ကြည့်ရန်နေရာမှထလိုက်သော်လည်း အချိန်မရတော့ပေ။ မီးရောင်မှာ အတော်ကလေး နီးကပ်လာပေပြီ။

မကြာမီအတွင်း လမ်းဆုံးဒေါင့်တစ်နေရာမှ ဟက်ချက်သည် မီးအိမ်တစ်လုံးကိုကိုင်ပြီး လာနေသည်ကိုတွေ့ရ၏။ သူမှာ အဖေါ်မပါ တစ်ယောက်တည်းဖြစ်ရာ ရှယ်လတန်သည်သူ့ထံသွားပြီး. . .

"ဟက်ချက် ခဏလောက်နေပါဦး"

"အော်. . . မင်းတို့ကဒီရောက်နေကြတာကိုးကွ။ မင်းဘာလုပ်နေတာလည်း။ ကျုံအန်နာရှိတယ်ထင်တယ်. . ."

"မေးမနေစမ်းပါနဲ့ဗျာ။ ခင်ဗျားက ကျုပ်မေးမှာကိုသာဖြေစမ်းပါ။ ဘာလို့ ကျုပ်ကို အလုံခန်းထဲ ထည့်ထားရတာလဲ၊ ဘာလို့ ကျုပ်ဆီကို လူတွေအတင်းလာပြီး တံခါးဖွင့်ဘို့ကြိုးစားတာလဲ၊ ကျုပ်ရဲ့ နွေးစားဖခင်ရဲ့အိမ်မှာ ကျုပ်ဒီလို ပုန်းနေဖို့လိုသလားဗျာ"

"အေးကွာ မင်းက ရဲတော့ရဲရင့်ပါရဲ့၊ ဒါပေမဲ့ မလိမ္မာဘူး လူဆိုတာ လိမ္မာသလိုကြည့်နေရတယ်ကွ"

"အော်. . . ဒါဖြင့် ခင်ဗျားအကြောင်းစုံသိသကိုး၊ ကိုင်း-မထူးပါဘူးဗျာ-ဆာဘရက်လေကိုပြောလိုက်ပါ၊ ကျုပ်ဒီမှာရှိနေတယ်လို့. . .၊ ဖမ်းချင်ရင်လာခဲ့ပါဆိုတာ ပြောလိုက်စမ်းပါ"





"ဟက်ချက်သည် အတန်ကြာ စကားမပြောပဲနေပြီး. . .

"အေး-ပြောတော့ပြောရမှာပဲ။ ဒါပေမဲ့ ဆာဘရက်လေမရောက်ခင်မင်းထွက်ပြေးရင်ကောင်းမယ်ထင်တယ်"

"ဘယ်လိုလုပ်ပြေးမလည်းဗျာ။ မပြေးတတ်လို့ထိုင်နေတာပေါ့"

"ဟောဟို ဒေါင့်မှာ လက်နဲ့နှိုက်စမ်းကြည့်စမ်း၊ ဘာတွေ့ရမလဲဆိုတာ။ မကြာခင်က ဆာဘရက်လေက လော့ဝင်ဆလေဒေးဆီ ကိုသွတ်လိုက်တဲ့ သရော့မိုတန်ဆင်းတဲ့ကြိုး ရှိလိမ့်ဦးမယ်ထင်တယ်။ ကဲ ငါတူညီနိုင်တာတော့ဒါပဲ။ မင်းမြန်မြန်ပြေးပေတော့-တော်တော်ကြာ ဆာဘရက်လေကိုသွားခေါ် ရလိမ့်မယ်" ဟုပြောကာ ဟက်ချက်သည် လှိုဏ်ဂူတံလမ်းအတိုင်းပြန်သွားလေ၏။

ရှယ်လတန်သည် ဟက်ချက်ပြသည့်ဒေါင့်သို့သွားပြီးစမ်းကြည့်ရာ၊ သံမောင်းတံတစ်ခုကိုတွေ့ရသဖြင့် တအားပင့်ကိုင်လိုက်သောအခါ သူ့ခင်ကကျောက်တုံးကြီးချထားသောနေရာမှ တံခါးသည် ညင်သာစွာ ပွင့်သွားလေ၏။ ထိုသို့ပွင့်သွားသောတံခါးအတိုင်းဝင်သွားရာ ရှယ်လတန်တို့မှာ အခန်းတစ်ခုအတွင်းသို့ ရောက်သွားကြလေ၏။ အခန်း၏တစ်ဘက်တွင် တံခါးပေါက်တစ်ခုရှိ၍ ကျန်တဘက်တွင်ကား စစ်သားများနေသည့်အခန်းရှိ၏။ စစ်သားနှစ်ယောက်မှာ မြင်းတစ်ကောင်ကို ပွတ်သပ်ပေးနေကြ၏၊ အခန်းထဲတွင်ကား မီးအိမ်တစ်ခုကို ထွန်းထားရာလင်းထိန်လျက်ရှိပေသည်။

## အခန်း (၁၃)

ရှယ်လတန်သည် လက်မှမီးအိမ်ကို ငြိမ်းလိုက်ကာ အခန်းတွင်းရှိ လှေခါးတစ်ခုအတိုင်း တက်သွားရာ ရဲတိုက်နံရံပြအိုးတစ်ခုသားတွင် သရော့မိုတန်ဆင်းသော ကြိုးကို အဆင်သင့်တွေ့ရပေ၏၊ ကြိုးမှာပြအိုး



www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲရှိ ခုတင်တွင်အစတစ်ဘက်ကို ချည်ထားလေသည်။ သို့ဖြင့် ရှယ်လတန်သည် ၎င်းကြိုးဖြင့်လျှောပြီး ရဲတိုက်ကြီးနံရံအတိုင်းမြင်ဘက်သို့ဆင်းစပြု၏။ ဂျိုအန်နာမှာကား ထိပ်တွင်ကျန်ရစ်ခဲ့ကာ ကြောက်စိတ်ဝင်လျက်ရှိပေ၏။ သို့ဖြင့် ရှယ်လတန်အားလှမ်းပြီး. . .

"ကျွန်မတော့ ကြိုးအတိုင်း လျှောမချနိုင်ဘူးထင်တယ်။ လိမ့်ကျလိမ့်မယ်-"

"ဟော့. . . ကြောက်မနေနဲ့ကွ။ ဆင်းမှဖြစ်မယ် ဆင်းခဲ့"

"မဆင်းနိုင်ဘူး ရှင့်"

"မင်း- မဆင်းနိုင်ရင် ငါ-ဘယ့်နှယ်လုပ်ပြေးရမလည်းကွ။ မင်းမပါရင် ငါကျုံးကိုဖြတ်မကူးနိုင်ဘူးကွ။ ရေမှမကူးတတ်ပဲ။ မင်း ငါ့ကိုပစ်ထားတော့မလို့လား. . . "

"တကယ် မဆင်းနိုင်လို့ပြောတာရှင့်"

"အေး. . . မဆင်းနိုင်ရင် နှစ်ယောက်လုံးပြန်မိမှာပဲ" ဟုပြောလေ၏။ ထိုအခိုက်တွင်ပင် ခြေသံတစ်ခုကိုကြားရသဖြင့် ပြန်တက်လာကာ အခန်းတံခါးကိုပိတ်ရန်ကြိုးစားလေ၏။ သို့သော်လည်း မင်းတုံးမထိုးရမီပင် ပြင်ဘက်မှသန်မာသောလက်များတံခါးကိုတွန်းလျက်ရှိကြလေ၏။ ရှယ်လတန်သည် တအားတွန်းပြီး ပိတ်ထားသော်လည်းအားမတန်သဖြင့် လက်လျှော့လိုက်ကာ နောက်ပြန်ဆုတ်ပြေးလာခဲ့ရာပြတင်းပေါက်ဆီသို့ ရောက်လာလေ၏။ ထိုနေရာတွင်ကား ဂျိုအန်နာမှာသတိမရတချက် ရတချက်နှင့် လဲနေလေ၏။ သို့ဖြင့် ဂျိုအန်နာအားပွေ့ချီနေခိုက် တံခါးတွန်းပြီးဝင်လာသူသည် သူ့အားဖမ်းဆီးချုပ်နှောင်လိုက်၏။ သို့သော်လည်း ထိုလူမှာ ရှယ်လတန်၏ သွက်လက်သောလက်သီးချက်ကြောင့် နောက်သို့ယိုင်ပြီးလဲကျသွားလေ၏။ ဤသို့ လဲကျသွားခိုက် အချက်ကောင်းယူကာ ရှယ်လတန်သည် ကြိုးကို ကိုင်ပြီးနံရံအတိုင်းလျှောချလိုက်လေ၏။

ကြိုးမှာ တလျှောက်လုံး အထုံးများထုံးထားသဖြင့် ဆင်းရန်မ





ၡ လွယ်ကူစေပေသည်။ သို့သော်လည်း အလေ့အကျင့်မရှိသော ယ်လတန်မှာလမ်းထက်ဝက်တွင် ဟိုယိမ်းလိုက် ဒီယိုင်လိုက် ပတ်ခြာ ည်သွားလိုက်နှင့် ဖြစ်နေပေ၏။ လေမှာ ညှင်းညှင်းသာသာတိုက် နေ၍ ာင်းကင်ထက်တွက်ကား ကြယ်များသည် မှိတ်တုတ်တုတ်နှင့် ဖြစ်နေ ြ၏။ အောက်ခြေတွင်ကျုံးရေမှာ ကောင်းကင်မှကြယ်ရိပ်များပေါ် လျက် ည်လင်စွာရှိနေပေသည်။

အောက်သို့ရောက်သောအခါ အခြားကြိုးတစ်ချောင်းကိုတွေ့ရ ၏။ မော့ကြည့်လိုက်သောအခါတွင်ကား ရဲတိုက်နံရံပေါ်တွင် မီးရောင် ဖြင့်ထိန်လင်းနေကာ လူအများ၏မျက်နှာကိုလှမ်းမြင်နေရ၏။ ထိုလူ မှာ သူတို့ကိုရှာနေဟန်ဖြင့် ဟိုဟိုသည်သည်ကြည့်နေကြ၏။ သို့သော် ည်း မီးရောင်မှာအောက်ခြေသို့ ရောက်အောင်ပြန့်မလာသဖြင့် ယ်လတန်အား မမြင်ကြရပေ။

ရှယ်လတန်သည် နောက်ထပ်တွေ့သောကြိုးမှာ ကျုံးရေကိုဖြတ် ရန် သွယ်ထားခြင်းဖြစ်ရာ ဆက်သားအဖြစ်ထွက်သွားသော သရေ့မို န်မှာလည်း သူကဲ့သို့ပင် ရေကူးတတ်သူမဟုတ်ဟုတွေးမိလေ၏။ ယ်လတန်သည် ထိုကြိုးကိုအားပြုကာ ကျုံးကိုဖြတ်ကူးလျက်ရှိပေသည်။ ာက်ကမ်းသို့ရောက်လုနီးနီးအချိန်တွင်ကြိုးကိုလက်လွှတ်လိုက်ကာတ းခုန်လိုက်ရာ ကမ်းစပ်ကိုင်းတောထဲသို့ ရောက်သွားလေ၏။ သို့ဖြင့် င်းတောထဲမှနေကာ ကုန်းပေါ်သို့လှမ်းတက်လိုက်ရပေတော့၏။

ကုန်းပေါ်သို့ရောက်သည်နှင့် တပြိုင်နက် ရဲတိုက်ပေါ်မှလူများ ည်သူ့ကိုလှမ်း၍ မြင်လိုက်ကြရ၏။ မကြာမီအတွင်းမြားချက်များသည် ာတပိုက်မှောင်ထဲတွင် သဲသဲမဲမဲကြီးကျလျက်ရှိပေသည်။ ထိုအခိုက် ုတ်တစ်ခုသည် အပေါ်မှကျလာကာ ကမ်းပါးပေါ်တွင် ထိန်လင်းသွာ ာက်ပနေသဖြင့် ရှယ်လတန်သည်မီးတုတ်ကိုယူပြီး ရေထဲနှစ်ကာငြိမ်း ်ပြီး ထွက်ပြေးလေ၏။ ဤအခိုက်တွင် အပေါ်မှလူများက လေးများ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပစ်ကြရာ မြားတစ်ချက်သည် ရှယ်လတန်၏နောက်ကျောကို ထိမှန်ပြီး တစ်ချက်က ခေါင်းကိုမှန်လေ၏။

မြားချက်မှန်လိုက်သည်နှင့် တပြိုင်နက်ပင် ရှယ်လတန်သည် ဝဲခင်ကထက်လျှင်မြန်စွာ ပြေးပြန်ကာဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်း သည်ကိုပင်မမှန်းဆတတ်ပဲ ခရီးတွင်အောင်သာ အားထုတ်၍ ပြေးနေရလေသည်။ အတန်ကြာမျှပင် မြားများဖြင့် အဆက်မပြတ်ပစ်ခတ်နေကြ၏။ ထိုနောက်ခရီးအတန်ငယ်အရောက်တွင် နောက်မှလေးနှင့်ပစ်သူများသည် ရပ်တန့်သွားလေ၏။ ရှယ်လတန်သည်ရပ်တန့်ကာ နောက်သို့လှည့်ကြည့်လိုက်သောအခါတွင်ကား သူသည်ရဲတိုက်ကြီးနှင့် အတော်ဝေးလာပြီဖြစ်၍ ရဲတိုက်နံရံပေါ်မှ မီးရောင်များကို လှမ်းမြင်နေရလေသည်။

သို့ဖြင့် သူသည်သစ်ပင်တစ်ပင်ကိုမှီလျက် အမောဖြေနေ၏။ တကိုယ်လုံးရေမျှား ရွှဲရွှဲစိုကာ မြားချက်ဒဏ်ရာကို နာကျင်စွာခံနေရ၏။ ရဲတိုက်တွင်ဆာဘရက်လေ၏ လက်ထဲ၌ ဂျိုအန်နာကျန်ရစ်ခဲ့သော်လည်း သူ့ဘာမျှမတတ်နိုင်တော့ပေ။ ဆာဘရက်လေသည် ရက်စက်ကြမ်းကြုတ်သော်လည်းမိန်းမသားများအပေါ်တွင်ကား သတ်ညာမှုရှိသူဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ အနည်းဆုံး ဂျိုအန်နာအား ရောင်းစားကာလူတစ်ယောက်ယောက်နှင့်ကား ပေးစားပစ်ချင်ပစ်ဦးမည်ဟု တွေးမိကာ ရှယ်လတန်သည် စိတ်မကောင်း ဖြစ်နေလေသည်။ သို့သော်လည်း တစ်နေ့နေ့တွင် ဆာဘရက်လေအား တိုက်နိုင်မည့်နည်းလမ်းများကို ရှာကြံမည်ဟု စိတ်ပိုင်းဖြတ်လိုက်လေ၏။

သို့ဖြင့်သူသည် အင်အားပျော့နွဲ့စွာဖြင့် တန်းစီတော တောအုပ်ဆီသို့ လျှောက်ခဲ့၏။ သို့သော်လည်း ကြာရှည်မလျှောက်နိုင်ရှာပေ။ ဒဏ်ရာကလည်းနာ၊ မှောင်ကလည်းမိုက်၊ စိတ်လက်ကလည်းမကောင်းနှင့် အားပျော့နေရာ သစ်ပင်တစ်ပင်တွင် မှီပြီးထိုင်နေပြန်၏။

ထိုင်နေရင်းမှ အိပ်ပျော်သွားရာ မည်မျှကြာသည်မသိ၊ နိုး၍





မျက်စိကိုဖွင့်ကြည့်လိုက်သောအခါတွင်ကား-နံနက်လင်းလုလင်းခါနီး အာရုဏ်တက်စ ရှိနေပြီဖြစ်သည်ကို သတိထားမိလေ၏။ လေပြေလေညှင်းအလေးမှာ အေးမြစွာတိုက်ခတ်နေ၏။ ရှယ်လတန်သည်တောင်မြောက်လေးပါးကို ကြည့်လိုက်ရာ ရှေ့တည့်တည့်ရှိ သစ်ပင်တစ်ပင်တွင် မဲမဲသဏ္ဌာန်တစ်ခုတွဲလောင်းဖြစ်နေသည်ကိုမြင်ရလေ၏။ လင်းရောင်ခြည်သည်တဖြည်းဖြည်းအားကောင်းလာပြီဖြစ်၍ ထိုမဲမဲ သဏ္ဌာန်ကို သေချာစွာကြည့်လိုက်ရာ သစ်ပင်တစ်ပင်ပေါ်မှ ကြိုးစွဲချသတ်ထားသောလူတစ်ယောက်၏အလောင်းတစ်လောင်းဖြစ်နေလေသည်။ လူသေလောင်းမှာ ခေါင်းငိုက်စိုက်ကျနေကာ တစ်ကိုယ်လုံးမှာကား ကြိုးတန်းလန်းနှင့်ပတ်ကာလည်သွားလိုက် ယိမ်းထိုးလိုက်နှင့်ဖြစ်နေ၏။

ရှယ်လတန်သည် နေရာမှထကာ သစ်ပင်တစ်ပင်နှင့်တစ်ပင် အမှီသဟဲပြု၍ လက်နှင့်ကိုင်ရင်း လူသေလောင်းရှိရာသို့ တိုးသွား၏။ ကြိုးတွဲလောင်းကျနေသော သစ်ကိုင်းမှာ ၆ပေ ၂၀ ခန့်မြင့်ရာ လူသေလောင်းသည် ရှယ်လတန်လက်လှမ်းမှီသည်ထက် မြင့်နေပြီး ကြိုးဆွဲချသော ကြိုးတစ်ဖက်စမှာ မြေပြင်ရှိသစ်ပင်ငယ်တစ်ပင်တွင် ချည်နှောင်ထားသည်ကိုတွေ့သဖြင့်၊ ခါးတွင်ပါသော ဓါးမြှောင်ဖြင့် ကြိုးကိုဖြတ်လိုက်လေ၏။ မကြာမီအတွင်းသစ်ပင်မှ တွဲလောင်းဖြစ်နေသောအလောင်းကြီးသည် ကြိုးပြတ်ပြီး ဝုန်းကနဲ မြေပြင်ပေါ်သို့ကျလေသည်။

အလောင်းနားသို့ရောက်၍ လူသေ၏မျက်နှာကို လှန်ကြည့်လိုက်သောအခါတွင်ကား ဆက်သားအဖြစ်ဆာဘရက်လေက လော့ဝင်ဆလေဒေးထံ လွှတ်လိုက်သော သရော့မိုတန် ဖြစ်နေသည်ကို တွေ့ရလေသည်။ သူ့အိတ်ထဲနှိုက်၍ ရှာကြည့်သောအခါတွင်ကား မြားနက်ဂိုဏ်းသားများ ရှာဖွေရန်မေ့သွားသဖြင့် ကျန်ရစ်ခဲ့ဟန်တူသော ဆာဘရက်လေထံမှ လော့ဝင်ဆလေဒေးအား ပေးသောစာကိုတွေ့ရလေ၏။ စာမှာ ဒေရာ့နန်းဆက် ဘက်သားများနှင့် စေ့စပ်ကြောင်းလှမ်းလိုကြောင်း ရေးထားသည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရာ နောင်အခါတွင်ဆာဘရက်လေအား အကြပ်ကိုင်စရာရှိလျှင်ဖြင်း ဒုက္ခပေးစရာရှိလျှင်ဖြင်း၊ ကြီးစွာသောအထောက်အပံ့ကိုရနိုင် သောကြောင့် ရှယ်လတန်သည် စာရွက်ကို သူ့အိတ်ထဲသို့ ထည့်သွင်းကာ သိမ်းထားလိုက်လေသည်။

ထိုနောက်သူသည် တန်းစတောသစ်တောအတွင်းသို့ ဝင်သွားလေ၏။ တကိုယ်လုံးမှာ အင်အားဆုတ်ယုတ်ခြင်းကြောင့်တုန်တုန်ချည့်ချည့်နှင့်ဖြစ်နေ၏။ လမ်းလျှောက်နေခိုက် မာကြောသောအသံနက်ကြီးတစ်ခုက "ဟေ့ ရပ်လိုက်" ဟုအော်သံကြားရရာ ရှယ်လတန်က. . .

"ရပ်ခိုင်းမနေနဲ့ဟေ့ ငါလည်းလဲနေပြီ" ဟုပြောပြောဆိုဆိုဝင်အားအင်ကုန်ခမ်းကာ မြေပေါ်တွင်လဲကျသွားလေ၏။

ဤတွင် အစိမ်းရောင်ယူနီဖေါင်းဝတ်ထားသော မြားနက်ဂိုဏ်းဝင်နှစ်ဦးသည် ခြုံစပ်မှထွက်လာကာ ရှယ်လတန်အားသေချာကြည့်ပြီးလျှင်ယင်က. . .

"ဟာ ဒီဥစ္စာ ရစ်ချတ်ရှယ်လတန်ပါလားဗျ"

"အေး. . . ကောင်းတာပေါ့။ တို့ခေါင်းဆောင် အဲလစ်ဒပ်ဝဝ်ကတော့ ဝမ်းသာမှာပဲ။ ကြည့်စမ်း-ဒီလူတစ်ယောက်ယောက်နဲ့ တိုက်ခိုက်လာတယ်ထင်တယ်။ ဒဏ်ရာတွေနဲ့"

သို့ဖြင့် မကြာမီအတွင်း မြားနက်ဂိုဏ်းဝင် နှစ်ယောက်သည် ရှယ်လတန်အား ကျောပေါ်တွင်ပိုးကာ ခေါ်သွားကြလေ၏။ သို့သော်လည်း ရှယ်လတန်အား ထမ်းထားသူက သူ့အဖေါ်အား. . .

"ဟေ့. . . ဂရင်းရှိ မင်းနေရစ်ခဲ့ ကင်းစောင့်မြဲစောင့်နေ။ ငါခေါ်သွားမယ်"

"အေး. . ဂရေးဖရယ်ရာရေ ဒါဖြင့်မင်းပဲခေါ်သွားပေတော့. ."

နေမင်းသည် ထန်းတစ်ဖျားခန့်လောက်ရှိပေပြီ။ မလှမ်းမကမ်းတွင်ရှိသော တန်းစတောရွာလေးမှာ နေရောင်အောက်တွင် ဆိတ်ငြိမ်စွာ





ရှိ၏။ တန်းစတောရွာကလေးနားသို့ ရောက်သောအခါ ကင်းများက ရှယ်လတန်ကို ထမ်းလာသူအား "ဟေ့. . . ဘယ်သူလဲ" ဟုမေး၏။ ဂရေးဖရယ်ရာ က. . .

"ဟေ့ ကောင်တွေငါပါကွ။ ငါ့ကို မင်းတို့သိသားနဲ့။"

"အာ--မရဘူး၊ စကားဝှက်ကိုပြော"

"မေ့နေတယ်ကွ"

"မေ့နေရင် သတ်ပစ်လိုက်မယ်နော်. . ."

"ဟေ့. . . ဟေ့--မလုပ်ပါနဲ့၊ သိပါတယ်ကွ"

"သိရင်ပြောလေ. . ."

"ဒပ်ဝပ်နဲ့ ရှယ်လတန်ကွာ-"

"ကဲ. . . ဒါဖြင့် ဝင်-ဝင်-"

"အဲလစ်ဒပ်ဝပ် ဘယ်မှာလဲဟေ့"

"အော်. . . တို့သိမ်းထားတဲ့ တန်းစတောရွာမှာအခွန်ကောက်နေတယ်လေကွာ-"

သို့ဖြင့် ဂရင်းဖယ်ရာသည် ရှယ်လတန်အား ထမ်းပြီးရွာထဲဝင်သွားရာ၊ ပျော်ပွဲစားရုံတစ်ခုတွင် ရွာသားများမှာ အခွန်ကောက်ရင်း ငွေများကို ရေးပေးနေသော အဲလစ်ဒပ်ဝပ်အားတွေ့ရလေ၏။ ရွာသားများကတော့ မြားနက်ဂိုဏ်းသားအား စေတနာသန့်စွာဖြင့် အခွန်ဆောင်လျက်ရှိကြလေသည်။

အဲလစ်ဒပ်ဝပ်သည် ဂရေးဖရယ်ရာအားမြင်လျှင် ရွာသားများအားပြန်လွှတ်လိုက်ပြီး ရှယ်လတန်အား သေချာစွာကြည့်ကာ ပျော်ပွဲစားရုံအခန်းတစ်ခုအတွင်းသို့ ခေါ်သွားခိုင်းလေ၏။

အခန်းထဲသို့ ရောက်လျှင် ရှယ်လတန်မှာ သတိပြန်လည်လာသဖြင့်၊ အဲလစ်ဒပ်ဝပ်က. . .

"လူကလေး-ဘာမှစိုးရိမ်မနေနဲ့ မင်းဖအေနဲ့ ငါနဲ့က မနိုင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကာလူချင်း အတော်ခင်ကြတာ၊ ခဏနေဦး။ ပြီးတော့မှ မင်းဘယ်လိုဖြစ် လာတယ်ဆိုတာပြောပြဟုတ်လား”

ထိုနေ့နေလည်ပိုင်းတွင် အဲလစ်ဒပ်ဝပ် တစ်ဖန်ရောက်လာပြီး ကာ ရှယ်လတန်၏နံဘေးတွင်ထိုင်ပြီး စကားပြောနေရာ သူ့အမူအရာ ကြည့်ရခြင်းဖြစ်၍ ခန့်ငြားပြီး ကြင်နာစိတ်ရှိပုံကိုရ၍ ရှယ်လတန်သည်သူ့ အကြောင်းစုံကိုပြောပြလိုက်၏။ အဲလစ်ဒပ်ဝပ်က. . .

“အေး. . . မင်းကံကောင်းတာပေါ့ကွာ၊ ငါဆီရောက်လာ ငါကိုသာ သစ္စာမဖေါက်နဲ့ မင်းအဖေနဲ့ ငါနဲ့ဟာအလွန်ခင်တယ်။ မင်းကိုတတ်နိုင်သလောက်ကူညီမယ်ပေါ့။ တစ်နေ့နေ့ကျရင်တော့ မင်း ဆာဘရက်လေကို လက်စားချေနိုင်ရမှာပေါ့ကွာ”

“ခင်ဗျား-ရဲတိုက်ကြီးကို တိုက်မလို့လား”

“မဖြစ်သေးဘူးကွာ၊ သူတို့ဘက်က လူအင်အားကောင်းနေသေး တယ်၊ ငါတို့ တောထဲပြန်ခိုပြီး ဆာဘရက်လေကို အခုတော့ ဒီအတိုင်းထား ရဦးမှာပဲ”

“ကျွန်တော်က ဂျိုအန်နာအတွက် စိုးရိမ်လို့ပါ”

“မစိုးရိမ်ပါနဲ့ကွာ-ဂျိုအန်နာကို တစ်ယောက်ယောက်နဲ့လက်ထပ် တော့မယ်ကြားရင်၊ တို့တိုက်တာပေါ့။ ဒါပေမဲ့ အခုတော့ တော်သလိုနေ နေဦးမယ်။ တို့ပုန်းနေတုန်း ဆာဘရက်လေက သူ့ရန်သူတွေမရှိတော့ဘူး ထင်ပြီး အတင့်ရဲလာတော့မှ အလစ်ဝင်တိုက်ရမှာပေါ့ကွာ။ စိတ်ချ မတိုက်ပဲတော့မနေပါဘူး”

နောက်နှစ်ရက်ခန့်ကြာသောအခါ၊ ဆာဘရက်လေမှာ လူအင် အားတောင့်လာပြီး သူ့တပ်များသည် တန်းစတောရွာဝသို့ရောက်အောင် ပင် ချီတက်လာကြ၏။ သို့သော်လည်းရန်သူမြားနက်ဂိုဏ်း၏ လှုပ်ရှားမှု ကိုမတွေ့ရ။ ရွာဝင်တံတားပေါ်တွင်ပင် မြားနက်ဂိုဏ်း၏ကင်းစောင့်များ မရှိတော့သဖြင့် ရွာတွင်းသို့ဝင်လိုက်ရာ ဆာဘရက်လေမှာ အေးချမ်း





ကြည့်နေသော ရွာသားများကို တွေ့ရလေ၏။ ရွာသားများထဲမှ သတ္တိကောင်းသူတစ်ယောက်သည် ရှေ့သို့တိုးလာပြီး၊ စာတစ်စောင်ကို ဆာဘရက်အား လာပေးလေ၏။ စာကိုဖတ်လိုက်သောအခါတွင်. . .

အလွန် ရက်စက် ကြမ်းကြုတ်ယုတ်မာလှတဲ့ ဆာဘရက်လေ. .

ခင်ဗျားဟာ-အလွန်ယုတ်မာတယ်ဆိုတာ ကျုပ်သိရပြီ။ ကျုပ် အဖေကိုသတ်လည်း ခင်ဗျားပဲသတ်တာပဲ။ ရှိပါစေတော့ ဒါပေမဲ့ တစ်နေ့ တော့ တွေ့ကြရဦးမှာပေါ့ဗျာ။ ခင်ဗျား ကျုပ်ရဲ့ သုတ်သင်ချေမှုန်းမှုကို စောင့်မျှော်နေပါ။ နောက်တစ်ခု သတိပေးလိုက်ဦးမယ် ဂျိုအန်နာကို ဘယ် သူနဲ့မှ ပေးစားမယ်မကြံနဲ့ သူ့ကိုကျုပ်ကိုယ်တိုင် လက်ထပ်ယူဖို့ သစ္စာ ဆိုပြီးသားဖြစ်နေတယ်။ အဲ. . . ခင်ဗျားတခြားလူနဲ့ အတင်းလက်ထပ်ပေး လိုက်ရင်တော့ ခင်ဗျားဟာ သင်္ချိုင်းနဲ့ နီးနေပြီဆိုတာ သတိပြုပါ။

**“ရစ်ချက်-ရှယ်လတန်”**

ဆာဘရက်လေသည်၊ စာကိုဖတ်ပြီးသည်နှင့်တပြိုင်နက် တစ် မျက်နှာလုံး နီမြန်းနေလေ၏။

## အခန်း (၁၄)

တန်းစတောမုတ်ဟောက် ရဲတိုက်ကြီးမှ ရှယ်လတန်ထွက်ပြေး သွားသည်မှာ လပေါင်းအတော်ကြာသွားပေပြီ။ ထိုအတွင်း အင်္ဂလန်ပြည် ၏ အခြေအနေမှာ အမျိုးမျိုးပြောင်းလဲလျက်ရှိ၏။ တိုက်ပွဲတွင် အရေး နိမ့်နေသော လန်ကက်စတာနန်းဆက်များမှာ ထိုလများအတွင်းတွင် ခေါင်းထောင်လာပြန်၍ -ရောနန်းဆက်များမှာကား အဘက်ဘက်တွင် အရေးနိမ့်လာပြန်၏။ ဆောင်းတွင်းသို့ရောက်သောအခါတွင် ဆာဘရက်



www.burmeseclassic.com

www.burmeseclassic.com



လေ ၏ပါတီဖြစ်သော လန်ကက်စတာနန်းဆက်များသည် ရှေ့နန်းဆက် များကို ခေါင်းမထောင်နိုင်လောက်အောင်ပင် တိုက်ခိုက်နှိမ်နင်းလျက်ရှိ ကြပေသည်။

တစ်(လ်)မြစ်ကမ်းပေါ်တွင်ရှိသော ရှိုဘီမြို့ကလေးတွင်ကား လန်ကက်စတာနန်းဆက်ဘက်မှ ပါတီဝင်များဖြင့် ပြည့်ကြပ်လျက်ရှိ၏။ ရစ်ဆင်ဂန်ရွာစားမှာ လူပေါင်း ၃၀၀ ခန့်နှင့်ရောက်နေ၏။ သော့ရှိုဘီ မှာလည်း စစ်သားပေါင်း ၂၀၀ ခန့်အဆင်သင့်ရှိ၏။ ဆာဘရက်လေ ကား ရှိုဘီမြို့တွင်အိမ်တစ်လုံး၌ လူပေါင်းတစ်ရာကျော်နှင့် လာရောက် နေထိုင်လျက်ရှိကာ လုယက်ဖမ်းဆီးမတရားသိမ်းပိုက်ရရှိသော ပစ္စည်း များဖြင့် တဖန်ချမ်းသာကြွယ်ဝလျက်ရှိနေပြန်လေသည်။

အချိန်မှာ အေးချမ်းသော ဇန်နဝါရီလ ညနေပိုင်းဖြစ်၍ သေ ခဲပြင်းပြင်းတိုက်နေကာ ဆီးနှင်းများ ဖွဲဖွဲ-ဖွဲဖွဲနှင့်ကျနေ၏။

ရှိုဘီမြို့ဆိပ်ကမ်းတစ်နေရာရှိ အရက်ဆိုင်တစ်ဆိုင်တွင် လူအုံး လေးယောက်ခန့် အရက်သောက်လျက်ရှိကြလေသည်။ လူများမှာကြမ်း တမ်းသော ရွာသူရွာသားများဖြစ်သော်လည်း သတ္တိကောင်းသူများဖြစ် ဟန်ရှိသည်။

ထိုလူများနှင့် မလှမ်းမကမ်း မီးပုံ၏ဘေးတွင် လူငယ်တစ် ယောက်ထိုင်နေ၏။ သူ့ပုံမှာအထက်တန်းစား လူဂုဏ်တန်ထဲက ဖြစ်ဟန် ရှိ၍ အချိန်ကာလသာ ကောင်းပါက အများ၏ရိုသေကိုင်းရှိုင်းရမည့် ဥပမိရုပ်ရှိသူဖြစ်လေသည်။ စားပွဲတွင်အရက်သောက်နေသူတစ်ယောက်က

"ငါတော့ ဒီမြို့ကိုမကြိုက်ဘူးကွာ။ ဒို့လိုပျော်တတ်တဲ့လူတွေ ဟာ လွတ်လွတ်လပ်လပ်မှကောင်းတယ်။ အခုတော့တို့တတွေဟာ မြို့ထဲ မှာ ရန်သူတွေကြားထဲနေရတော့ တယ်မနိုပ်လှဘူး" ဟုပြောရာ၊ နောက် တစ်ယောက်က. . .

"အို. . . ရှယ်လတန်ကြောင့် လာရတာပါကွာ" ဟုပြောကာ





မီးပုံဘေးတွင် ထိုင်နေသော လူငယ်ဘက်သို့ မေးငေါ့ပြလေ၏။ ထိုအခါ ပထမလူက. . .

"ငါတော့ ရှယ်လတန်အတွက်ဆိုရင် ဘာမဆိုလုပ်ပေးဖို့အဆင် သင့်ပဲ။ ထိုအခိုက်တွင် အရက်ဆိုင် တံခါးတစ်ခု ပွင့်လာကာ လူတစ် ယောက် ရောက်လာပြီး၊ ရှယ်လတန်နားသို့ကပ်သွားကာ-

"ဟေ့. . . ရှယ်လတန်-ဆာဘရက်လေတော့-လေးသမားလေး ယောက်နဲ့ ထွက်သွားလေရဲ့" ဟုပြောလေ၏။

"ရှယ်လတန်သည် နေရာမှထကာ အရက်သောက်နေသူ များ အားလှမ်းပြီး. . .

"ဟေ့ ဒီမှာ- ဂျွန်ကက်ပါ ပြောတာကြားရဲ့လား. . . သူပြောတဲ့ အတိုင်းလိုက်ရလိမ့်မယ်။ ဂရင်းရှိုက ငါ့နောက်လိုက်ခဲ့၊ ဒီလူကြီးဟာ ရှေ့ နန်းဆက်က လူတွေဆီကိုသွားတာထင်တယ်။ ကိုင်း . . . ဂျွန်ကက်ပါက ရှေ့ကသွားကွာ. . ."

မကြာမီအတွင်း သူတို့လူစုသည် မှောင်မိုက်သောလမ်းအတိုင်း သွားနေကြလေ၏။ ခဏမျှကြာလျှင် ဂျွန်ကက်ပါညွှန်ပြရာသို့ ကြည့်လိုက် သောအခါ မလှမ်းမကမ်းတွင် မီးရောင်တစ်ခုကိုမြင်ရလေ၏။

ရှိုဘီမြို့ကလေးတွင် မြို့သူမြို့သားများမှာ အိပ်ရာဝင်ချိန်ဖြစ် ၍ . . . တစ်မြို့လုံးဆိတ်ငြိမ်လျက်ရှိလေသည်။

ရှယ်လတန်တို့ နောက်ရောင်ခံ၍ လိုက်နေသူများမှာ ရှေ့ကသွား လျက်ရှိ၏။ နှစ်ယောက်မှာရှေ့မှသွား၍ နောက်တစ်ယောက်က ဝတ်ရုံ တစ်ခုကို ခြုံကာနောက်မှလိုက်၏။ တဖန် ထိုနောက်မှ ဒူးလေးများကို ကိုင်ထားသော လေးသည်ကျော်လေးယောက်က လိုက်၏။ သူတို့သည်မြို့ ကြီးသုတ်ပျာနှင့် ပင်လယ်သင်္ဘောဆိပ်ဆီသို့ ဦးတည်ကာသွားလျက်ရှိကြ လေသည်။ ရှယ်လတန်သည် ဂျွန်ကက်ပါအား တီးတိုးလေသံနှင့်. . .

"ဒီလူတွေညတိုင်း ဒီလိုပဲသွားကြတာပဲလား. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုသွားတာ အခုဉစ္စာ တတိယညပဲ။ ဒီလိုအချိန်မှာပဲ သွားတာပဲ။ လျှို့ဝှက်တဲ့ ကိစ္စ ပဲထင်ပါရဲ့"

ရှေ့မှသွားနေသော ဆာဘရက်လေနှင့် လူခြောက်ယောက်တို့မှာ မြို့ပြင်သို့ရောက်စပြုလျက်ရှိကြ၏။ ရှိုဘီမြို့ကလေးကို လန်ကက်တာနန်းဆက်အရာရှိများက ကင်းချထားသော်လည်း၊ မြို့ကလေးမှာ ဝင်လမ်းအများအပြားပင်ရှိသောကြောင့် တစ်စုံတစ်ဦးသည် ကင်းများကိုရှောင်တိမ်းကာ မြို့တွင်းသို့ အလွယ်တကူဝင်နိုင်ထွက်နိုင်ပေသည်။

ဆာဘရက်လေတို့သည် လမ်းဆုံးအောင်သွားကာ ရပ်လိုက်ကြ၏။ သူတို့ရှေ့တွင်ကား ပင်လယ်မှလှိုင်းတပိုးရိုက်ခတ်သံများဖြင့် ဆူညံလျက်ရှိ၏။ ထိုနေရာတဝိုက်တွင် လူနေအိမ်ခြေကင်းမဲ့ကာ ကင်းချထားခြင်းလည်းမရှိပေ။

ရှယ်လတန်တို့နှင့် သူ့အဖော်နှစ်ယောက်တို့သည် ဆာဘရက်လေတို့နားသို့တိုး၍ သွား၏။ သို့သော်လည်းအိမ်ကွယ်တစ်ခုကိုကျော်လိုက်သည်နှင့် တပြိုင်နက် မလှမ်းမကမ်းမှ မီးရောင်တစ်ခုသည် ဆာဘရက်လေတို့ထံသို့ ဦးတည်လာလျက်နေသည်ကိုမြင်ရ၏။

ဆာဘရက်လေတို့မှာကား ရှိမြဲနေရာတွင် ရပ်တန့်နေကြကာ လာနေသောမီးကို စောင့်ဆိုင်းလျက်ရှိကြ၏။ မကြာမီအတွင်းမီးရောင်သည် နီးလာကာ လူလေးယောက်ကို လှမ်းမြင်နေရ၏။ သူတို့ထဲတွင် ဝတ်ရုံတစ်ခုကို ဝတ်ထားသူတစ်ယောက်ပါလာသဖြင့် ဆာဘရက်လေက "ကျွန်တော်တို့ပါ အသံမှတ်မိတယ်မှတ်လား. . ."

"မှတ်မိပါပြီ။ ဒါပေမဲ့ မြန်မြန်သွားစို့ဗျာ။ ရောင်းမဲ့ကောင်မလေးကို မြန်မြန်တွေ့ရရင်သိပ်ကောင်းမှာပဲ"

"ခင်ဗျား ကောင်မလေးကို ဘာလို့ တခါတည်းခေါ်မလာတာလဲဗျာ၊ ကောင်မလေးကို မြန်မြန်ရောင်းလိုက်လို့ ငွေရရင်ပြီးရောမဟုတ်လား"

"ကျုပ်ရောင်းပြီးလို့ ခင်ဗျားလက်ထပ်ရရင် ကျေနပ်ပြီ မဟုတ်





လား။ ဂျိုအန်နာကို ခေါ်လာအို့ရာ ဘေးမကင်းဘူးဗျ"

ထိုသို့ ပြောဆိုကြပြီးနောက်ဆာဘရက်လေတို့သည် သောင်ပြင်အတိုင်းဆက်လက် ထွက်ခွာသွားကြ၏။ သူတို့နောက်မှာကား ရှယ်လတန်တို့ ထပ်ကြပ်မကွာ လိုက်လာ၏။ ရှယ်လတန်သည် ဆာဘရက်လေတို့ စကားပြောသည်ကို မကြားရသော်လည်း ဝတ်ရုံဝတ်ထားသော အခြားလူမှာ လှော့ ရှိုဘီဖြစ်ကြောင်းကိုသိလိုက်၏။

မကြာမီအတွင်း ဆာဘရက်လေတို့သည် ပင်လယ်ကမ်းစပ်သို့ ရောက်လာကြ၏။ ထိုနေရာတွင် ဝင်းထရံ ခိုင်ခန့်စွာခတ်ထားသော ဥယျာဉ်ကြီးတစ်ခုရှိ၍ အလယ်တွင် နှစ်ထပ်အိမ်တစ်လုံးကိုမြင်ရ၏။

ရှေ့ဆုံးမှ မီးတုတ်ကိုင်သွားသူသည် ဝင်းတံခါးကို သော့နှင့်ဖွင့်ကာ ဆာဘရက်လေတို့လူစု အားလုံးဝင်ပြီးသောအခါ၌ ပြန်ပိတ်လိုက်၏။

သို့ဖြင့် ရှယ်လတန်တို့မှာ ဆက်၍မလိုက်နိုင်တော့ပဲ အပြင်ဘက်ချောင်ကောင်းသောတစ်နေရာတွင် စောင့်၍ ထိုင်နေကြ၏။ ဥယျာဉ် အတွင်း၌ ကား မီးရောင်များသည် ဟိုရွှေ့လိုက် ဒီရွှေ့လိုက်နှင့် ဖြစ်နေ ကြလေသည်။

မိနစ် ၂၀-ခန့်ကြာသောအခါ ဥယျာဉ်အတွင်းမှ လူများပြန်ထွက်လာပြီး အပြင်ရောက်သည်နှင့် တပြိုင်နက် ဆာဘရက်လေနှင့် လော့ရှိုဘီတို့သည် တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်ကာ ကိုယ့်အိမ်သို့ကိုယ်ပြန်သွားကြလေ၏။ သူတို့၏ခြေသံတိတ်သွားမှ ရှယ်လတန်သည် နေရာမှထကာ ဥယျာဉ်ဝင်းထရံနားသို့ကပ်သွား၏။ ရောက်လျှင် ဂွန်ကက်ပါက ခါးကုန်းပေးလိုက်ရာ ရှယ်လတန်သည်ဂွန်ကက်ပါ၏ ခါးပေါ်မှတဆင့် အုတ်ဝင်းထရံပေါ်သို့ တက်လိုက်၏။ အပေါ်ရောက်လျှင်အောက်သို့ပြန်ငုံ့ကြည့်ပြီး ဂရင်းရှိုဆိုသူ နောက်လိုက်အား. . .

"မင်းလည်းတက်လိုက်ခဲ့ဟေ့. . . ဒီပေါ်ကိုရောက်ရင် မင်းက အပေါ်မှာဝပ်နေ။ တစ်ခုခုဖြစ်ရင်ငါ့ကို ကူညီဖို့မမေ့နဲ့" ဟုပြောကာ



www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်တွင်းသို့ခုန်ချလိုက်၏။

ညဉ်၏အမှောင်ထုသည် ထူးကဲစွာမိုက်လှ၏။ အိမ်ဆီမှလည်းမီးရောင်ကို မမြင်ရပေ၏။ လေသည်ဥယျာဉ်အတွင်းရှိ ခြုံကြိုခြုံကြားတွင် ပြေးလွှားနေကာ ပင်လယ်ဘက်တွင်ကား တဝုံးဝုံးနှင့် လှိုင်းရိုက်နေ၏။ လှိုင်းသံမှအပ အခြားဘာသံမှမကြားရပေ။ ရှယ်လတန်သည် ခြုံတစ်ခုကြားထဲသို့ ကျသွားကာ ခြေထောက်မှာကား မာကြောသောမြေပြင်ကိုထိတွေ့ရသောကြောင့် လမ်းတစ်ခုပေါ်သို့ ရောက်နေပြီဟု တွက်ဆမိ၏။ ကျသောနေရာတွင်ပင် ခေတ္တရပ်နေကာ အရေးအကြောင်းရှိလျှင် အသင့်ဖြစ်ရန်လွယ်ထားသော လေးကို လက်တွင်ကိုင်လိုက်ပြီး လမ်းအတိုင်းလျှောက်သွား၏။ လမ်းမှာအဆောက်အဦးငယ်ကလေးများဆီသို့ ရှေ့ရှုလျက်ရှိ၏။

အဆောက်အဦး အားလုံးလိုလိုပင် ပျက်စီးယိုယွင်းနေလေသည်။ ပြတင်းတံခါးကိုတွေ့ရာ ပျဉ်းပြားများနှင့် ကာထား၏။ မြင်းဇောင်းများတွင်ကား မြင်းများမရှိချေ။ အိမ်ကြီးမှာ လူ့သူကင်းမဲ့ဟန် ပုံသဏ္ဍာန်ထိဆောင်လျက်ရှိ၏။ သို့သော်လည်းရှယ်လတန်သည် လက်မလျှော့ပဲ အိမ်ပတ်ခြာလည်လျှောက်ကြည့်ရာ ပင်လယ်ဆီသို့ မျက်နှာမူနေသောဘက်၌ အထက်ထပ်တွင်မီးရောင်တစ်ခုကိုလှမ်းမြင်ရ၏။ နောက်သို့အနည်းငယ်ဆုတ်ပြီး ကြည့်လိုက်ရာ အထက်ထပ်တွင် လူတစ်ယောက်လှုပ်ရှားနေသည်ကိုတွေ့ရလေ၏။ ဤတွင်ရှယ်လတန်သည် မြင်းဇောင်းထဲရောက်စဉ်က လှေကားတစ်ခုကိုလက်နှင့်စမ်းမိခဲ့သောကြောင့် လှေခါးယူရန် မြင်းဇောင်းဘက်သို့သွားလေ၏။ လှေခါးမှာတိုတောင်းသော်လည်း ထိပ်ဆုံးအထစ်ပေါ်တွင်ရပ်လိုက်သောအခါ၌ သူ့လက်သည်ပြတင်းပေါက်ရှိ သံတိုင်များကိုလှမ်းမီသောကြောင့် သံတိုင်ကိုင်ထားသော လက်ကိုအားပြုပြီး ကိုယ်ကိုဆွဲတင်ကာ အခန်းတွင်းသို့ကြည့်လိုက်၏။

အခန်းထဲတွင်လူနှစ်ယောက်ကို လှမ်းမြင်ရ၏။ တစ်ယောက်မှာ





ဆတ်ချက်ကတော်ဖြစ်၍ ကျန်တစ်ယောက်မှာ အရပ်ရှည်ရှည် အရွယ်ငယ်ငယ် လှပချောမောသော ဂျိုအန်နာဖြစ်လေသည်။

သို့ဖြင့် ရှယ်လတန်သည် အပေါ်ဆုံးလှေခါးထစ်ပေါ်သို့ ကိုယ်ကိုလျှောချပြန်၏။ ထိုအခိုက်တွင်အောက်နားမှ လူသံကြားရသောကြောင့် "ဘယ်သူလည်း" ဟု တိုးတိုးလေသံနှင့်လှမ်းမေးလိုက်၏။ အောက်ကသူက. . . . "ဂရင်းရှိ"

"ဘာကိစ္စလာတာလဲ"

"ဒီအိမ်ကို ချောင်းနေတဲ့ တခြားလူတွေရှိတယ်။ ငါအုတ်ဝင်းအရံပေါ်မှာအလျားမှောက်နေတုန်းက လူတွေမှောင်ထဲမှာ သွားနေကြပြီး သူတို့ချင်းစကားပြောသံကိုကြားရတယ်"

"အော်. . . ဟုတ်ရဲ့လား၊ ဆာဘရက်လေရဲ့ လူတွေပြန်လာတာမဟုတ်ဘူးလား"

"မဟုတ်ဖူး. . မဟုတ်ဖူး။ အခုလူတွေက ဦးထုပ်မှာ အဖြူရောင်တံဆိပ်တွေတပ်ထားတယ်။ မှောင်ထဲမှာဆိုတော့ အဖြူရောင်ကိုမြင်နေရတာပေါ့။"

"ဟာ-အင်္ဂလန်ပြည်မှာ အဖြူရောင်တံဆိပ်တပ်ထားတယ်လို့ကြားဖူးဘူး။ ရှိလည်းမရှိဘူး။ ကိုယ့်တို့လူစု မြန်မြန်လစ်မှထွင်တယ်။ ဒီမှာကြာကြာနေလို့ မကောင်းဘူး။ အိမ်ထဲမှာ ဆာဘရက်လေရဲ့လူတွေရှိတယ်။ အပြင်မှာရှိတဲ့ တံဆိပ်ဖြူသမားတွေနဲ့ တိုက်ကြရင် တို့ကအလယ်တိုက် မြေဇာပင်ဖြစ်နေလိမ့်မယ်၊ ကိုင်း-သွားကြစို့-" ဟုပြောကာ ရှယ်လတန်တို့သည် လှေခါးကို မြင်းဇောင်းထဲသို့ ပြန်သွင်းပြီး ဝင်းထရံဆီသို့ လျှောက်ခဲ့လေ၏။

ဂျွန်ကက်ပါနှင့် ဂရင်းရှိ၏နေရာဖြစ်သော ဝင်းထရံပေါ်တွင် အလျားမှောက်နေပြီး လက်လှမ်းပေးသောကြောင့် နှစ်ယောက်သားဝင်းထရံတိုကျော်ကာ တဖက်သို့ခုန်ချလိုက်ကြ၏။ အပြင်ရောက်လျှင်စကား

www.burmeseclassic.com



မပြောရဲသေးပဲ ယခင်ကထိုင်နေခဲ့သည့် နေရာသို့သွားပြီး ထိုင်ကြကာ ရှယ်လတန်က. . . ဂွန်ကက်ပါအား. . .

"ကိုင်း. . . မင်းက ရှိုဘီကိုအမြန်ပြန်သွား။ ရသမျှလူတွေစုပြီး ဒီနေရာကိုခေါ်ခဲ့။ တကယ်လို့မြား တို့လူတွေကိုအဆင်သင့်ရှာမတွေ့ပဲ မိုးလင်းကာနီးအထိ နောက်ကျနေမယ်ဆိုရင် ဒီနေရာကိုမလာခဲ့နဲ့ မြို့ရှိန်ကိုထွက်ခဲ့။ ဂရင်းရှိနဲ့ ငါက ဒီမှာစောင့်နေမယ်" ဟုပြောရာဂွန်ကက်ပါသည်အလျှင်အမြန်ထွက်သွားလေ၏။

ရှယ်လတန်နှင့် ဂရင်းရှိတို့သည် ဥယျာဉ်ဝင်းထရံအတိုင်းကပ်ခါ အထဲသို့ထောက်လှမ်းကြည့်ရှုနေကြလေ၏။ သို့သော်လည်းဘာမျှမတွေ့ရပေ။ ပင်လယ်ဘက်ကျသော ဝင်းထရံမှာ ရေစပ်နှင့်နီးသောကြောင့် ရှယ်လတန်တို့သည် ထိုနေရာတွင် အေးမြသောရေကို ဖြတ်လျှောက်နေကြရ၏။

ဤသို့ လျှောက်နေခိုက် ဝင်းထရံနားတွင် လူတစ်ယောက်၏အရိပ်ကိုမြင်ရ၏။ ထိုလူသည် မတ်တတ်ရပ်ပြီး လက်နှင့်အချက်ပြလျက်ရှိ၏။ သူထိုင်ချလိုက်သောအခါ မလှမ်းမကမ်းရှိ လူတစ်ယောက်ကထပြီး အချက်ပြလိုက်ပြန်၏။ သို့ဖြင့် အိမ်ဝင်းထရံပတ်ခြာလည်တစ်လျှောက်လုံးတွင် အချက်ပြသူများကို တစ်ယောက်ပြီးတစ်ယောက် တွေ့နေရလေ၏။ ရှယ်လတန်တို့သည် နောက်ကျောဘက်တွင် ပင်လယ်ပြင်ရှိနေသဖြင့် ၎င်းသူ၏မြင်ကွင်းကျနေသောကြောင့် ယခင်ပုန်းအောင်းရာ နေရာသို့ ပြန်သွားကြလေ၏။

## အခန်း (၁၅)

ပုန်းကွယ်ရာသို့ရောက်လျှင် ရှယ်လတန်က-

"ဂွန်ကက်ပါ ရှိုဘီမြို့ထဲကို မြန်မြန်ရောက်ပါစေလို့ ဆုတောင်း ရတာပဲ"

"ဘာဖြစ်လို့ ဒါလောက် အရေးကြီးနေ တာလဲကွ"





"အို. . . ဟိုအိမ်ထဲမှာ ငါ့ရည်းစားရှိတယ်။ အခုအိမ်ကို ဝိုင်းနေတဲ့လူတွေဟာ သူ့ရန်သူတွေဖြစ်မှာပဲ"

"ဒါဖြင့်လည်း ဂွန်ကက်ပါ-ပြန်လာရင် ကောင်းကောင်းဆော်ရတာပေါ့ကွာ . . .။ တို့လူတွေအနည်းဆုံး ၄၀-လောက်တော့ရောက်လာမှာပဲ။ နိုင် နိုင်ပါတယ်။ ဒါပေမဲ့ မင်းရည်းစားဟာအခုဆာဘရက်လေရဲ့လက်ထဲမှာပဲကွ။ သူ့ဆီကနေပြီး ကောင်မလေးကို တခြားလူတွေက လုကြအုံးမယ်လို့ထင်တယ်။ ဒီတံဆိပ်ဖြူနဲ့လူတွေဟာ ဘယ်သူများပါလိမ့်မလဲ"

"ကျုပ်တော့. . . လော့ရှိုဘီရဲ့ လူတွေပဲထင်တယ်။ ဒီကောင်တွေ ဘယ်တုန်းက ရောက်နေကြတာလဲ"

"မင်းလည်း ဥယျာဉ်ဝင်းထဲ ခုန်ချပြီးရော သူတို့ကို ငါ စမြင်ရတာပဲ"

ထိုအချိန်တွင် ဥယျာဉ်အတွင်းရှိ အိမ်အပေါ်ထပ်မှ မီးရောင်ကို မြင်ရတော့ပေ။ သို့သော်လည်း ဥယျာဉ်အတွင်းရှိ ချောင်းမြောင်းနေသူများက မည်သည့်အချိန်တွင် တိုက်ခိုက်ကြမည်ကို မမှန်းဆနိုင်ပေ။ ရှယ်လတန်မှာ ဂျိုအန်နာအား . . . လော့ရှိုဘီ၏ လက်သို့ရောက်သွားခြင်းထက် ဆာဘရက်လေ၏ လက်တွင်း၌ရှိခြင်းကို ပို၍ ကြိုက်၏။ သို့ကြောင့် သူသည် တိုက်ပွဲစသည်နှင့်တပြိုင်နက် ချောင်းနေသောရန်သူကို ချေမှုန်းမည်ဟု စိတ်ပိုင်းဖြတ်လိုက်၏။

အချိန်မှာရွေ့ရွေ့ကုန်လျက်ရှိ၏။ သို့သော်လည်းထူးခြားသော လှုပ်ရှားမှုကိုကား မမြင်ရသေးပေ။ ချောင်းနေသောသူများသည် ယခင်ကသည်းအတိုင်း အချင်းချင်းအချက်ပြလျက်ရှိကြ၏။ ဥယျာဉ်အတွင်းရှိအိမ်ကား ဆိတ်ငြိမ်လျက်ရှိလေသည်။

မကြာမီအတွင်း ရှယ်လတန်၏ ရှိုဘီမှလူများ ၃၀-ခန့်ရောက်လာကြ၏။ ရောက်လာသူများကို နှစ်စုခွဲပြီး တစ်စုကို ဂရင်းရှိအားအုပ်ချုပ်စေပြီး၊ လူနည်းစုကိုမူ သူကိုယ်တိုင်အုပ်ချုပ်၏။ ထိုနေ့ကသူစစ်သား



www.burmeseclassic.com

များဘက်သို့ လှည့်ပြီး . . .

"ဟေ့ . . . မင်းတို့က ပင်လယ်ဘက်ကျတဲ့ အုတ်ဝင်းထရံဒေါင့်မှာစောင့်နေ၊ ငါတို့က ဟိုဘက်ဒေါင့်ကို ရောက်အောင်စောင့်နေရမယ်၊ အဲဒီဘက်မှာရန်သူ့ရဲ့ ခေါင်းဆောင်ရှိလိမ့်မယ်။ ခေါင်းဆောင်ကျသွားရင် ကျန်တဲ့လူတွေ ထွက်ပြေးမှာပဲ။ ပြေးချင်ပြေးပါစေ-မလိုက်နဲ့၊ နောက်ပြီးတော့ မင်းတို့လေးနဲ့မြားကိုမသုံးရဘူး၊ ကိုယ့်အချင်းချင်း မှန်ကုန်လိမ့်မယ်။ ဓါးနဲ့ တိုက်ကြ၊ စေ့စေ့-စပ်စပ် လုပ်ကြကွာ။ နိုင်လို့ရှိရင် မင်းတို့ကိုငါဆုချမယ် . . ."

မြားနက်ဂိုဏ်းခေါင်းဆောင်၏ အဲလစ်ဒပ်ဝပ်စုဆောင်းထားသော သူခိုး၊ ဓါးပြ၊ လူပွေ၊ လူတေများအထဲမှ တိုက်ပွဲဖူးပြီး သတ္တိကောင်းသူ အချို့သည် ရှယ်လတန်နှင့် လိုက်ရန်သဘောတူကြ၏။ သူ့လူအားလုံးမှာ ရှူဘီမြို့ကလေးထဲတွင် ဆာဘရက်လေအား . . . ချောင်းမြောင်းရလွန်း သောကြောင့်၊ ပျင်းရိငြီးငွေ့နေကြရာ-ယခုလှုပ်လှုပ်ရှားရှားနှင့် တိုက်ပွဲဝင် ရတော့မည် ဖြစ်သဖြင့်၊ ပျော်ပျော်ပါးပါး အသင့်ပြင်နေကြပေ၏။

လူအားလုံးသည် အစိမ်းရောင်ယူနီဖေါင်းကို ဝတ်ထားပြီးခါးတွင် ဓါးရှည်ကြီးများကိုချိတ်ထားကြ၏။ ခေါင်းပေါ်တွင် သံခမောက်များကို ဆောင်းထား၍ ဓါးမြှောင်များကို လည်းကိုင်ထားကြရာ တကယ့်အမ်ပတီ စစ်သားကြီးများကဲ့သို့ပင် ထင်မှတ်ရလေ၏။

ရှယ်လတန်သည် သတ်မှတ်ထားသော ဒေါင့်သို့ရောက်သောအခါ သူ့လူများအား အုတ်နံရံနှင့်ကိုက် ၂၀-အကွာတွင်စီတန်းခိုင်း၏။ သူကိုယ်တိုင်ကမူ ရှေ့နားတစ်နေရာတွင် နေရာယူ၏။ ပြီးလျှင်ပြီးခြင်းအသံကုန်ဟစ်ခါ ရန်သူတို့ဘက်ဆီသို့ ချီတက်ကြလေ၏။

မြေပေါ်တွင်လဲလျောင်းပြီး ဖြန့်ထားသောရန်သူများမှာ ရုတ်တရက်ချောင်းမြောင်းပြီး အတိုက်ခံရသောကြောင့်၊ ကြောက်ကြောက်လန့်လန့်နှင့် နေရာမှထကာ ဘာလုပ်ရမှန်းမသိဖြစ်နေကြ၏။ ထိုအခိုက်တွင်ပင်





တစ်ဘက်ဒေါင့်မှ ဂရင်းရှိ၏လူများကလည်း ညာသံပေးပြီး ချီတက်လာသောကြောင့်၊ ရန်သူများမှာ စစ်နှစ်ဘက်အညှပ်ခံရပြီထင်ကာ ခွေးပြေးပြေးကြလေ၏။

ဤနည်းဖြင့် မြားနက်ဂိုဏ်းတပ်သား အနည်းငယ်ခန့်သည် လူဦးရေများသော ရန်သူအား အုတ်နံရံနှင့် ပင်လယ်၏ကြားတွင် သုတ်သင်ချေမှုန်းကြလေ၏။ ရန်သူဘက်မှထွက်ပြေးသူ ပြေး၊ ကျသူကျနှင့် ဖြစ်နေသော်လည်း ရန်သူ၏ဦးရေမှာ မြားနက်ဂိုဏ်းထက်ပင်များနေသေး၏။ ထိုအခိုက်တွင်ပင် ပင်လယ်ဒီရေ တက်လာသောကြောင့် စစ်တလင်းမြေစိုသောအခါတွင် တပ်နှစ်တပ်မှာ မှောင်မိုက်ထဲ၌ မမြင်မကန်းနှင့် ခုတ်ထစ်နေကြသေး၏။

ရန်သူမှာ လက်နက်အင်အား ကောင်းသောကြောင့် ထင်သလောက် တိုက်ရန်မလွယ်လှပေ။ ရှယ်လတန်တစ်ယောက်တည်းကိုပင် ရန်သူသုံးယောက်က ဝိုင်းတိုက်နေကြ၏။ ပထမလူကို ခုတ်ပိုင်းချလိုက်သော်လည်း ကျန်လူ ၂-ယောက်က ရှေ့တိုးလာသဖြင့် ရှယ်လတန်သည် ဓါးကိုရမ်းရင်းဆုတ်ခံ ခံနေရလေ၏။ နှစ်ယောက်အနက်တစ်ယောက်မှာ ကာယဗလထွားကြိုင်းတောင့်တင်းသူဖြစ်ပြီး နှစ်ဘက်သွားတပ်ထားသော ဓါးနှင့် တိုက်ခိုက်နေသဖြင့် ရှယ်လတန်မှာ ထိုသူအားခုတ်ထစ်ရန် လက်လှမ်း၍ မမီပဲဖြစ်နေ၏။ ဒုတိယရန်သူကသာ တိုက်မည်ဆိုလျှင် မုချရှုံးရမည်ကဲ့သို့ ဖြစ်နေလေ၏။ သို့သော်လည်းဒုတိယလူမှာ ဆက်မတိုက်ပဲ တိုက်ပွဲ၏အသံများကို နားထောင်နေဟန်ဖြင့် ရပ်တန့်လျက်ရှိ၏။

ထွားကြိုင်းသန်မာသော လူကြီးမှာကား-ဆက်လက်တိုက်ခိုက် တိုက်ခိုက်နေသောကြောင့် ရှယ်လတန်သည် နောက်သို့ဆုတ်ရင်းနှင့် ချက်ကောင်းကို စောင့်မျှော်နေရလေ၏။ ထိုအခိုက်တွင် လူကြီး၏ ချဉ်းကပ်လာသည်ကိုမြင်ရပြီး တအားလွှဲကာ ခုတ်ပိုင်းချလိုက်သောကြောင့် ရှယ်လတန်သည် နောက်သို့ရှောင်ပြီးခုန်လိုက်ရာ လူကြီးသည်တစ်ကိုယ်

www.burmeseclassic.com



လုံးအောက်သို့ ငိုက်သွား၏။ ဤတွင် ရှယ်လတန်သည် သူ့ခါးဖြင့်ပင်ခု ခုတ်လိုက်သောကြောင့် လူကြီးသည်အသံကျယ်စွာ အော်လိုက် သို့သော်လည်းကြာရှည်မဆိုင်းပဲ ဓါးနှင့်ဆင့်ကာ ဆင့်ကာ ခုတ်လိုက် ရန်သူမှာမြေပေါ်သို့ ပြားပြားဝပ် လဲကျသွားလေ၏။

ထိုအခိုက်တွင် သူ့အား တိုက်ခိုက်နေသော ဒုတိယရန်သူ လာပြန်၏။ ကာယဗလမှာ ရှယ်လတန်လောက်ပင် ရှိသော်လည်းရန် ၏လက်တွင် ဓါးမြှောင်တစ်ဖက် ဓါးရှည်တစ်ဖက်ကိုင်ထားသောကြော လွယ်လွယ်နှင့်တိုက်၍ မရပေ။ အတန်ကြာအောင်တိုက်ခိုက်သော်လ အကြောင်းမထူးလှ။ သို့သော်လည်း အသက်ကြီးဟန်တူသောရန်သူ ငယ်ရွယ်နုပျိုသေးသော ရှယ်လတန်နှင့် ရည်ရှည်အမောခံပြီးတိုက် ပုံမရပေ။ အခုအခါတွင် သူတို့နှစ်ယောက်မှာ တိုက်ရင်းခိုက်ရင်းနှင့် ရောက်လိုက် ဒီရောက်လိုက် ဖြစ်နေကြကာ နောက်ဆုံးတွင်ကား ပင်လ ရေစပ်ရေထဲတွင် ရောက်နေကြလေ၏။ ဤတွင်ရှယ်လတန်မှာ ရန်သူ ဓါးသွားတွင် အသက်ပါရတော့မည်ဖြစ်နေ၏။ သို့ဖြင့် အံကိုကြိတ်ခါ လုံးတစ်လုံးအရိုက်လိုက်တွင် ခုန်၍ရန်သူ၏လည်ပင်းကို ခုတ်လိုက် သို့သော်လည်းရန်သူသည် နောက်သို့ဆုတ်၍ ရှောင်လိုက်၏။ ရှယ်လ က ရှေ့သို့တိုးပြီး ဆင့်ကာဆင့်ကာခုတ်လိုက်၏။ ထိုအခိုက်တွင် မော နေရှာပြီဖြစ်သော ရန်သူမှာ ဒုတိယလှိုင်းလုံး၏ ပုတ်ခတ်မှုကိုပင် မခံ တော့ဟန်ဖြင့် လဲကျသွားကာ ရေထဲသို့နစ်မြုပ်သွား၏။ ရှယ်လတန်သ ဓါးနှင့် ရန်သူ၏ရင်ဘတ်ကိုထောက်ခါ "ဟေ့ကောင် အရှုံးပေး . . အရှုံး ရင် အသက်ချမ်းသာမယ် . . . " ဟုပြောရာ လဲနေသောရန်သူက . . .

"အရှုံးပေးပါပြီ-အရှုံးပေးပါပြီ၊ အသက်ချမ်းသာပေးပါ" ပြောလေ၏။

ထိုအခိုက်တွင် သောင်ခုံပေါ်၌ တိုက်ပွဲမှာ ပြင်းထန်နေဆဲ ဖြစ်၍ ဓါး-ဓါးချင်းခုတ်ကြသည့် တချွင်ချွင်မြည်သံ၊ ဒဏ်ရာရသူ





သည်းသံ၊ ညာသံပေးပြီး-တိုက်နေသံတို့ဖြင့် ပွက်လောညံလျက်ရှိ၏။ ရှယ်လတန်ကသူ့ကို အရှုံးပေးသူအား . . .

"ငါကို မင်းတို့တပ်မှူးဆီကိုခေါ်သွား"

"ကျုပ်ဟာ တပ်မှူးပါပဲ"

"ဒါဖြင့် မင်းစစ်သားတွေကို တိုက်ပွဲအရပ်ခိုင်းပြီးအရှုံးပေးတော့"

ရန်သူတပ်မှူးမှာ ရှယ်လတန်၏ခန့်ငြားသောအသံဩဇာကြောင့် ခုတ်ခြင်းပင်သူ့လူများဘက်သို့လှည့်ပြီး . . .

"ဟေ့ . . . လက်နက်ချကြဟေ့-ငါ့ကိုဖမ်းမိနေပြီ။ မင်းတို့လက် နက်ချပြီး အရှုံးမပေးရင် ငါ့ကိုသတ်ကြလိမ့်မယ်"ဟု အော်လိုက်လေ၏။

ဤတွင် သောင်ခုံပေါ်၌ တိုက်ပွဲမှာ မီးကိုရေနှင့်သတ်လိုက်သ ညီငြိမ်းသွားလေ၏။ ရှယ်လတန်က တဖန်အော်ဟစ်ပြီး-

"ငါ့လူတွေ အထိအခိုက်ရှိသလားဟေ့" ဟုအော်လိုက်ရာ၊ သူ့ နောက်လိုက်များက တစ်ယောက်မှအထိအခိုက်မရှိဘူး" ဟုပြန်အော်လိုက် လေ၏။ ထိုအခိုက်တွင် ရန်သူခေါင်းဆောင်တပ်မှူးက ရှယ်လတန်အား . .

"ခင်ဗျားတို့အထဲမှာ ဆာဘာရက်လေပါလာသလား"

"ဟင့်အင်း-မပါပါဘူး။ ဒီကောင်ကြီးကို ကျုပ်ကချချင်နေတာ"

"အို . . . ဒါဖြင့် ခင်ဗျား ဆာဘာရက်လေရဲ့ လူမဟုတ်ဖူးပေါ့၊ ပြောစမ်းပါဦး ဒါဖြင့် ဘာဖြစ်လို့ ကျုပ်ကို တိုက်ရတာလဲ။ ခင်ဗျားဟာ ဘယ်သူလည်း"

သို့သော်လည်း ရှယ်လတန်က ပြန်မဖြေမီ ဦးထုပ်တွင်တံဆိပ် တပ်ထားသော ရန်သူတစ်ဦးက သူ့တပ်မှူးအား အလေးပြုကာ . . .

"ဗိုလ်မှူး-ဒီလူတွေဟာ ဆာဘာရက်လေရဲ့ ရန်သူတွေဆိုလို့ရှိရင် သူတို့နဲ့-ကျွန်တော်တို့နဲ့ တိုက်တာဟာ မှားတာပဲ။ အခုတောင် ဥယျာဉ် ထဲမှာရှိတဲ့ ဆာဘာရက်လေရဲ့လူတွေက ရှိုဘီမြို့ဘက်ကိုလှမ်းပြီး အချက်ပြစစ်ကူတောင်းနေပြီ။ မကြာခင် ကျွန်တော်တို့နှစ်ဦးကို အတိုက်ခံ

www.burmeseclassic.com



ရတော့မှာပဲ။ ဒီမှာ ကြာကြာနေလို့မတော်ဘူး၊ မြန်မြန်ဆုတ်မှ ဖြစ်မယ်”

“အေး-မင်းပြောတာမှန်တယ်”

ဟုပြောကာ ရန်သူ့တပ်မှူးသည် ရှယ်လတန်ဘက်ကိုလှည့်ပြီး “ကိုင်း ဘယ်ဘက်ကို ချီတက်ရင်ကောင်းမလည်းဗျာ”

ဟုမေးနေသဖြင့် ရှယ်လတန်က. . .

“တစုတည်း ချီတက်လို့တော့ မကောင်းဘူး။ ခင်ဗျားက ခင်ဗျားလူတွေခေါ်သွား။ ကျုပ်ကကျုပ်လူတွေကိုခေါ်မယ်။ ခင်ဗျားကြိုက်တဲ့နေရာကိုပြော နောက်မှဆုံကြရအောင်”

“အော်-အော်. . . ကောင်းတယ် နက်ဖန်ခါကျတော့ စိန့်ဘာရိုက်ခရေ့ အရပ်မှာဆုံကြစို့။ ကိုင်းလာကြဟေ့. . . ငါ့လူတွေ” ဟုပြောပြောဆိုဆိုနှင့် သူ့လူများကို ခေါ်ကာထွက်သွားလေ၏။ ရှယ်လတန်၏လူများမှာကား ရန်သူ၏ကျဆုံးနေသော အလောင်းများကို လှန်လှော၍ရှာဖွေနေကြလေ၏။ ထိုအခိုက် ရှယ်လတန်သည် အုတ်နံရံတံတိုင်းနားသို့သွားပြီး တစ်ထပ်၍ ထောက်လှမ်းကြည့်ရှုနေရာ အိမ်ပေါ်ထပ်တစ်ခုမှ မီးရောင်တစ်ခုထိုးထွက်နေသည်ကို မြင်ရ၏။ ထိုမီးရောင်မှာ ရှိုဘီမြို့ကလေးရှိ ဆာဘရက်လေ၏ အိမ်မှလှမ်း၍ မြင်နိုင်သည်ဖြစ်ရာ မကြာမီအတွင်း ဆာဘရက်လေ၏စစ်ကူများ ရောက်လာတော့မည်ကိုခန့်မှန်းနိုင်လေသည်။

သူသည်မြေကြီးသို့ နားကိုကပ်ကာ နားထောင်ကြည့်ရာ ရှိုဘီမြို့ဘက်မှ စစ်ချီလာသံကို ကြားရသလိုလိုရှိသောကြောင့် ပင်လယ်ကမ်းစပ်သို့ပြန်လာခဲ့ရာ သူ့လူများမှာ ရန်သူ့အလောင်းများကို ပင်လယ်ထဲသို့ဆွဲချပြီးစီးနေသည်ကိုတွေ့ရလေ၏။

နောက်မိနစ်အနည်းငယ်သို့ကြာသောအခါ ရှိုဘီမြို့စွန်ရှိ လယ်ကျဉ်းကလေးတစ်ခုတွင် မြင်းသည်ကျော် ၃၀-၄၀ ခန့် စစ်ချီတက်လာသည်ကို တွေ့ရပြီး ပင်လယ်ကမ်းစပ်ရှိ ဥယျာဉ်ကြီးမှာကား ဆိတ်ငြိမ်ဆိတ်ငြိမ်လျက်ရှိလေသည်။





ထိုညတွင် ရှယ်လတန်နှင့် နောက်လိုက်များသည် ရှိုဘီမြစ်ဆိပ်ရှိ အရက်ဆိုင်တွင်ပင် အနားယူအိပ်စက်ကြလေ၏။

## အခန်း (၁၆)

ယမန်နေ့ညက တိုက်ပွဲတွင် ရှယ်လတန်နှင့် ရန်သူ့စစ်ဗိုလ်တို့ တွေ့ဆုံရန်ချိန်းဆိုသောစိန့်ဘာရိုက်ခရေ့ အရပ်မှာ ရှိုဘီမြို့လေးနှင့်အနည်းငယ်အလှမ်းဝေး၍တန်းစတောသစ်တောအစနားတွင် ရှိလေသည်။ ထိုနေရာတွင် လမ်းနှစ်ခုဆုံလျက်ရှိ၏။ တစ်လမ်းမှာ တန်းစတောရွာ ဟိုလီးဝုဘုန်းကြီးကျောင်းမှ တန်းစတောသစ်တောသို့ လာသောလမ်းဖြစ်၍ နောက်တစ်လမ်းမှာ လန်ကက်စတာ နန်းဆက် စစ်တပ်များ မကြာမီက စစ်ရှုံးပြီးသုတ်ခြေတင်ရသော ရှိုဘီမြို့ကလေးနှင့် ရစ်ဆင်ဂန်ရွာကြားရှိလမ်းဖြစ်သည်။ စိန့်ဘာရိုက်ခရေ့တွင် လမ်းနှစ်ခုဆုံကာ ထိုမှတဖန် တစ်လမ်းတည်းအဖြစ်နှင့် ရှိုဘီမြို့သို့ ရောက်အောင်ဖေါက်လုပ်ထား၏။ လမ်းဆုံ၏နောက်ဘက်တစ်နေရာတွင် ကုန်းမြင့်ကလေးတစ်ခုပေါ်၌ ရှေးကျ၍ဟောင်းမြင်းသော လက်ဝါးကပ်တိုင်လေးတစ်ခုကို တွေ့ရ၏။

ဤနေရာသို့ နံနက် ၇-နာရီ အချိန်တွင် ရှယ်လတန်ရောက်လာ၏။ ရာသီဥတုမှာ အလွန်အေးချမ်းပြီး-မြေပြင်တစ်ခုလုံးဆီးနှင်းများဖုံးလွှမ်းကာ ဖြူဖွေးနေ၏။ အရှေ့ဘက်ကောင်းကင်တွင် နေရောင်ခြည်သစ်သည် နေ့တစ်နေ့၏ အစကိုဖေါ်ပြသလို ထိန်လင်းနေပေသည်။

ရှယ်လတန်သည် လက်ဝါးကပ်တိုင်ကလေးနံဘေးတွင် ထိုင်ကာထူထဲသောအဝတ်ကို ဝတ်ထားပြီး စောင့်မျှော်လျက်ရှိ၏။ မကြာမီအတွင်း ဟိုလီးဝုဘုန်းကြီးကျောင်းမှ လာသောလမ်းဘက်ဆီတွင် လူကြီးတစ်ယောက်သည် အလွန်ခန့်ငြားလှပသော သံချပ်ကာအဝတ်အစားကို ဝတ်ခါ အပေါ်မှသားမွေးအကျီတစ်မျိုးကို ခြုံပြီးမြင်းကောင်းတစ်စီးကို



www.burmeseclassic.com

www.burmeseclassic.com



စီး၍လာနေသည်ကို တွေ့ရ၏။ သူ့နောက်မှာကား လှံကိုင်စစ်သားများ လိုက်လာ၍ ထိုစစ်သားများသည် ရှယ်လတန်အားမြင်လျှင် ရပ်တန့်နေရစ်ခိုက် ရှေ့မှလူကြီးသည် ဆက်၍လာ၏။

အနားရောက်၍ သံချပ်ကာမျက်နှာဖုံးကို လှပ်လိုက်သောအခါ ခန့်ငြားသောအဝတ်အစားနှင့် လိုက်အောင်ပင်ခန့်ငြားတည်ကြည်သော မျက်နှာထားကိုမြင်ရလေ၏။ ရှယ်လတန်မှာ ယမန်နေ့ညက သူကနိုင်လိုက်ရသော ရန်သူဖြစ်လင့်ကစား ရိုသေစိတ်ပေါက်လာပြီး နေရာမှထကာ. . .

"ဒီလိုအချိန်မှန်လာတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ် ခင်ဗျား။ မြင်းပေါ်ကဆင်းပါဦးလား"

"အော်. . . လူလေး မင်းတစ်ယောက်တည်းလား"

"ကျွန်တော် ဒီလောက် မမိုက်သားပါဘူးခင်ဗျာ။ ဟောဒီဘက် သစ်တောထဲမှာ ကျွန်တော့လူတွေဟာ လေးနဲ့မြားနဲ့ အရံသင့် ချောင်းမြောင်း စောင့်ဆိုင်းနေကြပါတယ်"

"အေး. . . ဒီလိုသတိထားမှပေါ့။ သတိဆိုတာပိုတယ်လို့မရှိဘူး။ မနေ့ညက မင်းတိုက်ပုံကတော့ အလွန်တော်ပါပေတယ်။ တော်လို့လည်း နိုင်ကြတာပဲ"

"မဟုတ်ပါဘူး ခင်ဗျား။ တော်လို့နိုင်တာ မဟုတ်ပါဘူး။လိုင်းလုံးကကူညီတာနဲ့ မတော်မဆနိုင်တာပါ။ ဒီမှာ ကျွန်တော်တို့ကို ကြည့်ပါဦး ခင်ဗျားရဲ့ ဓါးမြှောင်ချက်တွေကို မွနေတာပဲ။ မနေ့ညက တိုက်ပွဲမှာ ကျွန်တော့မှာ အရှုံးလည်းရှိ အမြတ်လည်းရှိပါတယ်. . ."

"တိုက်ပွဲဝင်ပြီးစဆိုပေမဲ့ မင်းကြည့်ရတာ- ဘာမှမဖြစ်သလိုပဲလား. . ."

"ဘယ်လိုပဲဖြစ်ဖြစ်ကျွန်တော့အဖို့တော့ ခင်ဗျားနဲ့တွေ့ရတာအများကြီးဝမ်းသာပါတယ်. . ."





"အော်. . . ဒါနဲ့ မင်းနာမည်ဘယ်လိုခေါ်သလဲ"

"ရစ်ချက် ရှယ်လတန်လို့ခေါ်ပါတယ်. . ."

"ငါ့ နာမည်ကတော့ လော့ဖေါက်စတန်-ပဲ"

"ဒါဖြင့် ခင်ဗျားဟာ ဂျုံအန်နာရဲ့ မွေးစားဖခင်ပေါ့။ အကြောင်းဆိုက်တုန်း ကျွန်တော်တောင်းပန်ချင်တာ တစ်ခုရှိပါတယ်။ မနေ့ညက ကျွန်တော်ခင်ဗျားရဲ့အသက်ကို ခွင့်လွှတ်လိုက်တာကိုထောက်ထားပြီး ကျွန်တော့ကို ဂျုံအန်နာနှင့် လက်ထပ်ခွင့်ပြုပါ။ ဒီလို ခွင့်ပြုမယ်ဆိုရင် ကျွန်တော်က ခင်ဗျားနောက်ပါးက အမြဲတမ်းလိုက်ဖို့ အဆင်သင့်ပါပဲ"

"ဒါပေမယ့် မင်းကို ဆာဘရက်လေက မွေးစားတာ မဟုတ်လား။ မင်းအဖေအရင်းက ဟဲရီရှယ်လတန်လေ. . . မင်းအကြောင်း ငါ ကြားဘူးပါတယ်. . ."

"မြင်းပေါ်က အောက်ကိုဆင်းပါဦးခင်ဗျား။ ကျွန်တော့်အကြောင်းတွေ လုံးစေ့ ပတ်စေ့ ပြောပြစမ်းပါရစေ။ အကြောင်းစုံသိပြီးတဲ့နောက် ကျွန်တော့်ကို ထင်ချင်သလိုထင်တာပေါ့"

သို့ဖြင့် လော့ဖေါက်စတန်သည် အောက်သို့ဆင်းလာရာ ရှယ်လတန်က ဆာဘရက်လေနှင့်ဖြစ်ပျက်ခဲ့ပုံအကြောင်းစုံကို ဖွင့်ဟပြောပြသ၏။ လော့ဖေါက်စတန်မှာ ရှယ်လတန်ပြောသမျှကို သေချာစွာစူးစိုက်နားထောင်နေပြီးနောက်. . .

"မင်းဟာ. . . လွန်လည်းကံဆိုးခဲ့ဘူးတယ်. . .။ အလွန်လည်း ကံကောင်းခဲ့ဘူးတယ်။ ဒါပေမဲ့ အခုငါနဲ့တွေ့တဲ့အချိန်ကစပြီးဝမ်းသာပေတော့၊ မင်းလို လူတစ်ယောက်ဟာ မြားနက်ဂိုဏ်းသားတွေလို ဝရမ်းပြေးဆိုးတွေနဲ့ ပေါင်းသင်းနေပေမယ့် သစ္စာရှိတဲ့လူတစ်ယောက်ဆိုတာ ငါ နားလည်ပါပြီ။ မင်းဟာရဲရင့်တယ်၊ သစ္စာရှိတယ်၊ ယဉ်ကျေးသိမ်မွေ့တယ်။ မင်းရဲ့ လယ်တွေ၊ မြေတွေ၊ ပစ္စည်းတွေကို ဆာဘရက်လေက တရားသိမ်းပိုက်ထားတာကတော့ လန်ကက်စတာ နန်းဆက်ဂိုဏ်းက

www.burmeseclassic.com



တန်ခိုးကြီးနေသမျှ ဆာဘရက်လေက အုပ်စားနေဦးမှာပဲ။ ငါ့ရဲ့ မွေးစား သမီး ဂျိုအန်နာနဲ့ပတ်သက်လို့တော့ ငါ့ဆွေမျိုးထဲက ဟင်မလေဆိုတဲ့လူ နဲ့ပေးစားဖို့ ငါကတိပေးထားတယ်. . ."

"ဒါပေမဲ့ ဆာဘရက်လေက ဂျိုအန်နာကို လော့ရှိုဘီနဲ့ ပေးစား ဖို့ကြံနေပါတယ်ခင်ဗျာ-"

"အေး. . . ဟုတ်တယ်။ မင်းဟာ ငါ့ကို အသက်ပေးခဲ့တဲ့ကျေး ဇူးရှင်ဖြစ်တာ တကြောင်း၊ ကောင်မလေးရဲ့ စိတ်ချမ်းသာမှုကိုထောက် ထားသောအားဖြင့်တကြောင်း အဲဒါကြောင့် ဂျိုအန်နာကို မင်းနဲ့ပေးစား ဖို့ငါသဘောတူမယ်။ ငါ့ကိုမင်းလူတွေနဲ့ အကူအညီပေးပါ-"

"ကျွန်တော့် လူတွေဆိုတာက ခင်ဗျား ဝရမ်းပြေးလို့သမုတ်ထား မြားနက်ဂိုဏ်းက လူတွေပဲရှိတယ်။ . . ."

"ဘယ်သူတွေပဲ ဖြစ်ဖြစ်လေ ငါ့ဘက်ကသာ ဝင်တိုက်ပါ နိုင်လို့ရှိရင် မင်းနဲ့ ဂျိုအန်နာ လက်ဆက်ရမယ်ဆိုတာ ကတိပေးပါတယ်"

"ဤတွင် ရှယ်လတန်သည် လော့ဖေါက်စတန်၏ ရှေ့တွင် ကျေးဇူးတင်သည့်အမူအရာနှင့် ဒူးထောက်လိုက်ရာ လော့ဖေါက်စတန် သည် မိဘက သားကိုပွေ့ဖက်ထားသကဲ့သို့ ပွေ့ဖက်ပြီး. . .

"ထပါကွာ. . . ဒါတွေလုပ်မနေပါနဲ့။ မင်းနဲ့ ဂျိုအန်နာလက် ထပ်ရမှာပါ"

## အခန်း (၁၇)

နောက် နာရီဝက်ခန့်ကြာသောအခါ၊ ရှယ်လတန်မှာ ရှိုဘီမြစ် ဆိပ်ရှိ အရက်ဆိုင်သို့ရောက်နေပြီး သူ့ဆက်သားများနှင့် ကင်းများ၏သ တင်းပို့ချက်ကို နားထောင်နေလေ၏။ မြားနက်ဂိုဏ်းခေါင်းဆောင် အဲလစ် ဒပ်ဝပ်မှာ အရေးတကြီးကိစ္စများဖြင့် အလုပ်များသူဖြစ်၍ တခြားသို့သွား





နေသောကြောင့် ယခုအခိုက်အတန့်၌ ရှိုဘီတွင်မရှိပေ။ မြားနက်ဂိုဏ်း ကို ထောင်ရာတွင်သူ၏ရည်ရွယ်ချက်မှာ ငွေကြေးချမ်းသာရန် လက်စား ချေရန်သက်သက်မျှသာ ဖြစ်၏။ သို့သော်လည်း သူနှင့်အကြံဖော်သူများ တာ သော်ကား အင်္ဂလန်ပြည် ထီးရေး နန်းရေး ကိစ္စမှန်သမျှတွင် လူတွင် ကျယ်ဖြစ်သော ဝါးဝစ်မြို့စား ရစ်ချတ်၏ ကိုယ်စားလှယ်အဖြစ် နားလည် ထားကြပေ၏။

အဲလစ်ဒပ်ဝပ် မရှိသောအခိုက်အတွင်း၊ ရှယ်လတန်မှာ ရှိုဘီ တွင်ခေါင်းဆောင်ဖြစ်နေပြီး ကိစ္စဟူသမျှကို သတိကြီးစွာနှင့် ဆောင် ရွက်နေရ၏။ သူသည် လော့ဖေါက်စတန်နှင့် တိုင်ပင်ခဲ့သည့်အတိုင်း ထို ညနေတွင် ပင်လယ်ကမ်းစပ်မှအိမ်ကို ပြန်လည်တိုက်ခိုက်ခါဂျိုအန်နာအား လွှတ်ပစ်ရန်တာဝန်ရှိနေ၏။ သို့သော်လည်း ကင်းထောက်များ၏ ပြော စကားအရ ထိုကိစ္စမှာ အခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့နေရလေ၏။

ယမန်နေ့ညက တိုက်ပွဲကြောင့် ဆာဘရက်လေသည် ကြောက် လန့်ပြီး၊ ပင်လယ်ကမ်းစပ်ရှိ ဥယျာဉ်ထဲတွင် စစ်တပ်များကိုတိုးတက်ချထား ခြင်း ရှိုဘီတဝိုက်ရှိ လမ်းကြိုလမ်းကြားတကာတွင် မြင်းတပ်သားများကို စေလွှတ်ထားခြင်း၊ ထိုမြင်းတပ်သားများထံမှ ရန်သူ၏လှုပ်ရှားမှုကို သတင်း ပို့သည်နှင့်တပြိုင်နက် အလျှင်အမြန်ချီတက် တိုက်ခိုက်ရန် သူ့ အိမ်တွင် မြင်းများ စစ်သားများ လက်နက်များကို အရံသင့်လုပ်ထား၏။ ရှယ်လတန် မှာ ထိုအကြောင်းကိုသိရသဖြင့် အကြံရကြပ်နေလေ၏။ နောက်ဆုံးတွင် အကြံတစ်ခုရဟန်ဖြင့် မျက်နှာကြည်သာလာပြီး သူ့လူ များဘက်သို့ လှည့်ကာ . . .

"ဟေ့. . ရဲဘော်တွေ မင်းတို့ထဲက သင်္ဘောသားတစ်ယောက် ယောက်ရှိရင် သင်္ဘောတစ်စင်းလောက်ခိုးမပေးနိုင်ဘူးလား" ဟုမေးရာ၊ လူတစ်ယောက်ကထပြီး. . . "ကျွန်တော့်ကို တာဝန်ပေးရင် မြစ်ဆိပ်က သင်္ဘောတစ်စင်းကို ခိုးပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မကြာမီအတွင်း လူနှစ်ယောက်မှာ သင်္ဘောဆိုက်ရန်မြစ်ဆိပ်သို့ သွားလျက်ရှိကြ၏။ မြစ်ဆိပ်မှာ သောင်ပြင်တစ်နေရာတွင်ရှိပြီး ကမ်းစပ်တွင် လှေများ၊ သင်္ဘောများ ကျောက်ဆူးချထား၏။ အချို့မှာလည်း သောင်ပေါ်တွင်တင်လျက်ရှိကြ၏။ ရာသီဥတုမှာ ကောင်းကင်တစ်ခုလုံး မိုးတိမ်များဖြင့် အုံ့ဆိုင်းနေပြီး ဆီးနှင်းများကျလျက်ရှိ၏။ အခြေအနေကို ကြည့်ရခြင်းဖြင့် မကြာမီအတွင်း မုန်တိုင်းထန်မည့် သင်္ကေတ်ဖော်နေလေသည်။ ရာသီဥတုအကြောင်း နားလည်သော လှေသမားများမှာ လှေများကို ကမ်းတွင်ကပ်ခါ ကုန်းပေါ်တက်ပြီး ဟော်တယ်တကာ ဆိုင်တကာ၌ ဆူကြ ညံကြ ပျော်ကြ ပါးကြနှင့် သောက်စားနေကြလေ၏။

လှေ အမြောက်အများ ကျောက်ဆူးချထားသည်ကို တွေ့ရပြီး အချိန်တရွေ့ရွေ့ ကုန်လာသော်လည်း၊ ရာသီဥတုမှာ ပြောင်းလဲမှု မရှိသောကြောင့် ကမ်းကပ်သည့်လှေများမှာတစ်စင်းပြီးတစ်စင်းတိုးလျက်သာရှိ၏။ ဤသို့ ကမ်းကပ်ထားသော လှေများမှ ပိုင်ရှင်များသည် ကုန်းပေါ်တက်ခါ ပျော်ပါးနေသောကြောင့် လှေခိုးရန်တာဝန်ယူခဲ့သူ မြားနက်ဂိုဏ်းဝင်တစ်ဦးနှင့် ရှယ်လတန်တို့သည် ထိုလှေများဆီသို့ရွေ့ရှု၍ သွားနေကြလေ၏။ ရှယ်လတန်သည် သောင်ပြင်ရောက်လျှင် တစ်ဝက်နစ်မြုပ်နေသော ကျောက်ဆူးကြီးတစ်ခုပေါ်တွင်ထိုင်ကာ လှိုင်းပုတ်သံကိုရင်း၊ ဆိုင်များဆီမှ သင်္ဘောသားများ၏ သံချင်းဆိုသံကို နားထောင်နေလေ၏။ မကြာမီအတွင်းသူလွှတ်လိုက်သော မြားနက်ဂိုဏ်းသားပြန်ရောက်လာပြီး သင်္ဘောတစ်စင်းကို လက်ညှိုးထိုး၍-ပြ၏။

ထိုသင်္ဘောမှာ မြစ်ဆိပ်အဝတွင်ဆိုက်ကပ်ထားရာ လှိုင်းရိုက်ခတ်သဖြင့် ယိမ်းယိုင်လှုပ်ရှားနေပေ၏။ သင်္ဘော၏ကုန်းပတ်ပေါ်တွင်ကား သင်္ဘောသားအချို့မှာ လှေငယ်တစ်စင်းကို ကြိုးနှင့်ဆွဲနေသည်ကို တွေ့ရလေ၏။ သင်္ဘောသားများသည် လှေငယ်ကို ရေထဲချပြီး ကမ်းဘက်သို့ လှော်ခတ်လာကြ၏။ ရှယ်လတန်က သူ့နောက်လိုက်အား. . .





"မင်း-သင်္ဘော နာမည်ကဘာတဲ့လည်း"

"ဂွတ်ဟုတ်-လို့ခေါ်တယ်။ ကပ္ပိတန်က အာဗာစတာတဲ့။ အခုလာနေတဲ့ လှေငယ်ကလေးထဲမှာ ပဲ့ကိုင်နေတဲ့လူပေါ့"

ဤသို့ ပြောဆိုပြီးနောက် ရှယ်လတန်တို့ နှစ်ယောက်သည်ကမ်းစပ်အတိုင်းလျှောက်ခါ လှေငယ်ကလေး ဦးတိုက်လှော်ခတ်နေသည့် သဲသောင်ခုံဆီသို့ သွားလေ၏။ ထိုနေရာမှနေ၍ ရှယ်လတန်သည် လှေငယ်ဆီသို့လှမ်းပြီး . . .

"ဟေ့-အာဗလာစတာ၊ မင်း ငါ့ကိုမှတ်မိရဲ့လား။ ဟိုကသင်္ဘောဟာ မင်းသင်္ဘောဂွတ်ဟုပ် မဟုတ်လား။ လာလေကမ်းပေါ်တက်ခဲ့။ မင်းကိုငါအရက်တိုက်ရဦးမယ်။ မတွေ့ရတာကြာပြီပဲ"

ကပ္ပိတန် အာဗလာစတာမှာ မျက်နှာခပ်သွယ်သွယ်ရှိ၍အသက်အရွယ်ကြီးရင့်ပုံရ၏။ သူသည်ရှယ်လတန်အား ကြည့်ခါ တစ်ခါမှ မမြင်ဘူးသလိုလို မေ့နေသလိုလိုဖြစ်နေလေ၏။ သို့သော်လည်း အရက်ဒကာခံမည်ကို နားလည်သောကြောင့် သိသည်မသိသည်ကို ဘေးချိတ်ထားလိုက်ပြီး . . . မျက်နှာထားရွှင်ပြုံးစွာနှင့် လက်ဆွဲနှုတ်ဆက်လိုက်ကာ. . .

"အရက်သောက်မလို့လား. . . ကောင်းသားပဲ၊ကိုင်း. . . သွားကြစို့" ဟုပြောကာ၊ မကြာမီအတွင်း သူတို့သည် လူရှင်း၍ ချောင်ကျသော အရက်ဆိုင်တစ်ခုတွင် ထိုင်လျက်ရှိကြလေ၏။ အရက်ဆိုင်မှာ သစ်သားဖြင့် ဆောက်လုပ်ထားပြီး ထိုင်ရန် ခုံများ၊ စားပွဲများရှိ၏။ အခန်းအလယ်တွင် မီးလင်းဖိုတစ်ခုကို ဖိုထား၏။ ရှယ်လတန်၏ နောက်လိုက်က အာဗလာစတာအား. . .

"ဟန်ကျတာပဲ၊ ဒီဆိုင်မှာမီးဖိုလည်းရှိတယ်။ အရက်လည်းကောင်းတယ်။ ရာသီဥတုက အေးချမ်းတော့ ဒီလိုနေရမှ ဇိမ်ရှိတာ-"

"အေးကွာ. . . ရာသီက သိပ်ဆိုးတာပဲ။ ဒါနဲ့ မင်းနာမည်ကဘယ်သူတုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒစ်ကွန်လေ. . . ဒစ်ကွန် မေ့နေပြီလား၊ ကိုင်း ကိုင်း သောက်ဝအောင်သောက်ကြစမ်းပါ"

"အေးကွာ ကျေးဇူးပါပဲ။ ငါညနေကျမှ သင်္ဘောပေါ်ပြန်ဆင်းတော့မယ်၊ အဆင်သင့်ရင် မနက်မှဆင်းမယ်။ ရေထဲနေရတာကြာတော့လည်း စိတ်ပျက်စရာအကောင်းသား"

ဤသို့ စကားပြောနေကြခိုက် ရှယ်လတန်သည် သူ့လူများအား နှုတ်ဆက်ကာ သူတည်းခိုသည့် အရက်ဆိုင်သို့ပြန်သွားလေ၏။ ရောက်လျှင်ရောက်ခြင်း လော့ဖေါက်စတန်ထံသို့ ထိုညနေစစ်ချီသောအခါ၌ သင်္ဘောတစ်စင်းရမည်ဟု အကြောင်းကြားလိုက်၏။ ထို့နောက်သူ့ရဲဘော်များထဲမှ သင်္ဘောသားဟောင်း နှစ်ယောက်ကိုခေါ်ခါ သောင်ပြင်ဘက်သို့ ထွက်ခဲ့လေ၏။

ဂွတ်ဟုပ် သင်္ဘောမှ ကပ္ပိတန် အာဗလာစတာတို့ စီးလာသော လှေကလေးမှာ ထိုနေရာတွင်ပင် တွေ့ရလေ၏။ ရှယ်လတန်နှင့် သူ့အဖေါ် နှစ်ယောက်တို့သည် လှေပေါ်သို့တက်ပြီး လှော်ခတ်၍ ထွက်သွားကြ၏။

ဂွတ်ဟုပ်သင်္ဘောမှာ ရေလယ်လောက်တွင် ဆိုက်ထားသောကြောင့်၊ အနီးအနားတွင် အခြားလှေများမရှိပေ။ ရှယ်လတန်တို့စီးလာသောလှေငယ်သည် သင်္ဘောနားသို့ကပ်လာသောအချိန်၌ ဆီးနှင်းများဝေနေသောကြောင့် သူတို့အားအဝေးမှ မည်သူကမျှ မမြင်နိုင်ချေ။ သို့ဖြင့် သူတို့သည် ဂွတ်ဟုပ်သင်္ဘောပေါ်သို့တက်ခါ သင်္ဘောကိုသိမ်းပိုက်လိုက်ကြ၏။

သင်္ဘောမှာ တောင့်တင်းခိုင်မာပြီး ဦးပိုင်းတွင်အခန်းဆောင်များရှိ၍ ပဲ့ပိုင်းတွင်ကား ကုန်းပတ်အတိုင်း ဟာလာဟင်းလင်းပင်ဖြစ်ပေသည်။ အခန်းတစ်ခန်းတွင် အရက်စည်ကြီးများကို တွေ့ရ၍ ဦးပိုင်းရှိ ကပ္ပိတန်နေသော အခန်းထဲတွင်ကား သော့ခတ်ထားသောသေတ္တာကြီးများ





တွေ့ရသဖြင့် သင်္ဘော၏ချမ်းသာကြွယ်ဝမှုကို ခန့်မှန်းနိုင်ပေသည်။

သင်္ဘောပေါ်တွင် ခွေးတစ်ကောင်ရှိရာ တက်လာသူများအား ဟောင်နေသောကြောင့် ခြေဖြင့်ကန်လိုက်ပြီး အခန်းတစ်ခုထဲတွင်လှောင်ထားလိုက်၏။ ရှယ်လတန်တို့သည် မီးအိမ်တစ်လုံးကို ကမ်းမှမြင်သာသောနေရာတစ်ခု၌ ထွန်းထားလိုက်၏။ ထိုအခိုက်တွင် မြားနက်ဂိုဏ်းသားတစ်ယောက်က လာသမျှလူများအား ပစ်ခတ်ရန် လေးနှင့်မြားကို အသင့်ဖွင့်ထား၏။ ကျန်တစ်ယောက်ကမူ လှေငယ်ပေါ်သို့ပြန်ဆင်းပြီး ရှယ်လတန်အားစောင့်နေ၏။ ခဏကြာလျှင် ရှယ်လတန်ကိုယ်တိုင် လှေထဲသို့ဆင်းရင်း သင်္ဘောတွင်ကျန်နေသည့် လေးသမားအား လှမ်းပြီး. . .

"ကောင်းကောင်းစောင့်နေရစ်ခဲ့ဟေ့နော်. . ."

"ဟုတ်ကဲ့ စောင့်ပါ့မယ်။ ဒါပေမဲ့ ရာသီကဆိုးတယ်. . ."

အမှန်ပင် ကောင်းကင်တစ်နေရာဆီ၌ မဲမှောင်သောတိမ်တောင် တိမ်လိပ်များကို မြင်နေရ၏။ ကောင်းကင်တစ်ခုလုံးမှာ ညိုမှိုင်းသည်ထက် ညိုမှိုင်းလျက်ရှိပြီး သင်္ဘောမှာ ဂဏှာမငြိမ်သည့် လှိုင်းကြားတွင် လူးလျက်ရှိလေသည်။ ရှယ်လတန်က. .

"ကိစ္စ မရှိပါဘူးကွာ. . . ရာသီဥတု အခုပဲသာယာလာမှာပါ'

သို့သော်လည်း သူကိုယ်တိုင်ကမူ ရာသီဥတု၏ ဆိုးဝါးပုံကိုနားလည်နေပြီး စိတ်လက်မကြည်သာလှပေ။

လှေငယ်ကလေး ကမ်းသို့ရောက်လာသောအခါ မြားနက်ဂိုဏ်းသားများအရန်သင့်စောင့်နေသည်ကို တွေ့ရပြီး မလှမ်းမကမ်းတွင်ကား လော့ဖေါက်စတန် ရောက်နေသည်ကို မြင်ရ၏။ လော့ဖေါက်စတန်က ရှယ်လတန်အား. . .

"ဟေ့ ပင်လယ်ဘက်ကနေ တက်မလို့လား. . ."

"မတက်လို့ မဖြစ်ဘူးလေ။ ကုန်းပိုင်းမှာ ဆာဘာလေက တင်းအထပ်ထပ်ချထားတယ်။ သင်္ဘောသွားရင်တော့ ရာသီဥတုဆိုးရွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ကို ခံချင်ခံရမှာပေါ့။ ဒါပေမဲ့ ဂျုံအန်နာကို ကယ်ရတဲ့ ကိစ္စပဲ။ ဒါ... ကို စဉ်းစားနေလို့ ဘယ်ဖြစ်မလဲ"

"အေးကွာ၊ လိုက်ဆိုရင်လည်း လိုက်ရမှာပေါ့။ သူရဲဘောနည်း... တယ်ဆိုမှာ ကြောက်လို့သာ ရေကြောင်းကတော့ တယ်မသွားချင်ဘူး"

"ကဲ . . . ဒါဖြင့် ကပ္ပိတန်ကိုသွားရှာကြဦးစို့" ဟုပြောကာ၊ သူ... သည် ယခင်အရက်ဆိုင်ဆီသို့ လျှောက်လာခဲ့ကြ၏။ ရောက်လျှင်ဂွတ်ဟု... သင်္ဘောမှ ကပ္ပိတန်နှင့် သူ့လူမှာ အလွန်အကျွံ မူးနေသည်ကို တွေ့ရ... ၏။ အထဲသို့ဝင်လိုက်သောအခါ၌ မီးလင်းဖိုမှာ မီးလင်းနေပြီဖြစ်၍... အရက်ဆိုင်တစ်ခုလုံး ရှပ်ဖျက်ပြီး ရောက်နေသော မြားနက်ဂိုဏ်းသား... က အခြားလူများထက် ဦးရေများနေသည်ကို တွေ့ရလေ၏။ ရှယ်လ... သည် အာဗလာစတာတို့ စားပွဲသို့ သွားထိုင်ရာ အာဗလာစတာက. . .

"ဟော့. . . မင်းဘယ်သူလဲ"

"ကျုပ် ခင်ဗျားနဲ့ စကားတိုးတိုး ပြောစရာရှိလို့၊ ပြင်ဘက်... လိုက်ခဲ့စမ်းပါ။ ဟောဒီဟာကြောင့်ပါ" ဟု ပြောကာ ရွှေဒင်္ဂါးတစ်ပြား... ပြလိုက်၏။ ဤတွင် အာဗလာစတာသည် "အေး . . . အေး လိုက်... ပေါ့" ဟုပြောကာ ဒယိမ်းဒယိုင်နှင့် ရှယ်လတန်ကိုမှီပြီး ထွက်ခဲ့လေ၏။ အပြင်သို့ရောက်သည်နှင့် တပြိုင်နက်၊ မြားနက်ဂိုဏ်းသား ၁၀ယော... ခန့်က သူ့ကို ချုပ်ကိုင်ပြီး အချိန်အနည်းအငယ်အတွင်း အာဗလာစ... မှာ လက်ပြန်ကြိုးတုတ်ခံရပြီး ပါးစပ်ကိုလည်း အဝတ်နှင့် ဆို့ထားခြင်း... ခံရလေသည်။ အခန်းထဲရှိ အာဗလာစတာ၏ တပည့် 'တွမ်' ဆိုသူ... လည်းအလားတူအဖမ်းခံရပြီး မကြာမီသူတို့နှစ်ယောက်ကို ဂိုဒေါင်တ... ခု၏အောက်တွင် ကြိုးနှင့်တုတ်ခါ ပါးစပ်အဝတ်ဆို့ပြီးထားပစ်ခဲ့ကြလေ၏။

ကိစ္စပြီးသည်နှင့်တပြိုင်နက်၊ မြားနက်ဂိုဏ်းသားများနှင့် လော... ဖေါက်စတန်၏ လူများသည် ကမ်းစပ်ရှိ ရရာလှေငယ်တက်စင်းများ... ယူကာ ဂွတ်ဟုပ်သင်္ဘောဘက်ဆီသို့ လှော်ခတ်သွားကြလေ၏။ သင်္ဘော...





ပေါ်သို့အားလုံးတက်မိကြသောအခါ၊ ကမ်းပေါ်မှ အော်သံ ဆူသံများကို ကြားရသောကြောင့်၊ လှေငယ်ပိုင်ရှင်များ သိသွားသည်ကို နားလည်ကြရပေ၏။

ဂွတ်ဟုပ် သင်္ဘောပေါ်တွင် လူ ၅၀-ကျော် ၆၀-ခန့်နှင့် အတွင်းမှ သင်္ဘောသား ၈-ယောက်ပါ၏။ သူတို့၏အကူအညီဖြင့် ရွက်လွှင့်ကာ ဂွတ်ဟုပ်သင်္ဘောသည် ညဉ့်၏အမှောင်ထုနှင့် ကြီးမားသော လှိုင်းလုံးကြီးများ၏ ကြားတွင်ပင်လယ်ပြင်ဘက်သို့ ထွက်ခွါစပြုနေပေ၏။ သင်္ဘောပေါ်ရှိ မီးအိမ်မှမီးရောင်နှင့် ရှိုအီမြို့တွင်းရှိအိမ်များ၏ မီးရောင်မှအပ လောကတစ်ခုလုံး မှောင်မိုက်လျက်ရှိ၏။ ဂွတ်ဟုပ်သင်္ဘောမှာ လှိုင်းလုံးများ ဝဲများ ရေစီး ကြောင်းများကို တဝေါဝေါနှင့်ဖြတ်သန်းလျက် ရှိပေသည်။ သို့သော်လည်း ရာသီဥတု၏ဆိုးရွားမှု ဒဏ်ချက်ကြောင့်ရင်း၊ ပင်လယ်လှိုင်းလုံးများ၏ဒဏ်ချက်ကြောင့်ရင်း၊ သင်္ဘောမှာများစွာလူးလိမ့်နေရာ လူအများပင်ကြောက်စိတ်များပင်ဝင်လျက်ရှိကြ၏။ မည်သို့ပင်ကြောက်သည်ဖြစ်စေ၊ သူတို့သည်သီချင်းဆိုမပျက်ကြပေ။ သင်္ဘောမှာ အား. . . လူးခါ- လှိမ့်ခါ- ယိမ်းခါ- နွဲ့ခါဖြင့်၊ တရွေ့ရွေ့ သွားလျက်ရှိပေသည်။

## အခန်း (၁၈)

သင်္ဘောဆိုက်ကပ်သည့် နေရာမှာ ဂျုံအန်နာရှိသော အိမ်နှင့် မလှမ်းမကမ်းတွင်ဖြစ်၏။ ထိုနေရာမှာ ရန်သူ၏နောက်ပိုင်းတွင်ရှိသောကြောင့်၊ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ မလှမ်းမကမ်းရှိ သစ်တောဘက်သို့ ဆုတ်ခွါရန်သာ လမ်းရှိပေသည်။

လူများအား . . . ကုန်းပေါ်သို့ဆင်းရန် ကိစ္စမှာလည်း မလွယ်ကူလှပေ။ လူတိုင်းပင် သင်္ဘောလူးသောကြောင့်ရင်း၊ ည၏ အမှောင်ထု



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ရင်း၊ စိတ်ဓါတ်များပျက်လျက်ရှိကြ၏။ သို့သော်လည်း ကမ်းနားသို့ ကပ်ပြီး ခုန်ချကာဆင်းကြရလေသည်။ ဤတွင် ရေထဲတွင်ဖြတ် လျှောက် သွားသော အသံများပေါ်လာရာ ရန်သူအား သတိပေးသကဲ့သို့ ဖြစ်နေ လေသည်။

အားလုံးကမ်းပေါ်သို့ တက်မိကြလျှင် ရှယ်လတန်သည်၊ လက် ရွေးစဉ်လူအချို့နှင့် ရှေ့မှချီတက်စပြု၏။ ကုန်းပိုင်းတွင် မှောင်နေပြီး နောက်ကျောပိုင်းရှိ ပင်လယ်မှာ ခပ်လင်းလင်းဖြစ်နေ၏။ လေမှာ အသံ ကြားလောက်အောင်ပင် တိုက်ခတ်လျက်ရှိပေသည်။ ရှယ်လတန်သည် ရန်သူဘက်မှ မြင်းသံ လူသံများကြားသည်ထင်ရသဖြင့် အခြားလူများတို့ ရပ်ခိုင်းကာ သူတစ်ယောက်တည်း ရှေ့သို့တစ်လှမ်း နှစ်လှမ်းတိုးသွား၏။ ဤတွင် ရန်သူ၏အရိပ်အခြေကို ထင်ရှားစွာမြင်နေရသဖြင့်၊ သူကိုယ်တိုင် ပင်စိတ်အားငယ်သွားသလိုဖြစ်နေ၏။ အကယ်၍ ရန်သူကသာသိသည် မှန်ပါက သူနှင့် လော့ဖေါက်စတန်တို့လူစုမှာ အလွန်ဆိုးရွားသောအခြေ အနေတွင် ဆိုက်ရောက်နေပေသည်။ နောက်ကျောပိုင်းတွင် ပင်လယ်ဖြစ် သာရှိ၍ ရှေ့တွင်ထုထည်အင်အားကောင်းသော ရန်သူနှင့် ရင်ဆိုင်ရပေ တော့မည်။ သူသည်လေချွန်ပြီး သူ့လူများအား အချက်ပြလိုက်၏။ လေချွန် သံကျယ်သွားသောကြောင့်လားမသိ ရန်သူ၏မြင်းများသည် အရမ်းကာ ရော ပြေးဝင်လာရကား မှန်သူမှန် ထိသူထိနှင့် အော်ဟစ်သံလည်းကြား ရ၏။ လော့ဖေါက်စတန်မှာ ပထမဆုံးမြားမှန်ခံရပြီး သူ့တပည့်ဖြစ်သူ ဟော့စလေဆိုသူက သင်္ဘောပေါ်သို့ ပြန်ဆွဲ၍ တင်ထားရ၏။ သို့ဖြင့် ရှယ်လတန်တို့လူစုသည်၊ အပြင်းအထန် တိုက်ခိုက်ကြရလေတော့သည်။

ပင်လယ်စပ် ကုန်းစောင်းပေါ်၌ သူတို့လူစုသည် ရန်သူနှင့်မြင်း ခြင်းပြိုင်၍ ခုတ်နေကြလေ၏။ ထိုအခိုက်တွင်ပင် သင်္ဘောပေါ်၌ကျန်နေ သောလူများမှာရှုံးပြီအထင်နှင့် အော်ဟစ်ကြရာ၊ လူတစ်ယောက်က "အ သက်မသေချင်ရင်သင်္ဘောပေါ် မြန်မြန်တက်ကြဟေ့" ဟုအော်လိုက်၏။





ဤတွင် တိုက်ခိုက်နေသူအားလုံးမှာ အုပ်မနိုင် ထိန်းမရဖြစ်လာပြီး တပ်လုံး ပြီတာ ရေစပ်ဘက်သို့ ပြေးကြလေ၏။

ထိုနောက်တစ်ယောက်ပြီး တစ်ယောက် အော်သူအော်-ရေထဲ သို့ကျသူကျ၊ သင်္ဘောပေါ် ခုန်တက်သူတက်နှင့် ရှိကြလေ၏။ အချို့မှာ န်သူ၏ ဓါးသွားတွင် အသက်ပါသွားကြလေ၏။ သင်္ဘောပေါ်တွင်ဒဏ် ရာရသူအမြောက်အများရှိနေပြီး တစ်ယောက်နှင့် တစ်ယောက် တိုးဝှေ့ တက်နေကြလေ၏။ ထိုအခိုက်တွင်ပင် သင်္ဘောမှာပင်လယ်ဘက်သို့ ဦး ည်ကာရွေ့လျားစပြုနေလေ၏။ ကုန်းပတ်တလျှောက်တွင်ကားဒဏ်ရာ သူများ၏ သွေးများဖြင့်စိုနေပြီး ညည်းတွားသံများဖြင့် ဆူညံနေပေ၏။ ကာန်ကြာမှပင် သင်္ဘောတစ်ခုလုံးငြိမ်သက်စပြုလာ၏။ သူရဲဘောနည်း ပြီး ထွက်ပြေးသူများမှာကား သူတို့အပြစ်ကိုဖုံးကွယ်ကာ အခြားသူများ အား ရမယ်ရှာပြီး အမျိုးမျိုးအပြစ်တင်နေကြလေ၏။ ဤတွင်အချင်းချင်း တျနပ်မှု ဖြစ်လာကြလေသည်။

လူအားလုံးမှာ သူတို့အထဲတွင် သစ္စာဖေါက်ရှိသည်ဟုထင်မှတ် နေကြ၏။ တစ်ချိတစ်ချိတွင် သူတို့အချင်းချင်းပင် ရန်ဖြစ်ကြ၊ သတ်ကြ၊ ပါကြနှင့်ဖြစ်နေပြန်၏။ ထိုအခိုက်တွင် သင်္ဘောမှာ ပင်လယ်လှိုင်းလုံး ကြားတွင်လူးနေပြန်ပြီး အသွားနှေးနေ၏။ တစ်ခါတစ်ရံ အထက်သို့ မြောက်တက်လာပြီး အောက်သို့ရုတ်တရက် လျှောဆင်းကျသွား၏။ ဤ တွင် ရေပြင်နှင့်ရိုက်ခတ်မိသဖြင့် လှိုင်းလုံးများသည် သင်္ဘောကုန်းပတ် ပေါ်သို့ တက်၍ လာပြီး လူခြောက်ယောက် ခုနှစ်ယောက်ခန့်ပင် ရေလုံး များကြားတွင်ပါသွားပြီး ပင်လယ်တွင်းသို့ ကျဆင်းသွားကြလေသည်။ ကျန် ခဲ့သူများမှာကား ဘုရားကိုသာတ၍ နေကြရလေ၏။ ဤကဲ့သို့သင်္ဘော မှာ လှိုင်းလုံးများကြားတွင် တိမ်းစောင်းလူးလိမ့်နေသဖြင့် လူများမှာစကား ပြောနိုင်၊ ရန်မဖြစ်နိုင်ကြတော့ပဲ ဖြစ်နေကြလေ၏။ ရှယ်လတန်မှာ ရေ င်းရိုက်ခံရသဖြင့် တစ်ကိုယ်လုံးရွှဲရွှဲစိုနေရာ၊ တက်မကိုင်နေသူသို့ ကပ်ပြီး

www.burmeseclassic.com



"ငါတို့အားလုံးရဲ့အသက်ဟာ မင့်လက်ထဲမှာရှိတာပဲ၊ မင်း ကူညီဖို့ ကာကွယ်ဖို့အတွက် လူသုံးယောက်ပေးထားမယ်"

"သဘော်က သောင်ပြင်တွေနဲ့တော့ လွတ်လာပါပြီ။ ဒါပေမယ့် ပင်လယ်လှိုင်းသိပ်ထန်တာပဲ။ တက်မကိုင်ရတာအတော်ကိုခက်တယ်..."

"ဘယ်နဲ့လဲ ကိစ္စမရှိဘူးမဟုတ်ဘူးလား။ ဘေးမျှား တွေ့ရအုံးမှာလား"

"မပြောနိုင်ဘူး၊ ကျုပ်တော့ သေရမှာတောင် ကြောက်လာပြီ ကျုပ်ရဲ့နာမည်ကတော့ ဂရေးဖရယ်ယားလို့ခေါ်တယ်"

"အော်. . . ဟုတ်ရဲ့လား"

"ဟုတ်တယ် ကြည့်ပါလား။ သဘော်သွားနေတာကနေ့ရေ ရေထဲမြုပ်သွားမလား။ ကမ်းဘက်ကကျောက်ဆောင်တစ်ခုနဲ့ ရိုက်ပြီး ပျက်မလားမပြောနိုင်ဘူး၊ ဒါပေမဲ့ ကျုပ်တို့ပြန်ရောက်အောင်တော့ ကြိုး စားပါ့မယ်. . ."

"အေးကွာ. . . မင်းသတ္တိကို ချီးကျူးပါတယ် . . ."

"မစိုးရိမ်ပါနဲ့ ကျုပ်အသက်သေခံရင်သာခံမယ်၊ တာဝန်ကိုတော့ မလစ်ဟင်းစေရပါဘူး"

ရှယ်လတန်သည် တက်မကိုင်နှင့်အတူနေရန် လူ ၃-ယောက် သွားရှာလေ၏။ သို့သော်လည်း လူအားလုံးမှာ ရေလှိုင်းနောက်ပါသွား မည်ကို ကြောက်သောကြောင့် ဝမ်းထဲသို့ဆင်းကာ အရက်စည်များထား သောအခန်းတွင် အရက်သောက်လျက်ရှိကြ၏၊ သို့ဖြင့် ကုန်းပတ်ပေါ်တွင် ဂရေးဖရယ်ယား တစ်ယောက်တည်းသာ တက်လာသောလှိုင်းများ၏ဒဏ် ကို မကြောက်မရွံ့ပဲ တက်မကိုင်လျက်ရှိပေသည်။ သဘော်ဝမ်းထဲမှလူ များမှာကား ရင်မသူမ၊ ဘုရားတ သူတနှင့် ဖြစ်နေကြ၏။

ရှယ်လတန်သည် ဂရင်းရှိ ကပ်ကောင်းနှင့် လော့ဖေါက်စတန် ၏ တပည့် တစ်ယောက်အားခေါ်ကာ တပ်မကိုင်နားတွင် စောင့်ကြပ်ခိုင်း ထားခဲ့ပြီး၊ ဝမ်းထဲသို့ ဆင်းသွားလေ၏။





## အခန်း (၁၉)

ဒဏ်ရာရနေသူ လော့ဖေါက်စတန်မှာ ညည်းတွားလျက်ရှိ၏၊ သဘော်ပေါ်ရှိ ခွေးကလေးမှာလည်း ကြောက်လန့်သံဖြင့် ညည်းနေကာ တစ်ချီတစ်ချီတွင် ဟောင်လျက်ရှိ၏။ လော့ဖောက်စတန်အားအခန်းတစ်ခု ထဲတွင် နေရာချထား၏၊ သူ၏ ခေါင်းပေါ်တည့်တည့်တွင် မီးအိမ်တစ်လုံး ကို ထွန်းထား၏၊ မျက်နှာမှာကား သွေးဆုတ်နေသဖြင့် ဖြူဖတ်ဖြူရော် ဖြစ်နေသည်ကို ရှယ်လတန်သတိပြုမိလေ၏။ လော့ဖောက်စတန်သည် ရှယ်လတန်အား မြင်လျှင်အားနည်းသောအသံဖြင့် . . .

"ငါတော့ တော်တော်ထိသွားပြီကွာ. . . တစ်သက်လုံး ခန့်ခန့် ငြားငြား ဇိမ်နဲ့နေခဲ့ပြီး၊ အခုဆို ဒုက္ခရောက်နေတဲ့ သဘော်ပေါ်မှာ သေရ တော့မှာပဲထင်ပါရဲ့ "

"အားမလျှော့ပါနဲ့ဗျာ . . . မသေနိုင်ပါဘူး။ မကြာခင်သဘော် ဆိပ်ကပ်တော့မှာပဲ "

"မဖြစ်နိုင်တာကွာ. . ."

"ဟုတ်ပါတယ်။ ပင်လယ်လှိုင်းက ကြမ်းပေမယ့် ကမ်းကို ကပ်နိုင် သိမ့်မယ်လို့ တက်မကိုင်လုပ်နေတဲ့သူက ပြောနေတယ် "

"အား . . . နာလိုက်တာ၊ ဒုက္ခ၊ သုက္ခနဲ့နေရပြီး၊ အေးအေး ချမ်းချမ်းသေရရင် ကောင်းတယ်ဟေ့. . .၊ ဇိမ်နဲ့နေလာပြီးမှ ဒုက္ခနဲ့သေ ရတာ မကောင်းဘူးလား၊ ဘသော်ပေါ်မှာ ဘုန်းကြီးတစ်ပါးလောက် ပေါ်ဘူးလား . . ."

"မပါဘူး . . ."

"ကိုင်း . . . သေရမှာပါပဲကွာ။ ငါဟာ မင်းနဲ့တွေ့ရတာ မကြာ သေးပေမယ့် မင်းအပေါ် ထားခဲ့တဲ့ ကတိကို ဖျက်မသွားပါဘူး၊ ငါ့လူတွေကို



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ ပြိုင်ဘက်ဖြစ်တဲ့ ဟင်မလေက ခေါ်လာတာဘဲ။ သူတို့တတွေ ဟိုလီးဝုဘုန်းကြီးကျောင်းမှာ စုရုံးကြလိမ့်မယ်။ အင့် . . . ငါ့လက်က လက်စွပ်ကိုယူထား၊ ဒီလက်စွပ်က ငါ့ . . . အမိန့်ကို ထိရောက်အောင် ဆောင်ရွက်တဲ့နေရာမှာ ကူညီလိမ့်မယ်။ နောက်ပြီးတော့လဲ ဂျီအန်နာကို မင့်ကိုအပ်ဖို့ ငါ ဟင်မလေဆီ စာရေးလိုက်မယ်။ မင်း ငါ့အမိန့်ကို နာ ထောင်နိုင်ပါ့မလား . . ."

"ဘယ်လိုအမိန့်မျိုးလဲ ခင်ဗျာ"

" အင်း . . . ဒါပေမဲ့ မင်းဟာ ရော့နန်းဆက်ဘက်သားလား လန်ကက်စတာနန်းဆက်ဘက်သားလား "

"အတိအကျမပြောနိုင်လို့ ကျွန်တော်တော့ ရှက်တောင်ရှက် တယ်၊ ဒါပေမဲ့ ကျွန်တော့် ဆရာက အဲလစ်ဒပ်ဝပ်ဆိုတော့ ကျွန်တော်ဟာ ရော့နန်းဆက်ကပေါ့ "

"အေး. အေး. . ကောင်းတယ်. . ကောင်းတယ်. . ၊ ရော့နန်း ဆက်ဘက်ကဆိုရင်ပြီးပြီပေါ့။ ငါ ဒီကိုလာတာဟာ ရှိုဘီမှာရှိတဲ့ လန်ကက် စတာနန်းဆက်ခေါင်းဆောင်တွေကို စုံစမ်းဘို့လာတာဘဲ၊ ငါ့ဆရာ ဂလောက်ဆက်စတာမြို့စား ရစ်ချက်က ဒီကောင်တွေကို တိုက်မလို့ ပြင် နေတယ်။ ရှိုဘီက လူတွေအင်အားဘယ်လောက်ရှိတယ်၊ ကင်းဘယ် လောက်ချထားတယ်ဆိုတာ စုံစမ်းပြီးတဲ့အချက်တွေရှိတယ်။ ဒီသတင်းတွေ ကို ငါ့ဆရာဆီကို လာမယ့် တနင်္ဂနွေနေ့ နေ့လယ်တစ်နာရီအချိန်မှာ ဘရိုက်ခရော့အရပ်မှာ သွားပေးရမယ်။ ငါတော့ သွားမပေးနိုင်ဘူး။ ငါ့ အစား မင်းပဲ သွားပေးလိုက်ပါ၊ အင်္ဂလန်ပြည် တစ်ပြည်လုံးရဲ့ ကံကြမ္မာ ဟာ ဒီကိစ္စပေါ်မှာ တည်နေတယ်။ တာဝန်ကျေအောင် ဆောင်ရွက် ပေးစမ်းပါ" "စိတ်ချပါ၊ တာဝန်ကျေပါစေမယ်"

"အေးကွာ . . . ကျေးဇူးပါဘဲ။ မင်း စိတ်ထားကောင်းကောင်း သစ္စာရှိရင် ငါ့ဆရာ ဂလောက်ဆက်စတာမြို့စား ရစ်ချက်က မင်းကို





မြောက်စားမှာပဲ။ ကြိုးစားပြီးတော့ ဆောင်ရွက်ပါ။ ကဲ. . . မီးအိမ်ကို ဒီအနားပေးစမ်း။ ငါ စာရေးလိုက်ဦးမယ် "

ထိုသို့ပြောပြီး လော့ဖောက်စတဲန်သည် စာများကိုရေးလေ၏။ ပြီးလျှင် . . .

"တစ်စောင်က ဆာဂျွန်ဟင်မရေ့ကိုပေးဖို့၊ တစ်စောင်က ဂလောက် ဆက်စတာမြို့စားရစ်ချက်ကိုပေးဖို့၊ မင်းတို့ချင်းတွေ့တဲ့အခါမှာ စကား ဝှက်က (အင်္ဂလန်နဲ့ အက်ဒဝပ်)လို့ပြောရင် ဟိုက (အင်္ဂလန်နဲ့ရော့) လို့ ပြန်ဖြေလိမ့်မယ်"

"ဒါနဲ့ ဂျီအန်နာကို ဘယ်လိုလုပ်ပြီးခေါ်ရမှာလဲ"

"မင့်ကိုယ်တိုင် ဂျီအန်နာကို အစွမ်းရှိသလိုခေါ်ရမှာပေါ့ကွ၊ ဆာဘရက်လေလက်ထက်ထဲက ပြန်ရဘို့အတွက် ငါကိုယ်တိုင်အသက်လု ပြီး ဆောင်ရွက်ပြီးပြီပဲ၊ ဒီထက်ပိုပြီး ဘယ်သူက ကူညီနိုင်ဦးမှာလဲ"

လော့ဖောက်စတန်မှာ အလွန်အားအင်ချည့်နဲ့လာပြီဖြစ်၍ ရှယ် လတန်သည် အားပေးစကားပြောကာ မကြာမီ နေရာမှထသွားလေ၏။ စာနှစ်စောင်ကိုမူကား သူ့အိတ်ထဲတွင် ကောင်းမွန်စွာသိမ်းဆည်းထား လိုက်သည်။

အချိန်မှာ နံနက်လင်းခါနီးအချိန်သို့ ဆိုက်ရောက်ပေပြီ။ ဆီးနှင်း များကား ကျမြဲကျလျက်ရှိ၏။ သဘော်၏တစ်ဖက်တွင် ကျောက်ဆောင် ဆူထပ်သော ကမ်းခြေကို မြင်နေရ၍ ကုန်းပိုင်းခပ်လှမ်းလှမ်း ဆီတွင်ကား၊ ထန်းစတော သစ်တောညို့ကြီးကို တွေ့နေရပေသည်၊ လှိုင်းလေများ ငြိမ်သက်သွားပြီဖြစ်၍ တက်မကိုင်မှာ သူ့နေရာတွင်ပင် ရှိနေပြီး၊ ကုန်းပတ် ပေါ်တွင် လူအများပင်ရောက်နေကြလေသည်။ ရှယ်လတန်က တက်မ ကိုင်အား . . .

"သဘော် ကမ်းခြေကိုကပ်တော့မလို့လား"

"အင်း မကပ်ခင်နစ်လိမ့်မယ်ထင်တယ်"

www.burmeseclassic.com



ထိုအခိုက်တွင်ပင် သင်္ဘောမှာ နစ်မြုပ်စပြုနေပြီး လူအများ ရေထဲသို့ လိမ့်ကျနေကြရာ၊ ရှယ်လတန်သည် ကမ်းခြေကိုလှမ်းကြည့်လိုက် ၏။ သင်္ဘောမှာ ကျွန်းဆွယ်တစ်ခုနားသို့ရောက်နေပြီဖြစ်ရာ၊ ကျွန်းဆွယ် တစ်ဘက်တွင်ကား ရေမှာငြိမ်သက်နေ၏။ ထိုအခိုက်တွင် လေတစ်ချက် ပြင်းစွာ တိုက်ခိုက်လိုက်ရာ သင်္ဘောသည် ကမ်းဘက်သို့ ရွေ့သွား လှိုင်းလုံးတစ်လုံး၏ ပင့်ရိုက်မှုကြောင့် မြောက်တက်သွားပြီး ကိုင်ရိုက်လို သလိုပြန်ကျလာကာ ခဏမျှ ကြာသောခါ ကမ်းသို့သွား၍ကပ်ပြီးရပ်နေ လေ၏။ တက်မကိုင်လုပ်သူက. . .

"ဟေ့ လူတွေ ဘာမှမစိုးရိမ်ကြနဲ့၊ ဒီရေကျနေတုန်းဆိုတော့ တို့ ကံကောင်းတာပဲ အရက်စည်တစ်ခုလောက် သွားယူချေကွာ သောက် အောင်" ဤသို့ပြောပြီး မကြာမီအတွင်း အရက်စည်ရောက်လာ ဝိုင်းဖွဲ့ပြီး သောက်စားနေကြလေ၏။

ရှယ်လတန်သည် လော့ဖေါက်စတန်ထံသို့သွားရာ သင်္ဘော ထဲ၌ ရေများဒူးဆစ်လောက်ပင်မြုပ်အောင်ဝင်နေလေ၏။ သင်္ဘော အထက်ပိုင်းနားကပေါက်ပြီး ရေစိမ့်ခြင်းဖြစ်ရာ ယခုသောင်တင်ခိုက်တွင် ရေပြင်နှင့်အပေါက်ဝေးနေသောကြောင့် မနစ်မြုပ်ပဲ ရှိနေခြင်းဖြစ်၏။ လော့ဖေါက်စတန်၏အခန်းတွင် ထွန်းပေးထားခဲ့သော မီးအိမ်မှာငြိမ်းသွား ပြီဖြစ်၏။ ရှယ်လတန်က လော့ဖေါက်စတန်အား. . .

"မစိုးရိမ်ပါနဲ့ဗျာ . . . သင်္ဘောအခုသောင်တင်နေတယ် မကြာခင် ဒီရေဒီထက် ကျသွားရင် ကျွန်တော်တို့ ကုန်းပေါ်တက်နိုင်မှာ"

တစ်နာရီခန့်ကြာသောအခါ ဒီရေမှာ သင်္ဘောနှင့်လွတ်အောင် ကျသွားသောကြောင့် အားလုံးကုန်းပေါ်သို့ တက်ကြရပေတော့၏။ မလှမ်း မကမ်းရှိ တောင်ကုန်းတစ်ခုပေါ်တွင်ကား လူအချို့တို့သည် သူတို့အား မသင်္ကာဟန်ဖြင့် ကြည့်နေကြလေ၏။ ရှယ်လတန်က လော့ဖေါက်စတန် ၏ တပည့်ဖြစ်သူ တော့စလေအား. . .





"ဟိုလူတွေဆီက အကူအညီရတန်ကောင်းပါရဲ့ဗျာ"

"အေးဗျာ. . . မီးလင်းဖို့ရှိတဲ့ အိမ်ကောင်းကောင်းနဲ့ အိပ်စရာ ကောင်းကောင်းရရင် ကျွန်တော့ဆရာအတွက် ပိုကောင်းမှာပဲ"

သို့သော်လည်း သူတို့လူစုကမ်းပေါ်သို့တက်ပြီး မကြာမီအတွင်း ၌ပင် ကုန်းပေါ်မှလူများသည် လေးနှင့်လှမ်း၍ပစ်ကြလေ၏။ လော့ဖေါက် စတန်က အော်ပြီး. . .

"ဟေ့ . . . ဟေ့ ဒို့လူတွေ နောက်ဆုတ်ကြ၊ ပြန်မပစ်ကြနဲ့"ဟု ပြောရာ ဂရင်းရှိက . . .

"ကျွန်တော်တို့လူစုဟာ ရေတွေစိုရွှဲပြီး အားအင်ချည့်နဲ့နေကြ တယ်၊ တိုက်ခိုက်မဲ့ဟန်မူရာလည်းမရှိပါပဲလျက် ဘာလို့သူတို့က ကျွန် တော်တို့ကို တိုက်ခိုက်ရတာလဲ"

"ဒို့ကို ပြင်သစ်ပင်လယ် ဓါးပြတွေထင်လို့ကွ"

ကုန်းပေါ်မှလူများမှာ ပင်လယ်မှတက်လာသူများအား အကဲ ခတ်လျက်စောင့်မျှော်ကြည့်နေကြ၏၊ သို့သော်လည်း အခြေအနေပျက် သည်နှင့် တစ်ပြိုင်နက် ပစ်ခတ်ရန် အသင့်ပြင်ကြ၏။ နောက်ဆုံးတွင် လမ်းတစ်လမ်းပေါ်သို့ ရောက်လာပြီး ရှယ်လတန်ကသူ့လူများအားစစ် ဘက်တဲ့သို့တန်းစီသွားတော့မှ ထိုလူများသည် နောက်ဆုတ်ပျောက်ကွယ် သွားကြလေ၏။

## အခန်း (၂၀)

ရှယ်လတန်တို့ရောက်သွားသောလမ်းမှာ ဟိုလီးဝုဘုရားကျောင်း နှင့် မလှမ်းမကမ်းတွင်ဖြစ်၍ ရှိုဘီမြို့ကလေးနှင့် ဆယ်မိုင်ခန့် ဝေးပေ သည်၊ ဤနေရာတွင်လူနှစ်စုခွဲ၍ လော့ဖေါက်စတန်နှင့် နောက်လိုက်များ က ဟိုလီးဝုဘုရားကျောင်းဘက်သို့ ထွက်သွားလေ၏။ ရှယ်လတန်မှာ

www.burmeseclassic.com



ကား ဒဏ်ရာရနေသော သူလူများနှင့် ကျန်ရစ်ခဲ့လေသည်။

မြားနက်ဂိုဏ်းသားများမှာ စစ်ရှုံးနေသဖြင့် စိတ်ပျက်နေကြ မှုမက ဆာလည်းဆာ၊ ရာသီဥတုကလည်း အေးမြသဖြင့် ညည်းတွား ကြလေ၏။ ရှယ်လတန်သည် သူ့အိတ်ထဲတွင် ရှိသမျှပိုက်ဆံကိုထုတ် နောက်လိုက်များအား ခွဲဝေပေးလိုက်၏။

ထို့နောက်သူများအား လူစုခွဲကာ ရှိုဘီမြစ်ဆိပ်ရှိ စခန်း အရက်ဆိုင်သို့ စေလွှတ်လိုက်၏။ သူကိုင်တိုင်မှာမူကား လူတစ်ယော ကိုအဖေါ်ခေါ်ကာ တခဲနက်ကျနေသော ဆီးနှင်းများအကြားတွင် လျှောက်နေလေသည်။ လောကကြီးတစ်ခုလုံး ဆီးနှင်းများဖြင့်ဖုံးအုပ် သဖြင့် လမ်းလျှောက်ရန်မလွယ်ကူလှပေ။ သူ့အဖေါ်သည် ရှေ့မှ လမ်း အဖြစ်ခေါ်ဆောင်သွားရာ မကြာမီအတွင်း တန်းစတောသစ်တော ဝ သစ်ချုပင်များပေါက်သော နေရာတစ်ခုသို့ဆိုက်ရောက်လာကြလေ၏ အဖေါ်လုပ်သူက ရှယ်လတန်အား . . .

"ကိုင်း . . . ခင်ဗျားကို ကျွန်တော်ညှော်ခံရအုံးမယ်။ မီးလင်း တစ်ခုနဲ့ အရက်တော့ ရမှာပေါ့ဗျာ . . ."

"ဒါဖြင့် . . . အဲဒီကို ရောက်အောင်သွားကွာ ဝိ(လ်)ရာ . . .

ဝိ(လ်)အခေါ်ခံရသူ မြားနက်ဂိုဏ်းသားသည် သစ်ပင်များ အောက်တွင် ရှေ့မှာသွားနေပြီး မကြာမီအတွင်း ချိုင့်ဝှမ်းတစ်ခုသို့ ရောက် လာ၏။ ချိုင့်မှာ လေးပုံတစ်ပုံခန့် ဆီးနှင်းများဖြင့် ဖုံးအုပ်နေလေသည် ထိုချိုင့်၏ဘေးတွင်ဝက်သစ်ချပင်ကြီးများ ပေါက်နေ၏။ ဤသစ်ပင်များ အောက်ရှိ ချိုင့်ထဲတွင် ဝိ(လ်)သည်မြေကိုတူးခါ သူပုန်းအောင်းနေကျ မြေ တွင်းတစ်ခုထဲသို့ ဝင်သွားလေ၏။

မြေတွင်းပေါ်တွင်သစ်ပင်များက ဖုံးအုပ်နေပြီး သစ်ရွက်များ အမိုးသဖွယ် ဖြစ်နေလေသည်။ မြေတွင်းမှာ အတော်ကလေးကျယ်၍ထား နေရာတွင် မီးလင်းဖိုအဟောင်းတစ်ခုရှိ၏။ အခြားတစ်နေရာတွင်ထား





သံသေတ္တာကြီးတစ်လုံးကို ဝှက်ထားကြောင်းထင်ရှားပေသည်။ ဆီးနှင်းများ သည်အရည်ပျော်ကာ ခေါင်မိုးမှ စိမ့်၍စိမ့်၍ ကျနေသော်လည်း တွင်းထဲ တွင် မြင်ဘက်မှာထက်ပို၍နွေးနေလေသည်။ မီးလင်းဖိုသို့ မီးဖိုပြီးသော အခါ၌မူကား အလွန်နွေးပြီး နေထိုင်၍ကောင်းလာ၏။ ဝိ(လ်)သည် မီးဖို တွင် လက်ကိုတင်ကာ မီးလှုံရင်း ရှယ်လတန်အား . . .

"ကျုပ်ဟာ အသက် ၁၄-နှစ်သားလောက်အရွယ်က ဘုန်းကြီး ကျောင်းတစ်ကျောင်းက ထွက်ပြေးပြီး မြင်သစ်၊ ဘာဂန်ဒီ၊ စပိန်ပြည်တွေ ကို ရောက်ခဲ့တယ်။ ပင်လယ်သမုဒ္ဒရာတွေထဲမှာလည်း ခရီးသွားဘူးတယ်။ ဒါပေမဲ့ ဒီမြေတွင်းကလေးဟာ ကျုပ်ရဲ့ ရာသက်ပန်ခိုနားရာ အရပ်ကလေး ပဲ။ မိုးအခါဖြစ်ဖြစ် ဆောင်းအခါဖြစ်ဖြစ် နွေအခါဖြစ်ဖြစ် ဒီနေရာလေး ဟာ အလွန်နေလို့ကောင်းတယ်။ ကျုပ်သေရင်ဒီနေရာမှာပဲသေမှာဘဲ။"

"အေးကွာ . . . တော်တော်နွေးတယ်။ ချောင်လည်းကျတယ်"

"ဟောဒီမှာ . . . ကျုပ်ရဲ့အရက်ခန်းပေါ့ဗျာ . . ." ဟုပြောကာ ဝိ(လ်)သည် အောက်ခြေရှိ သဲများကို ယက်လိုက်ရာ ပုလင်းကြီးတစ်လုံး ပေါ်လာပြီး အထဲတွင်အရက်များ အပြည့်ရှိသည်ကို တွေ့ရလေ၏။ သို့ ဖြင့် နှစ်ယောက်သားအရက်သောက်ခါ နေကြရင်း ဝိ(လ်)က . . .

"ခင်ဗျားဟာ အခုအတောအတွင်းကလေးမှာ အတော်ကံဆိုး တာပဲ၊ ခင်ဗျားကောင်မလေးနဲ့လည်း လက်လွှတ်ရမလိုဖြစ်နေပြီ ဟုတ်ရဲ့ လား . . ." "ဟုတ်တယ်"

"ခင်ဗျားက သူများခိုင်းတာချည့် လုပ်နေတာကိုး။ အဲလစ်ဒပ် ခိုင်းတာလည်း လုပ်တာပဲ၊ လော့ဖေါက်စတန် ခိုင်းတာကိုလည်းလုပ် တာပဲ။ ခင်ဗျားကိုယ်တိုင် တစ်ယောက်တည်းသွားကြံပါလား။ ကောင်မ လေးက ခင်ဗျားကို မမေ့အောင် အမြဲတန်းသွားပိုးနေပြီး ခွင့်သာတာနဲ့ ဘပြိုင်နက် ခိုးပြေးတာပေါ့ဗျာ . . ."

"ဒါပေမဲ့ ဂျိုအန်နာဟာ အခုယောက်ရှိရင် သဲဘာရက်လေ

www.burmeseclassic.com



ကိုယ်တိုင်နေတဲ့ အိမ်မှာ ရောက်နေပြီထင်တယ်. . ."

"အဲဒီရောက်နေတဲ့ နေရာကို သွားရမှာပေါ့ဗျ။ ဟောဒီမှာ ကျွန်တို့ ရုပ်ဖျက်စရာတွေ ရှိပါတယ်" . . . ဟုပြောကာဝီ(လ်) သည် သူလည်ပင်းတွင် ချည်ထားသော သော့တစ်ချောင်းနှင့် သံသေတ္တာကိုဖွင့်ပြီး ခရစ်ယာန်အဝတ်အစားများကို ထုတ်ယူလိုက်လေ၏။ ထို့နောက်. . .

"ကိုင်း . . . ခင်ဗျား ဒါတွေဝတ်" ဟုပြောသဖြင့် ရှယ်လတန်သည် ခရစ်ယာန် အဝတ်အစားများကို ဝတ်နေခိုက်၊ ဝီ(လ်)သည် ဆေးများ စုတ်တံများ၊ ခဲတံများနှင့် ရှယ်လတန်မျက်နှာကို ကျင်လည်စွာ ရုပ်ဖျက်ချယ်လှယ်နေ၏။ မကြာမီအတွင်းရှယ်လတန်မှာ လူအိုကြီးသဖွယ် ဖြစ်သွားလေ၏။ ဝီ(လ်) က . . .

"ကိုင်း ကျုပ်တို့ ရဲရဲရင့်ရင့် ဆာဘရက်လေရှိတဲ့ နေရာကိုသွားမယ်။ ဘုန်းကြီးဆိုတော့ အနည်းဆုံး ဘုရားကျောင်းကတော့ လက်ခံမှာပါပဲ" "မင်းကို ငါဘာလုပ်ပေးရမလဲ"

"အို ကျုပ်အတွက် ကိစ္စမရှိပါဘူး၊ ကျုပ် အလွန်စကားများတဲ့အကောင်၊ လည်သလို ကြည့်ပြောပြီး သွားရမှာပေါ့ . . ."

ရှယ်လတန်မှာ သူ့ကိုယ်သူရုပ်ဖျက်ထားပြီး ရယ်ချင်သလိုဖြစ်နေလေ၏။ ဝီ(လ်) မှာကား သံသေတ္တာထဲမှ ဘုန်းကြီး ဝတ်စုံတစ်စုံထုတ်ပြန်ကာ သူ့ကိုယ်သူ ရုပ်ဖျက်ပြန်လေ၏။ ထို့နောက် ခါးကြားထဲသို့ မြားနက်များကို ထိုးဝှတ်နေသည်ကို ရှယ်လတန်ကမြင်သောကြောင့် . . .

"မင်းမှာ လေးမပါပဲ မြားနက်တွေက ဘာလုပ်ဖို့လည်း"

"ကိစ္စမရှိပါဘူး။ ဒီဟာတွေ တစ်နေရာရာမှာ အသုံးကျပါလိမ့်မယ်"

"ဒါထက် ငါ့မှာ အရေးကြီးတဲ့ စာရွက်တွေပါလာတယ်။ ယူသွားလို့မကောင်းဘူး။ ဝှက်ပစ်ခဲ့ချင်တယ်. ."

"ဒီလိုဖြင့် ကျုပ်တစ်နေရာသွားပြီး ရှောင်တိမ်းနေမယ်။ ခင်ဗျား သဲထဲတစ်နေရာရာမှာ မြှုပ်လိုက်ပေါ့. . ."





"အား . . . မင်း ရှောင်နေစရာမလိုပါဘူးကွာ။ ငါ မင့်ကို ယုံပါတယ် . . ."

"အို မယုံနဲ့ မယုံနဲ့၊ လူဆိုတာ ကိုယ်ကကျူးရင် ကိုယ်ဒူးတောင် ယုံရတာမဟုတ်ဘူး" ဟုပြောကာ အပြင်သို့ထွက်သွားလေ၏။

ရှယ်လတန်သည် တစ်ယောက်တည်းကျန်သောအခါ၌ စာများကို အလျှင်အမြန်ဖတ်ပြီး သဲထဲတွင်မြှုပ်လိုက်၏။ သို့သော်လည်း ဆာဘရက်လေက လော့ဝင်ဆလေးဒေးထံသို့ ဆက်သားသရော့မိုတန် အားပေးခိုင်းလိုက်သောစာကိုမူကား မဖျက်ပဲ သူ့အိတ်ထဲတွင် ပြန်ထည့်ထား၏။ ထို့နောက် ရှယ်လတန်သည် မြေတွင်းအပြင်သို့ထွက် လာခါ ပြင်ဘက်တွင်စောင့်နေသော ဝီ(လ်)ထံသို့ လာခဲ့လေ၏။ အနားရောက်လျှင် နှစ်ယောက်သား တစ်ဦးနှင့်တစ်ဦး ကြည့်ပြီးရယ်မောနေကြလေ၏။ ဝီ(လ်)က

"နေ့အခါသာဆိုရင် ရေအိုင်တစ်ခုထဲမှာ ကိုယ့်မျက်နှာ ဘယ်လိုနေတယ်ဆိုတာ အရိပ်ကြည့်နိုင်မယ်။ အခုတော့ မကြည့်နိုင်ဘူး။ ဆာဘရက်လေရဲ့လူတွေက ကျုပ်တို့ကိုများမှတ်မိသွားရင် ခင်ဗျားအတွက်တော့မပြောတတ်ဘူး။ ကျုပ်ကိုတော့ အမှန်သတ်ကြမှာပဲ"

ဤသို့ ပြောဆိုရင်းသူတို့နှစ်ယောက်သည် ရှိုဘီသို့သွားရာ လမ်းအတိုင်းခရီးထွက်ခဲ့ကြလေ၏။ လမ်းမှာသစ်တောအစပ်တွင်ရှိ၍ အချို့နေရာများတွင် ဆင်းရဲသူဆင်းရဲသားများ၏ အိမ်ကလေးများကိုတွေ့ရပေ၏။ အိမ်တစ်လုံးသို့ ရောက်သောအခါ ရှယ်လတန်အား ဝီ(လ်)က တီးတိုးပြောသံနှင့်

"ကျုပ်တို့ ဒီအိမ်ထဲဝင်ပြီး ပိုက်ဆံအလှူခံကြည့်ရအောင်၊ အိမ်ထဲမှာ ဂျွန်ကက်ပါရှိတယ်။ ကျုပ်တို့ ရုပ်ဖျက်တာ အောင်မြင်ရဲ့လားအောင်မြင်ဘူးလား သိရအောင်စမ်းကြည့်ကြစို့၊ ဂျွန်ကက်ပါလို့ ကျုပ်တို့နဲ့ လူကမှ မမှတ်မိရင်၊ တခြားလူတွေဘယ်မှတ်မိမလဲ" ဟု ပြောကာ အိမ်ထဲသို့ ဝင်သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲတွင်ကား လူသုံးယောက်မှာ စားပွဲတစ်လုံးတွင် ထိုင် အစားအစာများ စားသောက်နေကြသည်ကို တွေ့ရလေ၏။ စားပွဲပေါ်တွင် ခါးမြှောင်သုံးလက်ကိုတွေ့ရပြီး လူများမှာမျက်နှာထားခပ်တင်းတင်း နေကြသောကြောင့် ထိုလူများမှာ အိမ်ရှင်များအားခါးတော့ပြီး အစားအစာ တောင်းစားနေကြကြောင်း သိသာနိုင်ပေသည်။ ထိုသုံးယောက်ထဲမှ ခေါင်း ဆောင်လုပ်သူမှာ ဂျွန်ကက်ပါဖြစ်၍ ခရစ်ယာန်ဘုန်းကြီးနှစ်ပါးအား မြင် လျှင်. . . "ဟေ့. . . ဟေ့. . . ထွက်သွားလိုက်၊ အလှူခံအလိုမရှိဘူး" ဟု ပြောလေ၏။ သို့သော်လည်း အခြားလူတစ်ယောက်ကမူ . . .

"ခရစ်ယာန်ဘုန်းကြီးတွေကို ဒီလိုမပြောပါနဲ့ကွာလာ. . . လာ. . . လာ ဒီကိုလာ- အရက်တို့ဘာတို့သောက်လှည့်ကြ" ဟုပြော ခရစ်ယာန်ဘုန်းကြီးယောင် ဆောင်ထားသော ဝီ(လ်)က. . .

"မင်းတို့ အလွန်ကြမ်းတမ်းတဲ့ လူတွေပဲ။ မင်းတို့နဲ့ ငါ အရက် သောက်ချင်ဘူး၊ ဒါပေမဲ့ မင်းတို့ကိုလက်ဆောင်တစ်ခုတော့ပေးရအုံးမယ်" ဟုပြောပြီး မြားနက်တစ်စင်းကိုထုတ်ခါ၊ စားပွဲပေါ်တွင် စိုက်လိုက်လေ၏ ထိုင်နေသူသုံးယောက်မှာ အံ့အားသင့်ပြီး ကြည့်နေခိုက်တွင်ပင် ဝီ(လ်) သည် ရှယ်လတန်အား ဆွဲကာ အပြင်သို့ အလျှင်အမြန်ပြန်ထွက်ခဲ့ လေ၏။ မကြာမီအတွင်း သူတို့သည် ဆီးနှင်းများ၏ကြားတွင် ပျောက်ကွယ် သွားသဖြင့် နောက်မှလိုက်သူများက မတွေ့ရတော့ပေ။ ဝီ(လ်)က ရှယ် လတန်အား. . .

"ကျုပ်တို့ ရှုပ်ဖျက်တာ အောင်မြင်ပါတယ်။ ဟိုကောင်တွေ မှတ်မိဘူး"

"ဒါဖြစ်လည်း ရှိုဘီရောက်အောင်သွားကြစို့ဗျာ-"





## အခန်း (၂၁)

ရှိုဘီမြို့တွင် ဆာဘာရက်လေ နေသောအိမ်မှာ ကြီးကျယ်ခမ်း နား၍ ဝက်သစ်ချသားများနှင့် ဆောက်လုပ်ထားပေ၏။ နောက်ဖေးဘက် တွင်ကား ခရစ်ယာန်ဘုန်းကြီးကျောင်းတစ်ကျောင်းရှိပေသည်။ အိမ်ပိုင်ရှင် မှာ လူချမ်းသာ တစ်ယောက်ဖြစ်ဟန်တူ၏။ သို့သော်လည်း ယခု ဆာဘာ ရက်လေသိမ်းပိုက်ထားသောအခါတွင်ကား တစ်အိမ်လုံး ရှုတ်ရှက်ခတ် နေကာ စစ်သားများ လက်နက်များဖြင့်ပြည့်ကြပ်နေ၏။ မီးဖိုထဲတွင် အမျိုး မျိုး ကြော်လှော်ချက်ပြုတ်နေကြပြီး ဆူညံစွာသီချင်းများကိုလည်း ဟစ် အော် သီဆိုနေကြ၏။ အိမ်ထဲတွင် ခရစ်ယာန်ဘုန်းကြီးများ၊ အလှူခံများ၊ ခရီးသွားများအားလုံးကို လက်ခံထားပြီး ထမင်းစားခန်းမထဲတွင် နေရာချထား၏။ ရှယ်လတန်တို့ ဂွတ်ဟုပ် သဘော်ပျက်စီးသောနေ့တွင် ဆာဘာရက်လေ၏အိမ်၌ ရိက္ခာကို ဒေါင်မီးဖိုချောင်များတွင် လူများ ပြည့်ကြပ်နေ၏။ များသောအားဖြင့် ထိုလူများသည် ဆာဘာရက်လေ၏ အဖြာရောင်ယူနီဖောင်း ဝတ်ဆင်ထားကြသော စစ်သားများဖြစ်၏။ အချို့ ကား မျက်နှာစိမ်းစည့်သည်များဖြစ်ပြီး ထိုခေတ်ထိုအခါက ထုံးစံနှင့် ညီ ဧည့်ခံကျွေးမွေးထားခြင်းဖြစ်၏။

ဆီးနှင်းများ ထူထပ်စွာကျမြဲကျလျက်ရှိရာ လူများသည်အိမ် ခေါင်မိုးအောက်တွင် ဝင်ခိုနေပြီး အရက်သောက်သူသောက်၊ ဖဲရိုက်သူ ရိုက်နှင့် ရှိနေကြ၏။ ယခုခေတ် အမြင်နှင့်ကြည့်လျှင် မြို့ပျက် အိမ်ပျက် ကြီးသဖွယ်ဖြစ်သော်လည်း ထိုခေတ်ထိုအခါကမူ လူချမ်းသာအိမ်တွင် ပျော်ပွဲသဘင် ခံနေသကဲ့သို့ ထင်မှတ်ရပေသည်။

အသက်အရွယ်ကြီးရင့်သော ခရစ်ယာန်ဘုန်းကြီးတစ်ပါးနှင့် အသက်ငယ်ပုံရသောခရစ်ယာန်ဘုန်းကြီးတစ်ပါးသည် ထိုအိမ်သို့ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးရောက်လာပြီး မီးဖိုတစ်ခုတွင် မီးလှုံလျက်ရှိကြ၏။ ထို ခရစ်ယာန်ဘုန်းကြီးနှစ်ပါးသည် အနားရှိလူများနှင့် ထွေရာလေးပါး စကားပြောနေ စကားပြော ကောင်းကြသောကြောင့်လားမသိ လူစုလူဝေးမှာ တိုး၍ တိုး လာကာ ဝိုင်းအုံ နားထောင်နေကြလေ၏။ ခရစ်ယာန်ဘုန်းကြီးအသွင် တန်ဆောင်ထားသော ရှယ်လတန်သည် နောက်ကွယ်တွင် ဆိတ်ငြိမ်စွာ ထိုင်နေ၏။ သူသည် နားကို စွင့်ထားသော်လည်း စကားကိုကား တစ်လုံး မပြောချေ။ သူ့အဖေါ် လေပန်းသည်ကိုသာ ကြည့်နေလေ၏။ သူသည် ဤသို့နေရာမှ တစ်အိမ်လုံးကို အကဲခတ်လျက်ရှိရာ မကြာမီအတွင်း အိမ်တံခါးဝတွင် လူတစ်စုကိုမြင်ရ၏။ သားမွေးအင်္ကျီဝတ်ထားသော မိန်းမ နှစ်ယောက်က ရှေ့ဆုံးမှသွားနေ၍ နောက်မှ အခိုင်းအစေမိန်းမများ လုံကိုင်စစ်သားလေးယောက်က လိုက်လျက်ရှိ၏။ ရှယ်လတန်သည် နေရာ မှထကာ ထိုလူများနောက်သို့ လိုက်လေ၏။ ရှေ့မှသွားနေသူ မိန်းမတစ်ဦး မှာ ဆာဘရက်လေ၏ မိန်းမဖြစ်၍ ဂျိုအန်နာသည် အနီးအပါး တစ်နေ ရာရာတွင် မုချရှိရမည်ဟု တွက်မိ၏။

အိမ်တံခါးဝတွင် စစ်သားလေးယောက်ရပ်လိုက်၏။ မိန်းမများ ကမူကား လှေခါးအတိုင်းတက်သွားကြ၏။ ရှယ်လတန်သည်နောက်မှလိုက် လျက်ပင်ရှိ၏။ အချိန်မှာ နေဝင်ဆည်းဆာအချိန်ဖြစ်၍ အိမ်ပေါ်တွင် မှောင်စပြုနေပေပြီ။ လှေခါးတစ်လျှောက်တွင်မီးခွက်များကို ထွန်းထား ၏။ အိမ်ပေါ်ရှိ တံခါးပွင့်နေသောအခန်းတစ်ခုတွင်ကား မီးလင်းဖိုထဲ ခုကမီးရောင်ကိုမြင်ရ၏။ အိမ်ပေါ်သို့တက်သွားခိုက် ရှေ့မှတက်သွားသော မိန်းမနှစ်ယောက်သည် နောက်မှလိုက်လာသော ခရစ်ယာန်ဘုန်းကြီးအား သမင်လည်ပြန်ကြည့်ကြ၏။ ရှယ်လတန်မှာ သူ့ရုပ်ကိုမှတ်မိမည်စိုးသဖြင့် မျက်နှာကိုအောက်ချထားရာ မိန်းမများက သူ့ကိုကြည့်သည်ကို မသိလိုက် ချေ။ တတိယအဆင့်တွင် မိန်းမများသည် တစ်ကွဲစီသွားကြ၏။ မိန်းမငယ် လုပ်သူသည် နောက်လိုက်အစေခံများနှင့် ညာဘက်သို့ ချိုးဆင်းသွား၏။





မိန်းမငယ်တစ်ယောက်မှာကား အပေါ်သို့ဆက် တက်သွားလေ၏။ ရှယ် လတန်သည် ညာဘက်ဒေါင့်ကို ချိုးဆင်းသွားသူ မိန်းမကြီးနောက်သို့ လိုက် ခါ ဆာဘရက်လေ၏ မိန်းမနေသော အခန်းကိုလိုက်ကြည့်နေ၏။

ထိုအခိုက်တွင် သူ့ပခုံးပေါ်သို့ လက်တစ်ဖက်ကျလာသဖြင့် သအား ဆွဲဖမ်းပြီး ကြည့်လိုက်ရာ မိန်းမငယ်တစ်ယောက်ကို တွေ့ရလေ၏။ မိန်းမမှာ ခရစ်ယာန်ဘုန်းကြီးကလက်ဆွဲထားသဖြင့် ရှက်ကိုးရှက်ကန်းဖြစ် နေရာ ရှယ်လတန်ကတောင်းပန်နေလေသည်။ မိန်းမငယ်သည် ရှယ်လ တန်အား အံ့ဩဟန် ကြောက်ရွံ့ဟန် မသင်္ကာဟန်ဖြင့် ကြည့်နေသဖြင့် ရှယ်လတန်က. . .

"စိတ်မဆိုးပါနဲ့ ငါ့ကို ခွင့်လွှတ်ပါ"

"ရှင်ဟာ တော်တော်ထူးဆန်းတဲ့ ခရစ်ယာန်ဘုန်းကြီးပဲ ရှင် စကားပြောတာထောက်တော့ ခရစ်ယာန်ဘုန်းကြီးနဲ့မတူဘူး၊ ရုပ်ဖျက် ထားတဲ့ လူတစ်ယောက်နဲ့တူတယ်။ ဘာကိစ္စဒီကိုလာတာလဲ၊ ဘာဖြစ်လို့ ရုပ်ဖျက်ထားတာလဲ။ ဆာဘရက်လေကတော်ရဲ့ နောက်ကို ဘာလို့ သူခိုး လို လိုက်ချောင်းနေတာလဲ"

"ငါဟာ သူခိုးတော့မဟုတ်ပါဘူးကွာ . . . ယုံပါ။ မကောင်းတဲ့ အကြံအစည်နဲ့ လာတာတော့ အမှန်ပဲ။ ဒါပေမဲ့ မိန်းမတွေကို ဘယ်လို လုပ်မယ်လို့ စိတ်မကူးပါဘူး။ ငါ့ဘာသာ ရှိပါစေတော့ အော်မယ်တော့ ကြံလိုက်နဲ့ မင်းသာအော်လိုက်မယ်ဆိုရင် ငါ့အသက်ပျောက်ရတော့မှာ အမှန်ပဲ။ ဒီလိုတော့ မရက်စက်လိုက်ပါနဲ့"

"ဒါဖြင့် ရှင်ဟာ ရော်နန်းဆက်ဘက်ကသူလျှိုပေါ့. . ."

"ငါဟာ ရော့နန်းဆက်ဘက်သားတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ အခုလာတာက နိုင်ငံရေးကိစ္စနဲ့လာတာမဟုတ်ပါဘူး။ အချစ်ကိစ္စနဲ့လာ တာပါ။ ငါ့နာမည်က . . . . . . . . . ."ဤ တွင် မိန်းမငယ်သည် ရှယ် လတန်၏ပါးစပ်ကို လှမ်းပိတ်ခါ နံဘေးပတ်ဝန်းကျင်ကို မျက်စိပြူးကြောင်

www.burmeseclassic.com



ကြောင်နှင့် ကြည့်နေလေ၏။ မည်သူ့ကိုမျှမမြင်ရမှ ရှယ်လတန်အား လှေခါးအတိုင်း အပေါ်သို့ဆွဲခေါ် တက်သွားလေ၏။

ရှယ်လတန်မှာ ဘာမသိ ညာမသိနှင့် လိုက်သွားရပြီး မကြာမီ အတွင်း မီးလင်းဖိုတစ်ခု ဖိုထားသော အခန်းတစ်ခုသို့ ရောက်လာ မိန်းမ ငယ်သည် ရှယ်လတန်အား ထိုင်ခုံ တစ်ခုတွင်ထိုင်စေကာ. . .

"အဲဒီမှာထိုင်နေ ရှင့်အသက်ဟာ ကျွန်မလက်ထဲမှာရှိတယ် ဒါပေမဲ့ ကျွန်မလက်ကိုတော့ဆွဲပြီး ကျွန်မကိုတခါတုန်းက ခါးပတ်နဲ့ ရိုက် မယ်လုပ်တာကိုတော့ မမှတ်မိတော့ဘူးလား . . ." ဟုပြောကာ အခန်း ထဲမှ ထွက်သွားလေ၏။ ထိုအခါမှ မိန်းမငယ်မှာ ဂျိုအန်နာဖြစ်ကြောင်း ရှယ်လတန်အမှတ်ရလာ၏။ တစ်ဘက်ခန်းတွင် လူတစ်ယောက်လှုပ်ရှား နေသံကြားရပြီး မကြာမီအတွင်း တံခါးတစ်ခု ပွင့်လာ ကာ ဂျိုအန်နာ သည် အနွေးထည်အဝတ်အစားကို ဝတ်ရုံလျက် မီးအိမ်တစ်ခုနှင့် ပြန် ရောက်လာပြီး လက်မှ ကိုင်ထားသော မီးအိမ်ကိုချ လိုက်ကာ ရှယ်လတန် အား စေ့စေ့ကြည့်ပြီး . . .

"ရှင် ဘာလို့ ဒီကိုလာတာလဲ"

"အော်. . . ဂျိုအန်နာ မင်း ငါ့ကို ချစ်တယ်ဆို"

ဤ တွင် ဂျိုအန်နာသည် ရှယ်လတန်အား တအားဖက်ခါ ဝါး အကြိမ်ကြိမ် မွှေးလိုက်လေ၏။ ထို့နောက်. . .

"ရှင်လာတာတော့ ကောင်းပါရဲ့ ဒါပေမဲ့ ကျွန်မကို နက်ဖြန်ခါ နေ့လည်အချိန် ဘုရားကျောင်းမှာလော့ရှိဘီနဲ့လက်ထပ်ရတော့မယ်. . ."

"အသေအချာပဲလား . . ."

"အသေအချာပဲ။ ကျွန်မလည်း ငိုရတာနဲ့ မျက်လုံးကိုမှိန်နေပြီ ဒီနေ့ည ရှင်နဲ့ ထွက်ပြေးနိုင်ရင်တော့ ကောင်းမှာပဲ။ ဒါပေမဲ့ တော်တော် တော့ ခက်ပါတယ်. . . ."

"စိတ်မပျက်ပါနဲ့ကွာ. . . မျှော်လင့်ချက်ရှိပါသေးတယ်။ မင်း





မိန်းမ တစ်ယောက်ကို လွယ်လွယ်နဲ့ဘယ်လက်လွှတ်ခံနိုင်မလဲ။ ဘာ တားအဆီးအနှောက်အယှက်ပဲ ရှိရှိ အကုန်လုံးကို သုတ်သင် ချေမှုန်း လိုက်မယ်"

"ရှင်ရှပ်ဖျက်ထားတော့ တော်တော်ကောင်းသားပဲ"

ထိုသို့ စကားပြောနေကြပြီး။ ချစ်သူအချင်းချင်း ပွေ့ဖက်ခါ ချစ် ငင်းနှီးနှောနေကြလေ၏။

မကြာမီ နောက်နားဆီမှ အသံကြားရသဖြင့် လှည့်ကြည့်လိုက် ရာ မိန်းမတစ်ယောက်ကို တွေ့ရလေ၏။ ထိုမိန်းမသည် ရှယ်လတန်အား ကြည့်ပြီး . . .

"မင်းတို့ကလည်း ကျယ်လောင် ကျယ်လောင်နဲ့ တခြားလူတွေ ကြားသွားမှာပေါ့။ ဟေ့ ဂျိုအန်နာ ဒီလို ရည်းစားနဲ့ ချိန်းတွေ့တဲ့အတွက် ဘယ်သူ့ကိုမှ သတင်းမပေးရင် ငါ့ကိုဘာပေးမလဲ. . ."

"ကျွန်မ ရှင့်ကို ပိုက်ဆံပေးပါ့မယ်. . ."

"ဒါပေမဲ့ မင်းတို့ ခွဲနေကြမှ ကောင်းမယ်"

"စောပါသေးတယ်ရှင့်။ ခဏတော့ အတူတူနေပါရစေအုံး. . ."

"ညနေစာမစားတော့ဘူးလား. . ."

"ဟုတ်သားပဲ မေ့နေလိုက်တာ. . ."

ဤ တွင် ရှယ်လတန်က. . .

"ငါ့ကို တစ်နေရာမှာ ဝှက်ပစ်ခဲ့ပါ။ ဘီရိုထဲ ထည့်ရင်လည်း ထည့်ပိတ်ခဲ့" ဟုပြောရင်း အဖော်မိန်းမဘက်သို့ လှည့်ပြီး "ကျုပ်တို့ ချစ်သူ နှစ်ဦးဟာ မနက်ဖြန်အချိန်ကစပြီး တစ်သက်လုံးကွဲကွာရတော့မှာကို နားလည်ရင် ကျုပ်တို့ကို သက်ညှာပါဗျာ. . ."

မကြာမီအတွင်း သူတို့နှစ်ယောက်ထွက်သွားကြရာ၊ အိမ်ပေါ်မှ ညနေစာ ခေါင်းလောင်းထိုးသံကို ကြားနေရ၏။ ရှယ်လတန်မှာအားနာရံ တစ်ခုတွင်ကပ်နေလေ၏။ ထိုနေရာမှ နေ၍ ကြည့်မည်ဆိုလျှင် တစ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ခန်းကိုလှမ်းမြင်နေရလေသည်။ မကြာမီအတွင်း ရှယ်လတန်မှာ လူ
ယောက်ညင်သာစွာ လမ်းလျှောက်သံကိုကြားရပြီး တံခါးပွင့်လာသောအ
၌ လော့ရှိုဘီ၏ စစ်တပ်အဝတ်အစားများ ဝတ်ဆင်ထားသောလူ
ယောက်သည်၊ အခန်းတွင်းသို့ဝင်လာခါ၊ ဟိုဟို ဒီဒီ ကြည့်နေလေ
အခန်းထဲတွင် ဟိုဟာခေါက်ကြည့်၊ ဒီဟာလှန်ကြည့်နှင့် မြုလုပ်နေသော
လည်း၊ ကံကောင်းထောက်မသဖြင့် ရှယ်လတန်အားမမြင်ပဲ ရှိနေလေ
နောင်ဆုံးတွင် ထိုလူသည် ထိုင်ခုံအောက်တွင် ချထားသော မှန်အိမ်
မြင်လိုက်ရာ မကျေနပ်ဟန် မျက်နှာထားမျိုးဖြင့် ထွက်ခွာသွားတော့
လုပ်ပြီးမှ တဖန်ကြမ်းပေါ်တွင် တစ်စုံတစ်ခုတွေ့ဟန်ဖြင့် ကုန်း၍ ကော
လိုက်၏။ ကောက်မိသောအရာကို ထိုသူသည် ကျေနပ်စွာကြည့်ပြီး
ကြားထဲတွင်ထိုးထည့်၍ ထွက်သွားလေ၏။

ရှယ်လတန်မှာ ထိုသူ အားကြည့်ပြီး စိတ်မကောင်း ဖြစ်နေ
အဘယ်ကြောင့်ဆိုသော် ထိုလူကုန်းကောက်သောအရာမှာ သူ့ခါးမှ
တော်တဆ ကျနေသော ခါးစည်းကြိုးဖြစ်နေသောကြောင့်ပင်တည်း။ ရှ
လတန်သည် လာ၍ချောင်းမြောင်းသူကမကြာမီအတွင်း သူ့ဆရာ လော
ရှိုဘီထံသွားပြီး အကျိုးအကြောင်း အစီရင်ခံတော့မည်ကိုသိသဖြင့်
နေရာမှ ထွက်ခါ၊ ထိုလူအားလိုက်၍ သတ်ပစ်လိုက်ချင်နေ၏။ ထို
စဉ်းစားနေခိုက်တွင် ပြင်ဘက်လှေခါးဆီမှ ခြေသံတစ်ခုကြားရပြီး သီချ
ဆိုသံကို ကြားရ၏။

သီချင်းဆိုသူမှာ ရှယ်လတန်၏အဖေါ် ဝီ(လ်)ဖြစ်၍ အ
မူးအောင်သောက်ပြီး လှေခါးရင်းတွင်ဟိုလျှောက်ဒီလျှောက် နှင့် သီချ
ဆိုနေခြင်းဖြစ်၏။ ဤကဲ့သို့ အချိန်မျိုးတွင် အရက်သောက်နေရမလား
ရှယ်လတန်သည်သူ့အဖေါ်အား ဒေါသထွက်နေပြီး ဂျိအန်နာအားခိုး
ရန်မကြံတတ်ဘဲဖြစ်နေလေ၏။ သူ့အဖေါ်ဝီ(လ်)အားစကားလှမ်းပြော
မှာလည်း အနီးအနားတွင် လော့ရှိုဘီ၏ လူရှိကောင်းရှိနေဦးမည်ဖြစ်





က်နေသည်၊ နောက်ဆုံးတွင် သူ့လူနှင့် သွားတွေ့မည်ဟု ဆုံးဖြတ်လိုက်
ာ အခန်းဝသို့ ထွက်လာပြီး လက်တစ်ဘက်ကို မြှောက်ပြကာ
ယ်လတန်ကိုမြင်လျှင် နာမည်ကို အော်ဟစ်ခါခေါ်နေသောကြောင့်
ယ်လတန်သည် ဝီ(လ်)ထံသို့တိုးသွားကာ. . .

"ဟော့ကောင် . . အကုန်သေကုန်လိမ့်မယ်၊ ဘယ်နဲ့ လုပ်တာ လဲ. ."

သို့သော်လည်း ဝီ(လ်)မှာကား အရေးမစိုက်ဟန်ဖြင့် ရယ်မောခါ
ယ်လတန်အား လက်နှင့်ကျောကို သပ်နေလေ၏။ ဤအခိုက်တွင် ခန်း
းဘက်မှအသံတစ်ခုကို ကြားရသဖြင့် ရှယ်လတန်သည် ခုန်၍ဒုပ်လိုက်
ာ လော့ရှိုဘီ၏ သူလျှိုကိုမိလေ၏။ နှစ်ယောက်သား ခန်းဆီးဖုံးအကွယ်
င် လုံးထွေးသတ်ပုတ်နေကြရင်း ရှယ်လတန်၏ ခါးမြှောင်သည် ရန်သူ၏
င်ဝကို ထိုးစိုက်မိသဖြင့် ရန်သူမှာ ငြိမ်ကျသွားလေ၏။

## အခန်း (၂၂)

ဤသို့ တိုက်ခိုက်နေကြရာတွင် ဝီ(လ်) မှာကူညီဖေါ်မရ။ လဲ၍
သနေသောသူအား ရပ်ပြီးကြည့်ဖေါ် သာရ၏။ ရှယ်လတန်မှာတစ်စုံတစ်
ာ မိမိတို့သတ်ပုတ်နေသည်ကိုကြားလေမည်လောဟု နားစွင့်နေပြီး၊
ြားပုံမရမှ ရန်သူ၏ ခါးပိုက်ကြားကို လျှောက်၍ နှိုက်ရာ၊ ငွေစများနှင့်
၏ ခါးကြိုးကို ပြန်ရလေ၏။ ၎င်းပြင် စာတစ်စောင်ကို တွေ့ရာ စာမှာ
ော့ရှိုဘီ၏ တံဆိပ်နှိပ်ထားပြီး လော့ဝင်ဆလေဒေးထံသို့ လိပ်စာတပ်
း၏။ စာကိုဖတ်ကြည့်သောအခါတွင်ကား လန်ကက်စတာနန်းဆက်
ိတိဝင်ဖြစ်သော လော့ရှိုဘီမှာ 'ရော့' နန်းဆက်ပါတီဝင်များနှင့် သစ္စာ
ါတ်ခါ လျှို့ဝှက်ဆက်သွယ်သောစာဖြစ်နေလေ၏။

ရှယ်လတန်သည် စားပွဲတစ်ခုပေါ်ရှိ စာရွက်တစ်ရွက်နှင့် မင်

www.burmeseclassic.com



တန်တစ်ခုကိုယူခါ လော့ရှိုဘီထံသို့ အောက်ပါအတိုင်းစာရေးနေလေ၏။

လော့ရှိုဘီ

ခင်ဗျား . . . လော့ဝင်ဆလေဒေးထံ ပေးလိုက်တဲ့ စာတိုပို့ လူဟာ သေသွားပြီ။ နားလည်မှုရှိသောအားဖြင့် ခင်ဗျား ကျိုအန် လက်မထပ်ပါနဲ့။

"မကောင်းသူပယ်ချေ"

"မြား"

ရေးပြီးသောစာကို ရှယ်လတန်သည် လူသေအလောင်း ရင်ဘတ်ပေါ်တွင် တင်လိုက်၏။ ရပ်ကြည့်နေသူ ဗိ(လ်) ကမူ ခါးကြားမှ မြားနက်တစင်းကို ထုတ်၍ မြားကိုစာနှင့်ထပ်ပြီး လူသေ၏ ရင်ဘတ်ပေါ် တွင် စိုက်ထားလိုက်၏။ ထိုနောက် သူ၏မူးယစ်သော အသံကြီးနှင့် သီချင်း အော်ဆိုနေပြန်သဖြင့် ရှယ်လတန်က လက်နှင့် တအားတွန်းလိုက်ပြီး . . .

"ဟေ့ လူ-ငြိမ်ငြိမ်နေစမ်း၊ လာခဲ့ ခင်ဗျားမူးနေတယ်။ အိမ်ပြင် ကိုထွက်ကြမှဖြစ်မယ်။ ဒီလိုသာမူးနေရင် သေဏုန်လိမ့်မယ်"

"ကဲ . . . မင်းမလိုချင်ရင် ငါသွားပါတော့မယ်ကွာ" ဟုပြော လှေခါးအတိုင်း ဆင်းသွားလေ၏။ ရှယ်လတန်မှာတော့ ချစ်စိတ်မွှန်နေသ ဖြစ်သောကြောင့် လိုက်သွားသင့်လျက် လိုက်မသွားပဲ ယခင်ပုန်းနေသည့် နေရာတွင်ပင် ပုန်းနေခဲ့လေ၏။

အချိန်မှာ တရွေ့ရွေ့ ကုန်လျက်ရှိရာ၊ အခန်းတွင်းရှိ မီးလင်း မှ မီးများပင်ငြိမ်းစပြုနေပေ၏။ မီးအိမ်မှာလည်း မီးငြိမ်းကာ မီးခိုးများ လျက်ရှိ၏။ သို့သော်လည်း မည်သူမျှ ပြန်လာသံကို မကြားရပေ။ အိမ် အောက်ထပ်တွင် ညနေစာ စားနေသူများ၏ အသံကို တစ်ချက် တစ်ချက် ကြားနေရ၏။ ရှိုဘီမြို့ကလေးမှာကား ထူထပ်စွာကျနေသော ဆီးနှင်းများ ကြားတွင် ဆိတ်ငြိမ်လျက်ရှိနေ၏။





မကြာမီ အတွင်း လှေခါးဆီမှ ခြေသံများကို ကြားရပြီး ဆာဘရက်လေ၏ ဧည့်သည်များတက်လာကြ၏။ လှေခါးဝေါင့်ကို ရောက်လျှင် ထိုလူများသည် လဲနေသော လူသေအလောင်းကို တွေ့ရသဖြင့် အချို့ကရှေ့သို့ထွက်ပြေးကြပြီး၊ အချို့ကနောက်သို့ပြန်ဆုတ်ကြ၏။ အချို့တလည်း အော်ဟစ်ကြ၏။ အော်သံကိုကြားရသောကြောင့် တအိမ်လုံးရှိစစ်သားများ မိန်းမများ၊ အစေခံများ လူစုံရောက်လာကြ၏။ လူသေအလောင်းကိုမြင်လျှင် ထိုသူတို့လည်း၊ ကြောက်လန့်အော်ဟစ်ကြရာ မကြာမီအတွင်း ဆာဘရက်လေနှင့် လော့ရှိုဘီတို့ ရောက်လာကြ၏။ အလောင်းကိုမြင်လျှင် ဆာဘရက်လေက . . .

"ဟော မြားနက်ဂိုဏ်းရဲ့လက်ချက်ပဲ၊ သေနေတာက ခင်ဗျား လူပါလားဗျ . . ."

"ဟုတ်တယ် ကျုပ်လူပဲ။ ဒီလူအလွန်ပါးနပ်တဲ့လူ၊ သေတာနှမြောတယ် . . ."

"ခင်ဗျားလူက ကျုပ်အိမ်ကို ဘာလာချောင်းတာလည်း"

လော့ရှိုဘီသည် မျက်နှာတစ်ချက်ပျက်သွားပြီး . . .

"မသိပါဘူးဗျာ၊ ဟောဒီမှာ သူ့အလောင်းပေါ် မယ်စာတစ်စောင်"

"ပေး-ပေး။ မြားရောစာရော ကျုပ်ကိုပေး-အော်စာထဲမှာ ခင်ဗျား ထိပ်စာတပ်ထားတာပဲ။ ဒီမြားနက်ဂိုဏ်းကကောင်တွေဟာ ရှောင်လို့ကို လွတ်နိုင်ဘူး၊ အမြဲတမ်းဒုက္ခပေးနေတာပဲ။ ခင်ဗျားကိုတော့ ညှိုးနေပြီထင်တယ်။ နက်ဖန်ခါလား သဘက်ခါလား ခင်ဗျားကို လုပ်ကြကြလိမ့်မယ်။ ကိုင်း . . . စာကဘာတွေရေးထားသလဲ ဖတ်စမ်းပါဦး . . ."

ဤတွင် လော့ရှိုဘီသည် စာကိုဖတ်ကြည့်ကာ ပြီးလျှင်ငြိမ်ခြင်း လူသေအလောင်းကို လှန်လှောရှာဖွေနေ၏။ ဘာမျှမတွေ့မှ . . .

"ခက်တာပဲဗျို့ ကျုပ်စာတစ်စောင်ပါသွားပြီ၊ ယူသွားတဲ့အ



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကိုမိရင်တော့ သတ်ပစ်လိုက်ချင်တယ်ဗျာ-ခင်ဗျားအိမ်ထဲရှော ရှာကြအုံးစို့၊ ရန်သူရှိလိမ့်ဦးမယ်ထင်တယ်. . ."

သို့ဖြင့် အိမ်ဝိုင်းတစ်ခုလုံး ဥယျာဉ်ထဲတွင်ရင်း၊ အခန်းမကြီး တွင်ရင်း၊ လှေခါးဝတွင်ရင်း၊ အစောင့်များကိုချထားလိုက်လေ၏။ ဆာ ရက်လေ၏စစ်သားများအပြင် လော့ရှိဘီ၏စစ်သားများလည်း ရောက် လာခါ လူအင်အားလွန်စွာတောင့်တင်းလာလေ၏။ သို့သော်လည်း ရှယ်လတန်ပုန်းအောင်းရာဒေသမှာ အကာအကွယ် လွန်စွာကောင်းသော ကြောင့် မတွေ့ကြပေ။

သေဆုံးသူ၏ အလောင်းကိုကား စစ်သားများသည် ခရစ်ယာ ဘုန်းကြီးကျောင်းသို့ ပို့လိုက်လေ၏။

ဤအခိုက်တွင် ဂျိုအန်နာနှင့် သူ၏အဖေါ် မိန်းမတို့သည် ရှယ်လတန်အား ပြင်ဘက်တွင်ဖြစ်ပျက်နေသောအကြောင်းစုံကို ပြော ပြီး၊ ပုန်းအောင်းနေရာမှ ဆွဲထုတ်လာခဲ့ကြလေ၏။ ရှယ်လတန်ကလည်း သူနှင့် သတ်ကြ-ပုတ်ကြပုံ အလုံးစုံကိုပြောပြရာ ဂျိုအန်နာက. . .

"ရှင် ဒီလိုသတ်လိုက်လို့လည်း မထူးပါဘူး၊ မနက်ဖန်ခါ ကျွန် တော့ လက်ထပ်ရမှာပါပဲ" ဟုပြောရာ မိန်းမဖေါ်က. . .

"ရှင်ကလည်း ရှင်၊ ရှယ်လတန်လိုရဲရင့်တဲ့ လူရှိနေတာပဲ အ အားငယ်စရာရှိသလဲ၊ သူကြံအုံး ဖန်အုံးမှာပေါ့ ဟုတ်တယ်မဟုတ်လား ရှယ်လတန်၊ ရှင် ဘယ်လိုကြံမလဲ" ဟုမေးရာ၊ ရှယ်လတန်သည် မြှောက်ပင့် ပြောနေသောကြောင့် ရှက်သွေးဝင်နေရာမှ. . .

"တော်တော်တော့. . . ခက်တာပဲ။ ဒါပေမဲ့ နာရီဝက်အတွင်း ကျုပ်ဒီအိမ်ထဲကထွက်သွားနိုင်ရင်ကြံနိုင်ပါသေးတယ်. . .။ လက်ထပ် ကိစ္စကိုလည်း"

"ခက်တာပါပဲရှင်၊ ဒီလိုသာဆိုရင် နက်ဖန်ခါ ကျွန်မလော့ ဘီနဲ့ လက်ထပ် ရတော့မှာပါပဲ"

"မစိုးရိမ်ပါနဲ့ကွာ. . . ငါစွန့်စားဝါ့မယ်၊ ခရစ်ယာန်ဘုန်းကြီးအ ထက်အစားနဲ့ ဆိုတော့ ငါ့ကိုဒီလူတွေက သိပ်ဂရုစိုက်မှာ မဟုတ်ပါဘူး၊ သေတဲ့လူရဲ့ နာမည်ဟာ ဘယ်သူတဲ့လဲ"

"ရပ်တာလို့ခေါ်တယ်၊ ရှင် ဘာလုပ်ဦးမလို့လည်း"

"အခု အိမ်ထဲက ထွက်သွားမယ်လေ. . .၊ တစ်ယောက် ယောက်ကမေးရင် ရပ်တာအတွက် ဆုတောင်းပွဲကျင်းပဖို့သွားမလို့ ပြော လိုက်မှာပေါ့. . .၊ အခုလောက်ရှိရင် ခရစ်ယာန်ဘုန်းကြီးကျောင်းမှာ ဆုတောင်း ပွဲတောင် ကျင်းပနေရော့မယ်. . ."

"ဒီအကြံကောင်းသားပဲ၊ ကိုင်း. . . ကိုင်း၊ သွား. . . သွား၊ ကျွန်မ တို့ထားပစ်ခဲ့၊ ဘေးမသီ ရန်မခပါမစေနဲ့လို့ ဆုတောင်းပါတယ်. . ."

သို့ဖြင့် ရှယ်လတန်သည် အိမ်အောက်သို့ ဆင်းသွားလေ၏၊ မှုသေသေမျက်နှာထားကြောင့် မည်သူကမျှ အမေးအမြန်းမရှိ။ သို့သော် လည်း လှံကိုင်စစ်သားတစ်ယောက်နားသို့ရောက်လာသောအခါ စစ်သား က မေးနေသဖြင့် . . . .

"ငါ ရပ်တာအတွက် ဆုတောင်းပွဲ သွားမလို့. . ."

"ဟုတ်ရဲ့လား- ဒါပေမဲ့ တစ်ယောက်တည်းသွားလို့တော့မဖြစ် ဘူး" ဟုပြောကာ စစ်သားသည် အခြားစစ်သားတစ်ယောက်အားခေါ် လိုက်ပြီး. . .

"ဒီ ခရစ်ယာန်ဘုန်းကြီးကို ဆာလီအော်ဗာဆီကို ရောက်အောင် ခေါ်သွား၊ သူ့လက်ထဲသေသေချာချာအပ်ခဲ့" ဟုပြောပြီး. . . သွားခွင့်ပြု လိုက်လေ၏။ တံခါးဝသို့ရောက်သောအခါ အခြားကင်းတစ်ခုကိုတွေ့ရ ပြီး စစ်သားလေးယောက်ကို ထည့်လိုက်ပြန်၏၊ စစ်သားတစ်ယောက်က ရှယ်လတန်၏လက်ကို ဆုပ်ကိုင်ထား၏၊ တစ်ယောက်က ရှေ့မှလျှောက် ၍ နောက်တစ်ယောက်က မောင်းတင်ထားသော လေးကိုကိုင်ကာ နောက် လိုက်၏။ ဤနည်းဖြင့် သူတို့သည်၊ ဥယျာဉ်ကိုဖြတ်လျှောက် ခရစ်ယာန်



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းဘက်သို့ သွားလျက်ရှိကြပေသည်။ ခရစ်ယာန်ဘုန်းကြီး ကျောင်းဝင်းတံခါးသို့ရောက်သောအခါ၊ သူတို့တစ်ကိုယ်လုံးမှာ ဆီးနှင်း ဖြင့် စိုရွှဲလျက်ရှိနေ၏။ ခရစ်ယာန်ဘုန်းကြီးကျောင်းမှာယာဇ်ပလ္လင်ပေါ် ၌ ဖယောင်းတိုင်များကို ထွန်းထား၏။ သေသူ ရုပ်တာ၏ အလောင်း ကား ဆုတောင်းနေသော ခရစ်ယာန်ဘုန်းကြီးများ၏အလယ်တွင် လက်ကလေးဖြစ်နေလေ၏။

ရှယ်လတန်တို့ရောက်လာသည်ကိုမြင်လျှင် စင်မြင့်လေးပေါ် တွင် ထိုင်နေသော ခရစ်ယာန်ဘုန်းကြီးတစ်ပါးသည် လှေခါးအတိုင်းဆင်း လာပြီး ဘာကိစ္စလာကြသည်ကို မေးမြန်းလေ၏။ မေးမြန်းနေသောခရစ် ယာန်ဘုန်းကြီးမှာ ဆာအော်လီဗာပင်ဖြစ်ရာ သူကရှယ်လတန်အား. . .

"အော်. . . ခရစ်ယာန်ဘုန်းကြီးတစ်ပါးလား။ လာစရာခရစ် ယာန်ဘုန်းကြီးလည်းမရှိပါဘူး။ ဒါပေမဲ့ ခင်ဗျားက ဘယ်သူလဲ" ဟု မေးနေရာ ရှယ်လတန်သည် ဆာအော်လီဗာအား အခြားသို့ ဆွဲခေါ်သွား ပြီး၊ တီးတိုးလေသံနှင့်. . .

"ခင်ဗျားကိုတော့ ကျွန်တော်မညာချင်ပါဘူး။ ကျုပ်အသက်ဟာ ခင်ဗျားလက်ထဲမှာ ရှိနေတယ်. . ."

ဆာအော်လီဗာသည် ထိတ်လန့်ဟန်ဖြင့်၊ အတန်ကြာဆိတ်ငြိမ် နေပြီးမှ. . .

"ရှယ်လတန် မင်း ဘာကိစ္စ ဒီကိုလာရတာလဲ။ အတော် မိုက်တာပဲ။ ဒါပေမဲ့ ငါကတော့ မင်းကို ဒုက္ခရောက်အောင် မလုပ်ပါဘူး မင်းနဲ့ ငါတစ်ညလုံး ထိုင်နေရလိမ့်မယ်။ ထိုင်ဆို နက်ဖန်ခါ လော့ဒ်ရှီး နဲ့ ကိုအန်နာတို့ လက်ထပ်ပြီးတဲ့အထိ ထိုင်ရမှာဘဲ။ လူတွေအကုန်လုံး ပြန်သွားလို့ မင်းကောင်းကောင်း နေတယ်ဆိုရင် ငါပြန်လွှတ်လိုက်မယ်။ . . . မကောင်းကြံရင်တော့. . . ဒုက္ခရောက်မှာပဲ"

၍သို့ ပြောပြီးလျှင်၊ ဆာအော်လီဗာသည် စစ်သားများအား





ပြန် သွားရန်ပြောလိုက်ပြီး ရှယ်လတန်အားသူထိုင်နေသော နေရာနားတွင် ထိုင်နေစေလေ၏။ ရှယ်လတန်မှာ သေသူအတွက်ဟန်လုပ်ပြီးဆုတောင်း နေရလေ၏။

သို့သော်လည်းသူ၏ မျက်လုံးမှာကား. . . ဟိုဟို ဒီဒီ အကဲ ခတ် ကြည့်ရှုနေရာ၊ မလှမ်းမကမ်းတွင်သူ့အားလိုက်ပို့သော စစ်သားများ ထဲမှ စစ်သား သုံးယောက်မှာ မပြန်သေးပဲ ရှိကြသည်ကို မြင်ရသဖြင့်၊ ဆာအော်လီဗာက- အစောင့်ခိုင်းထားဟန်ရှိသည်ဟု တွက်လိုက်မိ၏။ သို့ ဖြင့် သူ့မှာ ဘုရားကျောင်းတွင် သူကိုယ်တိုင် သတ်ထားသောလူ၏အ လောင်းဘေးတွင် ဆုတောင်းရင်း အကျယ်ချုပ်မိနေလေ၏။ တစ်ညလုံး ၌နေရာတွင် နေရမည်ဖြစ်ပြီးနောက်တစ်နေ့ မနက်တွင် သူချစ်သူအား အခြားလူတစ်ဦးနှင့် သူမျက်စေ့ရှေ့တွင်ပင် လက်ထပ်ပေးကြပေတော့ မည်။ သို့သော်လည်း ရှယ်လတန်သည်၊ စိတ်ရှည်ရှည်နှင့် အခွင့်အရေး ကောင်းကို ငံ့မျှော်လျက်ရှိပေသည်။

## အခန်း (၂၃)

ရှိဘီရွာ ခရစ်ယာန်ဘုန်းကြီးကျောင်းတွင် သေသူအတွက် ဆု တောင်းနေသူများမှာ တစ်ညလုံး အရပ်အနားမရှိပဲ ဆုတောင်းနေကြလေ ၏။ ရုပ်တာ၏ အလောင်းမှာ အခန်းလည်တွင်ရှိပြီး မနီးမဝေးတွင်သူ့အား သတ်သူ ရှယ်လတန်သည် စိတ်နှလုံး တည်ငြိမ်မှုမရှိပဲ နံနက်လင်းချိန်ကို သာ စောင့်မျှော်နေဟန်ရှိလေသည်။ ဆာအော်လီဗာက ရှယ်လတန် အား. . . တီးတိုးလေသံနှင့်. . .

"ငါ-ဟိုတုန်းက မင်းအိမ်ဖေကို မသတ်ဘူးလို့ ကျိန်တာဟာ. . . ညာကျိန်တာပဲ။ ငါ့ကို မကောင်းမထင်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ကျုပ် မယုံမကြည်မရှိပါဘူး။ ဒါပေမဲ့ ကျုပ်အဆော ကိုသတ်တဲ့ အထဲမှာတော့ ပါတယ် မဟုတ်လား. . ."

"ပါတော့ ပါခဲ့တာအမှန်ပါပဲ။ ငါကိုယ်တိုင်တော့ မသတ်ခဲ့ပါဘူး။ မတတ်သာတဲ့ အကြောင်းကြောင့်သာ ဒီအထဲမှာငါပါနေရတာပဲ"

"ဟုတ်မှာပေါ့. . . အခုအချိန်မှာတော့ ကျုပ်ဟာခင်ဗျားရဲ့ အကျဉ်းသမားပဲ။ ဒါပေမဲ့ ခင်ဗျားဟာ လူကောင်းတစ်ယောက်ဆိုတော့. . . ကျုပ် ခင်ဗျားဘက်သားတော့ မလုပ်နိုင်ဘူး"

ဆာအော်လီဗာမှာ သက်ပြင်းတစ်ချက်ချလိုက်ရာ၊ ရှယ်လတန်၏ စိတ်နှလုံးကို ထိခိုက်သွားလေ၏။ မကြာမီအတွင်း အာရုဏ်ကျင်း၍ လင်းလာခဲ့ရာ- အလင်းရောင်သည် တဖြည်းဖြည်းနှင့် ပိုမို၍ အားကောင်းလာခဲ့လေ၏။ ညက ပြင်းထန်နေသော မုန်တိုင်းမှာ ငြိမ်သက်သွားပြီဖြစ်၍၊ ကောင်းကင် တစ်ပြင်လုံး ကြည်လင်သာယာနေလေသည်။

လင်းသည်နှင့်တပြိုက်နက် ရပ်တာ၏ အလောင်းကို ကျောင်းထုတ်ယူသွားကြပြီး၊ သွေးများပေကျံနေသည့် ကြမ်းပြင်ကိုလည်း ရေနှင့်ဆေးကြောကာ လော့ရှူဘီ၏ မင်္ဂလာပွဲအတွက် ပြင်ဆင်နေကြလေ၏။ ခရစ်ယာန်ဘုန်းကြီးများမှာ မင်္ဂလာအခမ်းအနား အတွက် မျက်နှာ သစ်သူသစ်၊ အဝတ်အစားလဲသူလဲနှင့်ရှိကြ၏။ မြို့ထဲမှ ဘာသာတရားကြည်ညိုသူ အချို့မှာ ခပ်စောစော ရောက်လာပြီး ဘုရားဝတ်ပြုနေကြကာ. . . လက်ထပ်ပွဲအတွက်စောင့်ဆိုင်းလျက်ရှိနေကြလေ၏။

ဤကဲ့သို့ အခြေအနေ ပြောင်းလဲနေခိုက်တွင် မည်သူမဆိုကျောင်းဝတွင် စောင့်ကြပ်နေသောကင်း၏ စစ်ဆေးခြင်းကိုမခံရပဲ ကျောင်းတွင်းသို့ ဝင်လာနိုင်ပေသည်။ ရှယ်လတန်မှာ တစ်ဖွဲ့ဖွဲ့ ရောက်နေသူများအား ကြည့်လိုက်ရာ တစ်နေရာတွင် သူ၏အဖေါ် မြားနက်ဂိုဏ်းဝင် ဝီ(လ်)အားမြင်လိုက်ရ၏။ ဝီ(လ်)ကလည်း ရှယ်လတန်အား မြင်





သဖြင့် မျက်ရိပ်မျက်ခြေ ပြလျက်ရှိ၏။

ရှယ်လတန်သည် ယမန်နေ့ညက ဝီ(လ်)၏ အရက်သောက်ပြီး မှိန်းနေပုံကို အမှတ်ရသောကြောင့် အလိုမရှိဟန်ဖြင့် ဝီ(လ်)အား သွားရန် အချက်ပြလိုက်၏။

ဤတွင် ဝီ(လ်)သည် နားလည်ဟန်ဖြင့် နေရာမှထကာ ပျောက်ကွယ်သွားပြီး ရှယ်လတန်၏ နောက်နားသို့ရောက်လာကာ. . . လက်ကို လှမ်းဆွဲနေ၏။ ထိုအချိန်တွင် ဆာအော်လီဗာမှာ နေရာမှထကာစစ်သားများရှိရာဘက်သို့ သွားနေလေ၏၊ အကယ်၍သာ ဆာအော်လီဗာ ရိပ်မိသွားပါက သူတို့နှစ်ယောက်မှာ အဖမ်းခံကြရတော့မည်ကို သိသောကြောင့်၊ သူ့အဖေါ် အား. . .

"မင်း တော်တော် ဂွကျတဲ့ အကောင်ဘဲ။ မနေ့ညက မူးနေလိုက်တာ လူမှန်း-သူမှန်းတောင်မသိတော့ဘူး။ မင်း မြန်မြန်ပြန်တော့. . ."

"မပြန်ဘူး. . . မပြန်ဘူး။ အဲလစ်ဒပ်ဝပ် ဒီကိုရောက်နေ တယ်. . ."

"ဟုတ်ရဲ့လား၊ ဒါဖြင့် ဒီလူပြန်လာပြီပေါ့. . ."

"ဟုတ်တယ်. . . ပြန်လာပြီ။ ငါ့ကိုတောင်မူးနေရမလားဆိုပြီး တန်ခေါ်သေးတယ်၊ ဒီနေ့ လက်ထပ်မဲ့-လက်ထပ်ပွဲကို ဖျက်ဖို့ပြန်လာတာပဲ"

"ဒါပေမဲ့ ငါတို့ကတော့. . . သေလူပါပဲကွာ။ ငါ့အဖို့ဆိုရင် အသက်အသေခံမလား၊ ငါ့ချစ်သူ အဆုံးခံမလားဆိုတာပဲ ရှိတော့တယ်၊ ငါတော့ အသေသာခံမယ်။ အချစ်ကို အဆုံးမခံဘူး"

"ကျုပ် သွားတော့မယ်လေ. . ."

"နေပါအုံး ထိုင်နေစမ်းပါအုံး။ မတွေ့ဘူးလား ဟိုကစစ်သားတွေ မင်း ထလိုက်တာမြင်တာနဲ့ သူတို့ကလည်းလိုက်ထတာပဲ။ သတိပြုလိမ့်မယ်ထင်တယ်. . ."

"မကြောက်ပါဘူးဗျာ"

"အကျိုးမရှိပဲ အသေမခံပါနဲ့ကွာ. . ."

www.burmeseclassic.com

www.burmeseclassic.com



"အို. . . တိုက်ရင်း ခိုက်ရင်းပဲ အသေခံမယ်. . ."

ဤသို့ ပြောပြီးလျှင် ဝီ(လ်)သည်၊ တကဲ့ ဆရာတော်ကြီး ကျနွေ့ရစ္စာ ထိုင်နေလေ၏၊ ရှယ်လတန်က. . .

"အခုနေ အခါတော့. . . ငြိမ်ငြိမ် ထိုင်နေတာ အကောင်း ပဲ၊ ငါတို့ ခေါင်းဆောင် အဲလစ်ဒပ်ဝပ် တစ်ခုခုလုပ်တော့မှ အခြေအနေ ကြည့်လုပ်ရတော့မှာဘဲ"

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် ဆိတ်ငြိမ်စွာနေကြလေ၏ မလှမ်းမကမ်းဆီမှာကား. . . . သာယာ ညှင်းပြောင်းသော တူရိယာ တစ်ခုကို ကြားနေကြရသည့်ပြင်၊ ကျောင်းမှ ခေါင်းလောင်းထိုးသံကိုလည်း ကြားနေ ရ၏။ လူစုသည် များသည်ထက်များလာပြီး မကြာမီအတွင်း အခန်းတံ ခါးတစ်ခုပွင့်လာကာ မလှမ်းမကမ်းရှိ လမ်းပေါ်၌ လက်ထ မည့် သတို့သား သတို့သမီးတို့သည် အခြွေအရံများနှင့်အတူ ချီတက်လာ သည်ကို တွေ့ရလေ၏။ လော့ရှိဘီမှာ စောစောစီးစီးပင် လက်ထပ်လို စစ်သားများသည် သူ့ဘေးတွင် စောင့်ကြည့်နေသော လူအုပ်အား လမ်းရှင်း ပေးလျက်ရှိ၏။ နောက်နားဆီမှာကား-တူရိယာ သမားများသည် တီးမှုတ် လျက်လိုက်ပါလာကြ၏။

ကျောင်းနားသို့ရောက်လျှင် တူရိယာသမားများသည် နှစ်စု ခွဲ၍ ကျောင်းတစ်ဘက်တစ်ချက်တွင်ရပ်ခါ၊ တီးမှုတ်နေကြ၏၊ လမ်းပေါ်တွင် ကား-ပန်းများကို ဖြန့်ကြဲထားခါ ဂျူအန်နာသည်၊ ဆာဘရက်လေ၏ လက်မောင်းကိုင်ကာ မျက်နှာမကြည်မသာနှင့် လာလျက်ရှိ၏၊ သူတို့၏ နောက်တွင် လော့ရှိဘီလိုက်လာ၏၊ ဘုရားကျောင်းခန်းဝသို့ ရောက် သောအခါ ခေါင်းပေါ်မှ ဦးထုပ်ကို ချွတ်လိုက်၏။

ထိုအခိုက်တွင် အဲလစ်ဒပ်ဝပ်၏ လှုပ်ရှားမှုကိုစတင်တွေ့မြင် ရလေသည်။

ရှယ်လတန်မှာ စိတ်နှလုံး တုန်လှုပ်စွာဖြင့် လှမ်းမျှော်ကြည့်နေ





ပရိသတ်လူထု၏ကြားတွင် လေးကို မောင်းတင်နေသော လူ ၃၊ ၄ ယောက်ကို မြင်ရနေ၏။ ထိုလူများသည်၊ လေးကိုမောင်းဖြုတ်လိုက် ပြီး နေရာမှ ပျောက်ကွယ် ထွက်ပြေးကြလေ၏၊ ဤသည်နှင့် တပြိုင်နက် လူများမှာ အော်ဟစ်ဆူညံ ပြေးလွှားနေကြလေ၏။ တူရိယာ သမားများ သည်း အတီး အမှုတ်ကို ရပ်ဆိုင်းနေကြ၍ ခရစ်ယာန်ဘုန်းကြီးများမှာ အံ့ဩတက်စိတ်နှင့် ပျာပျာသလဲ ဖြစ်နေကြပေသည်။

ထိုအခိုက်တွင် လော့ရှိဘီမှာကား မြားနက် နှစ်ချောင်းစူးနေ ပြီး အသက်သေလျက်ရှိနေလေ၏။ ဆာဘရက်လေကား၊ အံ့ဩစိတ်ဆိုး နေသော မျက်နှာထားနှင့်သူ၏ ဘယ်ဘက်လက်မောင်းတွင် မြား တစ်ချောင်းစူးနေကာ သွေးများယိုစီးလျက်ရှိလေသည်။ ထိုသို့ဖြစ်ပျက် နေချိန်မည်သူမျှ မဖမ်းဆီးနိုင်မီ လေး သမားများမှာ ပျောက်ကွယ်သွား ကြလေ၏။

ရှယ်လတန်နှင့် ဝီ(လ်)တို့သည် လူများလန့်ဖြန့်နေကြသည်ကို အခွင့်ကောင်းယူကာ ထွက်ပြေးရန်ကြိုးစားသော်လည်း၊ လူအုပ်ကို မတိုး နိုင်သဖြင့် အခက် အခဲတွေ့နေ၏။ ဤ အချိန်တွင် ဆာအော်လီဗာသည် ရှယ်လတန်အား လက်ညှိုးထိုးကာ ဆာဘရက်လေဘက်သို့လှည့်ပြီး. . .

"ဟောဒီမှာ-ရှယ်လတန်ရှိတယ်" ဟုပြောလိုက်ရာ၊ ဆာဘရက် လေသည်. . .

"ဘယ်မှာလဲဟေ့-ဒီကောင်ကိုဖမ်းကြ" ဟုအမိန့်ပေးလိုက်ရာ၊ စစ်သားများသည် ရှယ်လတန်အား ဆွဲခေါ်သွားကြလေ၏။ သို့သော် လည်း ဝီ(လ်)မှာကား သူ့နေရာတွင် ထိုင်မြဲထိုင်လျက်ရှိ၏။ ဆာဘရက်လေ သည် ရှယ်လတန်အားကြည့်ကာ. . .

"ခွေးမသား-ငါ့အိမ်ကိုခေါ်သွား၊ ဒီကောင်ကို အမျိုးမျိုးညှဉ်း ပန်းနှိပ်စက်ပြီးမှ သတ်မယ်. . ."

"အို. . . ခရစ်ယာန်ဘုန်းကြီးတွေက-ကြည့်နေကြတာမှာလား၊



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျောင်းထဲက လူတစ်ယောက်ကို သတ်ဖို့ခေါ်သွားရှိုး ထုံး
သလား" ဟု ရှယ်လတန်ကပြန်ပြောရာ၊ လူကြီးတစ်ယောက်က. . .

"မင်းက လူသတ်ထားတဲ့အကောင်ကွ ဒါကြောင့်ဖမ်း တာ. . .

"ဘယ်မှာသတ်လို့လဲ ကျုပ်ဟာဂျိုအန်နာရဲ့ ချစ်သူပဲ။ မိန်း
တစ်ယောက်ကိုချစ်ရုံနဲ့ လူတစ်ယောက်ဟာ အပြစ်ရှိရော့လား. . ."

အချို့လူများမှာ ရှယ်လတန်ပြောသည်ကို သဘောကျ
သို့သော်လည်း ကျန်လူများက ယမန်နေ့ညက ရှယ်လတန်သည် ရှ
ပြီး ဆာဘာရက်လေအိမ်ကို ရောက်လာပုံကို အော်ဟစ်ပြောဆိုကြ၏။ ဆ
အော်လီဗာက တဖန် ဝီ(လ်)အား လက်ညှိုးထိုးပြ ပြန်သဖြင့် ဝီ(လ်)
လည်း အဖမ်းခံရလေ၏။ လူအုပ်ထဲမှ အချို့လူများမှာ ရှယ်လတန်တို့အ
ဖမ်းသည့်စစ်သားများကို တိုက်ခိုက်ကြ၏။ လူကြီးတစ်ယောက်က. . .

"ဒီကောင်တွေရဲ့ ကိုယ်ထဲမှာ ရှာကြည့်စမ်း၊ လက်နက်ပါရင်-
တရားခံတွေပဲ"

ရှယ်လတန်၏ ကိုယ်ထဲတွင် ရပ်တာ၏သွေးများဖြင့်ပေကျံ
သော ဓါးမြှောင်ကိုတွေ့ရပြီး ဝီ(လ်)၏ ကိုယ်ထဲတွင်မြားနက်များ
တွေ့ရသဖြင့်၊ လူကြီးကရှယ်လတန်အား ကြည့်ကာ-

"တိုင်း. . . မင်းဘာပြောချင်သေးသလဲ. . ."

"ကျွန်တော် မြင့်မြတ်တဲ့ ဘုရားရှိခိုး ကျောင်းထဲမှာထိုင်နေတာ
ပါ၊ ခင်ဗျားကိုကြည့်ရတာ သဘောထားကြီးပြီး မြင့်မြတ်တဲ့လူတစ်ယောက်
လို့-ယူဆပါတယ်၊ ခင်ဗျားဖမ်းမယ်ဆိုရင် ကျွန်တော်ခံပါမယ်။ ဆာဘာရက်
လေဆိုတာကတော့ ကျွန်တော့အဖေကိုသတ်ပြီး ကျွန်တော့ပစ္စည်းတွေ
ကို-မတရားသိမ်းထားတဲ့ လူဘဲ။ သူ့ဆီကိုတော့မလိုက်နိုင်ဘူး။ တရားဥ
ပဒေအတိုင်း စီရင်တာကို ကျွန်တော်နာခံမယ်" ဟုပြောရာ၊ ဆာဘာရက်
လေက ထိုလူကြီးအား-

"သူပြောတာကို မယုံပါနဲ့ ခင်ဗျား။ သူ့လက်ထဲမှာဓါးမြှောင်တို





တွေ့နေပါတယ်"

ဤသို့ပြောနေကြခိုက်၊ စောစောက ကြောက်လန့်ပြီး
သွားသော ဂျိုအန်နာမှာ သတိပြန်လည်လာပြီး၊ လူကြီးအနားတွင်
ခါ. . .

"ရစ်ဆင်ဂန် ရှာစားကြီးရယ် ကျွန်မကို ဆာဘာရက်လေဖမ်း
ပြီး အမျိုးမျိုးနှိပ်စက်ခဲ့ပါတယ်။ မနေ့ညက ရှယ်လတန်လာတယ်
တာလည်း ကျွန်မက ခေါ်လို့လာတာပါ။ ဆာဘာရက်လေနဲ့အတူ နေ
တုန်းက ရှယ်လတန်ဟာ မြားနက်ဂိုဏ်းသားတွေကို သစ္စာရှိစွာနဲ့
တိုက်ခိုက်ခဲ့ပါတယ်။ ဒါပေမဲ့ ဆာဘာရက်လေက သူ့ကိုသတ်မယ်လုပ်တာ
ထွက်ပြေးရပြီး၊ မြားနက်ဂိုဏ်းထဲရောက်သွားတာပါ"

ဤသို့ ပြောနေစဉ် ယမန်နေ့ညက ရှယ်လတန်နှင့် ဂျိုအန်နာတို့
တွေ့နေခိုက်အနားတွင်ရှိသော မိန်းမငယ်သည် ရောက်လာပြီး ရစ်ဆင်
န် ရှာစားအား. . .

"ဦးလေး သူတို့ပြောတာတွေ မှန်ပါတယ်။ ကျမဟာ ရှယ်လတန်
ကို အိမ်ထဲခေါ်ပေးတဲ့ မိန်းမပါပဲ"

ရစ်ဆင်ဂန် ရှာစားသည်တဒုမလုပ်သူပြောစကားကို ဆိတ်ငြိမ်
စွာ နားထောင်နေပြီး-ဆာဘာရက်လေအား. . .

"အမှုကတော့ တော်တော် ရှုပ်ထွေးတယ်. . .။ ဒီကိစ္စကို
ချုပ်ကိုယ်တိုင် စစ်ဆေးမှုဖြစ်မှာပဲ။ တရားလမ်းမှန် အတိုင်းတော့ ဖြစ်
မှာပေါ့. . ." ဟုပြောလေ၏။ မကြာမီအတွင်း ရစ်ဆင်ဂန်ရှာစားသည်၊
ရှယ်လတန်နှင့် ဝီ(လ်)တို့အား ခေါ်ဆောင်ကာ ထွက်သွားလေ၏။ ဆာ
ဘာရက်လေမှာကား သူ့ထက်တန်ခိုးကြီးသူ ရစ်ဆင်ဂန် ရှာစား၏ အပြုအ
မူတို မတတ်သာ၍ အောင့်ခံရသည့် မျက်နှာထားမျိုးနှင့် ကျန်ရစ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

ရှိုဘီမြို့ကလေးရှိ လန်ကက်စတာနန်းဆက်ပါတီဝင်များအထဲတွင် ရစ်ဆင်ဂန်ရှာစားမှာ တန်ခိုးအကြီးဆုံး ဖြစ်သော်လည်း၊ သူနေထိုင်ရာ အိမ်မှာကား. . .မြို့စွန်တွင်ရှိ၍ မခမ်းနားလှပေ။ အိမ်ဝင်းထဲတွင် ကင်းစောင့်များနှင့် မြင့်သည်ကျော်များရှိ၏။ ရှယ်လတန်နှင့်ဝီ(လ်)တို့မှာ အခန်းတစ်ခုထဲတွင် ချုပ်နှောင်ထားခြားကိုခံရ၏။ ဝီ(လ်)က. . .

"ခင်ဗျား စကားပြော ကောင်းပေလို့သာ ဒီလိုတရားမျှတတဲ့လူရဲ့လက်ထဲရောက်လာတာပဲ။ သို့မဟုတ်ရင်. . . ခင်ဗျားနဲ့ ကျုပ်နဲ့အတူတူ ကြိုးဆွဲချ အသတ်ခံရမှာပဲ"

"ဟုတ်တယ်. . ."

"တစ်ခုတော့ မျှော်လင့်ချက်ရှိပါသေးတယ်။ အဲလစ်ဒပ်ဗပ်ကတော့ ကြည့်နေမှာမှုတ်ဘူး။ သူက ခင်ဗျားကိုတော်တော်ချစ်တယ်။ ခင်ဗျားကို မလွတ် လွတ်အောင်ကြိုးစားမှာပဲ။"

"သူလည်း တတ်နိုင်မယ် မထင်ပါဘူး။ သူမှာလူအင်အားမှ မရှိပဲ။ မနက်ဖန် နေ့လည်မတိုင်ခင် ငါတို့လွတ်ရင်တော့. . . ဟန်ကျတာပေါ့ ဒါပေမဲ့ ခက်ပါတယ်. . ."

ထိုသို့ စကားပြောကြပြီးနောက် ရှယ်လတန်သည် စဉ်းစားတွေတောရင်း ဒေါင့်တစ်ဒေါင့်သို့သွား၍ နှစ်ခြိုက်စွာအိပ်လိုက်လေ၏။ အချိန်မှာ မွန်းလွဲအချိန်ဖြစ်ရာ မကြာမီတံခါးပွင့်လာပြီး ရှယ်လတန်အား ရစ်ဆင်ဂန်ရှာစားထံ ခေါ်သွားခြင်းကိုခံရလေ၏။ ရစ်ဆင်ဂန် ရှာစားသည် ရှယ်လတန်အား မော့ကြည့်ပြီး. . .

"မင်း အဖေဟာ ငါနဲ့ တော်တော်ခင်တယ်။ ဒါပေမဲ့ မင်းအပေါ်မှာ စွပ်စွဲချက်တွေက အများကြီးဘဲ၊ လူသတ်မှုတွေရော ဓါးပြတိုက်မှုတွေရော-သဘော်ခိုးမှုတွေရော. . . နောက်ပြီးတော့ . . . ဆာဘရက်သေ





အိမ်မှာ လူသတ်မှုဖြစ်တာရော. . ."

"ဟုတ်ပါတယ်၊ ကျွန်တော်မငြင်းပါဘူး၊ ရပ်တာကို ကျွန်တော်သတ်ရတာက ဟောဒီ စာကို တွေ့ရလို့ပါ" ဟု ပြောကာ လော့ရှိုဘီမြို့တလော့ဝင်စလေဒေးထံသို့ ပေးသောစာကို ထုတ်ပြလိုက်လေ၏။ ရစ်ဆင်ဂန်ရှာစားသည် စာကို အကြိမ်ကြိမ်ဖတ်ခါ၍. .

"မင်း လန်ကက်စတာ နန်းဆက်ဘက်ကလား၊ "ရော့"နန်းဆက်ဘက်ကလား. . ."

"အမှန်အတိုင်း ပြောရမယ်ဆိုရင် ကျွန်တော်ဟာ "ရော့" နန်းဆက်ဘက်ကပါ. . ."

"ရော့-နန်းဆက်ဘက်က ဆိုရင် မင်းဘာလို့ ဒီစာကိုထုတ်ပြသလဲ. . ." "ခင်ဗျားတို့ဘက်မှာ သစ္စာဖောက်တွေရှိနေတယ်ဆိုတာ သိစေချင်လို့ ပြရတာဘဲ. . ."

"အေး. . . အေး ကောင်းတယ်-ကောင်းတယ်၊ ငါကြားသလောက်တော့-ဆာဘရက်လေဟာ မင့်အပေါ်မှာ တော်တော်ရက်စက်တယ် ကြားတယ်၊ ငါ့ ပါတီရဲ့ အကျိုးအတွက်၊ ဆာဘရက်လေရဲ့ အကြောင်း သိချင်တယ် ပြောပြစမ်း. . ."

"ဆာဘရက်လေလိုလူကို ခင်ဗျား ယုံသလား။ ဒီလူက ဘက်အမျိုးမျိုးပြောင်းနေတဲ့ လူ. . ."

"အေးကွာ. . . အင်္ဂလန်ပြည်မှာတော့ ခုချိန်မှာ ဒါမျိုးချည့်ပါပဲ၊ ဒါပေမဲ့ ဆာဘရက်လေဟာ ငါတို့ လန်ကက်စတာပါတီကိုတော့ ခုအထိ သစ္စာရှိပါတယ်. . ."

"ဒါဖြင့်၊ ဒီစာကို ဖတ်ကြည့် ပါအုံး" ဟု ပြောကာ- ရှယ်လတန်သည် ဆာဘရက်လေက လော့ဝင်စလေဒေးထံသို့၊ သရောမိုဘန်မှ တဆင့်ပေးလိုက်သော စာကို ထုတ်ပြလေ၏။

ရစ်ဆင်ဂန် ရှာစားသည် စာကိုဖတ်ပြီး အလွန်အမင်းဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ကာ ခါးမျှောင်ကို လက်တစ်ဖက်ကဆုတ်ရင်း. . .

"မင်းကော ဒီစာကို ဖတ်ရသလား. . ."

"ဖတ်ရပါတယ်၊ စာထဲမှာ ဆာဘရက်လေဟာ- ရှေ့နန်းဆ တွေနဲ့ စေ့စပ်တဲ့နေရာမှာ ခင်ဗျားပိုင်တဲ့ နယ်ကိုတောင် ရှေ့နန်းဆ ဘက်ကို အပ်မယ်လို့ရေးထားတာပဲ"

"အေး. . . ငါ့နယ်ကိုတောင် ရှေ့နန်းဆက်ဘက်ကိုပေး တဲ့။ ဒီစာရတဲ့အတွက် မင်းကို ငါကျေးဇူးတင်ပါတယ်။ အဲဒီတော့ မင်း အပြစ်ချမ်းသာခွင့်ပေးမယ်။ ဒါပေမဲ့ ဟိုကောင်တစ်ယောက်ကိုတော့ သတ်ရလိမ့်မယ်. . . ."

"ဒီလူကိုလည်း အသက်ချမ်းသာခွင့်ပေးဖို့ ကျွန်တော် တော ပန်ချင်ပါတယ်. . ."

"ဟာ. . . ဒီကောင်က သူခိုး-ဓါးပြလူဆိုးဘဲကွာ၊ ငါ-မသတ် လည်း တစ်နေ့နေ့မှာ သူ့အပြစ်နဲ့ သူသေရမှာပဲ. . ."

"ဒီကို သူလိုက်လာတာက ကျွန်တော့ကို ကူညီဖို့ လိုက်လာ တာပါ၊ အဲဒီတော့ ကျွန်တော် တစ်ယောက်ထဲ ထွက်သွားရမယ်ဆိုတော့ မတရားဘူး. . ."

"ကိုင်းကွာ၊ ရှိစေတော့ မင်းကော မင်းလူကော သွားကြတာပေ ဒါပေမဲ့- ရှိဘီမှာတော့ မနေရဘူးနော်. . ."

"ကောင်းပါပြီ။ တစ်နေ့နေ့မှာ ကျွန်တော် ခင်ဗျားကျေးဇူး ပြန်ဆပ်နိုင်အောင်ကြိုးစားပါမယ်. . ."



## အခန်း (၂၅)

"ရှယ်လတန်နှင့် ဝီလ်တို့၊ ရစ်ဆင်ဂန်ရှာစား၏ အိမ်တွင်းမှ ထွက်လာသော အခါ၌၊ အချိန်မှာ ညနေခင်းအချိန်ဖြစ်ပေသည်။ ဥယျာဉ် ထဲတွင် သူတို့နှစ်ဦးသည် မည်သည့်လမ်းကို လိုက်ရလျှင်ကောင်းမည်ကို တိုင်ပင်နေကြ၏။ ရိုးရိုးတန်းတန်းသွားရန်မှာ လွယ်ကူသော အလုပ် မဟုတ်ပေ။ ဆာဘရက်လေ၏ လူများနှင့်တွေ့လျှင် ချက်ချင်းဖမ်းပြီး သတ်ပစ်မည်ကို စိုးရိမ်ရပေသည်။

မလှမ်းမကမ်းတွင် တံခါးဖွင့်ထားသော ဂိုဒေါင်တစ်ခုကို လှမ်းမြင်ရသဖြင့် ရှယ်လတန်က. . .

"အဲဒီ ဂိုဒေါင် ထဲမှာ ဝင်ပြီး ညကျအောင်ခိုနေရရင်မကောင်း ဘူးလား" ဟုအကြံပေးရာ၊ အခြားနည်းလမ်းမရှိတော့သဖြင့်၊ သူတို့နှစ် ယောက်သည် ဂိုဒေါင်ထဲသို့ဝင်ကာကောက်ရိုးများကြားထဲ၌ ပုန်းအောင်း နေကြလေ၏။ မကြာမီအတွင်း နေ့မှ ညဘက်သို့ ကူးပြောင်းလာပြီးလျှင်၊ တောင်းကင်တွင် လမင်းမှာ ဆီးနှင်းမြူတိမ်များ အကြား၌ ခပ်မှေးမှေး သာလျက်ရှိ၏။ ရှယ်လတန်တို့သည်၊ ဂိုဒေါင်မှ ထွက်ခွါကာ မြစ်ဆိပ်ရှိ ဘည်းခိုနေကျ အရက်ဆိုင်သို့သွားရန် သင့်ပြီဟု ယူဆကြသည့်အတိုင်း ထွက်လာခဲ့ကြ၏။ သို့သော်လည်း မြို့တွင်းမှ ဖြတ်လျှောက်ရန် မသင့်သော ကြောင့် မြို့စွန်ကိုပတ်ပြီး ထွက်ခဲ့ကြရ၏။ မကြာမီအတွင်း မြစ်ဆိပ်သို့ ရောက်လာရာ၊ သင်္ဘောများမှာ ရာသီဥတု သာယာသောကြောင့်၊ ကျောက် ဖြုတ်ပြီး ထွက်ခွါရန် ပြင်နေကြ၏။ မြစ်ဆိပ်ရှိ အရက်ဆိုင်များမှာတားသီချင်း သံတကျော်ကျော်ဖြင့် ဆူညံလျက်ရှိပေသည်။

ရှယ်လတန်နှင့် ဝီ(လ်)တို့သည် ခရစ်ယာန်ဘုန်းကြီးအဝတ် အစားများကို ဘိုသီဘတ်သီနှင့် အစမသိမ်းနိုင်ပဲ မြစ်ဆိပ်ရှိ သစ်လုံးများ



www.burmeseclassic.com

www.burmeseclassic.com



ပုံထားသည့်နေရာသို့ အပြေးကလေး ရောက်လာကြ၏။ ထိုအခိုက်တွင်
အနီးအပါးရှိ အရက်ဆိုင်တစ်ခုမှ တံခါးပွင့်လာပြီး မီးရောင်တ
ထိုးထွက်လာကာ စကားပြောသံများကိုကြားရ၏။ လူသုံးယောက် ဆိုင်
မှ ထွက်လာပြီး နောက်ဆုံးလူသည်တံခါးကို ပြန်ပိတ်ထားခဲ့၏။ 
ယောက်လုံးပင်အလွန်အကျွန် မူးနေဟန်ဖြင့် ယိမ်းထိုးနေကြပြီး သူ
ထဲတွင် အထွားကြိုင်းဆုံး လူကြီးတစ်ယောက်က-

"ကျုပ်မှာ ဟဂျင်မေရီဆိုတဲ့ သင်္ဘောတစ်စင်း အဆုံးခံရတယ်"
ဟုပြောရာ အာဗလာစတာနှင့် တူသူတစ်ယောက်က. . .

"ကျုပ်မှာလည်း သင်္ဘောတစ်စင်း လူအလုခံရတယ်. . ."
ပြန်ပြောလေ၏။ ရှယ်လတန်သည် ထိုစကားကို ကြားရလျှင် စိတ်အန
ငယ် တုန်လှုပ်သွား၏။ သို့ဖြင့် သူတို့နှစ်ယောက်သည် တစ်ဘက်သို့လှ
ထွက်သွားရာ၊ နောက်ကလူတစ်ယောက်က. . .

"ဟေ့ လူတွေ ပိုက်ဆံမပါကြဘူးလား။ ပိုက်ဆံပါရင်ချေးခဲ့
ပါ" ဟုလှမ်း၍အော်လေ၏။ ရှယ်လတန်ရော ဝီ(လ်)ပါ အသံများ
မှတ်မိနေမည်စိုးသောကြောင့် ပြန်မပြောပဲ ရှိနေကြ၏။ ဤတွင် နော
ကလူက. . .

"ဒီကောင်တွေ နားထိုင်းနေသလားမသိဘူး။ အတော်ရိုင်း
ကောင်တွေပဲ" ဟုပြောလေ၏။

အာဗလာစတာ၏ တပည့်တွမ်ကမူ ရှေ့မှသွားနေသူနှစ်ဦးအား
သင်္ကာမကင်းဖြစ်လာပြီးလိုက်၍ ပခုံးကိုလှမ်းဖက်ခါ ဘာကြောင့်
စကားပြန် မပြောသည်ကို မေးနေလေ၏။ ဤတွင် ရှယ်လတန်တို့သည်
စကားပြန် မပြောပဲ ထွက်ပြေးကြလေ၏။ သို့သော်လည်းကြာကြာ မပြေး
အာဗလာစတာသည် ရှယ်လတန်အားမိလာပြီး တွမ်က ခြေထောက်
ဖက်ထား၏။ တတိယလူက ဓါးဖြင့်မိုးထားလေသည်။ ရှယ်လတန်
ထာဘာရက်လေတို့ လူစုထံမှ လွတ်လာခဲ့သော်လည်း ယခုသင်္ဘောသား





၏ လက်တွင်မိနေပြန်၏။ အာဗလာစတာက "ဒီကောင်ကို အရက်
ဆိုင် ပြန်ခေါ်ခဲ့၊ မျက်နှာကို သေသေချာချာကြည့်ရအောင်" ဟုပြောလေ
၏။ သို့သော်လည်း တွမ် က. . ."

"ဒီကောင် ပိုက်ဆံများဝါသလား-ရှာစမ်းဝါအုံး-"

မည်မျှပင် ရှာဖွေသော်လည်း တစ်ပြားမှ မတွေ့ရပေ။ သို့သော်
လည်း ရှယ်လတန်၏ လက်တွင် လော့ဖေါက်စတန်ပေးထားသော လက်
စွပ်ကလေးကို တွေ့သဖြင့် ချွတ်ယူထားလိုက်လေ၏။ အာဗလာစတာကမူ
ရှယ်လတန်၏ မေးကိုကိုင်ပြီး လရောင်တွင် မျက်နှာကို သေချာစွာ
ကြည့်ပြီးလျှင်. . .

"ဟ. . . ဒီကောင် ငါ့သင်္ဘောကို ခိုးတဲ့ ပင်လယ်ဓါးပြပဲ။ ဟေ့
ကောင် မင်း. . . ငါ့သင်္ဘောကို ဘယ်မှာထားခဲ့သလဲ။ ကိုင်း. . . တွမ်က
ဒီကောင်ကို ကြိုးနဲ့ ချည်စမ်းကွာ။ ပြီးမှ ဝိုင်းကန်ရအောင်-"

ရှယ်လတန်မှာ တစ်ကိုယ်လုံးကြိုးနှင့် အတုတ်ခံရကာ မလှုပ်နိုင်
ဖြစ်နေလေ၏။ သင်္ဘောသားများကမူ ကျယ်လောင်စွာ ရယ်မောလိုက်
ပြီး ခြေထောက်နှင့် ဝိုင်း၍ ကန်ကြလေ၏။ ရှယ်လတန်မှာ ဒေါသအ
လွန်ထွက်နေလေသည်။ ကန်၍ အားရကြလျှင် သင်္ဘောသား များသည်
ရယ်မောဖြေ၍ နေကြသဖြင့် ရှယ်လတန်က အရဲစွန့်ပြီး. . .

"ခင်ဗျားတို့ ဘာဖြစ်နေကြတာလဲ။ ဒီလိုလုပ်နေလို့ ဘာအ
ကျိုးရှိမှာလဲ"

"ဟေ့ကောင် စကားမပြောနဲ့"

"ခင်ဗျားသင်္ဘော ဂွတ်ဟုပ်ကိုခိုးတုန်းက ကျုပ်တို့မှာ လူတွေ
အများ ကြီးဗျ။ အဲဒီလူတွေဟာ အတော်ချမ်းသာနေကြပြီ။ သူတို့တိုက်
ခိုက်လို့ရတဲ့ ပစ္စည်းတွေကို ဘယ်မှာထားတယ်ဆိုတာ ကျုပ်သိတယ်။
ကျုပ်ပြပေးမယ်။ ကျုပ်ကို ကြိုးဖြေပေး။ အေးလည်း အေးတယ် ဆာလည်း
ဆာလှပြီ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် တို့ကိုညာနေတာပါ။ ဒါပေမဲ့ မင်းဘယ်လိုပြောအုံး မယ်ဆိုတာ ဒို့နားထောင်ချင်ပါသေးတယ်. . ." ဟုတစ်ယောက်ကပြော ရာ-အာဗလာစတာက. . .

"အေးကွာ- အရက်သောက်ရင်း သူ့ပြောတာနားထောင်ကြအုံး စို့လား. . ." "အာ. . . မဖြစ်ပါဘူး၊ ကျုပ်တို့ သိပ်မူးနေတုန်း ဒီကောင်ထ ထင်ရာ လျှောက်လုပ်ရင် ဘယ့်နှဲ့လုပ်မလဲ"

"ကိစ္စ မရှိပါဘူး၊ ကြိုးဖြေပေးလိုက်ပါ။ ခြေထောက်ကိုပဲဖြေ လက်ကိုမဖြေနဲ့-"

ခြေထောက်မှကြိုးကို ဖြေပြီးသောအခါ၊ ရှယ်လတန်နှင့်သင်္ဘော သားများသည် ထိုနေရာမှ ထွက်ခွါသွားကြလေ၏။ နောက်ဆုံးတွင် ရှယ် လတန်မှာ လမ်းလျှောက်ရင်း. . . လက်တွင်ချည်ထားသော ကြိုးများကို မသိအောင် ဖြေပစ်လိုက်၏။ ကြိုးများမှာ အရက်မူးမူးနှင့် ချည်ထားသဖြင့် ခွဲခွဲ မြဲမြဲ မရှိသောကြောင့်၊ ဖြေရန်မခက်လှပေ။ မကြာမီအတွင်း သူတို့ သည် အရက်ဆိုင်တစ်ခုသို့ရောက်လာကြလေ၏။ သူတို့ထိုင်နေကြသော စားပွဲမှာ အရက်စည်ကြီးပေါ်တွင် ပျဉ်ပြားများခင်းထားခြင်းမျှသာဖြစ်၏။ အရက်သောက်နေခိုက် 'ပီရက်'ဆိုသူသင်္ဘောသားက ရှယ်လတန် အား. . . "မင်းတို့ တိုက်လို့ရတယ်ဆိုတဲ့ ပစ္စည်းတွေဘယ်မှာရှိတယ်ဆို တာ ပြောပြ။ ငါတို့မင်းကိုလွှတ်လိုက်မယ်. . ."

"ရှယ်လတန်သည် မှင်သေသေနှင့် သုတ္တိရှိအောင်-ရွှေနှ လေးပါးစကာများကို ကြံဖန်ဇာတ်ခင်းနေလေ၏။ သူပြောပြသမျှထဲတွင် ပစ္စည်းဥစ္စာများ မည်မျှပေါများသည်ကို ချဲ့ထွင်နိုင်သမျှ ချဲ့ထွင်ထား၏။ နားထောင်နေသူများကား စိတ်ပါဝင်စားစွာနှင့် နားထောင်နေရင်း. . . အရက်ခွက်ကို မော့ချင်တိုင်းမော့နေကြလေ၏။ နောက်ဆုံးတွင် အာဗ လာစတာမှာ ခေါင်းငိုက်ကျအောင်မူးနေလေ၏။ ပီရက်က. . .

"ဒါဖြင့်မင်း. . . ဂွတ်ဟုပ်သင်္ဘောခိုးတဲ့ထဲမှာ ပါတာပေါ့. . ."





"ဟုတ်တယ် ပါတယ်။ အလိုမတူပဲနဲ့ ပါရတာပဲ။ ဒါပေမဲ့ ဝေစုအဖြစ် ရွှေဒင်္ဂါးအိတ်နှစ်အိတ်ရထားတယ်. . .၊ ကျုပ်တို့လေး ယောက် နက်ဖန်မနက် သစ်တောထဲသွားပြီး ရွှေတွေကိုခွဲဝေယူကြတာ ပေါ့. . ." "မင်းပြောတဲ့ ရွှေတွေရှိတဲ့မြေတွင်းက ဘယ်နားမှာလဲ။ တစ် ခြားဘယ်သူသိသေးသလဲ"

"ဘယ်သူမှ မသိပါဘူး။ ကျုပ်တို့ ဓါးပြဂိုဏ်းထဲက လူကြီးသုံး ယောက်တည်းဘဲ သိတယ်. . .။ နေရာကို ကျုပ်ပြပေးမှာပေါ့. . ."

ရှယ်လတန်သည် သင်္ဘောသားများက လော့ဖေါက်စတန်ပေး ထား သော လက်စွပ်ကို သူ့လက်မှချွတ်ယူထားသဖြင့် အာဗလာစတာ အား. . .

"ခင်ဗျား ကျွန်တော့်ဆီက ချွတ်ယူထားတဲ့ လက်စွပ်ကိုပြစမ်းပါ။ တောထဲမှာ ရှိတယ်လို့ ကျုပ်ပြောတဲ့ ရွှေတွေက အဲဒီလက်စွပ်ထက်တောင် အရည်အသွေးကောင်းသေးတယ်-"

ဤသို့ ပြောသဖြင့် အာဗလာစတာသည် လက်စွပ်ကိုပြ၍နေရာ၊ ရှယ်လတန်သည် ပေါ်လာသော အခွင့်အရေးကို အသုံးချတတ်သူ ဖြစ် သည့်အတိုင်း လက်စွပ်ကိုလက်နှင့်ဆွဲလိုက်ပြီး၊ ရုတ်တရက် နေရာမှထ လိုက်ခါ၊ စားပွဲအဖြစ်ခင်းထားသော ပျဉ်ပြားကို သင်္ဘောသားများအပေါ် သို့ ကန်ချလိုက်လေ၏။ ထိုနောက် ဖနောင့်နှင့်တင်ပါး တသားတည်းကျ အောင် ထွက်ပြေးလေ၏။

လမင်းမှာထိန်လင်းနေအောင်သာလျက်ရှိသဖြင့် မြစ်ဆိပ်တစ်ခု လုံးနေ့ခင်းကဲ့သို့ ဖြစ်နေလေသည်။ တွမ် နှင့် ပီရက် တို့က အော်ဟစ်ပြီး လိုက်ကြရာ၊ မကြာမီ အဘော်ဆိပ်မှ လူအများလည်း ရှယ်လတန်၏ နောက်သို့-အပြေးလိုက်လျက်ရှိကြလေ၏။ သို့သော်လည်း သင်္ဘောသား များမှာ ကုန်းပေါ်တွင်အပြေးကောင်းသူမဟုတ်သဖြင့် မီအောင်မလိုက် နိုင်ကြပေ။ တစ်ဦးနှင့်တစ်ဦး တိုက်၍ လဲသူလဲ ကွဲသူကွဲ နှင့်သာ ဖြစ်နေကြ လေ၏။ လူများ၏ ဆူညံသံကို ကြားရသဖြင့်၊ ကင်းစောင့်နေသော



www.burmeseclassic.com

www.burmeseclassic.com



စစ်သားထွက် လာရာ၊ ရှယ်လတန်နှင့် တဲ့တဲ့ကြီးတိုးနေလေ၏။ သို့ဖြင့် ဒေါင့်တစ်ဒေါင့်တွင် တံခါးတစ်ခုပွင့်နေသော အိမ်တစ်အိမ်ကို မြင်ရသောကြောင့် မှောင်ရိပ်တွင်ဝင်၍ ကပ်လိုက်၏။ ရှယ်လတန်အား လိုက်သူများမှာ သူ့ကိုဖြတ်ကျော်ပြီးရှေ့သို့ ပြေးကြလေ၏။ သူတို့အချင်းချင်းလည်း စကားများသူများ ရန်ဖြစ်သူဖြစ်နှင့် ရှိနေကြလေ၏။

နောက်တစ်နာရီခန့် ကြာသောအခါ လိုက်သူများ ပြန်လာကြပြီး သူတို့ လိုက်နေသူမှာ မည်သူမည်ဝါ ဖြစ်သည်ကိုမူပင် မသိကြချေ။ နောက်တစ်နေ့ မနက်တွင်ရှိဘီမြို့၌ သတင်းအမျိုးမျိုးထွက်နေပြီး မြစ်ဆိပ်တွင် တစ္ဆေချောက်သလိုလို ပြောနေကြလေ၏။ ညတစ်ညလုံးပင် ရှယ်လတန်သည် ပုန်းအောင်းနေရာ၍ အိပ်ရပြီး နောက်ဆုံးတွင် တည်းခိုနေသော အရက်ဆိုင်ကို ချောမောစွာရောက်လာလေ၏။

## အခန်း (၂၆)

နောက်တစ်နေ့ မနက်တွင် ရှယ်လတန်သည် အချိန်မှီ လော့ဖေါက်စတန်၏ ဆရာ ဖြစ်သော ဂလောက်ဆက်စတာ မြို့စားရစ်ချတ်နှင့် တွေ့ရန်ရှိသောကြောင့်၊ အဝတ်အစားများလဲခါ လက်နက်အပြည့်အစုံ နှင့် ဘရိုက်ခရွေ့ အရပ်သို့ စောစောထွက်သွားလေ၏။ သတ်မှတ်ထားသော နေရာသို့ ရောက်လုဆဲအချိန်တွင် တခါမျှကြားဘူးလေ့မရှိသော ခရာမှုတ်သံကို ကြားရလေ၏။ သို့ဖြင့် ရှယ်လတန်သည် ခါးကိုလက်ထောက်ကိုင်ကာ အသံကြားရာဘက်ဆီသို့ ပြေးထွက်သွားရာ၊ ရောက်လျှင်ရောက်ချင်း တိုက်ပွဲတစ်ခု တိုက်ခိုက်နေသည်ကိုတွေ့ရလေ၏။ တိုပ်ပွဲမှာလူ ၇ ယောက်၊ ၈-ယောက်က ကျန်လူတစ်ယောက်ကို ဝိုင်းဝန်း တိုက်ခိုက်နေကြခြင်းဖြစ်၏။ သို့သော်လည်း တစ်ယောက်တည်းသမား၏ လက်ချက်ဖြင့်၊ တစ်ယောက်သေတစ်ယောက်ဒဏ်ရာရပြီး ကျန်လူများမှာ ထိရောက်





အောင်မတိုက်နိုင်ဘဲ ဖြစ်နေလေ၏။

ရှယ်လတန်သည် တစ်ယောက်တည်း သမားဘက်က ဝင်ပြီးကူညီ တိုက်ခိုက်လေ၏။ ဤတွင်တစ်ဘက်မှ ရန်သူများက ရှယ်လတန်အား ဖိပြီးတိုက်ကြ၏။ မကြာမီအတွင်း ရှယ်လတန်မှာ ခေါင်းတွင် ဒဏ်ရာရပြီး၊ ဒူးထောက်လဲကျသွားလေ၏။ သူ့အဖေါ် မှာကားဆက်လက်မတိုက်နိုင်တော့ပဲ နောက်သို့ဆုတ်ခါ ခရာကိုသာ တွင်တွင်မှုတ်နေလေ၏။ သို့သော်လည်း ရန်သူများက သူ့အားအတင်းလိုက်တိုက်ကြသဖြင့် နောက်သို့ဆုတ်နေရလေ၏။

ခရာသံကို ကြားသောကြောင့်လားမသိ၊ မကြာမီ အတွင်းသစ်တောထဲမှ မြင်းစီးစစ်သားများ ရောက်လာကာ၊ ရန်သူများကို တိုက်ခိုက်ကြလေ၏။ ရန်သူများမှာ လူချင်းမမျှတော့မှန်း သိသဖြင့် လက်နက်ချပြီး အရှုံးပေးလိုက်ကြလေ၏။ ခရာမှုတ်သူက သူ့စစ်သားများအားရန်သူကို အဖမ်းခိုင်းလိုက်ပြီး လဲကျနေသော ရှယ်လတန်နားကို တိုးလာလေ၏။ ရှယ်လတန်သည် မကြာမီအတွင်းသတိပြန်လည်လာသဖြင့် မျက်လုံးကို ဖွင့်လိုက်ရာ၊ ခရာသမားမှာ သူ့အရွယ်ခန့်ရှိ၍ ခါးအနည်းငယ်ကုန်းနေသည်ကိုတွေ့ရလေ၏။ ထိုလူက ရှယ်လတန်အား. . .

"မင်းလာတာ. . . အချိန်ကောင်းပါပဲ၊ နဲနဲ စောလို့သာပေါ့. ."

"ကျွန်တော့မှာ တွေ့ရမဲ့ ကိစ္စရှိလို့လာတာပဲ၊ ဒါပေမဲ့ ခင်ဗျားအဲ-အတော်အတိုက်ကောင်းပါတယ်. . ."

"မင်းငါဘယ်သူ ဆိုတာ သိရဲ့လား"

"မသိဘူး. . ."

"ဒါဖြင့် ငါ့ကိုဘာလို့ ကူညီတာလဲ"

"တစ်ယောက်နဲ့ အများတိုက်နေတာ မြင်လို့ လူနည်းတဲ့ဘက်ကနေဝင်တိုက်မှ တရားရာရောက်တယ်ထင်လို့ ဝင်တိုက်တာပဲ. . ."

"အော် မင်းတော်တော် သဘောထားကြီးသားပဲ၊ ယန်ကက်စ



www.burmeseclassic.com

www.burmeseclassic.com



တာနန်းဆက်ဘက်သားလား၊ ရှေ့နန်းဆက်ဘက်သားလား. . .”

“ရှေ့ နန်းဆက်ဘက်ကပါ. . .”

“ဒါဖြင့် ကောင်းတာပေါ့ကွာ” ဟုပြောကာ၊ သူနောက်လိုက်များဘက်သို့ လှည့်ပြီး၊ ဖမ်းထားသော သို့ ပန်းများအားခေါ် ဆောင်သွားရန် အမိန့်ပေးလိုက်ရာ၊ လေးသည့်တော်များသည် ရန်သူများအားသစ်တောတွင်းသို့ ဖမ်းသွားကြလေ၏။ အချိန်မကြာမီ အတွင်းရန်သူများမှာ သစ်ပင်များတွင် တိုးလို့ တွဲလောင်းနှင့် ကြိုးဆွဲချအသတ်ခံကြရလေ၏။

ကိစ္စပြီးလျှင် ခေါင်းဆောင်လုပ်သူသည် သူ့လူများအားယခင်ပုန်းအောင်းနေသည့်နေရာများတွင် ပြန်ပုန်းစေပြီးနေရာယူခိုင်း လေ၏။ လူတစ်ယောက်က. . .

“သခင့် လှံကိုင် စစ်သားတွေခေါ် ထားပါအုံးလား အဆင်သင့်ဖြစ်အောင်. . .”

“တော်ပါကွာ. . . မင်းတို့ အလာနှေးလို့ တစ်ပွဲ တိုက်ပြီးခဲ့ပါပြီ၊ ငါ့လက်ရုံးကိုပဲ ငါ အားထားပါတော့မယ်” ဟုပြောကာ လူများကိုလက်ပြပြီးနှင်လိုက်လေ၏။

“အချိန်မှာ လင်းသည်ထက်လင်းလာပြီဖြစ်ရာ ခေါင်းဆောင်သည် ရှယ်လတန်အား ကြည့်ပြီး. . .

“မင်း ငါ့ကို ကူညီတဲ့ အတွက် ကျေးဇူးတင်ပါတယ်” ဟုပြောလေ၏။ ရှယ်လတန်မှာသူ့မိတ်ဆွေအားကြည့်ပြီး-

“ခင်ဗျားဟာ-ပလောက်ဆက်စတာမြို့စားရစ်ချတ်ပဲလား. . .”

“ဟုတ်တယ်”ဟုပြောသဖြင့် ရှယ်လတန်သည်၊ လော့ဖေါက်စတန်၏ လက်စွပ်ကိုပြလိုက်ရာ ဂလောက်ဆက်စတာ-မြို့စားရစ်ချတ်က. . . “နာမည် ဘယ်လိုခေါ်သလဲ. . .”

“ရစ်ချတ် ရှယ်လတန်လို့ ခေါ်ပါတယ်. . .”

“မင်းလာတာ-စောတယ်၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ ငါလည်း





စောစောလာတာပဲ။ ရှိုဘီမှာ ငါရဲ့ရန်သူဖြစ်တဲ့ ရစ်ဆင်ဂန်ရှာစားနဲ့ ဆာဘရက်လေရှိတယ်၊ အင်အား တော်တော်ကောင်းတယ်လို့လည်း ကြားတယ်။ ဒါပေမဲ့ ရှိုဘီမြို့ဟာ တစ်ဘက်ကမြစ်ခံနေပြီး တစ်ဘက်ကပင်လယ်နဲ့ဆို တော့ တိုက်ဖို့မလွယ်လှဘူး။ ဒီနေရာကို လိမ်လိမ်မာမာနဲ့ တိုက်ဖို့လိုတယ်။

“မှန်ပါတယ်”

“လော့ဖေါက်စတန်ဆီက စာပါလား. . .”

“မပါဘူး။ ကျွန်တော်စာတွေ ဝှက်ထားတဲ့နေရာကို သွားရမှာမို့ စောစောထွက်လာတာပဲ။ ဒီ ရောက်တော့ တိုက်နေရတာနဲ့ သွားမယူသေးဘူး။ ဒါပေမဲ့ ရန်သူအခြေအနေကို ကောင်းကောင်း ဖေါ်ပြနိုင်ပါတယ်” ဟုပြောကာ ရန်သူ၏ အကြောင်းစုံကို ဇာတ်ခင်းပြလိုက်လေ၏။ ထိုနောက် ရှယ်လတန်က ဆက်လက်ပြီး. . .

“ကျွန်တော်သဘောအတိုင်းဆိုရင် အခုချက်ချင်း တိုက်ဘို့တောင် ကောင်းတယ်ထင်တာပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ဒီအချိန်မှာ ကင်းလဲတဲ့ အတွက် နေ့လည်ပိုင်းမှာ ကင်းစောင့်မရှိဘူး. . .”

“ရန်သူအားလုံး ဘယ်လောက်ရှိမလဲ. . .”

“၂၀၀၀ လောက်တော့ရှိမယ်. . .”

“ငါ့မှာအခုချက်ချင်းလူ ၇၀၀ လောက်ပါလာတယ်၊ အခု ဒီ သစ်တောထဲမှာရှိတယ်၊ နောက်ထပ် ၇၀၀ လောက် ကက်တာလီရှာက နေပြီး ချီတက်လာလိမ့်မယ်၊ သူတို့နောက်က တစ်ခါ ၄၀၀ ထပ်ပြီးလာမယ်။ ဟိုလီးဝုဘုန်းကြီးကျောင်းမှာ လော့ဖေါက်စတန်ရဲ့ လူ ၅၀၀ ရှိတယ်၊ နောက်ကလူတွေလာတာကို စောင့်အုံးမလား၊ ဒါမှမဟုတ် ခုချက်ချင်း တိုက်မလား. . .”

“ခုတင်ပဲ ရန်သူ ၅ ယောက်ကို ဖွဲ့ကြိုးချသတ်ပြီးပြီ၊ ဒီလူတွေ အချိန်မှီ ပြန်မရောက်ရင် ရန်သူက သတိထားနေလိမ့်မယ်၊ အဲဒီတော့-

www.burmeseclassic.com



ရှတ်တရက်တိုက်ဖို့ စိတ်ကူးရင် အလွန်ဆုံးနောက်တစ်နာရီအတွင်း တိုက်ရင်ကောင်းမယ်. . ."

"အေး-ငါလည်း ဒီလိုပဲ သဘောရတာပဲ၊ ဒါဖြင့်ရင်ဟိုလီးဝုကို လော့ဖေါက်စတန်ရဲ့ လက်စွပ်နဲ့ လူတစ်ယောက်ကို လွှတ်ပြီးအကျိုးအကြောင်းပြောထားမှပဲ" ဟုပြောကာ-ဂလောက်ဆက်စတာ မြို့စားရစ်ချတ်သည်၊ ခရာမှုတ်လိုက်ပြန်၏။ ဤတကြိမ်တွင် သူ့လူများသည် ပုန်းအောင်းနေရာမှ ချက်ချင်းထွက်လာကြလေ၏။ ဂလောက်ဆက်စတာ မြို့စားတသစ်တောထဲတွင်ရှိသော ၇၀၀ တပ်ကိုအထောက်တော်များစေလွှတ်ပြီး ခေါ်ခိုင်းလိုက်ရာ၊ မကြာမီ အတွင်းရောက်လာကြလေ၏။ လူစုမိလျှင် သူကိုယ်တိုင် ရှေ့ဆုံးမှ ချီတက်၏။

သူ၏ အစီအစဉ်မှာ ရိုးရိုး ပင်ဖြစ်၏။ ရှိဘီမြို့လမ်းမကြီး၏ ညာဘက်အပိုင်းကို လက်ဦးသိမ်းပြီး၊ ထိုနေရာတွင် အနိုင်အခံ့ပြုလုပ်ခါ နောက်မှစစ်ကူများကို စောင့်ဆိုင်းတိုက်ခိုက်ရန်ဖြစ်ပေသည်။

အကယ်၍ ရစ်ဆင်ဂန်ရွာစား နောက်သို့ဆုတ်ခွာလျှင်လိုက်လံပြီး စစ်နှစ်ဘက်ညှပ်၍တိုက်ခိုက်ရန်ဖြစ်၏။ မဆုတ်ခွါဘဲ မြို့ထဲတွင်ဗင်ကြံ့ကြံ့ခံနေလျှင် အဘက်ဘက်မှဝိုင်းထားရန်ဖြစ်လေသည်။

ဤသို့တိုက်ခိုက်ရန်အတွက်ဘေးရန် တစ်ခုတည်းသာရှိ၏။ ထိုဘေးရန်မှာ နောက်မှစစ်ကူတပ်ရောက်မလာမီ တပ်ဦးမှတိုပ်ခိုက်သော ၇၀၀ တပ်ပြုတ်သွားမည်ကို စိုးရိမ်ရခြင်းပင်ဖြစ်သဖြင့်၊ ရန်သူတို့အသိမပေးဘဲ တတ်နိုင်သမျှ ချောင်းမြောင်း၍ တိုက်ခိုက်ရန်လိုလေသည်။

သို့ဖြင့်၊ ခြေလျှင်တပ်သားများမှာ မြင်းတပ်သားများ၏ နောက်မှချီတက်ရပြီး၊ ရှယ်လတန်မှာကား ဂလောက်ဆက်စတာမြို့စား၏အပါးတွင် အကြံဉာဏ်ပေးရန်ချီတက်ရ၏။ အကာကွယ်ရှိသော နေရာများတွင် ဖြေးညင်းစွာ ချီတက်၍ သစ်ပင်ကင်းရှင်းသော နေရာများ၌ လျှင်မြန်စွာ ခွဲဖြန့်၍ ချီတက်ကြ၏။





နေမင်းမှာ ကောင်းကင်တွင် မြင့်တက်လာပြီဖြစ်၍၊ ရှိဘီမြို့ကလေးမှာကား ဆီးနှင်းများဖုံးအုပ်ကာဖြူဖွေးလျက်ရှိပေသည်။ ဂလောက်ဆက်စတာ မြို့စားက ရှယ်လတန်အား. . .

"ဒီမြို့ထဲမှာလူတွေ မနက်စာ ချက်ပြုတ်နေကြတုန်း တိုက်ရင်ငါတို့ စစ်နိုင်မလား ရှုံးမလားတော့ မပြောတတ်ဘူး၊ မင်းနဲ့ ငါနဲ့ နာမည်တော့ နှစ်ယောက်စလုံး ရစ်ချတ်ချည့်ဘဲ။ စစ်နိုင်ရင်တို့ရဲ့ ဂုဏ်သတင်းတာ ကျော်ကြားဖို့ရှိတာဘဲ. . ."

ရှယ်လတန်မှာကား သူ့တာဝန်ကိုသူကျေပွန်အောင်ထမ်းဆောင်မည်ဟုပြောခြင်းမှအပ။ ထွေထွေ ထူးထူးစကားပြန်၍ မပြောပေ။

မြို့နားသို့ရောက်လျှင် မြင်းရော လူပါခေတ္တအပမ်းဖြေကြပြီးနောက် ဂလောက်ဆက်စတာမြို့စားရစ်ချတ်သည်၊ ရှေ့ဆုံးမှ ဓါးလွတ်ကိုင်ပြီး တစ်တပ်လုံး ရှိဘီမြို့ကလေးကို ရှေ့ရှု၍ အပြေးအလွှား ဒလကြမ်း ချီတက်လျက်ရှိလေသတည်း။

## အခန်း (၂၇)

ဤသို့အပြင်းချီတက်သွားပြီး မြို့နားသို့ရောက်လာသည်နှင့် တပြိုင်နက်မြို့ထဲမှ လူများပြေးကြ၊ လွှားကြ၊ အော်ကြ၊ ဟစ်ကြနှင့် ဖြစ်နေသည်ကို တွေ့ရလေ၏။ မြို့ထဲတွင်ကောလဟာလသတင်း အမျိုးမျိုးဖြစ်နေရာ၊ ဂလောက်ဆက်စတာမြို့စား၏တပ် မြို့စွန်သို့ရောက်သည်နှင့် တပြိုင်နက် ခရစ်ယာန်ဘုန်းကြီးကျောင်းဆီမှ ခေါင်းလောင်းထိုးသံတို့ကြားကြရလေ၏။ ဂလောက်ဆက်စတာမြို့စားမှာ ရန်သူက မိမိချီတက်လာသည်ကို စောစောသိသွားသဖြင့် အံကြိတ်လျက်ရှိ၏။ အကယ်၍ သူ့တပ်သားများ မြို့တွင်းတွင် ခြေကုတ်ကောင်းစွာ မရလျှင်စစ်ရှုံးမည်ကို



www.burmeseclassic.com

www.burmeseclassic.com



နားလည်နေပေသည်။

သို့သော်လည်း လန်ကက်စတာနန်းဆက် စစ်တပ်များမှာ ရှယ်လတန်ပြောသကဲ့သို့ပင်ကင်းလဲပြီးစ အချိန်ဖြစ်သောကြောင့် တိုက်ပွဲအတွက်အဆင့်သင့်မရှိကြပေ။ လူ ၅၀ နှင့် မြင်း ၅၀-ခန့်သာအဆင့်သင့်ရှိပေသည်။

ခေါင်းလောင်းထိုးသံမြို့သူမြို့သားများ၏ အော်ဟစ်သံကြောင့်ရန်သူစစ်သားများသည်၊ မြင်းများဖြင့် အကွပ်အကဲမရှိ ပြေးချင်ရာပြေးလွှားချင်ရာလွှား ဖြစ်နေကြ၏။ ဂလောက်ဆက်စတာမြို့စား ရစ်ချတ်၏တပ်များမြို့တွင်းသို့ဝင်မိလျှင် လမ်းပေါ်တွင် လုံကိုင်စစ်သား အနည်းငယ်ခန့် မျှကိုသာ တွေ့ရသောကြောင့်၊ ခဏချင်းအတွင်း သုတ်သင်ပစ်လိုက်၏။ မြို့တွင်းကိုက် ၂၀ခန့် ချီတက်မိလျှင် ရှယ်လတန်၏သတိပေးချက်အရ ဂလောက်ဆက်စတာ မြို့စားသည် ခရာမှုတ်ခါ မူလချီတက်နေသော စစ်ကြောင်း၏ ညာဘက်သို့ လှည့်ခါလမ်းတစ်လမ်းပြီးတစ်လမ်း သိမ်းပိုက်လျက်ရှိ၏။ ခြေလျှင်စစ်သားများက လေးများကို ကိုင်ကာ ရန်သူများကိုသုတ်သင်ရင်း အိမ်များကို သိမ်းပိုက်နေကြလေသည်။

ဤကဲ့သို့စစ်ကြောင်းပြောင်းသည်ကို မြင်သဖြင့် တဘက်မှရန်သူလန့်ကက်စတာ စစ်တပ်များသည် မြို့တွင်းသို့ဆုတ်ခွာကြကာ အချင်းချင်းတိုင်ပင်ပြီး စစ်အင်အားဖြည့်၍ နေကြလေသည်။

ရှယ်လတန်၏ အကြံဉာဏ်ပေးချက်အရ ဂလောက်ဆက်စတာမြို့စားသိမ်းပိုက်ထားသော အပိုင်းမှာ ၅ လမ်းသာရှိ၍ ဆင်းရဲသားများနေထိုင်ရာ ရပ်ကွက်ဖြစ်၏။ နောက်ပိုင်းတွင် အကာအကွယ်လုံးဝမရှိပေ။ လမ်း ၅ လမ်းကို ကင်းများချထားပြီး တပ်မကြီးအား အလည်ဗဟိုတွင်ရပ်နားစေကာ တိုက်ခိုက်ရန် အသင့်ပြင်နေကြလေ၏။ ရပ်ကွက်ထဲတွင်လန့်ကက်စတာ နန်းဆက်ဘက်မှ ခေါင်းဆောင်များ နေထိုင်သည်ကိုမတွေ့ရပဲ မြို့သူမြို့သားများမှာလည်း ရောက်တတ်ရာရာ ထွက်ပြေးလျှက်





ရှိကြလေသည်။ သိမ်းပိုက်ထားသောနယ်၏ အလယ်ဗဟိုတွင်ရှိသော အရက်ဆိုင်တစ်ခုတွင် ဂလောက်ဆက်စတာ မြို့စားသည် သူ၏ဌာနချုပ်ရုံးခန်းပြုလုပ်ထား၏။ ဂလောက်ဆက်စတာမြို့စားက ရှယ်လတန်အား

"မင်းလဲ ကောင်းကောင်းတိုက်။ ငါကြီးမြင့်လာရင် မင့်ကိုလဲချီးမြှောက်မယ်" ဟုပြောကာ လမ်းတစ်လမ်းကိုစောင့်ကြပ်ရန်တာဝန်ပေးလိုက်လေ၏။ ရှယ်လတန် ထွက်သွားသည်နှင့် တပြိုင်နက် အနားတွင်ရှိသော လေးသမားတစ်ယောက်အား. . .

"ဟော့. . . ဒပ်ဘန်၊ မှို. . . ရှယ်လတန်ဆိုတဲ့ လူနောက်ကိုလိုက်သွား။ ဒီလူ သစ္စာရှိရှိနဲ့ တိုက်ရင်မင်း သူ့ရဲ့ ကိုယ်ရံတော်အဖြစ်နဲ့နေ။ ရန်သူက သူ့ကိုသတ်ပစ်ရင် မင်းတာဝန်ဘဲ။ အေး. . . သစ္စာမရှိရင်တော့ မင်းကိုယ်တိုင် သုတ်သင်ပစ်ခဲ့"

ရှယ်လတန် တာဝန်ကျသော လမ်းမှာ အလွန်ကျဉ်းမြောင်း၍အိမ်ခြေစိပ်၏။ သို့သော်လည်း လမ်းမှာ မြို့၏ဈေးဘက်သို့ ရှေ့ရှုနေသောကြောင့် တိုက်ပွဲဖြစ်လျှင် ဤလမ်းတွင် အကြီးအကျယ် တိုက်ခိုက်ရန်အကြောင်းရှိပေသည်။ ဈေးပိုင်းတွင် ဟိုဟိုသည်သည် ပြေးလွှားနေကြသောမြို့သူမြို့သားများနှင့်ပြည့်နှက်နေ၏။ သို့သော်လည်းရန်သူ၏ အရိပ်အခြေကိုမမြင်ရသေးသောကြောင့်၊ ရှယ်လတန်သည်မိမိတာဝန်ကျသောနယ်ပယ်၏ ကာကွယ်ရေးကို ပထမ လုံးပမ်းနေရလေသည်။ လမ်းအဆုံးတွင် အိမ်တစ်လုံးမှာ အပေါက်များပွင့်နေကာ အိမ်ရှင်များမရှိသောကြောင့်အိမ်ပေါ်မှ အိမ်ထောင်ပရိဘောဂများကို ယူခါ၊ လမ်းဝတွင် စုပုံချထား၏။ သူနှင့်အတူ တိုက်ခိုက်ရန် စစ်သား ၁၀၀ ရထားသဖြင့် အိမ်များပေါ်တွင် နေရာချထားပြီး ပြတင်းပေါက်များမှ လေးနှင့်ပစ်ရန်အဆင်သင့်လုပ်ခိုင်းထား၏။ အချို့လူများကို သူနှင့်အတူအိမ်ထောင်ပရိဘောဂများပုံထားသော ကတုတ်နောင်တွင် တန်းစီ၍ ထားလေသည်။

ထိုအခိုက်တွင်မြို့တွင်းမှတခဲနက် ဆူညံသံကို ကြားနေရပြီးခရာ



www.burmeseclassic.com

www.burmeseclassic.com



သံ ခေါင်းလောင်းထိုးသံ မြင်းခွာသံများနှင့်အတူ ရန်သူမြင်းတပ်သည် လှုပ်ရှားနေ၏။ ထိုအသံများ ငြိမ်သွားသော အခါ၌၊ မလှမ်းမကမ်းရှိ ဈေးထဲတွင် သံချပ်ကာအဝတ်အစားနှင့် ရန်သူခြေလျင် စစ်သားများ လေးသမားများကို မြင်ရပေ၏။ ယူနီဖေါင်းအပြာများကို ဝတ်ထားသောကြောင့် ဆာဘရက်လေ၏ တပ်သားများဖြစ်ကြောင်းသိသာပေသည်။

အတန်ကြာအောင် ဆိတ်ငြိမ်နေကာ မြို့တွင်းအရပ်အသီးသီးမှခရာသံ ၄ ကြိမ်ကြားရပြီးနောက် ဈေးဘက်မှ ပထမခရာသံက မြန်၍မှုတ်လိုက်၏။ မကြာမီအတွင်းရန်သူများချီတက်လာပြီး ရှယ်လတန်တို့၏ ကတုတ်နှင့် လမ်းဘေးတဘက်တချက်ရှိ အိမ်များမှာ မြားပစ် ခံကြလေသည်။

တိုက်ပွဲစပြီဖြစ်ရာ ရန်သူသည် မြို့တွင်းအရပ် ၅-မျက်နှာနေကာ ဂလောက်ဆက်စတာမြို့စား၏ တပ်ကိုဝိုင်း၍ တိုက်ကြလေ၏။ ရှယ်လတန်မှာ သူ့နေရာခိုင်မြဲရေးအတွက် စစ်သည်တစ်ရာတို့ လုံးဝအားကိုးရမည်ဟုသာ နားလည်၏။ နှစ်ကြိမ်တိုင်တိုင်လေးနှင့်အဝင်ခံနေကြရခိုက်၊ ရှယ်လတန်မှာ ဂလောက်ဆက်စတာမြို့စားထံ လူတစ်ယောက်အား လွှတ်၍ ပေးလိုက်သော သံချပ်ကာ အင်္ကျီဝတ်စုံ တစ်စုံလက်ခံရရှိ၏။ သံချပ်ကာ အဝတ်အစားကို ဝတ်ဆင်ပြီးသည်နှင့် တပြိုင်နက်ရင်ဘက်ကိုမြား ၂ စင်းလာ၍မှန်၏။ တတိယမြားချက်ကမူ အင်္ကျီ လာပို့သူအား... မှန်ကာ လဲကျသွားလေ၏။ ယခုအခါတွင် ရန်သူမှာ အလွန်နီးတပ်လာပြီဖြစ်ရာ၊ ရှယ်လတန်သည် သူ့တပ်သားများအား ပစ်ခတ်ရန်အမိန့်ပေးလိုက်၏။ ဤတွင် အိမ်များပေါ်မှလည်းကောင်း ကတုတ်နောက်မှလည်းကောင်း၊ လေးနှင့်ပစ်ကြရာ၊ ရန်သူများ အတုံးအရုံး ကျဆုံးကြလေ၏။ သို့သော်လည်း ရန်သူတပ်များသည် တခဲနက် တစ်အော် ကြွေးကြော်ကာ အတင်းဒလကြမ်း အပြေးချီတက်လာကြ၏။





တိုက်ပွဲမှာ ရင်ဆိုင်တိုက်ပွဲဘဝသို့ ရောက်လျက်နေပြီး ရန်သူများသည် လက်နက်များကို ဝင့်ခါ ဝင့်ခါ ကတုတ်လုပ်ထားသော နေရာကို ဆွဲဖယ်ဖျက်ဆီးကြလေ၏။ ကတုတ်၏ တဘက်တွင်ကား ရန်သူများစွာ နောက်ဆုတ် နေရသော်လည်း၊ ကတုတ်မှာကား ယခင်စုပုံထားသည့် အမြင့်ထက်တစ်ဝက်ခန့် ပျက်စီးသွားကာ ဗရမ်းဗတာဖြစ်နေလေ၏။

ဈေးဘက်မှ ခြေလျင်စစ်သားများမှာကား ဆုတ်ခွါလျက်ရှိကြပြီး အလွန်အကျွံ ချီတက်လာသော မြင်းတပ်သားများမှာလည်းနောက်သို့ လှည့်စပြုနေ၏။ ဤတွင် ရှယ်လတန်၏လူများက ရန်သူမြင်းတပ်သားများတို့ ခုတ်ကြ ထစ်ကြ၏။ မြင်းတပ်သားများကမူ အလျှော့မပေးဘဲ တဖန်ပြန်လှည့်ကာပြီး အတင်းတိုးဝင်လာရာ လမ်းထဲသို့အတော်ကျွံပြီးရောက်ရှိလာကြ၏။ သို့သော်လည်း လမ်း၏ အလယ်ပိုင်းတွင် ပို၍အင်အားတောင့်တင်းသော ရှယ်လတန်၏ တပ်များက တိုက်ခိုက်လိုက်ရာ ရန်သူမှာ အပြင်းအထန်ဆုတ်ခွါပြန်ရလေ၏။ ရန်သူဆုတ်ခွါနေခိုက် အိမ်ပေါ်မှ စစ်သားများက ရန်သူအား လေးနှင့်ခွင်းလျက်ရှိကြရာ အကျအလွန်နားသဖြင့် လမ်းပေါ်တွင် ရန်သူတပ်သားဟူသရွေ့ အသက်နှင့် တစ်ယောက်မျှ မကျန်တော့ချေ။

ထိုအခိုက်တွင် ဂလောက်ဆက်စတာမြို့စားသည် စစ်တလင်းကိုစစ်ဆေးရန်ရောက်လာခဲ့၏။ မျက်နှာဖြူဖတ်ဖြူရော်နေသော်လည်း မျက်လုံးမှာကား တောက်ပြောင်လျက်ရှိ၏။ စစ်မြေပြင်ကိုကြည့်ခါ ဂလောက်ဆက်စတာ မြို့စားကမြင်းသေများကို ဖယ်ရှားပစ်ရန် အမိန့်ပေးလိုက်၏။ ရန်သူတပ်များသည် ထိုအချိန်တွင်လေးများနှင့်ပစ်လျက်ရှိသော်လည်း၊ ဂလောက်ဆက်စတာမြို့စားသည်ရန်သူအား အမှုမထားဘဲတိုက်ခိုက်သည့် စွမ်းရည်ကို အားကိုးရသဖြင့် ချက်ချင်းရှယ်လတန်အား. . . ဆာဘွဲ့ပေးလိုက်၏။

ထိုနောက် ပြုံးရွှင်သောမျက်နှာထားနှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဆာ ရစ်ချတ်ရှယ်လတန်ခင်ဗျား၊ ရစ်ဆင်ဂန်ရှာစားကိုမြင်ရင် ကျုပ်ကိုအသိပေးဖို့ မမေ့ပါနဲ့။ ဒီကောင်ကြီးကို ကျုပ်ကိုယ်တိုင် သုတ်သင်ချင်တယ်. . .။ တခြားလူက သုတ်သင်ခဲ့ရင်တော့ မကျေနပ်ဘူး"

"ဒုက္ခ ရှာမနေပါနဲ့။ ဒီမှာ ကျွန်တော်တို့ ရှိနေပြီဘဲ"

"ခင်ဗျား တာဝန်ကျတဲ့ လမ်းက အရေးကြီးတယ်။ တိုက်ပွဲ အကြီးအကျယ် ဖြစ်ရင်ဒီမှာဖြစ်မှာဘဲ။ ဒီမှာရှုံးရင် ကျုပ်တို့ရှုံးဖို့ဘဲရှိတယ်။ ဒါကြောင့် ဒီနေရာကို အခိုင်အမာ လုပ်ဖို့လိုတယ်။ သတိဝီရိယ ကျင့် ကျပ် ထားပြီးတော့ တိုက်ပါဗျာ. . ." ဟုပြောကာဆာ ရှယ်လတန်နား သို့လာပြီး ဖက်လဲတကင်း ပြုလုပ်နေလေ၏။ ရှယ်လတန်မှာ ခေါင်းဆောင် ပီပီ သူ့ရသတ္တိပြောင်ပြောင်နှင့် တပ်ဦးမှ ချီတက်တိုက်ခိုက်လေ့ရှိသော ဂလောက်ဆက်စတာ မြို့စားအား လေးစားသောအမူအရာနှင့် ကြည့်နေ လေ၏။

## အခန်း (၂၈)

ရှယ်လတန်သည် နံဘေး ပတ်ဝန်းကျင်ရှိ အခြေအနေကို ကြည့် လိုက်ရာ မြားချက်များ ရှော့သွားပြီဖြစ်၍ ဈေးထဲတွင် ရန်သူများကို မမြင် ရတော့ပေ။ လမ်းပေါ်ရှိ ဆီးနှင်းများမှာ ခြေရာများဖြင့် ပွနေပြီးလူသေ ကောင်၊ မြင်းသေကောင်များနှင့် ဒင်းကြမ်းဖြစ်နေ၏။

မိမိတို့ ဘက်မှလည်း အကျအနများလှသည်ဖြစ်ရာ လမ်းဝနှင့် ကတုတ်နားတွင် အလောင်းကောင်များ၊ သေငယ်ဇောနှင့် မြောနေသူများ ပြည့်နေပြီး လူ ၁၀၀ အနက် ၇၀ ခန့်မျှသာ အကောင်းကျန်ပေတော့သည်။ အချိန်မှာ ကုန်လွန်လျက်ရှိရာ နောက်မှလာမည့် စစ်ကူကိုသာ မှန်းမျှော် လျက်ရှိကြ၏။ လန်ကက်စတာ တပ်များမှာလည်း ပွဲဦးထွက်အရေးနိမ့်နေ သဖြင့်၊ နောက်တစ်ပွဲ အသစ်တိုက်ရန် စိုင်းပြင်းနေကြလေ၏။ အချိန်မှာ ၁၀-နာရီခန့်မျှ ရှိပေပြီ။ ရှယ်လတန်သည် အနားတွင် ဒဏ်ရာရနေသော





လေးသမားတစ်ယောက်အား. . .

"ဒို့ဘက်က အတိုက်ကောင်းပေလို့ပေါ့. . .။ ရန်သူတွေနောက် တစ်ခါ ကြိုးစားဝံ့ပုံမရဘူး"

"ဗိုလ်မှူးကလဲ အတိုက်ကောင်းပါတယ်. . .။ ဂလောက်ဆက် စတာ မြို့စားဟာ ဒီလိုတိုတောင်းတဲ့ အချိန်အတွင်းမှာ ဘယ်သူ့ကိုမှ ဒီ လောက်မမြှောက်စားဘူး ဘူး။ ဒါပေမဲ့ ကောင်းကောင်း မတိုက်ရင် အပြစ်ဒဏ်ခတ်ဖို့ကျတော့လည်း အလွန်ရက်စက်တဲ့ လူတစ်ယောက်ဖြစ် တယ်။ အမှန်အတိုင်းပြောရမယ်ဆိုရင်. . . ခင်ဗျား သစ္စာဖေါက်ရင် နောက်ကနေ ဓါးနဲ့ ထိုးဖို့ ကျုပ်ကို တာဝန်ပေးထားတယ်. . ."

"ဟ. . . ဟုတ်ရဲ့လား. . ."

"ဟုတ်တာပေါ့. . .။ ကျွန်တော်ဒီ အကြံအစည်ကို မကြိုက်တာ နဲ့ ဖွင့်ပြောနေတာ။ ဂလောက်ဆက်စတာ မြို့စားဟာ သူပေးထားတဲ့ တာ ဝန်ကို ကျေပွန်အောင် ထမ်းဆောင်မှ ကျေနပ်တယ်. . ."

"ဒါနဲ့များ သူခေါင်းဆောင်ရာ နောက်ကို လူတွေက လိုက်နေကြ သေးတယ်သလားကွာ. . ."

"လိုက်တာပေါ့၊ အပြစ်ပေးတဲ့ နေရာမှာ. . ရက်စက်သလောက် ချီးမြှောက်တဲ့ နေရာမှာလဲ သူများနဲ့မတူဘူး။ သူကိုယ်တိုင်ကလည်း တပ်ဦးကနေပြီး အသေခံတိုက်တာပဲ"

ရှယ်လတန်မှာ ဒပ်တန်၏ ပြောစကားကို ကြားရသောကြောင့်၊ သတိနှင့်အလုပ်လုပ်ရန် စိတ်ပိုင်းဖြတ်လိုက်၏။ ဈေးဘက်သို့ ကြည့်လိုက် သောအခါတွင်ကား. . . လူရိပ်လူခြေကို မတွေ့ရသောကြောင့်. . .

"ငါတော့. . . ဒီလို ငြိမ်သက်နေတာကို တယ်မနှစ်ချိုက်ဘူး" ဟု ပြောလေ၏။ ထိုအခိုက်တွင် ရန်သူ၏ လေးသမားများမှာ ကတုတ် ဘက်ဆီသို့ မြားနှင့်ပစ်လျက် ရှိကြပြန်၏။ ရှယ်လတန်သည် ရန်သူက ချောင်းမြောင်းတိုက်ခိုက်နေသည်ကိုသိပေသည်။ အမှန်ပင် လမ်း၏အ



www.burmeseclassic.com

www.burmeseclassic.com



လယ်လောက်ရှိ အိမ်တစ်အိမ်သည်တံခါးတစ်ချပ်ဖွင့်လားပြီး လန်ကက်စတာ တပ်မှ လေးသမားများပေါ်လာကာ လေးများဖြင့် ရှယ်လတန်တို့၏နောက်ကျောမှ ပစ်ခတ်နေကြ၏။ ထိုအခိုက်အတွင်ပင် ဈေးဘက်မှလည်း မြားများပလူပျံ့သလို ပစ်ခတ်စပြုနေလေ၏။ သို့ဖြင့် သူ့လူများအားအိမ်ပေါ်မှ ဆင်းစေကာ နှစ်ဘက်ညှပ်တိုက်နေသော ရန်သူများအား... နှစ်ဘက်မျက်နှာမှကာ တုန့်ပြန်တိုက်ခိုက်နေရလေ၏။ သူကိုယ်တိုင်လည်း ရှေ့ဆောင်ပြီး ရဲရဲရင့်ရင့် အားကြိုးမာန်တက်တိုက်ခိုက်နေသေးသည်။

ထိုအခိုက်တွင် လမ်းထဲမှ တစ်အိမ်ပြီးတစ်အိမ် အပေါက်များပွင့်လာကာ လန်ကက်စတာ လေးသမားများသည်၊ အိမ်ပေါ်မှ ခုန်ဆင်းပြီး တိုက်ခိုက်လျက်ရှိ၏။ ရှေ့တွင်ရှိသော ရန်သူနှင့် နောက်ကျောတွင်ရှိသော ရန်သူတို့မှာ လူဦးရေညီမျှလာပြီဖြစ်၍ ထိုနေရာတွင် ရေရှည်ခံနိုင်ရန် ခဲယဉ်းလာပေသည်။ ရော့ပါတီမှ တပ်များမှာလည်း လုံးဝ အဓွေးရှုံးနိမ့်မည်ကဲ့သို့ ရှိလေ၏။ ရှယ်လတန်မှာ နောက်တွင်ရှိသော စစ်သားများ ခုခံတိုက်ခိုက်နေသည်ကို မြင်သဖြင့် သူတို့အား ခေါင်းဆောင်ပြီး တိုက်ခိုက်နေရပြန်၏။ ရန်သူ၏အတိုက်ကြမ်းတမ်းလှသောကြောင့်၊ မိမိဘက်မှ ထပ်သားများ ပြို၍ ဆင်းနေကြ၏။

ထိုအခိုက်တွင် ဈေးဘက်မှ ရန်သူများသည် ကတုတ်ကိုဖြတ်ကျော်ကာကူးလာကြပြန်သဖြင့် နောက်သို့လှည့်ပြီး တိုက်ခိုက်ရာ၊ ရန်သူဆုတ်ခွာနေခိုက် တဖန်တစ်ဖက်မှ ရန်သက ထိုးစစ်ဆင်ပြန်၏။ ဤသို့တိုက်နေကြခိုက်တွင် မြို့ပြင်ဘက်မှ ခရာသံတစ်ခုကို ကြားရသောကြောင့် ဂလောက်ဆက်စတာမြို့စား၏ ရော့တပ်သားများမှာ စစ်ကူလာပြီကိုသိသောကြောင့် စိတ်ဓါတ်တက်ကြွလာကာ ရန်သူများကို ဒလကြမ်းထိုးခုတ်ကြရာ မကြာမီအတွင်း ရန်သူများ ဆုတ်ခွာသွားကြပြန်၏။ အခြေအနေကို ကြည့်ရခြင်းဖြင့် တိုက်ပွဲတစ်ပွဲ ခေတ္တ-ပြီးငြိမ်းသွားပြီး-လန်





ကက်စတာတပ်များ ဗရမ်းဗတာနှင့် ဆုတ်ခွာသွားကြလေသည်။

ရန်သူများ ဆုတ်ခွါနေခိုက် ရော့တပ်သားများသည်၊ အတင်းလိုက်ပြီး လန်ကက်စတာတပ်သားများအား ထိုးခုတ်နေကြ၏။ တိုက်ပွဲတစ်နေရာဆီတွင် ဂလောက်ဆက်စတာမြို့စားအား မြင်ရ၍ သူကိုယ်တိုင် တပ်သားများကို ဦးဆောင်ကာ စစ်ချီတက်လာပေသည်။ ဂလောက်ဆက်စတာမြို့စားသည် ရစ်ဆင်ဂန် ရှာစားရှိရာဘက်သို့ တပ်ဦးမှ ချီတက်သွား၏။ နှစ်ဦးတွေ့ဆုံကြသောအခါ ရစ်ဆင်ဂန်ရှာစားမှာ ထွားကြိုင်းသန်မာသူဖြစ်၍ ဂလောက်ဆက်စတာမြို့စားကအင်းအား ချိနဲ့၏။ သို့သော်လည်း သူ၌ပြိုင်တိုက်ခိုက်ကြသောအခါ၌ ရစ်ဆင်ဂန် ရှာစားသည် ဂလောက်ဆက်စတာမြို့စား၏ ဓါးချက်ဖြင့် မြင်းပေါ်မှ ထိုးကျသွားလေ၏။

သို့ဖြင့် ရှယ်လတန် အတိုက်အခိုက် ကောင်းသောကြောင့်လည်းကောင်း၊ နောက်မှ စစ်ကူ ၇၀၀ တပ်ရောက်လာသောကြောင့်လည်းကောင်း၊ ဂလောက်ဆက်စတာမြို့စားမှာ ရှူဘီမြို့တိုက်ပွဲကိုအောင်ပန်းဆွတ်ခူးလိုက်လေသတည်း။

## အခန်း (၂၉)

အနီးအပါးတဝိုက်တွင် ခုတ်ထစ် သတ်ဖြတ်ရန် ရန်သူဟူ၍ ပင်မရှိတော့ချေ။ တိုက်ပွဲ၏ ဒဏ်ချက်ဖြင့် အားအင်ချိနဲ့မှု၊ ပင်ပန်းမှု၊ နာကျင်မှုများသည် ရှယ်လတန်အားဖိစီးလျက်ရှိကြလေသည်။ ရှူဘီမြို့ကို တိုက်ခိုက်ရမိပြီ ဖြစ်သော်လည်း ရပ်နားနေရန် အချိန်မဟုတ်သေး ဂလောက်ဆက်စတာမြို့စားမှာ မြို့သူမြို့သားများအား ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပေသေးသည်။ ရှယ်လတန်၏ တာဝန်မှာကား ဇိုအန်နာကို ရှာဖွေပြီး ထိန်းသိမ်းကြည့်ရှုရန် ဖြစ်ပေ၏။ သို့ဖြင့် တပ်သား

www.burmeseclassic.com



များအားခေါ်ကာ လူသူကင်းမဲ့နေသော ဈေးဘက်သို့ ချီတက်သွားသော အခါ၌ အချို့နေရာများတွင် တိုက်ပွဲယ်ကလေးများကို သိမ်းပိုက်နေရာ ခုခံသူများကလည်း ခုခံဆဲပင်ဖြစ်လေသည်။ လမ်းများပေါ်တွင်ကားလူသူမရှိသလောက်ပင်ဖြစ်ပေသည်။

ရှယ်လတန်သည် ဤတိုက်ပွဲငယ်များကို ရှောင်ကွင်းကာ သူ့လူများနှင့် ခရစ်ယာန်ဘုန်းကြီးကျောင်းဘက်သို့ချီတက်သွား၏။ လမ်းမကြီးပေါ်သို့ ရောက်သောအခါတွင် ဆာဘရက်လေ၏ အိမ်ကို တိုက်ခိုက်နေသည်ကို မြင်ရသဖြင့် စိုးရိမ်စိတ်များဝင်လာ၏။ ပြတင်းပေါက်များ၊ နံရံများ၊ အချို့နေရာများတွင်ကျိုးပဲ့နေသည်ဖြစ်၍ အပေါ်ထပ်တွင် ခုခံသူများရှိနေပေသေး၏။ အိမ်နားသို့ရောက်သောအခါ၊ အိမ်ကြီးပေါ်မှ နံရံတစ်ခုကွာကျလာပြီး လူတစ်ယောက်လိမ့်ကျလာရာ အောက်တွင်စောင့်နေသော တပ်သားများက လှံနှင့် ထိုးသတ်လိုက်ကြ၏။ ရှယ်လတန်သည် အိမ်သို့သွားကာ ဂျိုအန်နာနေသောအခန်းဆီသို့ တက်သွား၏။ တစ်ခန်းလုံး ဖရိုဖရဲဖြစ်နေပြီး စားပွဲကုလားထိုင်များ ပြန့်ကြဲနေ၏။ ဆာဘရက်လေ ဆာအော်လီဗာနှင့် ဂျိုအန်နာတို့အား မတွေ့ရဘဲရှိရာ အသတ်ခံရကြပြီလော သို့မဟုတ် လွတ်မြောက်ထွက်ပြေးကြပြီလောဟု မမှန်းဆနိုင်ပေ။ သို့ဖြင့် အနားရှိ လေးသမားတစ်ယောက်အား. . .

"ဒီအိမ်ကို စတိုက်တုန်းက မင်း ရှိသလား. . ."

"ဟော့ကောင်ဖယ်ပေး. . . ဆော်လိုက်ရမလား-"

"အို. . . အချင်းချင်း မလုပ်ပါနဲ့ကွာ. . ."

လေးသမားမှာ အရက်မူးနေသူဖြစ်ရာ ရှယ်လတန်၏ ပခုံးကို လှမ်း၍ ပုတ်လိုက်သဖြင့်၊ ရှယ်လတန်သည် တအားညှစ်ခါပြန်ဖက်ထားပြီး အသက်မသေချင်လျှင် မေးသမျှကို ကောင်းကောင်းဖြေရန် ပြောသောအခါ. . . "ပြောပါမယ်၊ ပြောပါ့မယ်. . . ဒီ-အိမ်ကို စတိုက်စကတည်းက ကျုပ် ရောက်နေတာဘဲ. . ."





"ဒါဖြင့် မင်း. . . ဆာဘရက်လေကို သိသလား. . ."

"သိတယ်. . ."

"သူ-အခု ဘယ်မှာလဲ အိမ်ထဲမှာ ရှိသလား. . ."

"မရှိဘူး။ ကျွန်တော်တို့ ရှေ့ကဝင်တော့ သူကနောက်ဖေး ဥယျာဉ်ထဲကဖြတ်သွားတယ်. . ."

"တစ်ယောက်ထဲလား. . ."

"လှံကိုင် စစ်သားတွေလဲပါတယ်. . ."

"မိန်းမတွေကော ပါသလား. . ."

"တစ်ယောက်မှ မပါဘူး. . ."

"အေး. . . အေး-ကျေးဇူးတင်တယ်၊ ရော့ ဒီမှာ. . ." ဟုပြောကာ အိတ်တွင်းသို့ ပိုက်ဆံနှိုက်လိုက်ရာ တစ်ပြားမှ မစမ်းမိသဖြင့်. . .

"မနက်ဖန်ကျရင် ငါ့ဆီလာခဲ့၊ ငါ့ နာမည် ဆာရစ်ချတ် ရှယ်လတန်လို့ ခေါ်တယ်. . ."

ရှယ်လတန်သည် အကြံတစ်ခု ရသဖြင့်၊ အိမ်ဝိုင်းကို ဖြတ်ကျော်ခါ ဘုရားကျောင်းဘက်သို့ လျှောက်ခဲ့၏။ ကျောင်းဝိုင်းတစ်ခုလုံး မြို့သူမြို့သား စစ်ပြေးဒုက္ခသည်များဖြင့် ပြည့်ကြပ်လျက်ရှိ၏။ ယာဇ်ပလ္လင်ဘေးတွင် ခရစ်ယာန် ဘုန်းကြီးများမှာ ကြောက်ကြောက် ရွံ့ရွံ့နှင့် ဆုတောင်းလျက်ရှိကြ၏။ ခရစ်ယာန်ဘုန်းကြီးတစ်ပါးက ရှယ်လတန်အားမြင်လျှင်-

"ဘယ်သွားမလို့လဲဟေ့. . ."

"ဒီကို ကိစ္စရှိလို့ ဂလောက်ဆက်စတာ မြို့စားရဲ့ အမိန့်နဲ့လာတာဘဲ" "အော် စစ်ပွဲမှာ ဂလောက်ဆက်စတာ မြို့စားက နိုင်သလား"

"ဟုတ်တယ်. . . နိုင်တယ်။ လန်ကက်စတာတပ်တွေထွက်ပြေးကုန်ပြီ။ ရစ်ဆင်ဂန်ရွှားစားတော့ တိုက်ပွဲမှာ ကျတယ်။ ကိုင်း. . . သွားအုံးမယ်" ဟုပြောကာ. . . ရှယ်လတန်သည် လူများကို တိုးဝှေ့ပြီး ဘုရား

www.burmeseclassic.com



ကျောင်းမျှော်စင်ပေါ်သို့ လှေခါးမှ အပြေးတက်ခဲ့လေ၏။

ရှိဘီ ဘုရားကျောင်းမျှော်စင်မှာ အတော်ကလေးမြင့်သောကြောင့်၊ ကုန်းဘက်သို့ လည်းကောင်း၊ ပင်လယ်ဘက်သို့လည်းကောင်း အဝေးကို လှမ်းမျှော်၍ ကြည့်နိုင်ပေသည်။ နေမှာမွန်းတည့်ခန့်အချိန် ဖြစ်၍ လောကတစ်ခုလုံး လင်းထိန်နေလေ၏။ မြို့တွင်းရှိ လမ်းများပေါ်မှ ဆူသံ ညံသံများကို ကြားနေရပြီး မြစ်ဆိပ်ဘက်တွင်ကား. . . သင်္ဘော တစ်စင်းမျှ မရှိဘဲ၊ ပင်လယ်ဘက်ဆီတွင်သာ ထွက်ပြေးသော စစ်တပ် လှေများကို တွေ့ရလေ၏။

ကုန်းပိုင်းတွင် ရန်သူ၏ မြင်းတပ်သားများမှာ တန်းစတောသစ်တောဘက်သို့ ချီတက်နေပေ၏။ သို့သော်လည်း နောက်ထပ်ရောက်လာသည့် ရှေ့စစ်ကူတပ်မှာ တန်းစတော သစ်တောထဲတွင် ရှိသောကြောင့် ဆုတ်ခွာလာသော ရန်သူများအား တိုက်ခိုက်လျက်ရှိ၏။ နေရာတကာတွင် ဆီးနှင်းများကြား၌ ရန်သူ၏တပ်သားများမှာ မြစ်ဆိပ်ဘက်တွင် အရက်ဆိုင်များကို အကာအကွယ်ယူကာ လေးနှင့် ပစ်ခတ်တိုက်ခိုက် နေကြ၏။ ထိုနေရာတဝိုက်ရှိ အိမ်တလုံး နှစ်လုံးမှာ မီးလောင်လျက် ရှိလေသည်။

တန်းစတော သစ်တောအစပ် ဟိုလီးဝုဘုန်းကြီးကျောင်းသို့ သွားရာ- လမ်းဘက်တွင်ကား . . . မြင်းတပ်သားအချို့သွားနေသည်ကို မြင်ရ၏။ ထိုသူများမှာ နေရောင်အောက်တွင်ဖြစ်သဖြင့် ယူနီဖေါင်းအပြာများ ဝတ်ထားသည်ကို တွေ့မြင်ရသောကြောင့်၊ ဆာဘရက်လေ၏ တပ် ဖြစ်ကြောင်း သိရ၏။ သို့ဖြစ်၍ ရှယ်လတန်သည် မျှော်စင်ပေါ်မှ ဆင်းလာခဲ့၏။ သူ၏ တာဝန်မှာ ဂလောက်ဆက်စတာမြို့စားထံမှ စစ်သားများကို ခေါ်သွားခွင့်တောင်းပြီး ဆာဘရက်လေ၏ နောက်သို့လိုက်ရန်ဖြစ်သောကြောင့် ဂလောက်ဆက် စတာမြို့စားကို ရှာရန်ထွက်သွား၏။ မြို့ထဲရှိ လမ်းများပေါ်တွင်စစ် သားများမှာ ရန်သူ၏ပစ္စည်းများကို မနိုင့်တနိုင်နှင့်





သယ်ယူလျက်ရှိကြ၏။ သို့သော်လည်း မည်သူမျှ ဂလောက်ဆက်စတာမြို့စား ရှိသောနေရာကို မညွှန်ပြနိုင်။ နောက်ဆုံးတွင် ကံကောင်းထောက်မသဖြင့် မြစ်ဆိပ်တိုက်ပွဲတွင် အမိန့်ပေးတိုက်ခိုက်သော ဂလောက်ဆက် စတာမြို့စားအား သွားတွေ့ရလေ၏။ ရှယ်လတန်အားမြင်လျှင် ဂလောက်ဆက် စတာမြို့စားက. . .

"ဒီစစ်ပွဲ နိုင်ရတာဟာ ခင်ဗျားရဲ့ စွမ်းရည်ကြောင့် နိုင်ရတာဘဲ၊ ခင်ဗျားလိုချင်တာပြောပါ. . ."

"ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ဆာဘရက်လေဟာ ကျွန်တော့် ချစ်သူကို ခေါ်ပြီးထွက်ပြေးသွားတယ်။ သူ့ကို လိုက်ဖမ်းချင်လို့ လုံကိုင်စစ်သား ၅၀လောက်ပေးပါ. . . ."

"အို. . . ဒါက အခွင့်အရေးတောင်းဆိုတာမှ မဟုတ်ပဲ၊ တာဝန် အသစ်ကို ထမ်းဆောင်တာဘဲ ဟော့ ကထပ်စဘီလူ ၅၀ထည့်လိုက်ပါကွာ၊ ဆာရစ်ချတ် ရှယ်လတန်တတော့ ဘယ်လိုဆုလာဘ်မျိုး ရချင်တယ်ဆိုတာကိုသာ စဉ်းစားထားပါ၊ ကျုပ်ပေးပါ့မယ်"

ထိုအခိုက်တွင်'ရှော့'တပ်သားများသည် မြစ်ဆိပ်ရှိ ပျော်ပွဲစားရုံတစ်ခုကို တိုက်ခိုက်သိမ်းပိုက်နေကြ၏။ ခုခံနေသူများမှာ ၅-ယောက် သာရှိ၍ ၂ ယောက်မှာ လော့ရှိဘီတပ်မှ ဖြစ်၏။ ကျန်တစ်ယောက်မှာ ရစ်ဆင်ဂန် ရှာစား၏ တပ်မှဖြစ်၏။ သူတို့အထဲတွင် အရပ်ရှည်ရှည်နှင့် သင်္ဘောသား၊ အာဗလာစတာပါဝင်နေ၏။ သူ့ကို မြင်ရသဖြင့် ရှယ်လတန် က ဂလောက်စတာမြို့စားအား. . .

"အဲဒီ သင်္ဘောသားရဲ့ လွတ်လပ်ခွင့် ကိုတော့ ပေးပါခင်ဗျာ" ဟုပြောရာ ဂလောက်ဆက်စတာမြို့စားသည် မနှစ်မြို့ဟန်နှင့်. . .

"အို ရှယ်လတန်ကျုပ်က ရန်သူဆိုရင် ကျုပ်ပြင်ခုတ်ကျွင်းမှ တျန်စေရဘူး. . ." "အခုဟာ မြို့စားကြီးဆီက ဆုပေးမယ်ဆိုလို့ ကျွန်တော့ တောင်း နေတာပါ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုယင် ပေးရမှာပေါ့၊ ဒါပေမဲ့-နောက်ကို မင်းတခြားအခွင့်အရေးရမှာ မဟုတ်တော့ဘူး. . ."

"ကိစ္စမရှိပါဘူး. . ."

"ကိုင်း ဒါဖြင့် သဘော်သားကိုယူတော့" ဟုပြောကာ ဂလောက်ဆက်စတာ မြို့စားသည် မြင်းနှင့်ထွက်သွားလေ၏။ ရှယ်လတန်မှ အာဗလာစတာမြို့စားက မကျေနပ်မှန်းသိသဖြင့် ဝမ်းသာရမလို ဝမ်းနည်းရမလိုဖြစ်နေပေ၏။ သို့သော်လည်း ဆာဘရက်လေအားတိုက်ခိုက်နိုင်သည်မှာ ရှယ်လတန်တစ်ယောက်တည်းသာရှိသည်ဟု နားလည်သဖြင့် ဂလောက်ဆက်စတာ မြို့စားသည် သူတောင်းသောလူ ၅၀-ကို လည်း ပေးလိုက်၏။

ရှယ်လတန်သည် သဘော်သားအားကြည့်ကာ. . .

"အာဗလာစတာ ကျုပ် တခါတုန်းက ခင်ဗျားသဘော်ဂွတ်ဟုပ်ကိုခိုးခဲ့ဘူးတယ်" အဲဒါကို ခွင့်လွှတ်ဘို့ အခုခင်ဗျားအသက်ကို ကျုပ်ကယ်လိုက်တာဘဲ. . .။

အာဗလာစတာက စကားပြန်မပြောသဖြင့်၊ ရှယ်လတန်က ဆက်ပြီး။ "ဘယ့်နဲ့လည်း ကျုပ်ကို ခွင့်လွှတ်မယ်မဟုတ်လား. . ."

"ကျုပ်မှာ သဘော်သာရှိရင် စိတ်အေးအေးချမ်းချမ်းနဲ့ ကျုပ်မိတ်ဆွေ'တွမ်' နဲ့ အတူ ပင်လယ်ထဲ ရောက်နေပြီ၊ အခုတော့'တွမ်'လည်း သေပြီ၊ ကျုပ်မှာလည်း ဒုက္ခအမျိုးမျိုးရောက်ပြီး မွဲပြာကျနေတာပဲ. . ."

ရှယ်လတန်သည် အာဗလာစတာ၏ လက်ကို ကိုင်ကာ ထမ်းတောင်းပန်မည်ပြုရာ အာဗလာစတာသည် အတောင်းပန်မခံဘဲထွက်ခွါသွားလေ၏။

ထိုအခိုက်တွင်ပင် ရှယ်လတန်နှင့် လိုက်မည့်မြင်းစစ်သည် ၅၀-အဆင်သင့်ဖြစ်နေပြီဖြစ်၍ ကေတပ်စဘီက ရှယ်လတန်အား. . .

"ခင်ဗျားစီးဘို့ ကျုပ်မြင်းကို လက်ဆောင်အဖြစ်ပေးလိုက်ပါ့မယ်၊





ကျုပ်တော့ ခင်ဗျားကို ဂလောက်ဆက်စတာမြို့စားက မြောက်စားတာကို မနာလိုတောင်ဖြစ်မိတယ်. . ."

"ကျွန်တော် အမြောက်အစားခံရတာက ဘာဖြစ်လို့ထင်သလဲဗျာ"

ခင်ဗျား နာမည်ကလည်း ရစ်ချတ်ရှယ်လတန် ဆိုတော့ မြို့စားကြီးရဲ့ နာမည်နဲ့ ရစ်ချတ်ချင်း တူနေတာကိုး. . ."

"ကျုပ်တော့ အာဗလာစတာကို ကယ်မိတာနဲ့ နောက်ထပ်အမြောက်အစားခံရတော့မယ်မထင်ပါဘူး၊ ခင်ဗျားတို့မြို့စားက အတော်ကြောက်စရာကောင်းတဲ့လူပဲ" ဟုပြောကာ ရှယ်လတန်သည် ရှေ့ဆုံးမှနေ၍ ဦးဆောင်ချီတက်ပြီးမြို့ကို ဖြတ်သန်း၍သွားကြကာ ဆာဘရက်လေသွားမည် ထင်သောလမ်းကို လိုက်ကြလေ၏။ လမ်းတွင်လည်း ဒဏ်ရာရသူ သေသူများကို ဆီနှင်းများကြားတွင် သနားဘွယ်တွေ့ကြရပေသည်။ မြို့တွင်းရှိ အရပ်တကာမှာကား ဆူညံသံများပေါ်နေပြီး တစ်ချီတစ်ချီတွင် မိန်းမများ၏ အော်သံကိုကြားရ၏။ ရှယ်လတန်မှာ သူကိုယ်တိုင်ဖန်တီးခဲ့သော ရိုဘီမြို့၏ လောကငရဲကြီးကို ပြန်လည်စဉ်းစားရင်းစိတ်မကောင်းဖြစ်နေလေ၏။

မြို့ပြင်သို့ ရောက်လာသောအခါ မျှော်စင်ပေါ်မှ နေ၍ မြင်ရသည့် ဆာဘရက်လေတို့သွားရာ လမ်းကြောင်းအတိုင်းမြင်းခြေရာများတွေ့ရလေ၏။ သို့ဖြင့် အလျင်ချီတက်လာခဲ့ရာ၊ လမ်းတွင် ဆာဘရက်လေ၏တပ်မှ ယူနီဖောင်းနှင့် စစ်သားများသေဆုံးနေကြသည် ကို တွေ့မြင်ရပြန်၏။ ၎င်းတို့အထဲတွင်မသေမရှင်နှင့် လဲနေသော လူတစ်ယောက်ကို မြင်သဖြင့် မြင်းပေါ်မှ ဆင်းကြည့်ရာ၊ ဆာဘရက်လေ၏ အိမ်ပေါ်တွင် ဂျိုအန်နာနှင့် တွေ့ဆုံစဉ်က အကူအညီပေးသော ရစ်ဆင်ဂန်ရှားစား၏ တူမတော်သူ မိန်းမငယ်ဖြစ်နေလေ၏။ မိန်းမငယ်သည် ရှယ်လတန်အားကြည့်ကာ. . .

"ဂျိုအန်နာတို့တော့ ရှေ့ကပြေးကြပြီ၊ မြန်မြန်လိုက်မှ မီမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ မေ့၍လဲသွားလေ၏။ ရှယ်လတန်သည် လူတစ်ယောက်ထံ၌ အဆင်သင့်ပါလာသော အရက်များကို မိန်မငယ်အား တိုက်ပေးလိုက်ရာ မကြာမီအတွင်း သတိပြန်လည်လာသဖြင့် သူ၏နောက်မှ မြင်းကျောကုန်းပေါ်တွင်တင်ပြီး ခေါ်ခဲ့လေ၏။ မိန်းမငယ်က"ရှင်ကျမကိုဘာလို့ ခေါ်တာလဲ ဆာဘာရက်လေတို့ကို လိုက်ရတာ နောက်ကျနေလိမ့်မယ်"

"ခင်ဗျားက ရစ်ဆင်ဂန်ရွာစားရဲ့တူမဆိုတော့-ရှိဘီမြို့ထဲမှာ နေရစ်ခဲ့လို့ စိတ်မချရဘူး။ ဒါကြောင့် ခေါ်လာတာ"

"ဟာ. . . ရှင်တို့နဲ့ မလိုက်ချင်ဘူး၊ ကျမကို ဝီနားမှာ. . . ချထားခဲ့""ခင်ဗျားမှာ ဒဏ်ရာတွေနဲ့ ဆိုတော့. . ချထားခဲ့လို့ဘယ်ဖြစ်မလဲ"

"ကျမမှာ ဒဏ်ရာမရှိပါဘူး။ ကျမစီးတဲ့ မြင်းဒဏ်ရာရလို့ကျန်ရစ်ခဲ့တာပါ. . ."

"ကိစ္စမရှိဘူး။ မင်းဒီမှာနေခဲ့ရင် ဆီးနှင်းတွေကလည်း ထူတယ်။ စစ်နှစ်ဘက်တိုက်နေတဲ့ ကြားထဲမှာ နေရစ်ခဲ့လို့ မကောင်းဘူး။ တစ်ခါတုန်းက မင်းတျေးဖူးငါ့အပေါ်မှာ ရှိတယ်။ ခုငါပြန်ပြီး ဆပ်တာပဲ"

"ကျမဦးလေး ရစ်ဆင်ဂန်ရွာစားကော. . . ဘယ်မှာလဲ"

"မပြောတတ်ဘူး။ တိုက်ပွဲထဲမှာ တစ်ခါထဲမြင်လိုက်ရတယ်။ မကျပါစေနဲ့လို့ ဆုတောင်းမှုတာဘဲ"

## အခန်း (၃၀)

ဆာဘာရက်လေတို့လူစု တန်းစတောမှတ်ဟောက်ရဲတိုက်ကြီးသို့ သွားနေသည်မှာ သေချာပေသည်။ သို့သော်လည်း မှောင်စပြုပြီဖြစ်သဖြင့် အချိန်နောက်ကျနေပြီဖြစ်ခြင်း၊ သစ်တောကို ဖြတ်သန်းသွားရခြင်း လမ်းအချို့ကို ရှောင်တိမ်းသွားနေရခြင်းတို့ကြောင့် နောက်တနေ့မှသာ





ရဲတိုက်သို့ရောက်နိုင်ပေမည်။

ရှယ်လတန်တို့အဖို့ လမ်းနှစ်လမ်းပွင့်လျက်ရှိ၏။ တစ်လမ်းမှာ ခြေရာခံပြီး နောက်မှအတင်းလိုက်ရန်ဖြစ်၍ တစ်လမ်းမှာ ဖြတ်လမ်းမှ လိုက်ပြီး တစ်နေရာမှ စောင့်တိုက်ရန်ဖြစ်၏။ ရှယ်လတန်မှာ နှစ်ဦးစလုံး တို့ပင် မသုံးနိုင်သေးဘဲ သစ်တောအစပ်နားသို့ ရောက်လာခဲ့ကြလေ၏။ တိုက်ပွဲတိုက်ရမည်ဆိုလျှင်လည်း ဂျိုအန်နာအတွက် စိုးရိမ်မကင်းဖြစ်နေလေသည်။

ဆာဘာရက်လေမှာကား ခြေရာကို ထောက်ခြင်းအားဖြင့် သစ်တောအစပ်နားသို့ ရောက်သောအခါ၊ ဘယ်ဘက်သို့ ချိုးသွားပြီး သူ့လူများကိုလည်းခွဲဖြန့်၍ သစ်ပင်များအောက်မှ ချီတက်စေဟန်တူ၏။ လမ်းမှာ ကျဉ်းမြောင်း၍ သစ်ပင်များဖြင့် အုပ်ဆိုင်းလျက်ရှိ၏။ သို့သော်လည်း လူသံ၊ တိရစ္ဆာန်သံများကို လုံးဝမကြားရပေ. . ။

ရှယ်လတန်သည်၊ သူ့လူများအား. . .

"ဟေ့. . . လမ်းအတိုင်းလိုက်ရင်ကောင်းမလား. . . တန်းစတောရွာဘက်ကို ဖြတ်လမ်းကချီတက်ရင် ကောင်းမလား"ဟု အကြံဉာဏ်တောင်းရာ လူတစ်ယောက်က. . .

"နောက်ကမှီ အောင်လိုက်ရင် ကောင်းမယ်. . ."

"လိုက်တာတော့ ဟုတ်ပါရဲ့၊ လမ်းတစ်လျှောက်လုံးမှာ အိမ်ခြေလဲမရှိဘူး၊ စားစရာ သောက်စရာလဲ မရနိုင်ဘူး။ နောက်တစ်နေ့မနက်ကျအောင် ချီတက်ရမှာဆိုတော့ တော်တော်ဒုက္ခရောက်လိမ့်မယ်။ မင်းတို့အဆာခံနိုင်ပါ့မလား"

"လူတိုင်း လိုလိုကပင် အဆာခံနိုင်ကြောင်း လမ်းအတိုင်းတည့်တည့်မတ်မတ် လိုက်ရန်သင့်ကြောင်း ပြောကြသဖြင့်၊ ဆက်လက်ချီတက်ခဲ့ကြလေ၏။ ဆီးနှင်းများမှာ ထူထပ်စွာကျ လျက်ရှိ၏၊ မြင်းများကိုပင်သွက်သွက်ကလေး နှင်လျက်ရှိရာ ပါလာသော လက်နက်များတစ်ခုနှင့်တစ်



www.burmeseclassic.com

www.burmeseclassic.com



ခု ရိုက်ခတ်သံပင်ထွက်နေလေသည်။ မကြာမီအတွင်း ဟိုလီးဝုသို့သွားရာလမ်းဘက်ဆီတွင် ဆာဘရက်လေတို့ လူစုကို လှမ်းမြင်နေရ၍ သူတို့သည် တစ်စုတည်း မသွားဘဲ ခွဲဖြန့်၍ သွားနေကြပေသည်။

ရှယ်လတန်သည် လမ်းအတိုင်း လိုက်လာပြီး သစ်တောထူထပ်ရာ အရပ်၌၊ သူ့လူများကို ၁၂-ယောက်လျှင် တစ်စုကျခွဲဖြန့်လိုက်၏။ သို့သော်လည်း အချိန်မှာ တဖြည်းဖြည်းမှောင်သည်ထက် မှောင်လာလေ၏။ သို့ဖြင့်လမ်းအတိုင်း ချီတက်ရန် အချိန်မရတော့ဘဲ၊ ဟိုလီးဝု ဘုရားကျောင်းဘက်ကို ဆက်လက်ချီတက်ခဲ့ကြလေ၏။ သို့သော် လည်း မှောင်လှသဖြင့် လမ်းကိုမှန်းဆ၍ သွားနေကြရ၏။ မကြာမီအတွင်း လထွက်လာစရာ အကြောင်းရှိသော်လည်း အရမ်းသွားလျှင် လမ်းမှားမည် ကို စိုးရသဖြင့် ဆီးနှင်းကင်းသော ကွက်လပ်တစ်ခုတွင် လထွက်လာသည့် အချိန်တိုင်အောင် ကင်းများကိုချပြီး ရပ်နားနေကြ၏။ နားနေကြခိုက်မြေခြောက်သောနေရာတွင် မီးဖိုတစ်ခုကို ဖိုကာပါလာသမျှ အစားအစာများကို ဝေ၍ စားသောက်နေကြရာ ရစ်ဆင်ဂန်ရွာစား၏ တူမသည်ရှယ်လတန်က မုန့်လာပေးသည်ကို ကြည့်ပြီး ငြင်းပယ်နေသဖြင့် ရှယ်လတန်က

"မင်း. . . ဘာဖြစ်လို့ မုန့်ကိုမစားတာလဲ။ ငါ့ကိုဘာအညိုးရှိလို့လဲ။ မင်းကိုအခု ခေါ်လာတယ်ဆိုတာလည်းမင်းရဲ့ လုံခြုံမှုအတွက်ပဲ။ ဒါပေမဲ့ ဒီလိုညကြီးမှာ အပင်ပန်းခံပြီး မရပ်မနားဘဲ ချီတက်လာရတာကတော့. . . မင်းသူငယ်ချင်းဖြစ်တဲ့ ဂျိုအန်နာကို ကယ်ဆယ်ရမှာမို့ ချီတက်ရတာဘဲ"

"ကျမဦးလေး ရစ်ဆင်ဂန် ရွာစားကိုသတ်တဲ့ လူတွေဆီက အစားအစာကို မစားချင်ဘူး"

"မင်းဦးလေးတို့ ငါမသတ်ဘူးဆိုတာ. . ကျိန်ပြောရဲပါ တယ်"

"ဒါဖြင့် ရစ်ဆင်ဂန်ရွာစား တိုက်ပွဲမှာ မကျဘူးဆိုတာ ကျိန်ရဲလား. . ."





"ဟင့်အင်း. . . မကျိန်နိုင်ဘူး။အမှန်က မင်းဦးလေးဟာ ခလောက်ဆက်စတာ မြို့စားနဲ့တိုက်ရင်း ကျသွားပြီ"

"ဒါနဲ့မျှားရှင်က. . . အစားအစာလာကျွေးနေရသေးသလား။ ရှင်. . . ကြီးမြင့်နေတာဟာ ကျွန်မရဲ့ သွေးသားတစ်ယောက် သေဆုံးမှ ကြီးမြင့်ရတာပဲ။ ဆာဘရက်လေရဲ့ အိမ်မှာတုန်းက ကျွန်မရှင့် ကယ်ခဲ့ဖူးတာဟာ. . . မှားတာပဲ"

"ငါလည်း ငါ့ပါတီအတွက် ငါတိုက်ရတာပဲ၊ မင်းဦးလေးသာ အသက်ရှင်နေသေးရင်. . . ဒီလိုလုပ်တဲ့ အတွက်ငါ့ကို အပြစ်တင်မှာမဟုတ်ဘူး"

"ဆာဘရက်လေက ပြောတော့. . . သူတို့ရဲ့ လန်ကက်စတာ ပါတီအရေး နိမ့်တာဟာ ရှင်ကြောင့်လို့ပြောတယ်။ စစ်ပွဲမှာလည်း ရှင်တိုက်တာပဲ။ အဲဒီတော့ကျမဦးလေးရစ်ဆင်ဂန် ရွာစားကိုရှင်သတ်တာဖြစ်မှာပဲ။ ဆာဘရက်လေကလဲ ရှင့်ကိုပျက်စီးအောင်ပြန်တိုက်မယ်လို့ပြောနေတယ်"

ရှယ်လတန်မှာစိတ်အကြီးအကျယ် ပျက်လာပြီး. . .

"မင်းလို ဂျိုအန်နာရဲ့ မိတ်ဆွေတစ်ယောက်က ဘာလို့ ငါလိုလူတို ဒါလောက်အပြစ်တင်နေရတာလဲ"

"ရှင်ဘာလို့ စစ်တိုက်နေရတာလဲ။ ရှင်ဟာ ဘယ်ပါတီကမှမဟုတ်ဘူး။ အလားကားသက်သက်ဝါသနာပါလို့ တိုက်နေတာမဟုတ်လား"

"မပြောတတ်ဘူးလေ၊ အင်္ဂလန်ပြည်မှာ ဒီလောက်တောင် အခြေအနေ ယောက်ယက်ခတ်ဖြစ်နေတဲ့အခါမှာ. . . လူတစ်ယောက်ဟာ ဒီဘက်ကမတိုက်ရင် ဟိုဘက်ကတိုက်ရမှာပဲ။ ဘယ်ဘက်မှ မပါပဲနေလို့ မရဘူး။"

"စစ်ဆိုတာ ရည်ရွယ်ချက်ရှိရင်တော့ ကောင်းပါတယ်။ ဒါပေမဲ့ ရှင့်လို. . . ရည်ရွယ်ချက်မရှိတဲ့ လူအဖို့မှာဆိုရင် စစ်တိုက်တာဟာ လူသတ်သမားသက်သက်လိုဖြစ်နေတာပေါ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ. . . " ပြည်တွင်းစစ်ထဲ ဝင်မိတာ မှားတယ်။ အကျိုးရှိလိမ့်မယ်ထင်ပြီး တခါတုန်းက ငါ သဘောတစ်စင်းခိုးခဲ့ဘူးတယ်၊ ဒါပေမဲ့ နောက်ဆုံးကျတော့ လူတွေသေရတာသာ အဖတ်တင်တာပဲ။ ငါ့အတွက်နဲ့ ယော့ဖေါက်စတန်ဆိုတဲ့ လူကြီးတစ်ယောက်လည်းသေရတော့မလောက်ခံရတယ်။ ကံကောင်းထောက်မလို့ ဒီလူကြီး အသက်တော့တကယ်မသေသေးပါဘူး။ ဒီနေ့မနက်ဆိုရင်. . . ငါချစ်တဲ့ လူနဲ့ရဖို့အတွက်တိုက်ပွဲဝင်ခဲ့တယ်။ ရစ်ဆင်ဂန်ရှာစားလိုငါ့အပေါ်မှာ ကောင်းခဲ့တဲ့လူတစ်ယောက်သေရတာလည်း ငါ့ပယောဂကြောင့်ပဲ။ ငါတို့ရှေ့နန်ဆက်တွေအင်္ဂလန်ထီးနန်းသိမ်းပိုက်နိုင်ရင် တိုင်းပြည်အခြေအနေပိုကောင်းလာမယ်ဆိုတာလည်း အတိအကျ ပြောနိုင်တာ မဟုတ်ဘူး။ ငါမှားတာဘဲ။ ဂျိုအန်နာ ဆက်ဒလီကိုရပြီးရင် ပြည်တွင်းစစ်တိုက်တဲ့ ခိုက်တဲ့ အလုပ်တို့စွန့်ပစ်လိုက်မယ်"

ဤသို့ ပြည်တွင်းစစ် ခင်းခြင်း၏ အမှားကို ဝန်ခံနေခိုက် ရစ်ဆင်ဂန်ရှာစား၏ တူမသည်၊ သူ့အားထူးဆန်းစွာကြည့်နေသဖြင့်. . .

"ငါဒီလို မတိုက်တော့. . . မခိုက်တော့ဘူးဆိုရင် မင်း-မကျေနပ်ဘူးလား. . . "

"ကောင်းတာပေါ့. . . " ဟုပြောကာ ရှယ်လတန် အံ့သြနေခိုက်တွင်ပင်၊ မိန်းမငယ်သည် မျက်ရည်ကို သုတ်ရင်း ရှယ်လတန်အား ဘအားဖက်ခါနမ်းလေ၏။

ထိုနောက်-ဝမ်းမြောက်သည့် လေသံနှင့်. . .

"ကိုင်း. . အစားအစားတွေစားလေ. . . ဘာလို့မစားတာလဲ"

"စားမှာပေါ့. . .။ ဒါပေမဲ့ စကားပြောနေတုန်းမို့မစားတာပါ"

"ကျမနာမည် အဲလ်စီယာလို့ခေါ်တယ်။ ကိုင်း ရှင်နဲ့ကျမနဲ့အတူတူပဲ စားကြရအောင်" ဟုပြောကာ သူတို့နှစ်ယောက်သည် အစားအစာများ စားနေကြလေသည်။





ကောင်းကင်၌ လအတော်မြင့်လာပြီဖြစ်၍ လောကကြီးတစ်ခုလုံး ထိန်ထိန်သာလာလေ၏။ လရောင်အောက်တွင်အဲလ်စီယာက ထူးဆန်းစွာ ကြည့်နေသည်ကို သတိထားမိသောကြောင့်။

"ဟော့. . . ဘာဖြစ်နေတာလဲ. . . "

"ကျမကို ကြည့်စမ်း၊ ကျမ မလှဘူးလား. . . "

"ဒါပေမဲ့ မင်းက အရုပ်ပုတယ်. . . "

"မလှဘူးလားလို့မေးတာရှင့်၊အရုပ်ပုတာမေးတာမဟုတ်ဘူး"

"လှပါတယ်ဗျာ၊ လှပါတယ်. . . "

"ကျမကို အဲလ်စီယာလို့ ခေါ်ပါရှင့်"

"အဲလ်စီယာ၊ အဲလ်စီယာ"

"ရှင်ဟာ ကျမဦးလေးကို သတ်ခဲ့တော့ ကျမကို ဒုက္ခပေးတာနဲ့ အတူတူဘဲ၊ အဲဒီတော့ လျော်ကြေးပေးရလိမ့်မယ်. . . "

"မင်း ဦးလေးကို သတ်တာ ငါကိုယ်တိုင်သတ်တာ မှုတ်ပါဘူး။ ဒါပေမဲ့ ပြောမယ်ဆိုရင် တစွန်းတစတော့ ပယောဂပါတာပေါ့လေ. . . "

"ရှင်. . . ကျမကို စွန့်ပစ်ခဲ့မလို့လား. . . "

"မစွန့်ပါဘူး။ မင်းတရားဟောလို့တောင် ငါ တရားကျပြီး ပြည်တွင်းစစ် မတိုက်တော့ဘူးလို့ ပြောနေပြီဘဲ"

"ဒါဖြင့် ရှင့်ကို ကျမ ပိုင်တယ်ပေါ့"

"အင်း. . . ပိုင်တယ်ပဲဆိုပါတော့"

"သေသေချာချာပြောစမ်းပါရှင့်၊ ရှင့်ကို ကျမပိုင်တယ်မဟုတ် လား. . "

"အင်း. . . ပိုင်တယ်"

"ဒါဖြင့် ရှင်ကျမကို လက်ထပ်ရလိမ့်မယ်။ နောက်နေတာ မှုတ်ဘူးနော်၊ တကယ်ပြောတာ၊ ကျမရဲ့ ဦးလေးကိုလည်း ရှင်သတ်ခဲ့တယ်၊ ကျမဆင်းရဲအောင်လည်း ရှင်ပဲလုပ်ခဲ့တယ်။ ဂျိုအန်နာနဲ့ ဟိုသက်လို့တော့ ကျမနဲ့ သူနဲ့က သူငယ်ချင်းပဲ။ ဘာဖြစ်သေးသလဲ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လင်တစ်ယောက်တည်းထားရမှာပေါ့. . .”

“အာ. . . မလုပ်ပါနဲ့ကွာ၊ ဂျိုအန်နာကလွဲပြီး တခြားလူကို လက်ထပ်ရမယ်ဆိုတာ ငါ့အဖို့တော့ မဖြစ်နိုင်ဘူး။ ဒီလိုပြောလို့လည်း စိတ်မရှိပါနဲ့. . .”

“မကြောက်ပါနဲ့ ရှင်၊ ကျမ-ဒါလောက်သဘောထားမသေးပါဘူး”

## အခန်း (၃၁)

ဤသို့ စကားပြောနေရင်း ရပ်နားနေကြခိုက်တွင်၊ မြင်းများမှာ အတော်အတန် အမောပြေလာကြပြီ ဖြစ်၍၊လူများမှာလည်း စားသောက်၍ ပြီးစီးကြပြီဖြစ်၏။ သို့ဖြင့် လှုံနေသောမီးဖိုကို ငြိမ်းပစ်လိုက်ကြပြီးလျှင် ရှယ်လတန်သည်အနီးအနားရှိ သစ်ပင်တစ်ပင်ပေါ်သို့တက်လေ၏။ ထိုသစ်ပင်ပေါ်မှနေပြီး လရောင်၏အောက်တွင် အရပ်လေးမျက်နှာတို့ လှမ်းမျှော်ပြီး ကြည့်နေလေသည်။

အနောက်မြောက်ဘက်ဆီတွင် တခါက ဂျိုအန်နာနှင့် ရှယ်လတန်တို့ အနူရောင်ဆောင်ထားသော ဆာဘရက်လေနှင့် တွေ့သောနေရာကို မြင်နေရလေ၏။ ထိုနေရာတွင် အရောင်တောက်ပသောအကွက်တစ်ခုမြင်ရသဖြင့် ဆာဘရက်လေတို့စခန်းချကာ လှုံနေသောမီးဖိုဖြစ်ကြောင်းကိုသိရ၏။ ထိုမီးပုံရှိရာသို့ အရောက်သွားရန် လမ်းတစ်လျှောက်လုံးသစ်ပင်ထူထပ်လှသောကြောင့်လည်းကောင်း၊ ကုန်းများ ကျင်းများရှိသောကြောင့်လည်း၊ မြင်းများနှင့် သွားခြင်းထက် ခြေလျှင်သွားခြင်းကပို ကောင်းလိမ့်မည်ဟု ယူဆမိ၏။

သို့ဖြင့် လူ ၁၃-ယောက်အားမြင်းစောင့်ရန် ထားခဲ့ပြီး ကျန်လူရှိသမျှနှင့် ချီတက်သွားကြ၏။ လမ်းတွင် တစ်ဦးနှင့်တစ်ဦး အချက်ပြမည့် နည်းလမ်းများကိုလည်း ကြိုတင်စီမံသွားကြရာ၊ အဲလ်စီယာမှာလည်း





အများနည်းတူပင်ချီတက်လိုက်ပါခဲ့လေ၏။ စစ်သားများသည် လေးလံသော သံချပ်ကာအင်္ကျီများကိုထားခဲ့ပြီး အေးမြလှသော ဆီးနှင်းများ၏ကြားတွင် တရွေ့ရွေ့သွားလျက်ရှိကြ၏။ သစ်တောထဲတွင် အသံငယ်တလေးကိုပင် အဝေးမှနေ၍ ကြားနိုင်သောကြောင့်၊ နားပါးသော အဲလ်စီယာသည် တစ်နေရာတွင် လက်နှင့်သတိပေးအချက်ပြကာ ရပ်တန့်နေသဖြင့် အားလုံးရပ်လိုက်ကြ၏။ သို့သော်လည်း သူကြားသော အသံမှာ အဝေးမှ မြေခွေးတစ်ကောင်ဟောင်သံဖြစ်၏။ အဲလ်စီယာက-ရှယ်လတန်အား

“ကျွန်မတော့ မြင်းကုန်းတင်သံ ကြားရတယ် ထင်တယ်”

“ဟုတ်ချင် ဟုတ်မှာပေါ့ . . .။ ဒါပေမယ့် ဒီအသံဟာ ငါတို့စခန်းချတဲ့ နေရာကလာတဲ့ အသံမှတ်လား . . .”

“မှတ်ဘူး မှုတ်ဘူး။ ဒီအသံက တဘက်က လာနေတာ”

“ကိုင်းလေ. . . ရှိပါစေတော့၊ ချီတက်ကြဟေ့ . . . ချီတက်ကြ” ဟု ပြောကာ ဆက်လက် ခရီးထွက်ပြန်လေ၏။ လမ်းတလျှောက်လုံးတွင်ပင် မြင်းခွာရာများကို တွေ့ကြသောကြောင့် သူတို့လူစုသည် အခြားမြင်းစီးလူစုတစုဘက်သို့ နီးကပ်လာပြီဖြစ်ကြောင်း တွေးဆမိကြလေ၏။ ကြောမီအတွင်း မလှမ်းမကမ်း၌ မီးပုံတစ်ခုမှ မီးခိုးတလူလူထွက်နေသည်ကို မြင်ရသောကြောင့် ရှယ်လတန်သည် သူ့လူများကို ခွဲဖြန့်ပြီး ရန်သူကိုဝိုင်းရန် စိုင်းပြင်းနေလေ၏။ အဲလ်စီယာကို တနေရာရှိ ဝက်သစ်ချပင်တစ်ပင်၏နောက်တွင် အကာအကွယ်ယူစေပြီး သူကိုယ်တိုင်ကမူ မီးပုံရှိရာသို့ တိုးသွားလေ၏။ အနီးသို့ရောက်သောအခါ၊ မီးဖိုထားသည့် စခန်းမှာ အရပ်သုံးမျက်နှာ၌ ခြုံနွယ်ပိတ်ပေါင်းများဖြင့် ကာရံနေ၍၊ မီးဖိုမှာ အင်အားကောင်းစွာ တောက်လောင်နေသည်ကို တွေ့ရလေ၏။ အလည်တွင် လူ ၁၂-ယောက်ခန့်ရှိပြီး မြင်းများကိုကားမတွေ့ရပေ။ သို့သော်လည်း သေချာစွာကြည့်လိုက်သောအခါ မီးပုံဘေးတွင် မီးလှုံနေသူတစ်ဦးမှာ မိတ်ဆွေဟောင်းကြီး ဟက်ချစ်ဖြစ်၍ အနားတွင်ကား ယောက်ျားဝတ်



www.burmeseclassic.com

ယောက်ျားစား ဝတ်ဆင်ထားသော ဂျိုအန်နာနှင့် ဆာဘာရက်လေကာ တော်တို့ကို တွေ့မြင်ရပေသည်။

ထိုအခိုက်တွင် မီးပုံ တဘက်သားဆီမှ လေချွန်အချက်ပေး ကို ကြားရသောကြောင့်၊ ရှယ်လတန်သည်သူ့လူများမီးပုံ၏တဘက်ခြမ်း ကို ဝိုင်းမိနေပြီ ဖြစ်ကြောင်းသိနေရ၏။ သို့ဖြင့်ရှယ်လတန်က အော်ဟစ် ၍ ရန်သူများအား. . .

"ဟေ့. . . ဟက်ချက်-အကျိုးမရှိဘဲ လူအသေခံတိုက်မနေနဲ့ အရှုံးပေးလိုက်တော့. . ."

"အော်. . . ရှယ်လတန်အသံပါလား- မင်းမှာလူဘယ်လောက်ပါ လို့ ငါက အရှုံးပေးရမှာလဲ. . ."

"လူ ၂၀၀ ကျော်ပါတယ်၊ ခင်ဗျားကို ဝိုင်းမိနေပြီ"

"မင်းကိုတော့ ငါမတိုက်ချင်ပါဘူး။ ဒါပေမဲ့ ငါမှာ မတိုက်ချင် မဖြစ်တဲ့ တာဝန်ကမဖြစ်တဲ့ တာဝန်ကတဘက်ဖြစ်နေတယ်" ဟုပြော ကာ ဘင်းနက်ဟက်ချက်သည် နေရာမှထပြီး ခရာမှုတ်လိုက်လေသည်။

ရှယ်လတန်မှာ ဂျိုအန်နာတို့ကို သက်ညှာသောအားဖြင့် ပြော သို့မျှ အမိန့်မပေးဘဲ နေခိုက်၊ ဟက်ချက်၏ လူများသည်၊ တစ်ယောက် နှင့် တစ်ယောက် ကျောချင်းကပ်ခါ ခုခံရန် ပြင်ဆင်နေကြလေ၏။ ဂျို အန်နာမှာကား ရှယ်လတန်၏ အသံကြားရာ ဘက်ဆီသို့ပြေးလာကာ ခဏ ကြာမီအတွင်း ချစ်သူ၏ ရင်ခွင်ထဲသို့ ရောက်နေလေ၏။ သို့သော်လည်း ရှယ်လတန်မှာ ဆာဘာရက်လေကတော်အား သနားနေသောကြောင့် တိုက် ခိုက်ရန်အမိန့်မပေးပဲ နေခိုက် သူ့လူများကမူ အမိန့်ကိုမစောင့်တော့ဘဲ တိုက်ခိုက်စပြုနေသဖြင့်၊ မတတ်သာတော့ဘဲ တိုက်ခိုက်ရန်အမိန့်ကိုပေး လိုက်ရလေ၏။ ထိုအခိုက်တွင် နံဘေးရှိ သစ်တောတွင်းမှ မြင်းသံများ ကြားရပြီး ဟက်ချက်အား စစ်ကူရန် ရန်သူတပ်များ ရောက်လာကြ လေ၏။ ရှယ်လတန်သည် သူ့လူများအား အပြင်းအထန်တိုက်ရန် အမိန့်





ပေးသော်လည်း ရန်သူ၏ အင်းအားမှာ များသည်ထက် များလာရာ နောက်သို့ဆုတ်စပြုနေကြရလေ၏။

ဆက်ထဲတွင် ချစ်သူ ဂျိုအန်နာရောက်နေပြီဖြစ်သော်လည်း၊ ရှယ်လတန်၏ နောက်လိုက်များမှာ အကွဲကွဲ အပြားပြားဆုတ်ခွါနေကြ ပြီဖြစ်သဖြင့်၊ ရှယ်လတန်လည်း ရေရှည်ဆိုင်းမနေနိုင်တော့ဘဲ ဂျိုအန်နာ အား လက်ဆွဲကာ ထွက်ပြေးရလေ၏။ ရန်သူများသည် ထွက်ပြေးသူများ အားအတင်းဒလက်ကြမ်း လိုက်၍နေကြ၏။ လရောင်မှာ ထိန်လင်းစွာ သာလျက်ရှိရာ ထွက်ပြေးသူများက အရပ်တကာသို့ အနှံ့အပြားထွက် ပြေးကြသဖြင့်၊ လိုက်သူများကလည်း အနှံ့အပြားလိုက်လျက်ရှိကြလေ သည်။ ရှယ်လတန်သည် ဂျိုအန်နာအား. . .

"ငါ့လူတွေ အကုန်လုံးကို အတိုက်ခိုင်းမိတာ မှားတယ်။ နောက် မှာ အရံတပ်ထားမိရင် ဆာဘာရက်လေရဲ့လူတွေကို ပြန်တိုက်နိုင်အုံးမှာ ပဲ အခုတော့ ဘာအရံတပ်မှ မရှိတော့လို့ တိုက်ဖို့ခက်နေပြီ. . ."

"ကိစ္စမရှိပါဘူးရှင်၊ ကျမ ရှင့်လက်ထဲ ရောက်နေပြီပဲ စိုးရိမ် ရောမလိုတော့ပါဘူး. . ."

"ဒီလိုပဲ အောင့်မေ့ရတော့မှာပေါ့လေ မထူးပါဘူး၊ ကိုင်း. . . ငါ တို့ ဟိုလီးဝု ဘုရားကျောင်းကို သွားရအောင်။ ဟိုမှာ လော့ ဖောက်စတန် ရှိတယ်။ ဟိုရောက်တာနဲ့ တပြိုင်နက် မင်းနဲ့လက်ထပ်ကြမယ်။ ဒါနဲ့ ပြောရအုံးမယ်။ ဒီနေ့မနက်ဘဲ ငါဟာ ရှိုဘီစစ်ပွဲမှာ ရဲရဲရင့်ရင့် တိုက်ခိုက်လို့ ဆာဘွဲ့တောင်ရလာတယ်၊ ဒါပေမဲ့ ဂလောက်ဆက်စတာ မြို့စားက သူ့သုံးပန်းအာဗလာစတာရဲ့ အသက်ကိုကယ်တာနဲ့ ငါ့ကို ချီးမြှင့်မလေးစားတော့ဘူး"

"အော်. . . ဟုတ်ရဲ့လား၊ ရှင်ဆာဘွဲ့ကိုရသလား. . ."

"အေး. . . ရတယ်။ ဘယ့်နဲ့လဲ မင်း ငါ့ကို လက်ထပ်မှာလား"

"လက်ထပ်မှာပေါ့. ."

www.burmeseclassic.com



ထိုသို့ စကားပြောခိုက်တွင် နောက်နားမှ အဲလ်စီယာ၏အသံဖြင့်

"ရှယ်လတန်က စစ်မတိုက်တော့ဘဲ ခရစ်ယာန်ဘုန်းကြီး ဝတ်တော့မလို့ဆို ခုမှ ဘာလက်ထပ်မယ် ဘာမယ်နဲ့ ပြောနေရတာတုန်း" ဟု ပြောသံကြားရသောကြောင့် ဂျိုအန်နာ ဆက်ဒလီသည် နောက်ပြန်လှည့်ကြည့်ကာ. . .

"အော်. . . အဲလ်စီယာပါလား. . .။ ဘယ်ပုံ ဘယ်နည်းနဲ့ ဒီကို ရောက်နေတာလဲ. . ."

"ဟုတ်တယ်. . . အဲလ်စီယာပဲ။ ရှင်တို့ သေပြီထင်ပြီး ပစ်ထားခဲ့ပေမဲ့ ရှယ်လတန်ကယ်လို့ အခု အသက်ရှင်နေတာ၊ ကျမနဲ့ ရှယ်လတန်နဲ့တောင် ကြိုက်နေကြပြီ"

"မညာပါနဲ့ ကျမရှင်ပြောတာကို မယုံပါဘူး"

"ရှယ်လတန်ကကျမကိုဝတ်သစ်ချပင်နားမှာ ပစ်ထားခဲ့တယ်လေ၊ ကောင်းသေးရဲ့လား. . ."

"ခွင့်လွှတ်ပါကွာ။ ငါမင်းကို မေ့နေတယ်။ ဂျိုအန်နာဆက်ဒလီနဲ့ တွေ့တော့ မေ့တာပေါ့"

"သက်သက်မဲ့မေ့ထားတာမှုတ်ဘူးလား။ ကိုင်းလေ-စကားတွေရှည်မနေပါနဲ့ ဟိုလီးဝုဒ် ဘုရားကျောင်းကို သွားကြပါစို့" ဟုပြောရာ ဂျိုအန်နာက. . .

"ရှင်ကို ရှယ်လတန်က ချစ်တယ်ဆိုတာ တကယ်ပြောနေတာလား"

"မဟုတ်ပါဘူး။ သူက ကျမကို မကြိုက်ဘူး၊ ကျမကသာသူ့ကိုကြိုက်တာ။ ကဲ ကဲ ဟိုလီးဝုဒ် ဘုရားကျောင်းကို တန်းသွား မှာလားဒါမှမဟုတ် အရင် စခန်းဟောင်းကို ပြန်သွားအုံးမှာလား. . ."

"စခန်းဟောင်းကို ပြန်သွားအုံးမှ ဖြစ်မှာပေါ့ကွာ-။ ငါတို့တွေရှိုဘီမှာ စစ်တိုက်ရလွန်းလို့ ပင်ပန်းလှပြီ။ စခန်းဟောင်းက မြင်းတွေယူစီးသွားမှဖြစ်မယ်။ ဒီကနေ ဟိုလီးဝုဒ်ကို ၃-မိုင်တောင်ဝေးတာ. . ."





မကြာမီအတွင်း သူတို့သုံးယောက်သည် ခရီးထွက်ခဲ့ကြပြန်လေ၏။ ဂျိုအန်နာဆက်ဒလီမှာကား ရှယ်လတန်၏ လက်မောင်းကို ကိုင်ကာလိုက်ပါလာပြီး အဲလ်စီယာမှာ နောက်မှစကားတပြောပြောနှင့် ပါလာလေ၏။ သစ်တောထဲတွင် ဆာဘရက်လေ၏ စစ်သားများက ရှယ်လတန်၏နောက်လိုက်များတို့ လိုက်လံ တိုက်ခိုက်နေသော အသံကိုကြားရနေဆဲဖြစ်သော်လည်း ရှယ်လတန်တို့ သုံးယောက်မှာ တိုက်ပွဲခိုက်ပွဲ အလီလီ အလာလာ ကြုံခဲ့ဘူးပြီ ဖြစ်သဖြင့် မကြောက်မရွံ့ကြတော့ပေ။ သို့ဖြင့် ခရီးသွားရင်းနှင့်ပင် မကြာမီအတွင်းရန်သူ၏ အသံများမှာ ဝေး၍ဝေး၍ သွားခဲ့လေ၏။ နောက်ဆုံးတွင် ဟိုလီးဝုဒ် ဘုရားကျောင်းမှ ပြတင်းတံခါးမှန်ချပ်များသည် လရောင်အောက်တွင် တောက်ပနေ ကြသည်ကို လှမ်း၍ မြင်ရစပြုလာလေ၏။ ကျောင်းဝိုင်းထဲ၌ ဖိုထားသော မီးဖိုများ၏ မီးရောင်ကိုလည်း လှမ်းမြင်ရသဖြင့် ရှယ်လတန်က. . .

"ကျောင်းထဲမှာ လော့ဖေါက်စတန်တို့ လူစု စခန်းချတုန်း ရှိမှာဘဲ စိန်ဘရိုက်ခရေ့ အရပ်တနေပြီး သူတို့ဆီကိုတော့ ရှိုဘီကိုချီတက်လာခဲ့ဘို့ ဆက်သားလွှတ်လိုက်တာဘဲ၊ သူတို့ ဆီက စစ်ကူရောက်လာရင် ဆာဘရက်လေကို ပြန်တိုက်ရမယ်" ဟုပြောလေ၏။ သို့သော်လည်း လော့ဖေါက်စတန်၏လူများမှာကား ထိုအချိန်က ဟိုလီးဝုဒ် ဘုရားကျောင်းတွင် မရှိကြဘဲ ရှိုဘီမြို့သို့ချီတက်နေကြ၏။ သူတို့ ချီတက်၍ လမ်းတဝက်ခန့်တွင် ဆက်သားနှင့်တွေ့ရလေ၏။ ဆက်သား၏ စကားအရ ရှိုဘီသို့ တက်ရန်မလိုတော့ဘဲ ဟိုလီးဝုဒ် ဘုရားကျောင်းမှာပင် စောင့်၍ ဆုတ်ခွာလာမည့် ရန်သူလန်ကက်စတာတပ်များကို တိုက်ခိုက်ရန်တာဝန်ရှိကြောင်း သိရသဖြင့် ဟိုလီးဝုဒ် ဘုရားကျောင်းသို့ ပြန်လည်ဆုတ်ခွာကာ လန်ကက်စတာတပ်များကို တိုက်ခိုက်ရန်အသင့်ပြင်ရန် နေကြရလေ၏။ ဂလော်စတာ ဆက်စတာမြို့စား ရစ်ချတ်မှလည်း ရန်သူများကို တိုက်ခိုက်နေရင်း ဟိုလီးဝုဒ် ဘုရားကျောင်းသို့ နယ်ကျွံပြီး ရောက်လာသဖြင့် ခမ်းသာသော



www.burmeseclassic.com

www.burmeseclassic.com



အထိမ်းအမှတ်အဖြစ်နှင့် မီးများထွန်းညှိထားခြင်းဖြစ်ပေ၏၊ သို့ဖြစ်သောကြောင့်၊ ရှယ်လတန်တို့ ဟိုလီးဝုဘုရားကျောင်းသို့ ရောက်လာသောအခါတွင် ဂလောက်ဆက်စတာမြို့စားမှာ ပင်ပန်းနွမ်းနယ်သဖြင့်၊ ကျောင်းခန်း တစ်နေရာတွင်ထိုင်နေပြီး အံနားတွင်ကား နလံထစ လော့ဖောက်စတန်မှာ ဂွတ်ဟုပ်သဘော်နှင့်သွားရောက်တိုက်ခိုက်စဉ်က ရလာသောဒဏ်ရာပျောက်စပြုပြီဖြစ်သဖြင့်၊ အားပျော့ဟန် မျက်နှာထားနှင့် စကားပြောလျက် ရှိပေ၏။ လော့ဖောက်စတန်မှာ ရှုဘီသို့ ချီတက်စဉ်တဆက်သား၏ ပြောစကားအရ၊ လန်ကက်စတာတပ်များကို ဟိုလီးဝုဘုရားကျောင်းမှ ဆီးကြိုတိုက်ခိုက်ရမည်ဟု သိရသဖြင့် ဟိုလီးဝုဘုရားကျောင်းသို့ ပြန် လည် ဆိုက်ရောက်နေခြင်းဖြစ်ပေသည်။

ဂလောက်ဆက်စတာ မြို့စား သည်၊ ရှယ်လတန်ရောက်ရှိလာသည်ကိုမြင်လျှင် . . "ဘယ့်နဲ့လဲ ဆာဘရက်လေရဲ့ ခေါင်းကို ဖြတ်ခဲ့ရဲ့လား"

"မဖြစ်နိုင်ဘူး၊ ကျွန်တော် စစ်ရှုံးလာခဲ့တယ်. . ."

ဂလောက်ဆက်စတာ မြို့စားသည် မျက်မှောင်ကုတ်ခါ ကြည့်ရင်း. -

"မင်းကို ငါလှံကိုင်စစ်သား ၅၀-တောင်ပေးလိုက်တာဘဲ ဒါတောင်နိုင်အောင် မတိုက်နိုင်ဘူးလား. . ."

"မှတ်တယ်၊ စစ်သား၅၀-ဆိုပေမယ့် ကျွန်တော်နဲ့ပါလာတာတာလှံကိုင်စစ်သားမဟုတ်ဘူး. . ." "ဘယ်လိုဖြစ်တာလဲ" ဟုမေးနေရာအနားတွင် ရှိသော ကေးတက်စဘဲ(လ်)က. . .

"ရန်သူကို လိုက်တိုက်ရုံတိုက်မှာဆိုလို့ မြင်းတပ်သား ၅၀-ကိုပေးလိုက်ရတယ်၊ လှံကိုင်စစ်သားမပေးလိုက်ရဘူး"

"အော်. . . ဟုတ်ရဲ့လား။ ဒါဖြင့်မြင်းတပ်နဲ့တိုက်တာဆိုရင် ဘယ်နိုင်ပါ့မလဲ။ ကဲ. . . ရှယ်လတန် သွားတော့. . . ကိစ္စမရှိပါဘူး" ဟုပြောကာ ရှယ်လတန်အား အပြစ်မှ ချမ်းသာခွင့်ပေးလိုက်လေ၏။

ဤအခိုက်တွင် လော့ဖောက်စတန်က ရှယ်လတန်အား. . .





"မင့် ကောင်မလေးကိုကော. . . ခေါ်ခဲ့နိုင်ရဲ့လား. . ."

"အခု ကျွန်တော်နဲ့အတူပါလာပါတယ်။ နက်ဖန်လက်ထပ်မလို့စိတ်ကူးနေပါတယ်" ဟုပြောရာ. . .

ဂလောက်ဆက်စတာမြို့စားက ကြားဝင်ပြီး-

"ဒီလူဟာ. . . သတ္တိလဲကောင်း၊ တိုက်ရည်ခိုက်ရည်လဲရှိလို့ ကျုပ်ချက်ချင်း ရှုဘီစစ်မြေပြင်မှာ ဆာဘွဲ့ကိုပေးလိုက်တယ်။ ဒါပေမယ့် အလွန်စိတ်ပြော့တဲ့လူ။ ခုကြည့်လေ လက်ထပ်တော့မလို့တဲ့။ ရှိပါစေတော့လေ . . . .။ ရှုဘီစစ်ပွဲကို နိုင်အောင်တိုက်ပေးခဲ့တဲ့လူဆိုတော့ သူ့ဆန္ဒအတိုင်း လက်ထပ်ပေးရတော့မှာပေါ့. . . ." ဟု ပြောရာ လော့ဖောက်စတန်က. . .

"အော်. . . ဒီလူသတ္တိကောင်းပါတယ်။ ဗျို့. . . ရစ်ချက်ရှယ်လတန်၊ 'အရင်ကဂျိုအန်နာနဲ့ လက်ထပ်ပေးမယ်လို့ ကျုပ်ကတိပေးခဲ့ဘူးတဲ့ တင်မလေကိုလည်း ခင်ဗျားနဲ့ ဂျိုအန်နာနဲ့ ယူကြတော့မယ်လို့ အကျိုးအကြောင်းကျုပ်ပြောပြီးပြီ။ အဲဒီတော့. . . ခင်ဗျားတို့ နက်ဖန်ခါ လက်ထပ်ကြတာပေါ့. . ."

ထိုအခိုက်တွင် လူတစ်ယောက် လှေခါးအတိုင်းတက်လာပြီး ဂလောက်ဆက်စတာမြို့စားအား. . . ဝမ်းသာအားရ မျက်နှာထားနှင့် လူအားလုံး ကြားလောက်အောင် ကျယ်လောင်စွာ. . .

"စစ်နိုင်ပြီသခင်-စစ်နိုင်ပြီ။ ရန်သူလန်ကက်စတာ တပ်တွေကို ကျွန်တော်တို့တပ်က လုံးလုံးနိုင်လိုက်ပြီ" ဟု သတင်းကောင်းလာပို့လေ၏။ ဤတွင်နဘေးရှိ သတင်းကောင်းကြားရသူ ရော့နန်းဆက်ပါတီဝင်စစ်သားများသည် ဝမ်းသာလှသဖြင့်၊ ဟစ်အော်ခုန်ပေါက် ဆူညံနေကြလေ၏။ အမှန်ပင်ရော့စစ်တပ်များသည် ရှုဘီအနီးအနားတဝိုက်ရှိ ရန်သူလန်ဒက်စတာ တပ်များကို ထိုနေ့တွင်ပင် နလံမထူနိုင်အောင် တိုက်ခိုက်အောင်မြင်လိုက်ကြလေ၏။

www.burmeseclassic.com



## အခန်း (၃၂)

နောက်တစ်နေ့ နံနက်တွင် ရှယ်လတန်မှ နေမထွက်ခင်က နိုးနေပြီး လော့ဖေါက်စတန်ထံမှ ငှားရမ်းထားသော ဝတ်ကောင်းစားလှများကို ဝတ်ဆင်ထားပေသည်။ ချစ်သူနှင့် လက်ထပ်ရတော့မည်ဖြစ်သောကြောင့် ဝမ်းသာလုံးဆို့ကာ စိတ်မငြိမ်လှသဖြင့် လမ်းလျှောက်နေလေသည်။

အတန်ကြာမျှပင် ကျောင်းဝိုင်းထဲရှိ စစ်သားများ၏ ကြားတွင် လျှောက်သွားနေပြီ မကြာမီအတွင်းရွာစွန်ရှိ ကင်းစခန်းကိုဖြတ်ကျော်ကာ ရွာပြင်ဘက်တွင်လမ်းလျှောက်လျက်ရှိပေ၏။ သူ့စိတ်မှာ ဂျူအန်နာနှင့် လက်ထပ်ရတော့မည်ဖြစ်သဖြင့် တကြောင်း၊ ဂျူအန်နာ၏ မွေးစားသခင် လော့ဖေါက်စတန်၏ ထိမ်းမြားစောင့်ရှောက်ခြင်းကို တသက်လုံးခံရတော့မည်ဖြစ်သည်တကြောင်း တို့ကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိ၏။

အရှေ့ဘက်ကောင်းကင်တွင်ကား နေရောင်ထွက်ပြူစဖြစ်၍ လေပြေလေညင်းကလေး သာယာစွာ တိုက်ခတ်လျက်ရှိ၏။ ရှယ်လတန်သည် လမ်းလျှောက်ရာမှ လှည့်၍ပြန်တော့မည်လုပ်နေခိုက် သစ်ပင်တစ်ပင်၏ နောက်တွင် လူတစ်ယောက်ကို မြင်ရသောကြောင့်. . .

"ဟေ့. . . ရပ်လိုက်၊ ဘယ်သူလဲ" ဟု လှမ်းမေးလိုက်၏။

အမေးခံရသူသည် စကားပြန်မပြောဘဲ လက်ကိုသာ ဝှေ့ရမ်းပြနေ၏။ မျက်နှာကိုလည်း အဝတ်နှင့် ဖုံးထား၏။ သို့သော်လည်း ထိုသူ၏ အမူအရာကိုကြည့်ရခြင်းဖြင့် ဆာဘရက်လေဖြစ်ကြောင်း သိရလျှင် ရှယ်လတန်သည်၊ ဓါးကို ကိုင်ကာချဉ်းကပ်သွားရာ . . . ဆာဘရက်လေက လေသံနှင့်. . .

"မင်း. . . ငါလို့ စစ်ရှုံးနေတဲ့ လူကိုတိုက်မလို့လား. . ."





"ကျုပ်ရဲ့မွေးစားတဲ့ သခင်ဖြစ်ခဲ့ဘူးလို့ ခင်ဗျားအသက်တော့ မသတ်ပါဘူး။ ဒါပေမဲ့ ကျုပ်ဟာ. . . ခင်ဗျားအပေါ်မှာကောင်းခဲ့သလောက် ခင်ဗျားဟာ ကျုပ်အပေါ်မှာ တော်တော်ဆိုးခဲ့တာကို စဉ်းစားမိရင်တော့. . ."

"ငါ အခုနောင်တရနေပါပြီကွာ. . .။ ခုလာတာဟာလဲ ဟိုလီးဝုဘုရားကျောင်းကိုသွားပြီး ခရစ်ယာန်ဘုန်းကြီး ဝတ်မလို့လာ တာပါ။ ခရစ်ယာန်ဘုန်းကြီးဝတ်ပြီးရင် ပြင်သစ်ပြည်ကိုထွက်သွားတော့ မယ်. . ."

"နေအုံး ခင်ဗျားဟိုလီးဝု ဘုရားကျောင်းကိုသွားလို့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ. . ."

"ဒီနေ့မနက်ဘဲ ကျုပ်နဲ့ ဂျူအန်နာနဲ့ လက်ထပ်တော့မယ်။ခင်ဗျားဟာ လူ့ဘဝမှာ အလွန်ဆိုးသွမ်းခဲ့တဲ့ လူတစ်ယောက်ဘဲ၊ ဒါပေမဲ့ ကျုပ် ဘယ်လိုမှ မအောက်မေ့ပါဘူး။ ဒီမှာ ကျုပ်ဟာ အခု ရော့နန်းဆက်ပါတီဘက်ဖြစ်နေတယ်။ ဟိုလီးဝု ခရစ်ယာန်ဘုန်းကြီးကျောင်းမှာလဲ ရော့နန်းဆက်ဘက် စစ်သားတွေရှိတယ်။ ခင်ဗျားသွားရင်တော့ ပါတီဝင်တစ်ယောက်စောင့်စည်းအပ်တဲ့ ဝတ္တရားအတိုင်း ကျုပ်ခင်ဗျားကို အဖမ်းခိုင်းရတော့မှာဘဲ"

"မနောက်ပါနဲ့ကွာ၊ ငါ ဟိုလီးဝု ဘုရားကျောင်းကို မခိုကိုးရင် အသက်မချမ်းသာ နိုင်တော့ဘူးဆိုတာကိုလည်း ထောက်ထား ပါအုံး. . ."

"ဒါတော့ မတတ်နိုင်ဘူးလေ။ ဒီနေရာကသာ မြန်မြန်ထွက်သွားပါ။ ကျုပ်မှာ ကင်းတွေကို လိုက်ဖမ်းခိုင်းဘို့တာဝန်ရှိနေတယ်. . ."

"တကယ်ပြောနေတာလား. . ."

"တကယ် ပြောတာပေါ့. . .။ မယုံရင် ခင်ဗျားကျောင်းဘက်ကို လိုက်ခဲ့။ လိုက်ရင်တော့ ကင်းတွေကိုတောင် မပြောတော့ဘူး။ ကျုပ်ကိုယ်တိုင်ဘဲ ခင်ဗျားကိုတိုက်မယ်" ဟုပြောရာဆာဘရက်လေသည်၊ ရှယ်လတန်၏ ဓါးကိုကြည့်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့. . . ဓါးကရှည်ပြီး၊ ငါ့ဓါးစူးက တိုနေတယ်ကွ. . ."

"လက်နက်ချင်းတူမှ တိုက်မယ်ပေါ့။ ကောင်းပြီလေ" ဟုပြောတာ ရှယ်လတန်သည်၊ ဓါးမြှောင်ချင်း ယှဉ်ပြီးတိုက်မည်ဟူသော သဘောနှင့်လက်မှ ဓါးရှည်ကို လွှင့်ပစ်လိုက်လေ၏။ ဆာဘရက်လေက. . .

"နောက်တာပါကွာ. . .။ မင်းကို ငါ မတိုက်ချင်ပါဘူး. . ."

"ဒါဖြင့် ခင်ဗျားမြန်မြန်ပြေး။ ကျုပ်ကင်းတွေကို ခေါ်လိုက်တော့မယ်. . ."

"ပြေးပါ့မယ်ကွာ။ ဒါပေမဲ့ မင်းအခုလို ကြမ်းကြမ်းတမ်းတမ်းလုပ်တဲ့ အမှုအရာအတွက် နောက်တစ်ခါမင်းနဲ့ငါနဲ့တွေ့တဲ့ အခါကျရင် မင်းနောင်တရပါလိမ့်မယ်. . ." ဟုပြောကာ ဆာဘရက်လေသည်၊ နောက်သို့ လှည့်ကာ ခြေလှမ်းခပ်သွက်သွက် လှမ်းရင်း သစ်ပင်များအောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားလေ၏။ သူသွားနေသော လမ်းတွင် ခြုံပုတ်တစ်ခုရှိ၏။ ထိုနေရာသို့ ရောက်သည်နှင့် တပြိုင်နက် ရှိတနဲလေးပစ်သံတစ်ချက်ကြားရပြီး ဆာဘရက်လေ လဲကျသွားလေ၏။ ရှယ်လတန်သည် အပြေးကလေး လိုက်လာပြီးလဲကျနေသော ဆာဘရက်လေအား ထူပွေ့ထားခိုက်၊ ဆာဘရက်လေက. . .

"မြားနက်လားဟေ့. . .၊ ငါ့ကို မှန်တာ မြားနက်လား-"

"ဟုတ်တယ်. . . မြားနက်ဘဲ"

ဤသို့ ပြောပြီးသည်နှင့် တပြိုင်နက်ပင် ဆာဘရက်လေသည်ခဏကလေးအတွင်း မြားနက်၏ ဒဏ်ချက်ဖြင့် သေဆုံးသွားလေ၏။ ရှယ်လတန်သည် ဆာဘရက်လေ၏ အလောင်းကို ဆီးနှင်းဖုံးနေသော မြေပြင်ပေါ်တွင်ချပြီး မတ်တတ်ရပ်လိုက်သောအခါ၊ မလှမ်းမကမ်းတွင် မှုဆိုးထိုင် ထိုင်နေသော လူတစ်ယောက်ကို မြင်ရ၏။ ထိုလူမှာ မျက်နှာတွင် မျက်နှာဖုံးတပ်ထားသည် ဖြစ်ရာ မျက်နှာဖုံးကိုဖြုတ်လိုက်သောအခါတွင်ကား. . . မြားနက်ခေါင်းဆောင် အဲလစ်ဒပ်ဝပ်ဖြစ်နေလေ၏။ အဲလစ်





ဒပ်ဝပ်က. . .

"မင်းက ဒီလူကို မွေးစားသခင်မို့ သဘောထားကြီးကြီးနဲ့ အပြစ်လွှတ်နိုင်ပေမဲ့ ငါကတော့ သည်းမခံနိုင်ဘူး။ ဒါကြောင့် ပစ်သတ်လိုက်ရတာဘဲ. . ."

"ခင်ဗျား နှစ်ရှည်လများ ညှိုးခဲ့တဲ့ အညှိုးကို လက်စားချေလိုက်တယ်ပြောပါ. . ."

"အေးလေ. . . ဒီလိုဘဲ ဆိုပါတော့၊ ခုချိန်ကစပြီး ငါဟာလက်စားချေချင်တာကိုလည်း ချေလိုက်ရပြီ၊ အသက်လည်းကြီးပြီမို့ ဆက်မိုက်မနေချင်တော့ဘူး၊ အဲဒီတော့ မြားနက်ဂိုဏ်းကို ဖျက်လိုက်တော့မယ်။ မြားနက်ဂိုဏ်းကို ဖျက်ပြီးတဲ့နောက်တော့ မင်းမှာ ဂိုဏ်းဝင်တစ်ယောက်အနေနဲ့ ဘာတာဝန်မှ မရှိတော့ဘူး။ သွားချင်ရာသွား၊ လုပ်ချင်ရာလုပ်၊ မင်းကို ငါ-ခေါင်းဆောင်တစ်ယောက်အနေနဲ့ လွှတ်လပ်ခွင့် ပေးလိုက်ပြီ။ အဲလစ်ဒပ်ဝပ်ဆိုတဲ့ ငါလို မြားနက်ဂိုဏ်းခေါင်းဆောင်ဆိုတဲ့ လူကိုလည်းမေ့လိုက်ပေတော့. . ."

## နိဂုံး

ထိုနေ့ နံနက် ၉-နာရီအချိန်ခန့်တွင် လော့ဖေါက်စတန်သည် ပြင်ဆင်ဝတ်စားထားသော သတို့သမီး ဂျိုအန်နာအား ခေါင်းဆောင်ပြီး ခေါ်လာ၏။ နောက်မှာကား အဲလ်စီယာသည် လိုက်ပါလျက်ရှိ၏။ ဂလောက်ဆက်စတာမြို့စား ရစ်ချတ်မှာကား တစ်နေရာမှ ရပ်ကာ သတို့သမီးကိုကြည့်ရင်း စိတ်နေစိတ်ထားကို စမ်းသပ်မည်ဟု စဉ်းစားကာ လော့ဖေါက်စတန်အား. . .

"ဒီဟာ ခုလက်ထပ်မဲ့ သတို့သမီးလား၊ မျက်နှာကို ဖွင့်ပြစမ်းပါအုံး၊ ရုပ်ရှေကြည့်ရအောင်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဂျိုအန်နာက လက်ထပ်မည့် သတို့သမီး၏ ထုံးစံအတိုင်း လွှမ်းထားသော မျက်နှာဖုံးအပါးစကို ဖွင့်ပြလိုက်သောအခါ. . .

"အို. . . ထော်တော်လှတာဘဲ၊ မင်း ငါသဘောတူတဲ့ တခြားလူတစ်ယောက်နဲ့ လက်ထပ်မလား. . ."

"မလုပ်ပါနဲ့ ရှင့် ကျမ ရှယ်လတန်နဲ့မှ လက်ထပ်မယ်"

"အော်. . . ဟုတ်ရဲ့လား၊ ငါသဘောတူတဲ့ လူနဲ့လက်ထပ်ရင် အရှည်သဖြင့် ကြီးမြင့်ချမ်းသာလာမယ်၊ ဆာရှယ်လတန်က သူ့ပြစ်နဲ့သူ မကြာခင်သေရမဲ့လူ. . ."

"သေရမဲ့ လူဆိုရင် ကုသိုလ်ပေါ့ရှင်။ ဒါပေမဲ့ သူသေရင် ကျမ လဲလိုက်ပြီး အသေခံလိုက်မယ်. . ."

"အင်း. . . သူတို့ နှစ်ယောက်ကတော့ စိတ်သဘောထားခြင်း လိုက်ပါတယ်။ ရှယ်လတန်ကလည်း အလွန်ခေါင်းမာပြီး အလွန်သစ္စာရှိတဲ့လူ၊ သူဆုံးဖြတ်ပြီးသားဆိုရင် ကျုပ်က မလုပ်နဲ့ဆိုတာတောင် မရဘူး။ မင်း-ဒီဟာ မလုပ်နဲ့၊ ဒီဟာလုပ်ရင် ငါ့အကူအညီမရဘူး ဆိုတာတောင်၊ တားလို့မရဘူး၊ သူလုပ်ချင်တာလုပ်ရမှ ကျေနပ်တယ်။ ဒီသတို့သမီးကလည်း ရှယ်လတန်အတိုင်းပါဘဲ၊ အသွင်တူလို့ အိမ်သူဖြစ်တယ်ဆိုရမှာပေါ့" ဤတွင် အဲလ်စီယာက ကြားဝင်ပြီး . . .

"ရှယ်လတန်က ဒီလောက်တောင်ဘဲ ခေါင်းမာသလားရှင်" ဟုဝင်မေးနေသဖြင့်၊ ဂလောက်ဆက်စတာမြို့စားက အဲလ်စီယာအားကြည့်ပြီး၊ တဖန်လော့ဖေါက်စတန့်အား. . . "ဒီမိန်းမက ဘယ်သူလဲ. . ."

"သူက ဆာရှယ်လတန်ဖမ်းလာတဲ့ အဲလ်စီယာဖြစ်ပါတယ်"

"ဒါဖြင့် သူတိုလဲ တစ်ယောက်ယောက်နဲ့ လက်ထပ်ပေးအုံးမှပေါ့"

"ဟုတ်တယ်၊ ကျွန်တော်သူ့ကို ဟင်မလေနဲ့ လက်ထပ်ပေးမလို့ကြံနေတယ်. . ."

"ဒါဖြင့် လဲမြန်မြန် လက်ထပ်ပေးလိုက်ပါဗျာ" ဟုပြောကာဝ





လောက်ဆက်စတာ မြို့စားသည် ထိုနေရာမှ ထွက်ခွာသွားလေ၏။

ဘုရားရှိခိုး ခန်းထဲတွင်ကား ရှယ်လတန်မှာ လူပျိုတော်အချို့နှင့် သတို့သမီး အလာကို စောင့်ဆိုင်းနေ၏။ မကြာမီအတွင်းသတို့သမီး ဂျိုအန်နာနှင့် အခြွေအရံများရောက်လာရာ လက်ထပ်ပွဲ အခမ်းအနားကို စစ်အတွင်းဖြစ်သည်နှင့်အညီ တိုတိုနှင့်နှင်းကျင်း ပြီးစီးသွားလေ၏။ ဘုရားကျောင်းအတွင်းမှ သတို့သမီးနှင့် သတို့သားတို့ ထွက်လာကြသောအခါ၌ မင်္ဂလာအခမ်းအနား အဖြစ်လမ်းပေါ်တွင်စစ်သားများစီတန်းချီတက်နေကြ၍ အလံတလူလူ ကိုင်ထားသော ဂလောက်ဆက်စတာမြို့စားရစ်ချုတ်မှာ ထိပ်ဆုံးမှ မြင်းနှင့်ချီတက်နေ၏။ လှည့်လည်ပွဲ ပြီးသည့်နောက် မကြာမီအတွင်း မင်္ဂလာထမင်းစားပွဲကို ဆက်လက်ကျင်းပနေကြလေ၏။ ချန်ရစ်ပူပူနွေးနွေးဟင်မလေ မှာကား ဂျိုအန်နာ ဆက်ဒလီကို မရသော်လည်းဝမ်းမနည်းဘဲ အဲလ်စီယာအား တစ်နေရာမှ ထိုင်ကာချိုတ်သိတ်တိတ် လုပ်နေသည့်ကို မြင်ရလေ၏။ ရှယ်လတန်နှင့် ဂျိုအန်နာဆက်ဒလီတို့သည် ခင်းကျင်းမွမ်းမံထားသောနေရာတစ်ခုတွင် ယှဉ်တွဲ၍ ထိုင်နေကြကာ နီးရက်နဲ့ဝေးခဲ့ပြီး ယခုဝေးရာမှ ခက်ခက်ခဲခဲ နှင့် နီးရသောဖူးစာကံ၏ ဆန်းကြယ်ပုံကို စဉ်းစားရင်း ဝမ်းသာအားရ ဖြစ်နေကြကာ တစ်ဦးကိုတစ်ဦး ကြည့်၍မဝနိုင်အောင် ကြည်နူးနေကြလေ၏။

လက်ထပ်ပြီးသည့် အချိန်မှစ၍ ရှယ်လတန်သည် ပြည်တွင်းစစ်တိုက်ရေး-ခိုက်ရေးတို့ကို လုံးဝ မလုပ်တော့ဘဲ၊ ချစ်သူနှင့် စတင်တွေ့ဆုံရာ တန်းစတော သစ်တောထဲတွင်ပင် တစ်သက်လုံး အေးချမ်းစွာ နေထိုင်ကြလေသတည်း။

ပြီးပါပြီ

(၂၈-၁၁-၆၀)

www.burmeseclassic.com